
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်တင်မြင့်

တွေ့အောင်ရှာမယ် မလေးလေး

၂၀၁၄ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

တက္ကသိုလ်တင်မြင့်


တွေ့အောင်ရှာမယ်မလေးလေး၊ တက္ကသိုလ်တင်မြင့် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၃၀၈-စာ၊ ၅×၇

(၁) တွေ့အောင်ရှာမယ်မလေးလေး

တက္ကသိုလ်
# တင်မြင့်



# တွေ့အောင်ရှာမယ် မလေးလေး

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ၁

အတိတ်ကာလတစ်ခုတုန်းက ကျွန်တော်သည် ...။

သူ၏သေနတ်။

သူ၏ကျည်ဆန်။

သူ၏ပစ်မှတ်ကြားဝယ် ပြားပြားဝပ်ခဲ့ရသည်။

သူ၏သေနတ်၊ သူ၏ကျည်ဆန်နှင့် သူ၏ပစ်မှတ်တို့ကြောင့် ဖေဖေ သေခဲ့သည်။ မေမေသေခဲ့သည်။ မေမေ့၏မောင်အရင်း ဦးလေးသာဆန်းလည်း သေဆုံးခဲ့သည်။

ထိုစဉ်က ...

သူ၏ပစ်မှတ်သည် လူကြီးတွေကိုသာ မဲပစ်သော သေနတ်ကျည်ဆန်တွေ ဖြစ်ပါ၏။

ကျွန်တော့်အသက်က(၉)နှစ်။

ကျွန်တော်သည် ဒိုင်းခနဲ ပထမသေနတ်သံ တစ်ချက်ကြောင့် ဖေဖေ ခွေလဲကျကတည်းက ဝေါက်ခနဲ အိပ်ရာမှ လန့်နိုးသည်။ ကယောင်ကတမ်း ပြေးမိပြေးရာ စွတ်ပြေးသည်။

ကျွန်တော်တို့အိမ်နောက်ဖေးသည် ဖုန်းဆိုးမြေမျိုး ဖြစ်နေသည်။ တောကိုခုတ်ထွင်ထားပြီးနောက် တောအနေနှင့် ပြန်၍

www.burmeseclassic.com

www.burmeseclassic.com



မထူထပ်တော့ဘဲ မြက်ပင်ရိုင်း၊ ကိုင်းပင်ရိုင်းတို့သာ ထူထပ်လျက်ရှိသည်။ တူတူပုန်းတမ်း ကစားလျှင်ပင် မြက်ပင်ရိုင်း ကိုင်းပင်ရိုင်းများကြား၌ အသံမပေး မလှုပ်မရှားနေလိုက်လျှင် ပုန်းသူကို ရှာသူက တွေ့နိုင်ရန် ခဲယဉ်းလှပါဘိ။

ကျွန်တော်သည် ဤမြက်ပင်ရိုင်း ကိုင်းပင်ရိုင်းတွေကြားတွင် ကျည်လည်သည်။ ကျွမ်းကျင်သည်။

နီမာနှင့် တူတူပုန်းတမ်း ကစားနေကျကိုး။

ကျွန်တော် ပုန်းပြီး မလှုပ်မရှား ငြိမ်နေပြီဆိုလျှင် နီမာသည် ကျွန်တော့်အား တွေ့အောင်မရှာတတ်ပါလေတော့။

ထိုရောအခါ နီမာသည် သူမတစ်ယောက်တည်းလိုဖြစ်ပြီး မြက်ပင်ကိုင်းပင်များကြားတွင် ကြောက်လန့်သံလေးနှင့် ကျွန်တော့်ထံသို့ အသံပေးတတ်သည်။

"ဟေး ... အပါ ... နင်ဘယ်မှာလဲဟာ"

"အသံပြန်ပေးပါ အပါ၊ နီမာ မရှာတတ်တော့လို့ပါ"

"နီမာ ခေါင်းမူးလာပြီကွာ"

"အေးနော် ... ဒါပဲ အပါ"

"ငြိမ်နေတာ ကြာရင်တော့ နီမာ အိမ်ပြန်ပြေးတော့မှာ"

နီမာသည် ပါးစပ်ထဲနှင့် ရင်ထဲရှိသမျှ ပေါက်ကရ အော်နေခြင်းဖြစ်ပါ၏။ နီမာသည် ကဗျာကို နားမလည်သေးသော အရွယ်၊ ကာရံကို နားမလည်သေးသောအရွယ်၊ နီမာ၏အသက်သည် (၇)နှစ်သာ ရှိသေးသည့်အရွယ်။

သို့တစေ ...

သူမ၏ရင်ထဲတွင် ရုတ်ခြည်းပေါ်လာသည့် ခံစားချက်အတိုင်း အော်ဟစ်နေခြင်း ဖြစ်ပါ၏။



သူမ အော်ဟစ်နေခြင်းသည် တေးသီချင်းတစ်ပုဒ်အလား နားထောင်ကောင်းနေသည်။ သူ့ဘာသာ ဘာနားမလည်၊ ညာနားမလည်ကြားထဲက သူမ အော်ဟစ်နေသော စကားလုံးတို့သည် အလိုအလျောက် ကာရံတွေ ဝင်သွားကြသည်။ တေးသီချင်းတစ်ပုဒ်လို ဖြစ်နေသည်။

ဒီတော့လည်း တူတူပုန်းတမ်း ကစားလေတိုင်း နီမာယင်းသို့အော်ဟစ်ဆိုလေ့ရှိသော အသံသာလေးကို ကျွန်တော်က နားထောင်ချင်သောကြောင့် တမင်တကာ ဖုန်းဆိုးမြေ၏ မြက်ရိုင်းကိုင်းရိုင်းတွေကြားတွင် ဘယ်သူမှ ရှာမတွေ့နိုင်အောင် ပုန်းနေတတ်သည်။ နီမာက တေးသီချင်းလေးသဖွယ် အော်ဟစ်ပြောဆိုလေမှ ကျွန်တော်က "တူတူရေ ... ဝါး"ဆိုပြီး ထွက်လာတတ်သည်။

ထိုအခါတွင် နီမာသည် နှုတ်ခမ်းလေး စူထားလေ့ရှိသည်။ မျက်စောင်းလေးလည်း ထိုးတတ်သည်။

"နင် မကောင်းဘူးဟယ် အပါ"

"ဘာလို့ ငါက မကောင်းရမှာလဲ နီမာရဲ့"

"ဟယ် ... နင်က ဒီဖုန်းဆိုးတွေကြားမှာ တိုးတိုးခွေ့ခွေ့နဲ့ ဟိုအနက်ကြီးထဲရောက်အောင် သွားတတ်ပေမယ့် နီမာက အဲဒီလောက်လိုက်မရှာတတ်တော့ဘူး၊ အဲဒီဖုန်းဆိုးမြက်ရိုင်းတွေကြားထဲ နီမာ ဝင်မိရင် မြွေကိုက်မှာကြောက်တယ်၊ ကင်းကိုက်မှာကြောက်တယ်၊ မြက်ရိုင်းနဲ့ ကိုင်းပင်ရိုင်းတွေက နီမာတို့ရဲ့အရပ်မြင့်တာထက် အများကြီးပိုမြင့်နေတာ မှတ်လား၊ နီမာက အဲဒီထဲဝင်မိရင် သိပ်ကြောက်တာပဲ"

"ဘာလို့ကြောက်ရမှာလဲ နီမာ၊ တို့များ ဒီအိမ်နောက်ဖေးက ဖုန်းဆိုးမြေထဲမှာ တူတူပုန်းတန်း ကစားလာတာ ကြာပြီပဲဟာ၊ အိမ်နားနီးချင်း ကစားလာတာ ကြာပြီပဲ နီမာ"

www.burmeseclassic.com

www.burmeseclassic.com



"တူတူပုန်းတမ်းကစားပေမယ့် ဒီဖုန်းဆိုးမြေထဲမှာ အပါပုန်းတဲ့အခါတိုင်း နီမာက ရှာမတွေ့တာချည်းပဲ မှတ်လား အပါရဲ့၊ နီမာပုန်းအလှည့်ဆိုရင် အပါကသိပ်ကိုပါးတာပဲ၊ ချက်ချင်း နီမာပုန်းနေတဲ့ ကိုင်းပင်မြက်ပင်တွေအောက်မှာ 'ဟေး … နီမာကိုမိပြီ"ဆိုပြီး အပါက အမြဲရှာတွေ့တတ်တယ်၊ နီမာကရှာရပြီး အပါပုန်းတဲ့အလှည့်ကျရင်သာ နီမာက အပါ့ကို ရှာမတွေ့တာ"

"ဒါပေမဲ့ နင်က ရှာမတွေ့ပေမယ့် နင့်အော်သံလေးတွေကြားရရင် ငါမနေနိုင်ပါဘူး နီမာ၊ နင် ငါ့ကိုရှာလို့မရတဲ့အဆုံး နင်အော်ပြီး ပြောနေတဲ့ အသံတွေက သီချင်းသံလိုပဲ၊ ဒီတော့လည်း ငါက ပုန်းနေရာက နင့်ဆီပြေးထွက်လာတာပဲ မှတ်လား"

ရှိစေတော့ …။

နီမာနှင့် တူတူပုန်းတမ်း ကစားသည်က နေ့ပိုင်း မနက်ပိုင်း၌သာဖြစ်သည်။

ယခုဟာက ညကြီးမင်းကြီး။ ဆူဆူညံညံကြောင့် ကျွန်တော် အိပ်ရာမှ နိုးသောအခါ လူကြီးသုံးယောက်ကို ကျွန်တော်မြင်ရသည်။ တကယ့်ကြောက်စရာ လူကြီးသုံးယောက်ပါပေ။

သုံးယောက်စလုံး၏ မျက်နှာတွေမှာ အိုးမဲတစ်ခြမ်း၊ ထုံးတစ်ခြမ်း လိမ်းကျံထားသည်။ အကျီလက်ရှည်အမည်းကြီးတွေကိုလည်း ကိုယ်စီဝတ်ထားသည်။ ဒီကြားထဲတွင် ပုဆိုးကိုဝတ်မထားဘဲ ကျော့ကုန်းဘက်မှ ခြုံထားသည်။

သူတို့သုံးယောက်စလုံးသည် လူတွေနှင့်မတူ၊ ကျွန်တော် အိပ်မက်ထဲတွင် တွေ့ဖူးသော တစ္ဆေသရဲတွေနှင့် တူလှသည်။ ရှေ့ဆုံးမှ လူသရဲကြီးသည် သေနတ်အရှည်ကြီးတစ်လက်ကိုကိုင်ထားသည်။ ကျန်သရဲနှစ်ကောင်က ဓားရှည်ကိုယ်စီနှင့်။



ဖေဖေနှင့် ဦးလေးသာဆန်းသည် ထိုသရဲသုံးကောင်ကို အံတကြိတ်ကြိတ်နှင့် ကြည့်နေသည်။ မေမေကတော့ ငိုနေသည်။

ထိုစဉ်မှာပင် ဖေဖေသည် ဘာမပြော ညာမပြော အိပ်ရာဘေးမှ ငှက်ကြီးတောင်ဓားကို ပြေးဆွဲတော့သည်။

"ဒိုင်း"

ရှေ့ဆုံးရှိသရဲကြီးလက်ထဲမှ သေနတ်က ဖေဖေ့ကိုချိန်ကာ ပစ်ထည့်လိုက်သည်။ ငှက်ကြီးတောင်ဓားရိုးကို ကိုင်လျက်သားဖြင့် ဖေဖေသည် ခွေခနဲ လဲကျသွားသည်။

ကျွန်တော်သည် တစ်ချိုးတည်း အိမ်နောက်ဖေးသို့ စွတ်ပြေးခဲ့သည်။

"ဟို … ခွေးသားလေး အပါကို လိုက်ဖမ်းစမ်း"

ကျွန်တော့်နောက်မှာ တမြုန်းမြုန်းလိုက်လာသော ခြေသံတွေကြားသဖြင့် ကျွန်တော် လှည့်ကြည့်သည်။ ဓားရှည်ကိုင်ထားသော အိုးမဲတစ်ခြမ်း ထုံးတစ်ခြမ်း လူ့သရဲနှစ်ကောင်ပင် ဖြစ်ပါ၏။ သူတို့နှစ်ကောင်သည် ဟိုသေနတ်ကိုင်သရဲကြီး၏ တပည့်များ ဖြစ်ပေမည်။

သရဲနှစ်ကောင် ကျွန်တော့်ကို လိုက်မမီပေ။

ကျွန်တော် ကံကောင်းချင်တော့ နောက်ဖေးမီးဖိုမှ ပြတင်းပေါက်တစ်ခုကို ညဘက်ပိတ်ရန် မေမေ မေ့လျော့နေသည်ထင်သည်။ အသင့်ပွင့်နေပါ၏။

ကျွန်တော်သည် ပြတင်းပေါက်ကို ခွကျော်ကာ ထွားခနဲ မြေပေါ်သို့ ခုန်ဆင်းလိုက်သည်။ ထို့နောက်မှာတော့ ကျွန်တော် ကျွမ်းလှသော အိမ်နောက်ဖေးဖုန်းဆိုးမြေ၏ မြက်ရိုင်း ကိုင်းရိုင်းတွေကြားသို့ ကျွန်တော် တိုးဝှေ့ဝင်လာခဲ့သည်။

www.burmeseclassic.com



ဒီအထဲရောက်လာလျှင် နီမာပင် ကျွန်တော့်ကိုတွေ့အောင် မရှာတတ်လေပဲဟာ၊ ထိုသရဲနှစ်ကောင် ဘယ်မှာရှာတွေ့ပါတော့ မည်နည်း။ သူတို့ ပြန်လှည့်သွားကြသည်။

သူတို့ ပြန်လှည့်သွားပြီး မကြာမီမှာပင် "ဒိုင်း ... ဒိုင်း" နှင့် သေနတ်သံနှစ်ချက် ကြားရပြန်သည်။ ကျွန်တော်သည် ဖုံးဆိုးမြေ၏ အပင်ရိုင်းတွေကြားမှာပင် ဝပ်နေလိုက်ပါတော့သည်။

အထိတ်တလန့် ဝပ်နေသည့်ကြားကပင် နေ့လယ်က နီမာနှင့် ကျွန်တော်သည် ဖုံးဆိုးမြေစပ်ရှိ သရေပင်ကြီးအောက်တွင် သရေသီးမှည့်တွေ လိုက်ကောက်ရင်း စကားပြောခဲ့သည်ကို သတိရမိသည်။

"ဟော့ ... အပါရေ ..."

"ဘာလဲ ..."

"နင် ဒီညမအိပ်နဲ့နော် အဝါ၊ ဒီသရေသီးတွေက ချဉ်တယ်၊ ညကျရင် စားဖို့သိမ်းထား၊ အပါ အိပ်ချင်ရင် သရေသီးစားလိုက်၊ ဒါဆို မအိပ်ချင်တော့ဘူး မှတ်လား"

"ဟ ... ငါက ဒီည ဘာလို့မအိပ်ရမှာလဲ၊ ညတိုင်းလည်း ငါ အိပ်နေတာပဲဟာ၊ နီမာလည်း ညကျရင် အိပ်တာပဲ"

"ငါအိပ်တာ အရေးမကြီးဘူး အပါ၊ ဒီည အပါမအိပ်ဖို့က အရေးကြီးတယ်"

"ဘာလို့ အရေးကြီးတာလဲ"

"အပါတို့အိမ်ကို ဒီည ဓားပြတိုက်လိမ့်မယ်တဲ့"

"ဘာရယ် ..."

"နီမာအကောင်းပြောတာ၊ အပါတို့အိမ်ကို ဒီည ဓားပြ တိုက်လိမ့်မယ်"



"နင် အရူးပဲ နီမာ၊ ထင်ရာတွေ လျှောက်ပြောနေတယ်"

ကျွန်တော်သည် ဖုံးဆိုးမြေထဲတွင် ဝပ်နေရင်း နေ့ခင်းက နီမာ ပြောနေသည်ကို သတိရမိသည်။ ယခု တကယ်ပင် ကျွန်တော်တို့အိမ်ကို ဓားပြတိုက်နေပေပြီ။ နီမာ ပြောခဲ့သောစကား သည် မှန်နေလေပြီ။ နီမာ ပြောစဉ်က ကျွန်တော်သည် နီမာ တစ်ယောက် အရူးစကား ပြောသည်ဟု ထင်ခဲ့သည်။ ဤသို့ ထင်စရာလေးတွေလည်း ရှိတတ်ခဲ့သည်။

နီမာသည် ကြောက်တတ်သည်။ အသည်းငယ်တတ်သည်။ တစ်ခါတစ်ရံ ညဘက်တွင် သူ့ဟာသူ ထမင်းလုံးတစ္ဆေခြောက် အိပ်မက်မျိုးတွေ မက်လာပြီး နောက်တစ်နေ့တွင် ကျွန်တော့်အား အိပ်မက်ကိုပင် အဟုတ်တကယ် နီမာ ဖြစ်ခဲ့လေဟန်မျိုးဆွေ နီမာ ပြောတတ်သည်။

တစ်ခါတလေ နီမာနှင့် ကျွန်တော်သည် လိုက်တမ်းပြေး တမ်း ကစားကြသည်။ နီမာပြေးကလှည့်၊ ကျွန်တော် လိုက်က လှည့်ကျလျှင် ကျွန်တော်က နီမာကြောက်တတ်မှန်း အသည်းငယ် တတ်မှန်းကို သိထားသူပီပီ ညာကျက်များသည်။ တကယ်အပင်ပန်း ခံပြီး အပြေးမလိုက်ဘဲ နီမာ့နောက်မှ ဟန်လိုက်,လိုက်ရင်း နီမာ ဒူးတုန်ပြီး အပြေးအားလျော့သွားရန် "ဟေး ... ဝါး ... မီးတော့ မယ်ကွ၊ ဝူး ... ဝဲ ..." စသည်ဖြင့် ကျွန်တော် အော်ဟစ်လိုက် သည်။ ညာသံပေးသည်ပဲ ဆိုပါတော့။

ထိုရောအခါ နီမာသည် တကယ်ပင် သူမအား မိတော့မည် ထင်သည်။ ကျွန်တော့် ခြောက်လှန့်သံတွေကို နီမာကြောက်သည်။ နီမာ တုံ့ခနဲ ရပ်သွားပါ၏။ ကျွန်တော်က အလွယ်တကူပင် နီမာ့ကို ဖမ်းမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နေ့ခင်း စသည်တို့တွင် ကျွန်တော်နှင့်နီမာ ပြန်၍တွေ့ဆုံသောအခါ နီမာသည် ညက သူမက်သောအိပ်မက် အကြောင်း စီကာပတ်ကုံး ပြောတော့သည်။

"အပါရယ် ... နီမာ ကြောက်လိုက်တာ။ ညကလေ နီမာ အိပ်မက်မက်တယ်၊ နီမာ့နောက်ကို ဘီလူးကြီး တစ်ကောင်က အတင်းလိုက်ဖမ်းတယ် အပါရဲ့၊ နီမာ ပြေးလိုက်တာလေ မှုန့်နေအောင် နီမာ ပြေးရတယ်၊ မောလိုက်တာလည်း အလွန်ပဲ၊ အဲဒီလိုပြေးတုန်း ဘီလူးကြီးကလေ သူ့ကြောက်စရာကောင်းတဲ့ အသံကြီးနဲ့ ဝူး ... ဝူး ... ဂဲ ... ဂဲ ... အော်ပြတယ်၊ အဲဒီ ဝူး ... ဝူး ... ဂဲ ... ဂဲ ... အသံလည်းကြားရော နီမာ လန့်ပြီးမပြေးတတ်တော့ဘူး အပါရဲ့၊ ဒါနဲ့ နီမာ မျက်နှာလက်ဝါးအုပ်ပြီး ငိုနေလိုက်တယ်၊ ရှေ့ဆက်ပြီးလည်း မပြေးတော့ဘူး၊ အဲဒီတော့ ဘီလူးကြီးက နီမာ့ကို မီသွားပြီး နီမာ့ကို ပွေ့လိုက်တယ် အပါ၊ ဒါပေမဲ့ ဘီလူးကြီး ပွေ့ပုံက ညင်ညင်သာသာလေးမို့ နီမာ အကြောက်ပြေပြီး မျက်လုံးဖွင့်ကြည့်တယ်"

နီမာသည် ယင်းသို့ ပခုံးလေးတွန့်လိုက်၊ မျက်လုံးလေးပြူးပြလိုက်နှင့် ပြောရင်း သူမ ကြည်နူးသောကဏ္ဍ ရောက်လာလျှင် သူမသည် ပြုံးရယ်လိုက်သေးသည်။

နီမာ ထိုသို့ ပြုံးလိုက် ရယ်လိုက်ပြီဆိုလျှင် နီမာ၏ပါးပြင် တစ်ဖက်ဝယ် ပါးချိုင့်လေးတစ်ခုသည် ခွက်ဝင်သွားအောင် မည်းမည်းနက်နက်လေး ချိုင့်သွားတတ်သည်။

တစ်ခါတလေများ ...

နီမာ တအားရယ်ပြီး တအားကြီးကို ပါးချိုင့်လေးခွက်ဝင်သွားလျှင် ကျွန်တော်က ဘာမပြော ညာမပြော နီမာ၏ပါးချိုင့်



ခွက်လေးထဲသို့ ကျွန်တော်၏လက်ညှိုးလေးကို ဖစ်ထိုးပြီး လက်ညှိုးထိပ်ကို ထည့်ထားလိုက်ပေသည်။

ထိုအခါကျတော့ နီမာက အပြုံးအရယ် ရပ်လိုက်သည်။ သူမ အပြုံးအရယ် ရပ်လိုက်သည်နှင့် ဖါးချိုင့်တစ်ခွက်သည် သူ့ဟာသူ ပျောက်ကွယ်သွားတော့သည်။ ကျွန်တော် ထောက်ထားသော လက်ညှိုးမှာ ပါးချိုင့်ပါးခွက် မဟုတ်ပါလေတော့။ နီမာ၏ ပါးပြင်ဖြူဝင်းဝင်းအပေါ်၌သာ ဖြစ်နေသည်။

"အဲဒါ ဘာလုပ်တာလဲ အပါ"

"ငါ နင့်ပါးချိုင့်လေးကို လက်ညှိုးနဲ့ ထောက်ထားတာဟ၊ အဲဗျာ အခုတော့လည်း မရှိတော့ဘူး"

ကျွန်တော်နှင့်နီမာ ရယ်မောမိကြသည်။ နီမာက ရယ်ရင်း မောရင်းမှပင် သူမ၏အိပ်မက်အကြောင်းလေးတွေကို စကားဆက်တတ်ပါ၏။

"အဲဒါပေါ့ အပါ၊ ဘီလူးကြီးက နီမာ့ကို ပွေ့ထားတယ်၊ ဘီလူးကြီး ဆိုပေမယ့် ဘီလူးကြီးက ကြမ်းကြမ်းတမ်းတမ်းမှ မဟုတ်တော့ နီမာ ကြောက်ဘူးပေါ့ အပါ၊ အဲဒီတော့ နီမာက မျက်စိဖွင့်ကြည့်တာပေါ့ အပါရဲ့"

"အဲဒီတော့ နင် ဘာမြင်ပြန်ရောလဲ နီမာ"

ကျွန်တော်က နီမာ့အကြောင်းကို နောကျေနေအောင် သိထားသူပီပီ နီမာ ဆက်လက်ပြောချင်တာတွေ ပြောနိုင်အောင် စကားကို ထောက်ပေးလိုက်သည်။

ထိုမျှလောက်တော့ ကျွန်တော်က ထိုအသက်(၉)နှစ်အရွယ်က တတ်စွမ်းပါ၏။ အကြောင်းမူ နီမာသည် နေ့ခင်းတွေ့ကြုံချက်များကို ညဥ့်နက်ပြီး အိပ်မောကျသွားပါက နောက်တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com

မနက်တွင် သူမ၏အိပ်မက်ကို အဖြစ်မှန်ကဲ့သို့ စီကာပတ်ကုံးပြောတတ်သူဖြစ်မှန်း ကျွန်တော် သိနေသောကြောင့်ပင် ဖြစ်ပါ၏။

နီမာက ဆက်ပြောပြသည်။

"ဘီလူးကြီး မွေ့ထားတာကို နီမာ မျက်လုံးဖွင့်ကြည့်လိုက်တော့ ဘီလူးကြီးက အပေါ်ပိုင်း ရင်ဘတ်တစ်ခုလုံး ကိုယ်တုံးလုံးကြီးပေါ့ အပါ။ သူ့ရင်ဘတ်ကြီးကလေ ... ဘီလူးကြီးရင်ဘတ်ကလေ လက်ဝဲဘက်ရင်အုံမှာ ကြိုက်အမည်းမှတ်ကြီးနဲ့"

"ကြိုက်အမှတ်ကြီးနဲ့ ဟုတ်လား"

ကျွန်တော်က အထိတ်တလန့်ပင် နီမာ့ကို ပြန်မေးပါ၏။

အကြောင်းမူ ကျွန်တော်သည် မွေးကတည်းက ကျွန်တော်၏လက်ဝဲဘက်ရင်ဘတ်ပေါ်တွင် ကြိုက်အမည်းမှတ်ကြီးတစ်ခု ပါရှိခဲ့သောကြောင့်ပင် ဖြစ်နေပါ၏။

ပြောပြောဆိုဆိုပင် ကျွန်တော်သည် ရှပ်အင်္ကျီကို ကြယ်သီးဖြုတ်ကာ ကျွန်တော့်လက်ဝဲဘက်ရင်အုံမှ ကြိုက်အမှတ်မည်းကို ကြည့်မိသည်။

နီမာက ကျွန်တော့်အပြုအမူကိုကြည့်ပြီး အားရပါးရ လက်ခုပ်လက်ဝါးလေးတီး၍ပင် ရယ်မောတော့သည်။

"အဲဒါပဲပေါ့ အပါ၊ နီမာလေ ဘီလူးကြီးကိုကြည့်ရင်း ဘီလူးကြီးရင်ဘတ်က သုံးထောင့်အမှတ်ကြီးမြင်တာနဲ့ ဒါဟာ ဘီလူးကြီး မဟုတ်ဘူး၊ ကိုပါပဲ ဖြစ်ရမယ်လို့ အောက်မေ့မိတာနဲ့ အဲဒီဘီလူးကြီးက နီမာ့အိပ်မက်ထဲမှာ ဘီလူးကြီး မဟုတ်တော့ဘဲ ကိုပါဖြစ်သွားပြန်ရော၊ အဲဒီတော့ နီမာက ကိုပါ ဖြစ်နေပြီဆိုတော့လည်း မကြောက်တဲ့အပြင် ကိုပါ မွေ့ထားတာကို နီမာက ပိုပြီးတောင် ပျော်လိုက်သေးတယ် ကိုပါ"



နီမာသည် ယင်းသို့ပင် ပေါက်ကရနှင့်နှင့်တွေ ပြောတတ်လွန်းသောကြောင့် ကျွန်တော်၏ ယခုည အိမ်တွင်ဓားပြတိုက်လေမည်ဟု နီမာပြောသော စကားတို့ကို အရူးစကားဟုသာ မှတ်ယူထားလိုက်မိတော့သည်။

သို့တစေ နီမာ၏အရူးစကားသည် မှန်လေစွ။

ယခု လောလောဆယ်မှာပင် ကျွန်တော်တို့၏အိမ်အား ဓားပြတိုခံရလေပြီကော။

"အပါရေ ... အပါ"

ခေါ်သံတွေ ကြားရသည်။ လက်နှိပ်ဓာတ်မီးရောင်တွေ နီးစည်းခြောက် မီးတုတ်ရောင်တွေ ပတ်ပတ်လည်တွေရမှ ကျွန်တော်သည် မြက်ရိုင်းကိုင်းရိုင်းတွေကြားမှ ထွက်လာခဲ့သည်။

ကျွန်တော်တို့ ရပ်ကွက်ထဲကလူတွေ ဖြစ်ပါ၏။ သူတို့ထဲမှ လူကြီးတစ်ယောက်သည် ကျွန်တော် ထွက်လာသည်ကို မြင်သည်နှင့် ကျွန်တော့်အား ပြေးပွေ့ထားသည်။

"အပါရယ် ... မင်းကံဆိုးလှချည့်ကွယ်" ဟုလည်း ထိုလူကြီးက မျက်ရည်ဝဲဝဲ အသံတုန်တုန်နှင့် ပြောသည်။ ကျန်သောလူတွေကလည်း ကျွန်တော့်အား ဝိုင်းကြည့်နေကြသည်။ သူတို့၏မျက်လုံးတိုင်းသည် ကျွန်တော့်အား သနားကြင်နာနေကြမှန်း ကျွန်တော် သတိထားမိပါ၏။

သူတို့အားလုံး ကျွန်တော့်ကို သနားကြမည်သာ။

အကြောင်းမူ ဓားပြများလက်ချက်ဖြင့် ဖေဖေလည်း သေသည်။

မေမေလည်း သေသည်။

ဦးလေးသာဆန်းလည်း သေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့၏မိသားစုလေးယောက်တွင် ကျွန်တော်တစ်ယောက်တည်းသာ အသက်ရှင်လျက် ကျန်ခဲ့သည်။

ကျွန်တော် အားရပါးရ အော်ဟစ်ငိုသည်။ ထို့နောက်တော့ ကျွန်တော် သတိမေ့မြောသွားသည်။

*O*



## ၂

ထိုစဉ်က ကဝမြို့သည် မြို့ဟု ခေါ်ရပေမင့် သွားရေးလာရေး ခက်သည်။ ရန်ကုန်–ပဲခူးလမ်းမကြီးတွင် အင်းတကော်ဆိုသော ကျေးရွာတစ်ခုရှိသည်။ အင်းတကော်မှ အရှေ့ယွန်းယွန်းသို့ တက်သွားသော မော်တော်ကားလမ်းရှိသည်။ ထိုမော်တော်ကားလမ်းအတိုင်း လိုက်သွားလျှင် မော်တော်ကား လမ်းဆုံးရာသည် ထုံးကြီးရွာဖြစ်သည်။ မော်တော်ကားလမ်းသည် ကဝချောင်းကြီး၏ ကမ်းပါးအမြင့်ကြီးကို ဦးတိုက်ပြီး ဆုံးခန်းသို့ ရောက်သွားသည်။ ထိုကားလမ်းအဆုံးမှ ကမ်းပါးကို ဆင်းသက်ခါ ကူးတို့လှေ ကူးတို့သမ္ဗာန်ကို ချောင်းကန့်လန့် ဖြတ်စီးရသေးသည်။ ဟိုဘက်ကမ်းရောက်သေမှ ကဝမြို့သို့ ရောက်ခြင်းမည်ပါ၏။

ကဝမြို့ကို ကြည့်ပါလေဦး။ ဝင်းဝင်းဝိုင်းဝိုင်း တည်ထားသောမြို့ မဟုတ်။ ရွာတန်းရှည်၊ မြို့တန်းရှည်ကြီး ဖြစ်သည်။ မြို့၏ ဟိုဘက်ထိပ် သည်ဘက်ထိပ်သည် တမျှော်တခေါ်ကြီး ကွာဝေးလှသည်။ ဘတ်(စ်)ကားမရှိ။ အခြားကိုယ်ပိုင်ကားများလည်း ကဝမြို့ပေါ်တွင်မရှိ။ အချို့ ကိုယ်ပိုင်ကားရှိသူတို့သည် ကဝချောင်းကူးပြီး ကဝမြို့ပေါ်တွင် မော်တော်ကားမထား။ မော်

www.burmeseclassic.com

www.burmeseclassic.com



တော်ကားလမ်းဆုံးရာ ထုံးကြီးဘက်ကမ်း၌သာ ထားသည်။ ကဝရှိ ကြေးရတတ်လူတန်းစားသည် များသောအားဖြင့် ပဲခူးနှင့်သာ ဆက်သွယ်ကြသူများ၏။ အကြောင်းမူ ထုံးကြီးမှ မော်တော်ကားလမ်းအတိုင်း ထွက်လာပြီး အင်းတကော့်ရောက်လျှင် ပဲခူးသို့ ဆက်သွားရန် (၁၄)မိုင်သာ ရှိတော့သည်။ ပြီး ကဝသည် ပဲခူးခရိုင်ထဲတွင် ပါဝင်သည်။

ကဝမြို့သို့ရောက်လျှင် ကူးတို့ဆိပ်မှ ကိုယ်လိုရာအိမ်သို့ သွားမည်ဆိုလျှင် မြို့တန်းရှည်ကြီးအတိုင်း သွားရမည်။ ဆိုက်ကား စီးလိုလျှင်စီး။

ဆိုက်ကားမစီးလိုလျှင် ခြေကျင်လျှောက်။

သို့ပေမင့် ကဝမြို့ကို အထင်မသေးပါနှင့်။

ဆန်စားသော တိုင်းရင်းသား အားလုံးအတွက် ကဝမြို့သည် တာဝန်ကျေသော မြို့ဖြစ်သည်။ ကဝမြို့သည် မြို့သေးပြီး ခေါင်သော်လည်း စပါးအများဆုံးထွက်သည်။ ပတ်ဝန်းကျင် ကျေးလက်တို့သည် စပါးစိုက် တောင်သူမတွေ များပြားလှသည်။

ဒါတင်ကရိုးလား။

ကဝမြို့၏ ဝန်းကျင်ကျေးလက်တို့တွင် မိုးတွင်းရောက်ပြီဆိုလျှင် ပထဝီအနေအထားအရ သဘာဝချောင်း၊ မြောင်း၊ အင်းအိုင်တွေ ပေါ်လာသည်။

ငါးတွေ ပုစွန်တွေ ပေါလိုက်သည်ဖြစ်ခြင်း။

အခြားမြို့များတွင် တက်ရောင်းပြီး မကုန်သေးသည့်အတွက် ငါးပိ၊ ငါးခြောက်၊ ငါးချဉ်တွေ လုပ်ရသေးသည်။

ယင်း သဘာဝ အင်း အိုင် ချောင်း ဆိုသည်မှာ နိုင်ငံတော် အစိုးရက ပိုင်ဆိုင်သည်။ မဖြစ်စလောက် အင်း အိုင် ချောင်း



မြောင်းဆိုလျှင်တော့ နယ်သူနယ်သား သူ့ဘာသာသူ ရှာစားကြ။ ကွန်ဖျစ်ကြကို နိုင်ငံတော်အစိုးရက လျစ်လျူရှုထားပေမင့် ကဝမြို့၏ သဘာဝ အင်း အိုင် ချောင်း မြောင်းကျတော့ နိုင်ငံတော်အစိုးရက အခွန်အတုတ် ယူရလောက်အောင်ဖြစ်သည်။

ချောင်း မြောင်း အင်း အိုင်ကို တစ်နှစ်တစ်ကြိမ် တစ်ရာသီ တစ်ကြိမ် လေလံဆွဲယူရအောင် ကြီးထားသည်။

ယခု ဖေဖေ၊ မေမေနှင့် ဦးလေးသာဆန်းတို့ကို ဓားပြတိုက်ပြီး သေဆုံးရခြင်းကိုပင် အင်းလေလံကြောင့်ဟု ကဝစခန်းမှူး ရဲအုပ်ကြီးက ယူဆချင်သယောင်ယောင် ပတ်သက်သယောင်ယောင် တွေးခေါ်လာသည်။

ဓားပြသုံးကောင်စလုံးကို မမိလိုက်။

ဖေဖေ၊ မေမေနှင့် ဦးလေးသာဆန်းကို တဒိုင်းဒိုင်းပစ်သတ်ပြီးနောက် ဓားပြတွေသည် ဖေဖေ့အဝတ်ဘီရိုထဲမှ ငွေများကိုယူကာ ဆင်းပြေးကြသည်။

ဒါကလည်း ရဲအုပ်ကြီးက ကျွန်တော့်ကို မေးမြန်းလေမှ ဆက်စပ်တွေးခေါ်ရသည့် အတွေးအခေါ်တွေဟူ၍ နောက် ကျွန်တော် ကြီးပြင်းလာလေမှ ကိုယ့်ဟာကိုယ် တွေးယူနိုင်ခြင်းမျိုးဖြစ်ပါ၏။

ကဝမြို့ရဲစခန်းသည် မြို့၏ဟိုဘက်အစွန်းတွင် တည်ရှိနေသည်။ ကျွန်တော့်အား ရဲအုပ်ကြီးက ရဲစခန်းတွင် ခေါ်ထားပါ၏။ ထမင်းကောင်းကောင်းကျွေးသည်။ ကော်ဖီလည်း တိုက်သည်။ ချိုချဉ်တွေ ကိတ်မုန့်တွေလည်း ကျွေးသည်။

နောက်ပြီး ရဲအုပ်ကြီးက သူမေးတာ မှန်သရွေ့ မှန်မှန်ဖြေရန် ရယ်ရယ်ပြုံးပြုံးနှင့် ပြောပြသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်ကြီးကို ကျွန်တော် ချစ်ခင်သွားသည်။

(၉)နှစ်သားကလေး ဆိုတော့လည်း အားကိုးရာမဲ့ချိန်မှာ ကိုယ့်အပေါ် ဂရုတစိုက်ရှိသူကို ချစ်ခင်တတ်လေစမြဲပေါ့။

"အပေါ့ကို ဦးလေးမေးမယ်နော်၊ အပေါက မသိရင် မသိဘူး လို့ပဲပြော၊ အဲ ... အပေါသိတာတွေကျတော့ ဦးလေးကို အမှန် အတိုင်းပဲ ပြောပြနော် အပေါ"

ကျွန်တော် ခေါင်းညိတ်ပြသည်။

"ပထမဆုံး ဓားပြတိုက်တဲ့ညက အပေါမြင်တာတွေ တွေ့ တာတွေ အားလုံးကို ပြောပြစမ်းပါ အပေါ"

ကျွန်တော် တွေ့သမျှ မြင်သမျှ အားလုံး ပြောပြလိုက်ပါ၏။ ဓားပြသုံးယောက်အကြောင်းကို ခရေစေ့တွင်းကျပင် ပြောပြသည်။ ဖေဖေ ငှက်ကြီးတောင် ဓားအဆွဲတွင် ခေါင်းဆောင်ဓားပြ ကြီးက သေနတ်နှင့် ဖေဖေ့ကို ပစ်သတ်ချိန်တွင် ကျွန်တော်ထွက် ပြေးသွားသဖြင့် ဓားပြနှစ်ကောင်က ကျွန်တော့်နောက်လိုက်သည့် အထိ ပြောပြစဉ် ...

"နေပါဦး အပေါ၊ အပေါ တအားထွက်ပြေးသွားတော့ ဓားပြ ခေါင်းဆောင် သေနတ်ရှည်ကြီးကို ကိုင်ထားတဲ့လူက 'ဟို ... ခွေး သားလေး အပေါကို လိုက်ဖမ်းကြစမ်းကွာ" လို့ ပြောတာ သေချာ တယ်နော်"

ကျွန်တော်က ခေါင်းညိတ်ပြသည်။

"ဒါဆိုရင် လာတိုက်တဲ့ ဓားပြခေါင်းဆောင်ဟာ အပေါ့ကို အပေါမှန်း သိနေလို့ပေါ့"

ထိုစဉ်က ရဲအုပ်ကြီး ပြောလိုက်သော စကားကို ကျွန်တော် သည် ဘာဆိုလိုမှန်းမသိ။ လူဆိုးခေါင်းဆောင်ကြီးက ကျွန်တော့်



နာမည် "အပေါ" ဟု ခွဲတ်ဆိုလိုက်သည့်အတွက် မည်မျှလေးနက်သွားမှန်း ကျွန်တော် မသိခဲ့ရိုးအမှန်။

"အဲ ... နောက်တစ်ခု ဆက်ပြောစမ်းပါဦး အပေါ။ အပေါ့ ဖေဖေရဲ့ အဝတ်ဘီရိုထဲမှာ ငွေတွေ ဘယ်လောက်အများကြီးရှိ သလဲ အပေါ၊ အပေါက ကျောင်းမှာ လေးတန်းတောင်ရောက်နေ ပြီပဲ၊ ကျပ်တန်တွေ၊ ငါးကျပ်တန်တွေ၊ တစ်ဆယ်တန်းတွေ၊ ငါး ဆယ်တန်တွေ၊ ရာတန်တွေဆိုတာ ခွဲခြားသိမှာပေါ့"

"အများကြီးပဲ ဦးလေး၊ ဒါပေမဲ့ ဖေဖေက ငွေကို သူ့ ဘာသာ အစုနဲ့ပုံပြီး ခွဲခြားတတ်လေ့ရှိတယ်"

"ဘယ်လိုပုံထားသလဲ အပေါ"

"ဖေဖေက ငွေတွေကို သုံးလေးပုံခွဲထားလေ့ရှိတယ်။ ဟောဒီ ပထမအပုံက ဖခပလ ရန်ပုံငွေအတွက်ဆိုပြီးလည်း တစ်ပုံပုံတယ်"

"အေး ... ဟုတ်ပြီ၊ ဆက်ပြော အပေါ"

"ဟောဒီ ဒုတိယတစ်ပုံက ဗတလစ ရန်ပုံငွေဆိုပြီးလည်း ပုံတယ်"

"ဟုတ်ပြီ အပေါ၊ ဆက်ပြော"

"တတိယပုံကျတော့ ဟောဒါက သက်ဆိုင်ရာ အင်းလေလံ ချပေးမယ့် ပုဂ္ဂိုလ်တွေ အတွက်တဲ့။ အဲ ... နောက်ဆုံးအပုံအကြီး ဆုံးနဲ့ ရာတန်တွေ ငါးဆယ်တန်တွေ တစ်ထပ်ကြီး သိပ်များတဲ့ အပုံကျတော့မှ အင်းလေလံဆွဲဖို့ အပုံလို့ပြောတာပဲ ဦးလေး"

ရဲအုပ်ကြီးသည် ကျွန်တော့်စကားအဆုံးတွင် ကုလားတိုင် ကျော့မှီကို အားပါးတရကြီး မှီချလိုက်ပြီး ဟင်းခနဲ သက်ပြင်း တစ်လုံး ချလိုက်ပါလေ၏။ နောက်ပြီး သူ့ဟာသူ ပြောသလို တစ်ယောက်တည်း ညည်းညည်းတွားတွား ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွာ၊ နောက်အပတ်ဆိုရင် မြို့ပိုင်ရုံမှာ အင်းလေလံဆွဲကြတော့မှာကို အပါရ၊ ဆွဲရင် အပါတို့ ဖေဖေပဲရမှာ သေချာတာမို့ လေလံရက်မတိုင်ခင် ဓားပြဝင်တိုက်လိုက်တယ်၊ တိုက်တုန်းကတော့ ငွေလိုချင်လို့ရယ် ... အပါတို့ဖေဖေ ငွေမရှိတော့ရင် အင်းလေလံ ဝင်မဆွဲနိုင်ဖို့ရယ် ဖြစ်မှာပေါ့၊ ဒါပေမဲ့ အပါ့ဖေဖေက ဓားဆွဲပြီး ခုတ်မယ်လုပ်လို့ သေနတ်နဲ့ပစ်လိုက်တယ်၊ ဒီကြားထဲ အပါကထွက်ပြေးတော့ ဓားပြခေါင်းဆောင်က အသံထွက်သွားတယ်၊ အပါမှန်းလည်း သူက သိနေတော့ လွှတ်ခနဲ အပါလို့ နာမည်ထုတ်ခေါ်တယ်၊ ဒီတော့ အပါရဲ့မေမေနဲ့ ဦးလေးသာဆန်းက ဓားပြခေါင်းဆောင် ရုပ်ဖျက်ထားပေမယ့် ဘယ်သူဘယ်ဝါမှန်း သိသွားပုံရတယ်၊ ဒီတော့ မထူးတော့ဘူးဆိုပြီး အပါရဲ့မေမေနဲ့ ဦးသာဆန်းကိုပါ အသေပစ်သတ်ပြီး ငွေတွေယူသွားတဲ့ သဘောပဲ ဖြစ်မယ် အပါ"

"နေဦး အပါ၊ အဲဒီ ဓားပြခေါင်းဆောင်က ခွေးသားလေး အပါကို လိုက်ဖမ်းစမ်း" လို့ ပြောတော့ အဲဒီအသံကို အပါမကျက်မိဘူးလား။ တို့ ကဝမြို့က ဘယ်သူ့အသံ ဖြစ်နိုင်မလဲ အပါ"

ကျွန်တော်က ဦးခေါင်းခါပြသည်။ တကယ်ပင် ဘယ်သူ့အသံဟူ၍ ကျွန်တော် မသိရိုးအမှန်ပင်။

"အေးလေ ... လူကြီးတွေရဲ့အသံတိုင်းကို အပါ ဘယ်သိနိုင်ပါ့မလဲ၊ နောက်ပြီး အပါက သွေးလန့်ပြီး ထိတ်ထိတ်ပျာပျာနဲ့ ထွက်ပြေးနေတဲ့ အချိန်ကိုး"

ဖေဖေ၊ မေမေနှင့် ဦးလေးသာဆန်းတို့အား ကဝသင်္ချိုင်းမှာပင် မြေမြှုပ်သဂြိုဟ်ဖို့ ကိစ္စကိုပင် အရပ်လူကြီးတွေ တာမှုကထ ဦးစီးပြီး အလှူငွေကောက်ခံရသည်ဟု ဆိုကြသည်။



အဖြစ်ဆိုးလိုက်လေခြင်း။

သို့သော် ဦးလေးဟန်စိန် ရောက်လာပြီးသည့်နောက်တော့ အားလုံးသည် ပြေလည်သွားသည်။ သဂြိုဟ်စရိတ်၊ ရှာပနစရိတ် မှန်သမျှ ဦးလေးဟန်စိန်က အားလုံး အကုန်အကျခံသည်။ အရပ်လူကြီးတွေ ကောက်ခံထားသော ငွေများကို အခြားရပ်ရေးရွာရေးတွင် အသုံးပြုပါ။ အစ်ကိုနဲ့ မရီးကိစ္စအတွက် သူသာဒိုင်ခံ ကုန်ကျပါရစေဟု အရပ်ကူငွေကို လက်မခံဘဲ အရပ်လူကြီးတွေကို တောင်းပန်ကာ ပြန်လည်ပေးအပ်လိုက်သည်။

ဦးလေးဟန်စိန်သည် ငွေကို ရေလိုသုံးသွားပါ၏။ ရက်လည်ဆွမ်းကျွေးသည့်နေ့တွင် ကဝမြို့ပေါ်ရှိ သံဃာအကုန် အားလုံးပင့်သည်။ ထိုစဉ်က ကဝတွင် ဘုန်းကြီးကျောင်းသုံးလေးကျောင်းရှိ အံ့ထင်သည်။ သံဃာအကုန် ကိုရင်ပါမကျန်ဆိုလျှင် အပါးခြောက်ဆယ်ခန့် ရှိသည်ဟု လူကြီးတွေပြောသံ ကျွန်တော် ကြားရသည်။ သံဃာတစ်ပါးတို့ ဦးလေးဟန်စိန်က စာအိတ်တစ်အိတ်တွင် ငါးဆယ်တန်တစ်ချပ်စီ ဝတ္ထုကပ်လှူသေးသည်။

မြို့လုံးကျွတ် မနက်စာကျွေးသည်။ ဝက်ငါးကောင်ပေါ်ပစ်လိုက်သည်။ ကြက်ဆိုတာကတော့ အကောင် ဘယ်လောက်မှန်းပင်မသိတော့။ ငါးပုစွန်ဟင်းကို ကလေးတွေပင် မနိုက်တော့အောင် ဝိုလျှံနေသည်။

အုတ်ဂူသုံးလုံးကို အကောင်းဆုံး ပဲခူးမှ ပန်းရံဆရာကို ခေါ်ယူပြီး လက်ရာသန့်သန့် လှလှပပ ပြုလုပ်စေသည်။ ဖေဖေ၊ မေမေ၊ ဦးလေးသာဆန်း ရှာပနသည် ကဝမြို့တွင် ပြောစမှတ်ပြု၍ ကျန်ခဲ့အောင် ဦးလေးဟန်စိန်က ဆောင်ရွက်လိုက်သည်။

ပထမတော့ အရပ်ကောင်းမှုအလောင်းလှုရမည့် အခြေတွင် ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



ဟန်စိန်က ငွေရှစ်ထောင်လောက် အကုန်ခံပြီး ဟိန်းသွားအောင် ဟိုးသွားအောင် ဆောင်ရွက်ပစ်လိုက်သည်။

ဦးလေးဟန်စိန်က အရပ်လူကြီးတွေကို ရှင်းပြလိုက်သေးသည်။

"အစ်ကိုညဏ်က တံငါကိုးဗျ၊ အကုသိုလ် များတယ်၊ ဒါကြောင့် ကောင်းရာသုဂတိ လားနိုင်အောင် ကျွန်တော်အစွမ်းကုန် လာပြီးဆောင်ရွက်တာ"ဟူ၍။

ဖေဖေ၏အမည်မှာ ဦးညဏ်ထိန် ဖြစ်သည်။ ဦးလေးဟန်စိန်က ဖေဖေကို အစ်ကိုညဏ်ဟု ခေါ်လေသည်။

"ကျွန်တော့်အမျိုးက 'ရွှေ'မျိုးပါဗျာ၊ တစ်သက်လုံး ဆွေမျိုးတွေ မန္တလေးမှာ 'ရွှေ'လုပ်ငန်း၊ ပန်းတိမ်လုပ်ငန်းပဲ လုပ်ကြတယ်၊ အစ်ကိုညဏ်တစ်ယောက်သာ ကဝသူနဲ့ရပြီး တံငါဖြစ်သွားတာ၊ ဒါကြောင့်လည်း ကျွန်တော်တို့ အစ်ကိုညဏ်နဲ့အမျိုးဆက်ပြတ်သွားတာ"

ဖေဖေ့အား တံငါဟု ပြောသည်ကို အရပ်လူကြီးတွေရော၊ ကျန်အရပ်သူ အရပ်သားတွေရော၊ မနှစ်မြို့က်လှ။ ဒေသတစ်ခုတွင် ရေ၊ မြေ၊ ပထဝီ အနေအထားအရ သင့်သောလုပ်ငန်းကိုသာ လုပ်ကိုင်ကြရသည့်သဘောကို ဦးလေးဟန်စိန် သဘောပေါက်ဟန်မတူ။

သို့သော် ကဝမြို့သူမြို့သားတို့က ယဉ်ကျေးပါသည်။ သည်းခံပါသည်။ ဦးလေးဟန်စိန်က ကဝမြို့အတွက် မျက်နှာစိမ်းဧည့်သည်သက်သက် ဖြစ်နေသောကြောင့် ယဉ်ကျေးစွာ သည်းခံစွာပင် နားထောင်နေလိုက်သည်။ ထို့ထက်မှာမူ ဖေဖေတို့အဖြစ်က အဖြစ်ဆိုးလွန်းပြီး သွေးရင်းသားရင်းအတွက် ယူကျုံးမရဖွယ်



ကောင်းလှသည်။ ရင်ထုမနာဖြစ်ဖွယ် ကောင်းလှသည်။ ထို့ကြောင့် ကရုဏာဒေါသောနှင့် ဦးလေးဟန်စိန် ပြောနေခြင်းသာ ဖြစ်သည်ဟု သဘောပေါက်လက်ခံကာ ခွင့်လွှတ်ကြသည်။

ပြောလို့သာ ပြောရသည်။ ဦးလေးဟန်စိန်က ပါးစပ်ပေါက်ဆိုးပေမင့် လက်ကျတော့ပါသည်။ လတ်တလော ငွေရှစ်ထောင်အကုန်ခံပြီး လှူဒါန်းပစ်လိုက်သည့် စေကနာက လေးစားဖွယ်ကောင်းနေသည်။ ထိုခေတ်က ငွေရှစ်ထောင်ဆိုသည်မှာ နည်းနည်းနောနောမဟုတ်။ ဆီတစ်ပိဿာမှ လေးကျပ်မတ်တင်းခေတ်။ ငကြွဲဆန်တစ်ပြည်မှ တစ်ကျပ်အောက် လျော့သေးသောခေတ်ယင်းငွေရှစ်ထောင်သည် ကဝမြို့လိုနေရာတွင် တစ်ထပ်တိုက်ကောင်းကောင်း ဆောက်နိုင်သည်။

သည်တော့လည်း ဦးလေးဟန်စိန် ပြောသမျှကို ကဝမြို့သူမြို့သားတွေက အကြောင်းကြောင်းထောက်ပြီး ခွင့်လွှတ်ပါ၏။

ရက်လည်ဆွမ်းကျွေးသည့်နေ့မှာပင် ဦးလေးဟန်စိန်က ကျွန်တော့်ကို ပြောသည်။ မေးသည်။ ရပ်ရွာလူကြီးတွေအားလုံးရှေ့မှာ မေးခြင်း ပြောခြင်း ဖြစ်ပါ၏။

"ကဲ … အပါ၊ နက်ဖြန်ဆိုရင် ဦးလေးနှင့်အတူတူ အပါမန္တလေးလိုက်ခဲ့ရမှာပဲ။ ဒီတော့ ဒီကဝက အစ်ကိုညဏ်ရဲ့အိမ်ကြီးနဲ့ ခြံတွေကို မင်း ဘာလုပ်ချင်သလဲ အပါ၊ မင်းက အစ်ကိုညဏ်ရဲ့ တစ်ဦးတည်းသော သားဆိုတော့ ဒီအိမ်ကြီးကို မင်းအမွေဆက်ခံချင့်ရှိလို့ ဦးလေးက မေးရတာကွ"

ကျွန်တော် မဖြေတတ်။ ကျွန်တော် ထိုစဉ်က (၉)နှစ်သားအရွယ်သည် အမွေဆိုသောစကားကိုပင် လိပ်ပတ်လည်အောင် နားလည်တတ်သည် မဟုတ်သေး။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ ... ဟဲ ..."

အရပ်လူကြီးတစ်ဦးက ရယ်သွမ်းသွေးရင်း ပဏာမပျိုးလိုက်သည်။

"ဒီလောက်ထိစွကြီးကို အပါက တလေးပဲ ဘယ်မှာနားလည်မလဲ ဦးဟန်စိန်၊ ကျုပ် အကောင်းဆုံး အကြံဉာဏ်ပေးပါ့မယ်၊ ဒီဦးညာဏ်ထိန်ရဲ့ ကျန်ခဲ့တဲ့ အိမ်နဲ့ခြံဝင်းကို ရောင်းပစ်လိုက်ပေါ့။ ဒီအိမ်နဲ့ခြံကိုဝယ်ဖို့ ကျုပ်ကပဲ ချက်ချင်းကူညီပါ့မယ်၊ ကျုပ် ငွေခြောက်ထောင်နဲ့ ဝယ်ထားလိုက်မယ်လေ။ ဒါဟာ ကူညီတဲ့သဘောသက်သက်ပါ၊ အဲဒီငွေခြောက်ထောင်ဟာ အပါရဲ့ ရှေ့ရေး ပညာရေးတွေ ဆက်သုံးနိုင်တာပေါ့၊ ဟုတ်ရဲ့လား ... ဦးဟန်စိန်"

"ဟုတ်ကဲ့ ... ဒီလိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဒါပေမဲ့ ဒီအစ်ကိုညာဏ်ရဲ့အိမ်နဲ့မြေကို ကျွန်တော့်သဘောအရဆိုရင် တစ်သောင်းပေးလည်း မရောင်းပါဘူး"

"ဗျာ"

ငွေခြောက်ထောင်နဲ့ ဝယ်ယူပြီး ကူညီလိုက်ပါမည်ဟူသော အရပ်လူကြီးမှာ အာမေဋိတ်"ဗျာ"ခတ်ရင်း ပါးစပ်ပြဲသွားတော့သည်။

"စိတ်မရှိပါနဲ့ခင်ဗျာ၊ ကျွန်တော် ဆိုလိုချင်တာက ဒီလိုပါ၊ ဒီနှစ်ထပ်ပျဉ်ထောင်အိမ်ကြီးနဲ့ ခြံမြေကို အပါက မိဘလက်ငုပ်လက်ရင်းမို့ နှမြောပြီး ဒီအတိုင်း တံခါးပိတ်ထားမလားလို့သာ ဆိုလိုချင်တာပါ။ အပါ့အတွက် ရှေ့ရေး၊ ပညာရေး၊ လူမှုရေးတွေအတွက် ငွေဆိုတာ မလိုပါဘူးခင်ဗျ"

"ဟုတ်ပေသပေါ့၊ ဦးဟန်စိန် လူချမ်းသာကိုး"



ငွေခြောက်ထောင်ဖြင့် အချောင်ဝင်နိုက်သော အရပ်လူကြီးက အရှက်ပြေ ပြောသလိုလို ထေ့ငေါ့ပြီး ပြောသလိုလို ပြောလိုက်ပြန်ပေသည်။

"ကျွန်တော်ချမ်းသာတာကြောင့် မဟုတ်ပါဘူးခင်ဗျ၊ အစ်ကိုညာဏ်ဟာ ကဝသူကိုယူပြီး မန္တလေးက ခွဲထွက်သွားတာ ဆယ်နှစ်ကျော်ပါပြီ။ ဘာပဲပြောပြော ကျွန်ပော့်ရဲ့ မိဘများကရော၊ ကျွန်တော်တို့ ညီအစ်ကိုကရော အစ်ကိုညာဏ်ကို မကျေနပ်လို့ မဆက်သွယ်ခဲ့ပေမယ့် ကျွန်တော့်မိဘများဆုံးသွားတော့ ခွဲဝေတဲ့ အမွေပိုင်းမှာ အစ်ကိုညာဏ်အတွက် ကျွန်တော့်မိဘများ ထားရှိတဲ့ ဆန္ဒအတိုင်း ကျွန်တော်တို့ အမွေခွဲထားပါတယ်၊ အစ်ကိုညာဏ်ရဲ့ ခံစားခွင့်အမွေဟာ နှစ်သိန်းရှိနေပါတယ်ခင်ဗျ"

"ဟော ... နှစ်သိန်းကြီးများတောင် ဟုတ်လား"

အရပ်လူကြီးတွေသည် ဦးလေးဟန်စိန် စကားကြောင့် "ဟော"ခနဲ ဖြစ်သွားရပါ၏။ ဦးလေးဟန်စိန်ကပင် သူ့စကားကို ဆက်၍ပြောပေသည်။

"ဟုတ်ကဲ့ ... အခု အစ်ကိုညာဏ် ဆုံးသွားပါပြီခင်ဗျ။ ဒီတော့ ကျန်ခဲ့တဲ့ အစ်ကိုညာဏ်ရဲ့ အမွေဆိုင်ကို ဆက်ဆံခွင့်ရှိနေသူဟာ အပါတစ်ယောက်တည်းပါပဲ ခင်ဗျ။ ဒါကြောင့် အပါ့ရဲ့သဘောကို ကျွန်တော်က တရားတသောင်သဘော သက်ဝင်အောင် မေးရတာပါ"

တစ်အိမ်လုံးတွင် တစ်ရပ်လုံးက လူတွေအများအပြားအိမ်အပြည့်ရှိနေချိန်ဖြစ်ပါ၏။ သို့တစေ ကျွန်တော်သည် ဦးလေးဦးဟန်စိန်၏မေးခွန်းကို ဘာမျှမဖြေတတ်။ ဖြေတတ်နိုင်လောက်သော အသက်အရွယ်မျိုးလည်း မဟုတ်ပါသေး။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

အသက်အရွယ် အကြီးဆုံးနှင့် တစ်မြို့လုံးက ကြည်ညို ကိုးစားသော အရပ်လူကြီးတစ်ဦးက ဝင်၍ပြောလိုက်သည်။

"အေးလေ ... အေးလေ ... အပါက ကလေးပဲဟာကွယ်။ နောက်ပြီး အပါ ဆက်ခံရမှုတွေက ငွေတွေတစ်ပြုံကြီး မှုတ်လား။ ဒီတော့လည်း အပါရဲ့ နောင်ရေးက သူ့ဟာသူ ပြေလည်နေသားပဲ။ အေး ... အပါကတော့ ဒီအိမ်ကြီးနဲ့ ဒီမြေကို ဘာလုပ်ပစ်ရမယ်ဆိုတာ ဘယ်ပြောတတ်မှာလဲ။ ကလေးမှ တကယ့်ကလေးကိုးကွယ့်။ ဒီတော့လည်း ဦးလေးအရင်းဖြစ်နေတဲ့ မောင်ဟန်စိန်ကပဲ ဒီအိမ်ကြီးနဲ့ ဒီမြေကြီးကို ဘာလုပ်ချင်တယ်ဆိုတာ ဆုံးဖြတ်လေကွယ်"

"ဟုတ်ကဲ့ အဘ"

ဦးလေး ဦးဟန်စိန်က ဝင့်ဝင့်ကြွားကြွားလေးပင် ဝင်ရောက်ပြောလိုက်ပေသည်။

"ကျွန်တော်ဟာ အစ်ကိုညာထ်ရဲ့ညီ အပါရဲ့ဦးလေးအရင်း အနေနဲ့ ဒီအိမ်နဲ့ ဒီမြေကိစ္စ ဆုံးဖြတ်ပိုင်ခွင့် အဘကပေးလို့ ဝမ်းသာပါတယ်။ ဒါဆိုရင် အဘကိုပဲ ကျွန်တော် မေးပါရစေ၊ ဒီကဝမြို့မှာ ဆွမ်းကွမ်း အရှားပါးဆုံးနဲ့ အချို့တဲ့ဆုံး ဘုန်းကြီးကျောင်းဟာ ဘယ်ကျောင်းပါလဲ အဘ"

အဘက နှုတ်မဆွံ့။ ချက်ချင်း အဖြေပြုသည်။

"ဟဲ့ ... ဒါဆိုရင်တော့ တို့ မြောက်ကျောင်းက ရှင်အာဒိစ္စ ကိုယ်တော်ဟာ အဆင်းရဲဆုံးပေါ့၊ အချို့တဲ့ဆုံးပေါ့၊ ကိုယ်တော်ခမျာ စာသင်သားတွေ လက်ခံထားပြီး ဆွမ်းမလောက် ကွမ်းမလောက် နေရာထိုင်ခင်းမလောက်၊ ကျောင်းသင်္ကန်းမလုံမလောက်နဲ့"



အဘ၏စကားကို တခြားအရပ်လူကြီးတွေကလည်း တညီတညွတ် ခေါင်းညိတ်အဖြေပြုကြသည်။

"ဒါဆိုရင် အဘ၊ ဟောဒီ အစ်ကိုညာထ်ရဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးနဲ့ ခြံမြေကို အဘပြောတဲ့ မြောက်ကျောင်းက ရှင်အာဒိစ္စ ကိုယ်တော်ကိုပဲ ကျွန်တော် လှူခဲ့ပါ့မယ်၊ အိမ်ထဲမှာကျန်ခဲ့တဲ့ ပစ္စည်းအားလုံး ခုတင်မွေ့ရာ စသဖြင့်ပေါ့လေ အဘ၊ အားလုံး ရေစက်ချ လှူဒါန်းခဲ့ပါ့မယ်၊ အိမ်ထဲမှာ သံဃာနဲ့မအပ်စပ်တဲ့ပစ္စည်း ရှိနေလည်း ရှင်အာဒိစ္စကပဲ သင့်သောအလျောက် ပေးကမ်းစွန့်ကြဲခြင်း ပြုပါလေတော့"

ဦးလေးဟန်စိန်သည် ယင်းသို့ပင် အပြတ်ရှင်းပစ်လိုက်သည်။

စကားပြော ဆိုးပေမင့် ဦးလေးဟန်စိန်၏ စေတနာမှာ အံ့ချီးမကုန်ဖွယ် ဖြစ်ရပါ၏။

အားလုံး ဝေယျာဝစ္စတွေ ပြီးဆုံးလေသောအခါ ကျွန်တော်သည် ဦးလေးဦးဟန်စိန်၏ ငြိမ့်နေသော ကားသစ်ကြီးဖြင့် မန္တလေးသို့ လိုက်ပါလာခဲ့ရတော့သည်။

ဤသည်ပင် ကျွန်တော့်ဘဝ၏ ပထမပိုင်း ဖြစ်ပါ၏။

ကျွန်တော့်ဘဝ ပထမပိုင်းတွင် ကျွန်တော် ရင်နာခဲ့ရသည်မှာ အရွယ်နှင့်ပင် မလှပါလေတော့။

အရွယ်က ငယ်ငယ်။

ခံစားချက်တွေက ပယ်ပယ်နယ်နယ် ဖြစ်ခဲ့ရသည်။

အထူးသဖြင့် ထိထိရောက်ရောက် ခံစားရသောအချက်တစ်ချက် ရှိနေပါသေးသည်။

ဖေဖေ၊ မေမေ၊ ဦးလေးသာဆန်းကိုသဂြိုဟ်ပြီး အုတ်ဂူလှလှလေးတွေ သွင်းပြီးသည်မှစပြီး ရက်လည်ဆွမ်းကို ဟိန်းဟိန်းနဲ့ ဟိုး

www.burmeseclassic.com

www.burmeseclassic.com

ခနဲနေအောင် ဦးလေးဟန်စိန်က သင်္ဂြိုဟ်ခြင်း၊ ရှာပနုပြုခြင်းများ သိမ့်သိမ့်သဲသဲ ပြုမူခဲ့သည့်တိုင်အောင် ထိုကိစ္စတွင် နီမာသည် ပျော်က်ခြင်းမလှ ပျောက်ကွယ်နေတော့သည်။

ခုနစ်ရက် ... ခုနစ်လီကြီး နီမာ ပျောက်ကွယ်သွားသည်ကို ကျွန်တော်က ဖွေရင်းရှာရင်း အံ့သြမိခဲ့သည်။ ဘာပဲပြောပြော နီမာ့ကိုတော့ ကျွန်တော် ခင်တွယ်မိသည်။ နီမာသည် ကျွန်တော်၏ တစ်ဦးတည်းသော ငယ်သူငယ်ချင်း၊ နီမာသည် ကျွန်တော်၏ တစ်ဦးတည်းသော ကစားဖော်ကစားဖက်။

ကဝချောင်းကို ကူးခဲ့စဉ်က ကျန်ခဲ့သော ကဝမြို့၏အိမ်ခြေတန်းကြီးကို ချောင်းအလယ်မှကြည့်ကာ ကျွန်တော် မျက်ရည်ကျခဲ့သည်။

ကဝမြို့ကို ကျွန်တော် လွမ်းပါ၏။

ဖေဖေ့ကိုလည်း လွမ်းပါ၏။

မေမေနှင့် ဦးလေးသာဆန်းကိုလည်း လွမ်းပါ၏။ ဦးလေးသာဆန်းသည် မေမေ၏မောင်အရင်း လူပျိုကြီး ဖြစ်သည်။ ကျွန်တော့်အား ဦးလေးသာဆန်း အလွန်ချစ်ရှာပါ၏။

ထိုကြားထဲကပင် နီမာ့ကိုလည်း ကျွန်တော် လွမ်းမိရပါသေးသည်။

နီမာနှင့်ပတ်သက်၍ ကျွန်တော့်ကိုယ်ကျွန်တော် အံ့သြရသည့် အချက်တစ်ချက် ရှိပါသေးသည်။ ယင်းအချက်မှာ နီမာသည် ကျွန်တော်တို့အိမ်သို့ ဓားပြတိုက်မည့် အကြောင်းကို နေ့ခင်းကတည်းက သိနေသည်။ ဘယ်ပုံဘယ်နည်းဖြင့် နီမာတင်ကြိုသိခဲ့လေသနည်း။ ထို့ထက်မှာမူ ကျွန်တော့်အား ရဲအုပ်ကြီးကစစ်မေးစဉ်က ဓားပြတိုက်မည့်အကြောင်း နေ့ခင်းကတည်းက နီမာတင်ကြိုသိနေပါသည်ဆိုသည့် အချက်ကို ကျွန်တော်သည် ရဲအုပ်



ကြီးအား အဘယ်ကြောင့် ဖွင့်မပြောလေခဲ့သနည်း။ သောကဗျာပါဝေရင်ထဲတွင် မီးတောက်နေသောကြောင့် ကျွန်တော် ဖွင့်ပြောရန် မေ့လျော့နေသည်လား။

မဟုတ်ပါ။ ဖွင့်ပြောရန် ကျွန်တော် မမေ့ပါ။

ထိုစဉ်က ကျွန်တော့်အရွယ် ... ကျွန်တော့်စိတ်ကူးဖြင့် ရဲအုပ်ကြီးအား ဖွင့်မပြောသော အကြောင်းနှစ်ချက် ကျွန်တော့်တွင် ရှိခဲ့ပါသည်။

ပထမအချက်မှာ နောက်တစ်နေ့မနက်တွင် နီမာ့ကို ကျွန်တော်ပြန်တွေ့မည်။ နီမာ့ကိုတွေ့မှ နီမာ တင်ကြိုသိပုံကို ကိုယ်တိုင်ကိုယ်ကျ မေးချင်သောကြောင့် ဖြစ်ပါ၏။

ဒုတိယအချက်မှာ နီမာ တင်ကြိုသိနေကြောင်း ရဲအုပ်ကြီးအား ကျွန်တော်က ဖွင့်ပြောလိုက်လျှင် ရဲအုပ်ကြီးက နီမာ့အားခေါ်ပြီး ရိုက်နှက်မေးမြန်းလေမလားဟု ကျွန်တော် စိုးရိမ်မိသည်။

သြော် ... ထိုစဉ်ကတည်းက နီမာ့အပေါ် ကျွန်တော် ငဲ့ညှာလိုက်မိသည်။

ထိုစဉ်ကတည်းက ကျွန်တော့်အရွယ်၊ ကျွန်တော့်အတွေးနှင့် ကလေးဆန်စွာ စိုးရိမ်မှုကြောင့် ကျွန်တော် ရေငုံနေမိခြင်းဖြစ်သည်။

သြော် ... သံယောဇဉ်ဆိုသည်က အပ်ချည်တစ်မျှင်စာလောက် ချည်နှောင်မိသည်ပင် တွယ်တာခြင်း၊ ငဲ့ညှာခြင်းတွေ ရှိတတ်ပါလေလား။

* ○ *

www.burmeseclassic.com



## ၃

သူသည် ဘီအက်(စ်)အေ မော်တော်ဆိုင်ကယ်သစ်သစ်ကို စီးလာသည်။ ဆိုင်ကယ်သည် (၂၅၀-စီစီ)အရွယ်အစားမို့ သေးသေးနုပ်နုပ် ဆိုင်ကယ်မဟုတ်။ အိုဘာဟက်အင်ဂျင်၊ အိတ်ဇော နှစ်လုံးတပ်နှင့် ကြီးထားသောဆိုင်ကယ် ဖြစ်သည်။

ဤကြီးထားသော ဆိုင်ကယ်ပင် သူ ခွစီးလာသောအခါ မော်တော်ဆိုင်ကယ်ခများ ငယ်သွားလေသလား၊ ပုသွားလေသလား ထင်ရသည်။

သူက လူထွားကြီးပေကိုး။

နက်မှောင်နေသော တက်ထရက်(စ်)ဘောင်းဘီကို သူဝတ်ထားသည်။ မော်တော်ဆိုင်ကယ်ဆိုသည်မှာ ခွစီးရသောအမျိုးအစားမို့ သူ၏ပေါင်လုံး ခြေသလုံး တစ်ဖက်တစ်ချက်သည် တင်းနေသော တက်ထရက်(စ်)ဘောင်းဘီ အသားကပ်ပြီး ပေါ်လွင်နေသည်။ သူ၏ပေါင်တံနှင့် ခြေသလုံးတို့သည် တောင့်တင်းပြီး ကျန်းမာနေကြောင်း မြင်ရုံနှင့် သိသာသည်။

သူသည် ညိုမှိုင်းနေသော သားရေဂျာကင်ကို ဝတ်ထားသည်။ ဂျာကင်၏ဇစ်ကို အောက်နားမှ လည်ပင်းတိုင် ပိတ်စေ့



အောင် ဆွဲတင်ထားသည်။ သားရေဂျာကင်ဆိုပေမင့် သူ့ကိုယ်ခန္ဓာနှင့် ပွပွယောင်းယောင်း ဖြစ်နေသည်မဟုတ်။

တချို့ ကာယဗလသေးသိမ်သော လူငယ်တွေ သားရေဂျာကင်ဝတ်လျှင် သားရေဂျာကင်က အထူစား။ ခန္ဓာကိုယ်က ဗလမရှိ၊ ရင်အုပ်မရှိ၊ မာဆယ်ကြွက်သားမရှိမို့ ဘူးသီးကို ဂုန်အိတ်စွပ်ထားသလို ပွယောင်းယောင်းနှင့်။ ကြည့်မကောင်းအောင် ရှိတတ်သည်။

သူ့ကျတော့ သားရေအထူစား ဂျာကင်က်ပင် သူ့အသားကပ်ကာ တင်းတင်းမို့မို့ ရှိနေသည်။ ကော်လာပြင်းထုပ်ကို ဖက်ပတ်ပြီး နီးစည်းထားသည့်နှယ် နီးစည်းချက် လွှတ်ရာများတွင် တင်းမို့နေသော တင်းမို့ခြင်းမျိုး သူ့တွင်ရှိနေသည်။

သူသည် နေကာမျက်မှန် အညိုရောင် တပ်ထားသည်။ နေကာဆိုပေမင့် ဟိုတစ်ခေတ်တစ်ချိန်က နေကာမျက်မှန်လိုအတွင်း မျက်စိမမြင်ရအောင် မှန်ကို အရောင်တွေ ပိန်းပိတ်ထားသည်မျိုး မဟုတ်။

သူ၏နေကာမျက်မှန်သားမှာ ပကတိကြည်လင်နေသည်။ ညိုပျပျ မှန်ရောင်အောက်ရှိ သူ၏မျက်လုံး၊ မျက်ခုံး၊ မျက်တောင်တို့ကို အယောင်းသား အေးလူက မြင်ရပါ၏။

သူ၏လက်ဝါးနှစ်ဖက် လက်ဆယ်ချောင်းကို ပါးနုသော နံ့သာရောင် သားရေလက်အိတ် စွပ်ထားသည်။ မော်တော်ဆိုင်ကယ် စီးသူများသည် ခရီးဝေးစီးလျှင် သူ့လိုပင် လေဒဏ်ခံနိုင်ရန် ဝတ်စားလေ့ရှိပါ၏။ ဆိုင်ကယ်၏လက်ကိုင်ရိုးတွင် ကလပ်(ချ်) တစ်ဖက်၊ လီဗာတစ်ဖက်ရှိသည်။ ညာလက်က လီဗာကိုတင်ထား ပြီး ဘယ်လက်က ကလပ်(ချ်)ကို လိုအပ်သလို ဆွဲသည်မို့ ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ကယ်သမားတို့သည် အဝေးခရီးဆိုလျှင် လက်အိတ်စွတ်ပြီးစီးတတ်ကြသည်သာ။

သူ့ဆိုင်ကယ်စီးပုံမှာ ကြမ်းသည်ဟု ဆိုနိုင်သည်။

အင်းတကော်မှ ထုံးကြီးသို့ ကတ္တရာလမ်းသည် အလွန်ကောင်းမွန်သောလမ်းဟု မဆိုနိုင်ပါလေ။ တချို့နေရာတွင် ချောမွေ့ကောင်းမွန်နေသော်လည်း တချို့နေရာကျတော့ လမ်းပေါက်လမ်းပြဲများ ဖြစ်နေသည်။

သို့စဉ်လျက် သူသည် မော်တော်ဆိုင်ကယ်အား အရှိန်နှုန်း တစ်ချက်မျှမလျှော့။ လမ်းချောရာတွင် တည့်တည့်မောင်းသည်။ လမ်းပေါက်လမ်းပြဲကျလျှင် သူက မော်တော်ဆိုင်ကယ်ကို မြွေလိုတွန့်လိမ်ပြီး လမ်းပေါက် လမ်းပြဲများကိုရှောင်ပြီး နဂိုအရှိန်နှုန်းတိုင်း မောင်းမြဲမောင်းသည်။

လမ်းပေါက်လမ်းပြဲကို ရှောင်တိမ်းရာ၌ တစ်ခါတလေ မော်တော်ဆိုင်ကယ်သည် ဘယ်ညာမဟူ လေးဆယ့်ငါးဒီဂရီလောက်ထိ စောင်းသွားကာ ဘုံးခနဲ တုံးလုံးလဲမည့် အသွင်မျိုးဖြစ်သွားသည်။

သို့သော် မပူပါနှင့်။

ထိုသို့ စောင်းပြီးလဲမည့် အနေအထား ရောက်သည်နှင့် သူ၏ခြေနင်းတွင် တင်ထားသော ခြေဖဝါးသည် ဆတ်ခနဲ လမ်းကိုထိအောင် ထောက်ပေးပြီး ဆိုင်ကယ်ကို ပြန်မတ်စေနိုင်ပါ၏။ သူ၏တောင့်တင်းခိုင်မာသော ခြေထောက်မို့သာပင်။

တော်ရုံတန်ရုံ ခြေထောက်ဆိုလျှင် ဆိုင်ကယ်အရှိန်နှုန်းဖြင့် ခေါက်ပြီးချိုးသလိုဖြစ်ကာ ဖျောင်းခနဲ ခြေကျိုးသွားနိုင်လောက်သည်။



သူ၏မော်တော်ဆိုင်ကယ် အရှိန်နှုန်းဖြင့် မောင်းလာပြီး ထုံးကြီးကတ္တရာလမ်းအဆုံး ကဝချောင်း ကမ်းပါးထိပ်အရောက်တွင် ကျွိ ... ကျွိ ... ကျွိ ... မြည်သွားအောင် သူသည် ဘရိတ်နင်းချတော့သည်။

အရှိန်နှုန်းများလွန်းသောကြောင့် ဘီးဒရွတ်တိုက် ပါလာသည့်တိုင်အောင် မော်တော်ဆိုင်ကယ်က ပြေးမြဲပြေးနေသည်။ ဆိပ်ကမ်းစောင့်ခရီးသည်တွေသည် သူ့အဖြစ်ကို ကြည့်မြင်နေရင်း ဟာခနဲ ... ဟယ်ခနဲ ဖြစ်သွားကြရသည်။ ဆိုင်ကယ်ရော လူရော ကမ်းပါးစွန်းမှ လတာပြင်ထဲသို့ ကျွမ်းစိုက်ကျပြီဟု ထင်လိုက်ကြသည်။

မပူပါနှင့်။

သူသည် သူ့အရှိန်ကို ဘရိတ်မနိုင်မှန်း သိသည်နှင့် ညာဘက်ကပ်မောင်းမှ ဘယ်သို့ "ဂ" ငယ်သဏ္ဌာန် ပြန်ချိုးကွေ့လိုက်သည်။ သူ၏ဘယ်ခြေထောက် တောင့်တောင့်တင်းတင်းသည် စောင်း၍ ချိုးကွေ့ရာ၌ မြေကိုထောက်ပြီး အထောက်အကူပြုလိုက်ပါသေး၏။

ဆိုင်ကယ် တစ်ပတ်လည်သွားပြီးမှတော့ ကဝချောင်းထဲ ကျွမ်းစိုက်ကျစရာ အကြောင်းမရှိပါလေတော့။ တတ်နိုင်၍ ဆိုင်ကယ်အရှိန်မသေလျှင် ရှစ်မိုင်ခန့်ဝေးသော အင်းတကော်သို့ပြန်လှည့်မောင်းပေတော့။ ဒါမှ မကျေနပ်သေးလျှင် အင်းတကော်၏ တောင်ဘက် ပဲခူးမြို့သို့ (၁၄)မိုင်ဆက်မောင်း။ ဒါကိုမှ ထပ်ဆင့်မကျေနပ်သေးလျှင် အင်းတကော်မှ ရန်ကုန်ဘက် မိုင်လေးဆယ်ကျော်ခန့်ဆက်မောင်း။ ထိုမော်တော်ဆိုင်ကယ်စီး လူ၏ယ်သည်ကဝချောင်းထဲ ကျွမ်းစိုက်မကျသွားသည်ကတော့ သေချာသွားလေပြီ။

www.burmeseclassic.com



အင်းတကော်ဘက်လည်း မမောင်းပါ။ ရန်ကုန်-ပဲခူးထိအောင်လည်း မသွားပါ။ ဆိုင်ကယ်သည် "ဂ"ငယ်သဏ္ဍာန်ပြန်ကွေ့ပြီးနောက် ကူးတို့ဆိပ်၏ ကူးတို့စောင့် ခရီးသည်များကို အပန်းဖြေနားရန်နှင့် မုန့်ဟင်းခါး၊ ဆေးလိပ်ကွမ်းယာ၊ စီးကရက် ရောင်းသော တဲရှေ့မှာပင် ရပ်လိုက်ပေတော့သည်။ ထို့နောက် လူရွယ်သည် မော်တော်ဆိုင်ကယ်ကို စက်သတ်လိုက်သည်။ ဆိုင်ကယ်ပေါ်မှ ခွဆင်းကာ ဆိုင်ကယ်ကို ကစားစရာ အရုပ်လေး ဝ-ရုပ်လား ဒေါက်ထောက်လိုက်ပါ။

ကူးတို့ဆိပ်တဲထဲမှ ကြည့်နေကြသူ အားလုံးထဲတွင် အသက်ငါးဆယ်ခန့် အဘိုးကြီးတစ်ဦး ပါရှိပေသည်။ ထိုအဘိုးကြီးက ဆိုင်ကယ်စီးလူရွယ်၏ ကြမ်းကြမ်းတမ်းတမ်းလေး ဆိုင်ကယ်စီးပုံကို ရင်သပ်ရှုမောကြည့်ကာ ဟဲခနဲ ရယ်ချလိုက်ပေသည်။

"အဘက ဘာလို့ရယ်တာလဲ"

"အေး … ဒီသူငယ် ဆိုင်ကယ်စီးတာ ကြမ်းတာတော့ အမှန်ပဲကွ၊ ဒါပေမဲ့ ကြည့်လို့ကောင်းတယ်လေကွာ၊ အဘတို့ ခပ်ငယ်ငယ်ကဆိုရင် ဓာတ်လိုက်မင်းသား ကျော်မိုးတို့ ကျော်စိုးတို့ဆိုတာ အဲဒီလိုပဲ၊ ဓာတ်ရှင်(ရုပ်ရှင်)ထဲမှာ ဆိုင်ကယ်စီးပြတာပဲကွ။ အဲဒီလိုဆိုရင် အဘတို့က လက်ခုပ်တွေတီး လက်ခေါက်တွေ တရှီရှီနဲ့မှုတ်ပြီး ဩဘာပေးရတာ ဓာတ်ရှင်ပြီးလို့ အိမ်မှာအိပ်ပြီး နောက်တစ်နေ့ မနက်ကျတော့ ကိုယ့်မျက်နှာကို ကိုယ့်လက်နဲ့တောင် မျက်နှာမသစ်နိုင်အောင်ပဲကွ"

"ဘာဖြစ်လို့ ကိုယ့်မျက်နှာကို မျက်နှာမသစ်တော့တာလဲ အဘ"

www.burmeseclassic.com



"ဟာ … ညက ဓာတ်ရှင်ထဲကြည့်ပြီး လက်ခုပ်တွေတီး လက်ခေါက်တွေမှုတ်နဲ့ လက်တွေနာနေလို့ မျက်နှာမသစ်နိုင်တာပေါ့ကွ … ဟား ဟား"

လူရွယ်တွေသည် အဘပြောသော ဓာတ်ရှင်ခေတ်အကြောင်းကို ငုံမိကြချင်မှ ငုံမိကြမည်။ သို့ပေမင့် အဘပြောသည်ကိုတော့ သဘောပေါက်ကြဟန် တူသည်။ အဘဆိုလိုသည်မှာ ယခုသူငယ် ဆိုင်ကယ်စီးတော်သလို ရှေးတစ်ခေတ်က ဓာတ်လိုက်မင်းသားဖြစ်သည့် ကျော်စိုး ကျော်မိုးတို့ကလည်း တော်ခဲ့သည်ဟု ဆိုလိုရင်းမှန်း သိပါ၏။

ဆိပ်ကမ်းကူးတို့ လှေသမ္ဗာန်ဆိုသည်ကလည်း ကူးတို့သူကြီး စီမံရာအတိုင်းဖြစ်သည်။ အခါကြီး ရက်ကြီးနေ့များနှင့် ဥပုသ်နေ့များတွင်လည်းကောင်း၊ စနေ, တနင်္ဂနွေ မဟုတ်သော ရက်များတွင်လည်းကောင်း၊ ကူးတို့လှေသမ္ဗာန်ကို သူ့ရက်နှင့်သူ၊ သူ့အချိန်နှင့်သူ ဦးရေတိုးခြင်း၊ ဦးရေဆုတ်ထားခြင်း ကူးတို့သူကြီးက ဖန်တီးထားသည်။

ဥပမာ ဆိုကြပါစို့။

ကဝမှနေပြီး ပဲခူးသို့ ရုံးတက်သူများ ရှိကြသည်။ တနင်္လာမှစနေနေ့အထိ ကူးတို့သူကြီးသည် ရုံးသမားများ အမီတက်နိုင်ရေး ရုံးဆင်းလာလျှင် အမီအိမ်ပြန်ရေးအတွက် ဟိုဘက်ကမ်း ဒီဘက်ကမ်း ကူးရသော ခရီးသည်တွေအတွက် ကူးတို့လှေသမ္ဗာန်ကို တစ်မျိုးစီစဉ်သည်။

ရုံးတက်ချိန်သည် မနက်(၉)နာရီ။

ရုံးဆင်းချိန်သည် ညနေ(၄)နာရီ။

www.burmeseclassic.com

www.burmeseclassic.com



ကူးတို့သူကြီးက မနက်(၈)နာရီထဲက ကူးတို့လှေသမ္ဗာန်တွေ အလျှင်မပြတ်ထားရသည်။

ညနေ(၄)နာရီမထိုးခင် ကြားခရီးသည်တွေအဖို့ ဆိုပါက ဟိုဘက်တစ်စင်း၊ သည်ဘက်တစ်စင်းလောက်သာ လှေသမ္ဗာန်ကို ထားတော့သည်။ သည်ကြားထဲ သတ်မှတ်ထားသော လူဦးရေ မပြည့်သေးလျှင် ပြည့်သည်အထိ စောင့်ရပါသေး၏။

ညနေ(၄)နာရီ နောက်ပိုင်းကျတော့လည်း လှေသမ္ဗာန်အစင်းတွေ ပို၍ချထားပေးပြန်တော့သည်။ သို့မှသာ ရုံးပြန်များ မိမိတို့အိမ်သို့ အချိန်မီ ရောက်နိုင်မည် မဟုတ်လား။

တနင်္ဂနွေနေ့ဆိုလျှင် ဟိုဘက်ကမ်း၊ သည်ဘက်ကမ်းကူးရန် ကြားခရီးသည်များသည် ဟိုဘက်ကမ်းက သမ္ဗာန်လာရေး၊ သည်ဘက်ကမ်းက သမ္ဗာန်ကူးရေးအတွက် တရေးတမော စောင့်ရသည်။ ဒါမှလည်း ဟိုဘက်ကမ်း သည်ဘက်ကမ်းက စားဖွယ်၊ သောက်ဖွယ် ဈေးသည်များအတွက် ရောင်းကောင်းရသည် တွက်ခြေခိုက်သည်။

လူဆိုသည်ကလည်း ခက်သားကလား။

စောင့်စည်းရသော အချိန်ပိုင်းနှင့် တိုက်ဆိုင်လာလျှင် ကွာစေ့လေး စားချင်သည်။ အချဉ်ထုတ်လေး ကိုက်ဖောက်ချင်သည်။ တောနေလူတန်းစားဆိုလျှင် အချိန်လင့်လာလျှင် ဝမ်းဗိုက်က တကြုတ်ကြုတ် မြည်လာသည်။ ထိုရောအခါ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ထမင်းတစ်ပွဲ ဘယ်နှကျပ်ဖြစ်ဖြစ် စားပစ်လိုက်ကြတော့သည်။

သံသယပင် ဖြစ်ဖွယ်ကောင်းသည်။



ကူးတို့သူကြီးနှင့် စားသောက်ရေးအရောင်းဆိုင်များ ဂျိတ်လုပ်ထားသလားဟူ၍။

ဘယ်လောက် ဂျိတ်လုပ်လုပ်၊ လုပ်ချင်လည်း လုပ်မည်။ မလုပ်ပါဘဲလျက် သူ့ဟာသူ သူ့အခြေအနေနှင့်လည်း ဖြစ်ချင်ဖြစ်မည်။

ဆိုင်ကယ်ပေါ်မှလူသည် ဆိုင်ကယ်ကို သော့ပိတ် စက်သပ်ဒေါက်ထောက်ပြီးသည်နှင့် သူသည် ထုံးကြီးကတ္တရာလမ်းဆုံး ကမ်းပါးထိပ်တွင် သွား၍ရပ်နေပေသည်။

သူ၏အရပ်သည် ရှည်လိုက်ပါဘိခြင်း။

ဒီဒေသတွင် ကူးတို့သမ္ဗာန်ခတ်သူ ပေတလူ ဆိုသည့်ကောင်ကို အရပ်ရှည်သောကြောင့် စံထားချက်များပင် ရှိနေပါ၏။

သူသည် ကူးတို့သမ္ဗာန်ခတ်သမား ပေတလူလောက်ပင် အရပ်ရှည်သည်။

သို့စေကာမူ ပေတလူ၏ ဝေါင်တံနှင့် ခြေသလုံးလက်မောင်း လက်ဖျံတို့မှာ ကျုံ့ရှိုး။

သူသည် ဟိုဘက်ကမ်းမှ ခတ်လာသော သမ္ဗာန်ကို ကမ်းပါးထိပ်မှရပ်ရင်း ငေးကြည့်နေသည်။ လေတိုးသဖြင့် သူ၏ဆီခြောက်သော ဆံပင်တို့သည် လေတွင်ပျံ့ဝဲနေသည်။ ဆံပင်မှာ ယနေ့ခေတ် လူငယ်တွေလို ကုပ်ဝဲအရှည်မျိုးတော့မဟုတ်။ ဆံပင်မညှပ်သည်မှာ ကြာပြီဖြစ်ဟန်တူသောကြောင့် ညှဉ်းသိုးသိုးရှည်လျားပုံမျိုး ဖြစ်ပါ၏။

သို့တစေ ထိုသို့ ဆံပင်ရှည်သည်ကပင် သူ့အတွက် တစ်မျိုးကြည့်ကောင်းနေသည်။ အကြောင်းမှု သူ၏ဆံပင်တို့သည် သူ့ဟာသူ အလိုအလျောက် လှိုင်းထနေသောကြောင့် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းကြက်ခွပ်လို စိပ်စိပ်လေးထနေသော လှိုင်းမျိုးမဟုတ်။ ပင်လယ်လှိုင်းလို လှိုင်းအိကြီးတွေထသော လှိုင်းမျိုးဖြစ်နေသည်။

ဟိုဘက်ကမ်းမှ သမ္ဗာန်သည် ဒီဘက်ကမ်းသို့ကပ်ရန်နီးကပ်လာပေပြီ။ ဆိုင်တဲထဲတွင် ထိုင်စောင့်နေကြသော ခရီးသည်အချို့လည်း ထွက်လာကြ၏။

သူသည် ဆိုင်ကယ်၏ဖင်ပိုင်း နောက်ဘီး ဟိုဘက်ဒီဘက်ကိုခွပြီး ချုပ်ထားသော သားရေအိတ်ဖုံးကို ဖွင့်လိုက်သည်။

သူ ထုတ်ယူလိုက်သောအခါ သူ့အား မယောင်မလည်ကြည့်နေကြသော ခရီးသည်ထဲမှ အပျိုမလေးတစ်ယောက်သည် ...

“ဟယ် ... လှလိုက်တဲ့ပန်းတွေ”ဟု လွှတ်ခနဲ အော်ပြောလိုက်ပေသည်။

အကြောင်းမူ သူ ထုတ်ယူလိုက်သည်မှာ နှင်းဆီနှင့် သစ်ခွပန်းသုံးစီး ဖြစ်နေပါ၏။ ပန်းတစ်စီးတိုင်းကို စနစ်တကျ ပလတ်စတစ်အိတ်ကြီးနှင့် ထည့်သွင်းချည်နှောင်ထားသည်။ နှင်းဆီတွေကလည်း လှလွန်းသည်။ သစ်ခွပန်းတွေကလည်း လှလွန်းသည်။

ပန်းကြိုက်တတ်သော မိန်းမသားဘာဝမှ အပျိုမလေးက လွှတ်ခနဲ အော်မိခြင်းဖြစ်တော့သည်။

သူသည် ပန်းစည်းသုံးစည်းအပြင် အမွှေးတိုင်ထုပ်ကို ထုတ်ယူပြီး ဂျာကင်အိတ်ထဲ ထည့်လိုက်သည်။ ဖယောင်းတိုင်အထုပ်လိုက် သုံးထုပ်ကိုလည်း လွယ်နေသေးသော ဂျာကင်အိတ်နှင့် ဘောင်းဘီ၏ဘေးအိတ် နောက်အိတ်များတွင် ဝဝည့်လိုက်သည်။

ထို့နောက် သူသည်ကမ်းပါးထိပ်တွင်ရပ်၍ သမ္ဗာန်ဆီသို့ သူ အရောက်သွားရမည့် နုံးမြေလတာပြင်ကို ငေးကြည့်နေမိသည်။



အချိန်ကာလလိုက်ပြီး သဘာဝဆိုသည်ကလည်း ပြောင်းလဲတတ်သည်ပါပဲလား။ သူသည် ကဝမြို့မှ ထွက်ခွာသွားခဲ့သည်မှာ ၁၅ နှစ်ပင် ရှိပေပြီ။

သူ ထွက်လာစဉ်က ထုံးကြီးကမ်းခြေသည် ကမ်းပါးစောက်ကမ်းပါးမြင့်ကြီးဖြစ်သည်။ ဤမော်တော်ကားလမ်းအဆုံးအောက်တွင် ရေကျချိန်၌ ကဝမြစ်ရေသည် အလွန်နိမ့်သောအရပ်မှ စီးဆင်းသည်။

ယခုမူ ထိုသို့မဟုတ်လေတော့ပြီ။

ကဝမြစ်၏ ရေစီးကြောင်းသည် ဤ ၁၅ နှစ်အတွင်း ကဝဘက်ကမ်းကို တိုက်စားကာ ထုံးကြီးဘက်ကမ်းကျတော့ နုံးမြေတွေ တအားပေးဖို့ထားသည်။

ယခု ရေကျချိန်ဆိုလျှင် နုံးမြေလတာသည် ဤမော်တော်ကားလမ်းဆုံးမှ ကဝဘက်သို့ တစ်ဖာလုံခန့်ပင် လတာပြင်ကြီးဖြစ်အောင် နုံးမြေများကို ပို့ပေးခြင်း၊ ဖို့ထားခြင်းများ ပြုထားပေပြီ။

ဟို ၁၅ နှစ်ခန့်က မြင့်မားလှသော ထုံးကြီးဆိပ်ကမ်းချောက်ကမ်းပါးသည် ယခုမူ မော်တော်ကားလမ်းနှင့် တစ်ပြေးတည်း ဖြစ်တော့မည်။

သို့သော် လူဆိုသော သတ္တဝါမှာ အကြံအဖန်သမားသာဖြစ်ပါ၏။ လိုလျှင်ကြံဆ နည်းလမ်းရအောင် ကြံဖန်ကြသည်။ နုံးလတာမြေသည် အမာခံမဟုတ်သေး။ ဗွက်သာသာပဲ ရှိသေးသည်။

ယင်းနုံးလတာမြေကို လူအားဖြင့် တာရိုးမြင့်မြင့်မို့မို့လေးဖြစ်အောင် ဖန်တီးလိုက်သည်။ တာရိုးမြင့်မြင့်မို့မို့လေးကို လူအနင်းခံသည်အထိ မာကျောစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတာရိုးပေါ်တစ်လျှောက်တွင် လူတစ်ယောက် လမ်းလျှောက်သွားနိုင်လောက်အောင် ထန်းပင်ရှည် ထက်ခြမ်းကွဲကိုလည်း ခင်းထားသည်။ တစ်ပေသာသာ သစ်ပြား၊ ပျဉ်ပြားများကိုလည်း ခင်းထားသည်။

ယုတ်စွအဆုံး မြေမာမာ နေရာတွင် ဒိုက်ပင်ဖတ်အခြောက်တွေပင် လူနင်းလို့ကောင်းအောင် ခင်းထားသည်။

ဤသည့်အပိုင်းသည် လမ်းခင်းပေးသူနှင့်သာ ဆိုင်သည်။ (ကံထရိုက်သဘော ဆိုပါတော့)။

ထိုလမ်းလေးကို ဖြတ်ကူးနင်းသွားသော ခရီးသည်သည် သူ့ဈေးအတက်အကျအလိုက် ဆယ်ပြားစသည် တစ်မတ်စသည် ပေးရသည်။ သူ၏လုပ်အားနှင့် သူ၏လမ်းခင်းခပေကိုး။

ဤအဖိုးအခသည် ကူးတို့ပို့ပေးသော ကူးတို့သူကြီးနှင့်လုံးဝမဆိုင်။ ကူးတို့သူကြီးက ကူးတို့သာ ပို့ပေးခယူသည်။ လမ်းခင်းပေးသူက သူ့ဟာသူသတ်သတ်။

လမ်းခင်းပေးထားသည် ဆိုပြီး စမတ်ကျကျကြီး ဖြတ်လျှောက်သွားရသည်ဟူ၍တော့ မထင်လိုက်ပါနှင့်။

ခင်းပေးထားသောလမ်းသည် လူနှစ်ဦး ပခုံးချင်းတိုက်ပြီး မရှောင်သာပါ။

မသိနားမလည်သော ခရီးသည် လူစိမ်းအဖို့ကတော့ ဟိုတစ်ဖာလုံလောက်ဝေးသည့် လာရာလမ်းအဆုံး သမ္ဗာန်ဆိုက်သည့်နှင့် ဤဘက်မှ သမ္ဗာန်ဆီသို့ ရှေ့လောကြီးစွာ သွားမိပါလိမ့်မည်။

ထိုရောအခါ ကဘက်လမ်းမှ တက်လာသော ခရီးသည်တို့နှင့် မရှောင်သောလမ်းတွင် ပက်ပင်းကြီး တိုးပါလိမ့်မည်။



ယောက်ျားချင်းဆိုပါက မထောင်းတာ။ သူ့ကျောပြင် ကိုယ့်ကျောပြင် သူ့ရင်ဘတ် ကိုယ့်ရင်ဘတ် ကပ်ကာပွေ့ကာ မျက်နှာချင်းဆိုင်လည်းကောင်း၊ ကျောချင်းကပ်လျက်လည်းကောင်း ရှောင်တိမ်းပြီး ဆက်သွားရုံပင်။

အမျိုးသမီးချင်းချင်းဆိုလည်း ထိုနည်းနှင်နှင်ပင်။ ခင်းထားသည့်လမ်းကိုက ထန်းလုံးသားတစ်ခြမ်း။ တစ်ပေသာသာပျဉ်ချပ်တစ်ချပ်ပေကိုး။

အဲ ... အမျိုးသားနှင့် အမျိုးသမီးသာ ဆုံမိကြလျှင်တော့ မလွယ်ရေးချမလွယ်။ အလိုက်သိတတ်လျှင် ညာတာတတ်လျှင် အမျိုးသားက ဗွက်ထဲဆင်းပေးလိုက်ရမည်။ သို့မှ မဟုတ်လျှင် အထိအပွေ့ မခံနိုင်သော အမျိုးသမီးက ဗွက်ထဲဆင်းပြီး ရှောင်ပေတော့။

သူသည် ဤအခြေအနေကို သတိမထားမိဘဲ လောကြီးပြီး တာရိုးလမ်းကို ဆင်းခဲ့သည်။ တက်လာသော ခရီးသည်များနှင့် လမ်းခုလပ်တွင် ဆုံတော့သည်။ ကိစ္စမရှိ။ သူကပင် သူ့ရှူးဖိနပ်နှင့် ဗွက်ထဲသို့ ဆင်းရှောင်ပေးပြီး ဆက်လျှောက်လာခဲ့သည်။

ပေတလူ၏ သမ္ဗာန်ပေါ်သို့ သူပင် တစ်ယောက်တည်း ရှေးဦးစွာ တက်လိုက်သည်။

"ဘယ်လိုလဲဟေ့ ပေတလူ၊ နေထိုင်ကောင်းရဲ့လား"

"ဗျာ"

ပေတလူက သမ္ဗာန်ပဲ့ပိုင်းတွင် ကူးတို့ပေါ် လူစုံသည်အထိ စောင့်ရင်း သနပ်ဖက်ဆေးပေါ့လိပ်တိုကို ဗမာလုပ်ကြေးမီးခြစ်ဖြင့် ခြစ်ပြီး ရှူဖွာရင်း သူ့အား နှုတ်ဆက်လိုက်သူကို တအံ့တဩမော့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမျှမမြင်ဘူးသော လူစိမ်းသက်သက်တစ်ဦး ဖြစ်နေပါ၏။ ဂိုက်ကောင်း ဆိုက်ကောင်းနှင့်။ ရုပ်ရှင်ထဲမှ ဓာတ်လိုက်မင်းသားလိုလည်း ကြည့်ကောင်းနေသူ ဖြစ်နေပါ၏။ ထိုသူက သူ့အား ရင်းရင်းနှီးနှီးပင် "ပေတလူ"ဟု ခေါ်လိုက်ပြီး နှုတ်ဆက်သောကြောင့် ပေတလူမှာ သောက်ရှူလက်စ ဆေးပေါ့လိပ်ကို ဆက်ပြီးမဖွာဖြစ်သေးဘဲ ထိုလူရွယ်ကို "ဗျာ"ဆိုသော အာမေဍိတ်သံနှင့် မော့ကြည့်နေမိတော့သည်။

သူသည် သမ္ဗာန်ဦးပိုင်းကို ဖြတ်ကျော်ခဲ့သည်။ သမ္ဗာန်၏ ငါးပိုင်းကိုလည်း ဆက်လက်ဖြတ်ကျော်လာသည်။ သူ့ခန္ဓာကိုယ် အလေးချိန်ကြောင့် သူ ဖြတ်ကျော်နင်းလျှောက်လေတိုင်း သမ္ဗာန်သည် ဘယ်ယိမ်းညာနွဲ့လူးသွားသည်။ သူက သမ္ဗာန်လူးသွားသည်နှင့်အမျှ ပန်းစည်းတွေ ကိုင်ထားသောလက်ဖြင့် သမ္ဗာန်တည့်မတ်သွားအောင်ထိန်းရင်း လက်များကို ဘယ်ဆန့်ညာဆန့် ပြုမူပြီး သမ္ဗာန်၏ပဲ့ပိုင်းအထိ လျှောက်လာသည်။

ထိုသို့ ပဲ့ပိုင်းအထိ သူ့ခြေဟန် လက်ဟန် အနေအထားဖြင့် မယိမ်းမယိုင် လျှောက်လာသည်ကပင် ကြည့်ကောင်းလှသောကြောင့် ပေတလူ ငေးကြည့်နေမိသည်။

ငှက်သမ္ဗာန်ဆိုသည်မှာ ပဲ့ပိုင်းကျယ်ပြောရိုး ရှိလေသည်။ ငှက်သမ္ဗာန်အသေးစားများထဲတွင် ပဲ့ဟူ၍ တပ်မထားပါလေတော့။ သမ္ဗာန်ခတ်ကျွမ်းကျင်သူတို့သည် ပဲ့ကိုဖြုတ်ထားကာ ခတ်တက်နှစ်ချောင်း စွမ်းအားဖြင့်ပင် ပဲ့ကိုင်သွားနိုင်စွမ်း ရှိပါ၏။ ကဝချောင်း ဖြတ်ကူးသည်လောက်တော့ ပေတလူသည် ပဲ့မတပ်။ ခတ်တက်အားကိုးဖြင့် ထိန်းနိုင်ပေသည်။



ပဲ့တက်မ တပ်မထားသော ကူးတို့သမ္ဗာန်၏ ပဲ့ပိုင်းသည် ကျယ်ပြောသည်။ အမြီးနှစ်ခုထောင်နေသော သမ္ဗာန်၏ပဲ့စင်တွင် လူတစ်ယောက်သည် ချောင်ချောင်လည်လည် ဝင်၍ထိုင်နိုင်သည်။

သူသည် ထိုပဲ့စင်၏နေရာကို ရယူဖို့ ရှေ့ဆုံမှ ဦးစွာတက်လာသူပဲ ဖြစ်ပေမည်။ သူက ပဲ့စင်တွင် ဖင်ထိုင်ချပြီး ကျကျနန နေရာယူပြီးလေမှ ယခုတိုင် သူ့အား ငေးကြည့်နေသော ပေတလူ၏ပခုံးကို သူ၏လက်ဝါးတစ်ဖက်ဖြင့် ပုတ်လိုက်သည်။

"ဟေ့ … ပေတလူ၊ ဘုန်းကြီးကျောင်းသား သူတောင်းစား"

"ဟိုက်စကူးကျောင်းသား အကောင်းစားကွာ"

ပေတလူ ပါးစပ်ကြီး ပြဲသွားသည်။ တော်တော်ရှည်ပြီး တစ်ဝက်သာသာ ရှိနေသေးသော ဆေးပေါ့လပ်ကို ကဝချောင်းထဲသို့ ပစ်လွှင့်လိုက်သည်။ မီးဖွားတွေနှင့် ချောင်းရေထိသံသည် ရှဲခနဲမြည်သံပင် ထွက်ပေါ်လာပါ၏။

"မင်း … မင်း … အပါ မှတ်လားဟေ့၊ မင်းနဲ့ နီမာနဲ့ ငယ်ငယ်တုန်းက ကျောင်းအတွက် ဆွမ်းခံထွက်တိုင်း မင်းတို့ရှေ့ရောက်ရင် သံပြိုင်အော်ပြီး ငါ့ကိုစတာလေ"

သူ၏နှုတ်ခမ်းထူထူထဲထဲကိုဖွင့်၍ ပြုံးလိုက်သည်။ ညီညာသော သွားဖြူတန်းများ ပေါ်လာပါ၏။ ဟုတ်ပေ၏။ ပေတလူပြောသည့်အတိုင်းပင် ငယ်စဉ်က ပေတလူသည် ဘုန်းကြီးကျောင်းတွင်နေသည်။ ရောင်ပေစူးလေးနှင့် ဖြစ်၏။ နှာနှစ်ဖက်တွင် နှာချေးကောက်ရှည်ရှည်ကြီး ဆင်မြန်းထားသေးသည်။

အမှန်တော့ ကဝမြို့၏ ပတ်ဝန်းကျင်ကျေးရွာများသည် ထိုခေတ်ကအထိ ရှေးမြန်မာဆံကြသေးသည်။ ပေတလူကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



ရောင်ပေစူးထားပြီး နာခေါင်းဆင်မြန်းလေးသည့် ကလေးတွေရှိသည်။ သမီးမိန်းကလေးဆိုလျှင်လည်း ပထမဆံရစ်ဝိုင်းထားသည်။ အပျိုရွယ်လေးဖြစ်လာမှ ဆံတောက်ထားသည်။ အသက်(၁၈)နှစ်နှင့် (၂၀)ကြားကျမှ အုပ်လုံးသွင်းကြသည်။

ကဝမြို့ပေါ်တွင်တော့ ပေတလူလို ရောင်ပေစူးနှင့် နားခေါင်းဖောက် ဆင်ယင်ထုံးဖွဲ့သော ကလေးများ မရှိသလောက်ဖြစ်ပါ၏။

ပေတလူသည် ကဝမြို့နယ်၏ ကျေးရွာတစ်ခုဖြစ်သော "ဖင်ရွေးကုန်း"ရွာသား ဖြစ်ပေသည်။ ကဝမြို့တွင် သူ၏ဦးကြီးဘုန်းကြီး သီတင်းသုံးနေသော ဘုန်းကြီးကျောင်း၌ ပေတလူကို ပို့ထားခြင်း ဖြစ်ပါ၏။

ကျွန်တော်နှင့် နီမာက မြို့ကလေးများ ဖြစ်ကြသည်။ ကျွန်တော်ဆိုလျှင် ဆောင်းဘီတိုနှင့်။ နီမာဆိုလျှင် ဂါဝန်လေးနှင့်။

ထို့ကြောင့်လည်း ပေတလူ၏ ဖက်ရှင်သည် ကျွန်တော်နှင့် နီမာတွင် အဆန်းဖြစ်ပြီး ပေတလူလာတိုင်း ကျွန်တော်နှင့် နီမာတို့ ရင်ထဲတွင် ကလိ ကလိ ဖြစ်ကာ ထိုသို့သံပြိုင်အောင်ပြီး ပေတလူကို စ,ကြသည်။ ဤသည်ပင် ကျွန်တော်နှင့် နီမာအတွက် ပျော်စရာတစ်မျိုးပင်။ ကစားနည်းတစ်မျိုးပင်။

"မင်းကလည်း မခံခဲ့ပါဘူး ပေတလူရာ၊ ငါနဲ့ နီမာကို မင်းက ပြန်အော်တာပဲ မှတ်လားကွ"

"ဒါပေါ့ အပါ၊ ငါကလည်း ဟိုက်စကူးကျောင်းသား သူတောင်းစား၊ ဘုန်းကြီးကျောင်းသား အကောင်းစားလို့ ပြန်အော်တာပေါ့၊ ဟဲ ... ဟဲ ... ကြာလှပြီကွ နော် ... အပါ"



ပေတလူ၏သမ္မာန်ပေါ်သို့ ခရီးသည်များ တက်စပြုနေသည်ကို ကျွန်တော်က လှမ်းငေးကြည့်လိုက်သည်။ ပေတလူက ခရီးသည် စေ့စွာ တက်သည်အထိစောင့်ရင်း ဆက်ပြောသည်။

"မင်းတို့အဖေနဲ့အမေ ဆုံးတုန်းက ရက်လည်ဆွမ်းကျွေးတာမျိုး ... အဲဒီနောက် တစ်ခါမှ မကြုံဖူးတော့ဘူးကွ၊ ငါသေသေချာချာကြီး အဲဒီမြို့လုံးကျွတ် ဆွမ်းကျွေးပွဲကြီးကို မှတ်မိနေမိတယ်၊ အဲဒီနေ့မှာပဲ မင်းတို့နှစ်ထပ်အိမ်ကြီးကို ငါ့ဦးကြီးဘုန်းကြီးကို လှူလိုက်တယ်လေ၊ ဒါကြောင့် ငါက သေချာမှတ်မိနေတာ၊ အဲဒီတုန်းက ငါ့အသက်က ဆယ်နှစ်ကွ၊ အခုဆို ငါ့အသက် အစိတ်ရှိပြီ၊ မင်း ကဝမြို့က ထွက်သွားတာ ဆယ့်ငါးနှစ်တောင်ကြာသွားပြီ အပါ၊ မင်းက တစ်သွေးတစ်မွေး ရုပ်ပြောင်းသွားပေမယ့် မင်းအသံက ငယ်ငယ်ကအသံ ရှိနေသေးတယ်၊ မင်းက ဘုန်းကြီးကျောင်းသား သူတောင်းစားလို့ ခုနပြောလိုက်တဲ့အထဲမှာ မင်းရဲ့ငယ်သံကို ငါ ကျက်မိတယ်ကွ၊ ဒါကြောင့် မင်းကို အပါမှန်း ငါက မှတ်မိလိုက်တာ"

"ဟေး ... ဒါဆိုရင် ငါတို့လှူခဲ့တဲ့ အိမ်ကြီးဟာ မင်းရဲ့ဦးကြီးဘုန်းကြီးကျောင်းပေါ့ ... ဟုတ်လား"

"အေးလေကွာ ... ရှင်အာဒိစ္စ ကိုယ်တော်ကို လှူခဲ့တာပေါ့၊ အခု ဦးကြီးဘုန်းကြီးက ကျောင်းထိုင်ဆရာတော်ကြီး ဖြစ်နေပြီလေ၊ အသက်ကလည်း ခြောက်ဆယ်ကျော်သွားပြီကွ"

"အဲဒီကို ငါသွားချင်လိုက်တာ ပေတလူ၊ တို့အိမ်ကြီးနောက်က အဲလေ ... အဲဒီဘုန်းတော်ကြီးကျောင်းနောက်က ဖုန်းဆိုးမြေတွေ ဒီအတိုင်းပဲလား ပေတလူ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းပဲ အပါ၊ ပိုပြီးတော့တောင် တောကြီးမြက်မဲ ဖြစ်နေသေးတယ်၊ ဦးကြီးဘုန်းကြီးက သစ်ပင်သစ်ရွက်တွေမှာလည်း အသက်ရှိတယ်လို့ ယူဆတယ်ကွ၊ ဒါကြောင့် သူ့ကျောင်း ပရဝုဏ်ထဲမှာ ရှိသမျှ သစ်ပင်တွေ ဘာတွေကို မခုတ်လှဲရဘူး၊ ဒီတော့ ဖုန်းဆိုးမြေထဲမှာ ကိုင်းပင်၊ မြက်ရိုင်းပင်တွေ သန်ချင်တိုင်း သန်ယုံမကဘူး မဒမပင်တွေနဲ့ ကနစိုးပင်တွေတောင် အပြိုင်း အရိုင်းပေါက်လို့ အပါရေ့"

"ဟေးကွ ... ပေတလူ ... လူစုံပြီ၊ သမ္မာန်ဦးကြီးကို ငါ ဖြုတ်လိုက်ရတော့မလားဟေ"

"ဩော်... အင်း ... ဟုတ်ပါ့၊ ဖြုတ်လိုက်တော့ ဘကြီးညို"

စောစောက ငယ်စဉ်ခေတ်က ဓာတ်လိုက်မင်းသားကျော်စိုးတို့ ကျော်မိုးတို့ စတန့်တွေကြည့်ပြီး၊ မနက်ဖြန် မိုးလင်းလျှင် မျက်နှာမသစ်နိုင်ပါသော အဘိုးကြီးကပင် ပေတလူကို လှမ်းအော်မေးပြီး ပေတလူ၏အဖြေအရ သမ္မာန်ဦးကြီးကို ဖြုတ်လိုက်ပေတော့သည်။

ဘာပဲပြောပြော မြို့နယ်သေးသေးလေးများတွင် အလွန်ချစ်စရာကောင်းသော ရှေးရိုးရာဓလေ့စရိုက်ကလေးတွေ ကျန်သေးမှန်း အပါ တွေ့မြင်နေရသည်။

သမ္မာန်ပေါ်တွင် ပါလာသမျှ ခရီးသည်တို့သည် သက်ကြီးဝါကြီးဖြစ်သော ဘကြီးညိုကို ကြည်ညိုကြသည်။ လေးလေးစားစား ဆက်ဆံကြသည်။ ပေတလူကလည်း ဘကြီးညိုကို လေးလေးစားစား အသံနိမ့်ပြီး ရှိသေသောအသံဖြင့် ပြောသည်။

ဘကြီးညိုသည် ချမ်းချမ်းသာသာနှင့် မြို့တွင် ဩဇာတိက္ကမရှိသော ပုဂ္ဂိုလ်မျိုးတော့ ဟုတ်ဟန်မတူ၊ ဆေးရောင်ကျချည်လုံချည်



ကို ဝတ်ထားသည်၊ စွပ်ကျယ်အဖြူမှာ ကြေးအထပ်ထပ်ဖြင့် ညိုညစ်နေသည်။

ထိုအပေါ်တွင် တစ်ခေတ်က ပေါ်ဖူးခဲ့သော တာဆိုခေါ် ချည်ထူအပေါ်အင်္ကျီကို ထပ်ဝတ်ထားသည်။

တာဆိုတိုက်ပုံအင်္ကျီသည် တစ်ချိန်က မီးခိုးရောင်ဖြစ်ဟု ခန့်မှန်းရသည်။ ယခုမူ တျောပြင်တွင် ဖြူလျော့လျော့ ဖြစ်နေသည်။ လည်ကုပ်တွင် အစတွေ ဖွာနေသည်။ ရင်ဘတ်ပိုင်းမှာလည်း ဖြူလျော့လျော့ပင်၊ နေလောင်လွှတ်သော လက်စကတီးချိုင်းကြားနေရာနှင့် လေတိုက်လျှင် လွင့်သွားပြီး မြင်ရသော အပေါ်အင်္ကျီအတွင်းပိုင်း၌တို့သာ နဂိုမီးခိုးရောင်ကို မြင်ရပြီး နဂိုက မီးခိုးရောင်ဟု ပြောနိုင်ခြင်း ဖြစ်ပေသည်။

သို့တစေ ဘကြီးညို၏ အသက်အရွယ်ကြောင့် ပေတလူမှအစ တခြားခရီးသည်တွေ အားလုံး လေးစားကြကြောင်း အပါ တွေ့မြင်နေရသည်။ သာဓု ... သာဓု ... ကောင်းလေစွ။

* ✪ *

www.burmeseclassic.com

www.burmeseclassic.com



## ၄

ကူးတို့သမ္ဗာန်က ကဝမြို့ဆိပ်ကမ်းသို့ ကပ်လေပြီ။

ကဝချောင်းသည် ရေကျချိန် ရေတက်ချိန်ဟု ရှိပါ၏။ ပင်လယ်ကို ဆက်သွယ်မှုရှိသော ချောင်း မြောင်း မြစ်တို့တွင် ဒီရေအတက်အကျကိုလိုက်ပြီး ရေတက်ချိန် ရေကျချိန်ဟုရှိသည်။

ရေတက်ချိန်ဆိုလျှင် ထုံးကြီးဘက်ကမ်း ကမ်းပါးထိပ်စ အထိ ရေတက်သည်။ ထိုရေတက်ချိန်တွင် ကူးတို့သမ္ဗာန်ကလည်း ကမ်းပါးထိပ်စပ်နီးပါး ဆိုက်ကပ်ပေးသည်။ ရေကမြင့်သည်ကိုး။

ကဝ ထုံးကြီးလို နေရာတွင် ...

ရေမြင့် ကြာမြင့် ... ရေနိမ့် ကြာနိမ့် ဆိုသည့်စကားထက် ရေမြင့်လျှင် သမ္ဗာန်မြင့်သည်၊ ရေနိမ့်လျှင် သမ္ဗာန်နိမ့်သည်ဟု ပြောရလျှင် လက်တွေ့မို့ ပိုမှန်ကန်လေမလားမသိ။

ထုံးကြီးဘက်မှာကတည်းက ရေကျချိန် ဖြစ်နေသည်။

ကဝဘက်ကမ်းကျတော့လည်း သမ္ဗာန်ဆိုက်နိုင်အောင် ရေရှိသောနေရာနှင့် ကဝမြို့လမ်းတက်နိုင်အောင် တဝေးတတန်သွားရသေးသည်။ လှေစုတ်ကလေးတွေကို တစ်စင်းပြီး တစ်စင်း ရွံ့



နွံ့ထဲတွင် ဆက်ထားပေသည်။ ထိုလှေကလေးများ၏ ဝမ်းဗိုက်သားကိုနင်းပြီး ခရီးသည်များ လျှောက်ခဲ့ရသည်။ လှေကလေးများ အဆုံးတွင်မှ ကျကျနန ဆောက်ထားသော တံတားဆီသို့ ရောက်လာသည်။ ထိုတံတားကို ခြေချမိပြီဆိုလျှင်တော့ ခရီးသည်များ စိတ်ချမ်းသာရသည်၊ ချော်လဲမည် မပူရတော့။

ထုံးကြီးဘက်ကမ်း ဆင်းရသည်မှာ စိတ်ဆင်းရဲရသည်။

ကဝကမ်းဘက် အရောက်တွင် လှေစုတ်လေးတွေ ဝမ်းဗိုက်သားနင်းပြီး ကူးလူးရသည်မှာလည်း စိတ်ဆင်းရဲရသည်။ ကျကျနန တံတားကိုနင်းမိမှ စိတ်ချမ်းသာရသည်။

ခရီးသည်များ စိတ်ဆင်းရဲရသည်မှာ ကူးတို့သူကြီး၏တာဝန်သာ ဖြစ်သည်ဟု သာမညသဘောအရ စွပ်စွဲဝစ်လိုက်ဖို့ကောင်းသည်။ သို့သော် မစွပ်စွဲပါလေနှင့်။ ဆိုခဲ့သည့်အတိုင်း ကူးတို့ကူးခသည် သတ်သတ်၊ တံတားခင်းပေးသူသည် သတ်သတ်ဖြစ်သည် မဟုတ်ပါလော။ ပြီး အစိုးရထံမှ လေလံစနစ်ဖြင့် ဆွဲယူထားသည်မို့ ဒီနှစ်ပြီး နောက်တစ်နှစ်ကိုရှိဖို့ မသေချာ။ ကိုယ်ရတုန်းရခိုက်ကာလတွင် စေတနာတွေ ဗလပွဖြင့် လုပ်ထားပြီး နောက်နှစ်သူများရသွားလည်း ကိုယ်ကုန်ကျသော အရင်းအနှီးတွေ အရှုံးပေါ်သွားမည်။ ကူးတို့ကိစ္စ၊ လမ်းကိစ္စ ဆိုသည်မှာ တစ်နေ့တစ်နေ့ အကြွေစေ့တွေစုပြီးမှ တစ်နှစ်လုံးအတွက်စု အရှုံးအမြတ်တွက်ရသော လုပ်ငန်းဖြစ်သည်။ ကိုယ်လေလံစွဲစဉ်က ဆယ်တန်တွေ၊ ငါးကျပ်တန်တွေ အပုံလိုက်ပေးဆွဲရသည် မဟုတ်ပါလေလား။

ခရီးတွေသည် ရှင်မြူးစွာ ကူးတို့သမ္ဗာန်ပေါ်မှ ဆင်းသွားကြသည်။ ကဝဘက်ကမ်း ကပ်မိသည် ဆိုခြင်းမှာ အိမ်ပြန်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



အခိပ္ပာယ်ဝင် ဖြစ်ပါ၏။ လောကကြီးတွင် အလုပ်သိမ်းပြီး အိမ်ပြန်ရသောအလုပ်သည် အလွန်ပျော်စရာကောင်းသော အလုပ်တစ်ခုဖြစ်ပါ၏။ ငှက်ကလေးများ တစ်နေကုန် အစာရှာပြီး အိပ်တန်းသို့ ရှင်မြူးစွာ ပြန်ရသည်နှင့် ဘာထူးသေးသနည်း။ ကဝဘက်သို့ ကူးလာသော ခရီးသည်တို့မှာလည်း ထိုနည်းနှင်နှင်ပါတည်း။ ကဝကူးတို့သည် ကဝမြို့သူမြို့သားများအတွက် သက်သက်ပါတည်း။

ထုံးကြီးဘက်ကမ်း ကူးတို့သွားခြင်းသည် အသွားခရီး။ ကဝဘက်ကမ်း ကူးလာခြင်းသည် အိမ်ပြန်ခရီး။

အဲ … ချွင်းချက်တော့ ရှိပါ၏။ အပါလိုလူမျိုးကျတော့ ကဝမြို့၏ဧည့်သည်အဖြစ် ရောက်လာခြင်းဖြစ်သည်။ ကဝမြို့သူမြို့သား နယ်သူနယ်သားတွေတွင် အခြားအရပ်ဒေသ အသီးသီး၌ ဆွေမျိုးညာတိတွေ ရှိပါသေးသည်။ ထိုဆွေမျိုးညာတိတွေက ကိုယ်နှင့်သက်ဆိုင်ရာ ကဝရှိဆွေညာတိများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သာရေး၊ နာရေးအတွက် လာကြရသည်သာ။ ထိုရောအခါ ထိုဧည့်သည်များအဖို့ကတော့ ကဝဘက်ကမ်းကူးတို့ကူးရောက်ရှိခြင်းသည် အသွားခရီးသာဖြစ်ပြီး ထုံးကြီးဘက်ကမ်းပြန်ကူးလေမှ အိမ်ပြန်ခရီး ဖြစ်ပါမည်။

ခရီးသည်တွေအားလုံး ဆင်းသွားသည်အထိ သူသည်ပဲ့ပိုင်းပေတလူ၏ အနီးမှာပင် ထိုင်နေသည်။ သူကဒူးယားဘူးစိမ်းကြီးကိုထုတ်ကာ တစ်လိပ်ထုတ်ယူသည်။ ပေတလူကိုလည်း တစ်လိပ်ပေးသည်။

“မင်းဟာမင်းသောက်ကွာ ငါမသောက်ပါဘူး အပါ”



“မင်းက ဒူးယားမကြိုက်လို့လား ပေတလူ”

“ကြိုက်တော့ ကြိုက်တာပေါ့ အပါ၊ ဒါပေမဲ့ တစ်လိပ်ကိုသုံးဆယ့်ငါးပြားကြီးတောင်ကွ၊ သောက်တော့လည်း ရှတ်ဆိုကုန်သွားရော၊ အဲဒီ သုံးဆယ့်ငါးပြားဆိုရင် ငါသောက်နေကျဆေးပေါ့လိပ် သုံးလိပ်ရတယ် အပါ”

“သောက်ပါ ပေတလူ၊ ငါ့အနေနဲ့ ရှတ်ဆိုကုန်သွားတဲ့ဒူးယားစီးကရက်ရဲ့ကုန်ကျစရိတ်ကို ခံနိုင်ရည်ရှိပါတယ်။ ဒါကြောင့်မင်းကို ပေးတိုက်တာပေါ့”

“ဒါဆိုရင်တော့ မင်းက သူဌေးပဲ အပါ”

ပေတလူသည် အပါက တိုက်တိုက်တွန်းတွန်း ပေးလေမှဒူးယားတစ်လိပ်ကို ယူသောက်သည်။

နှစ်ဦးသားပဲ့ပိုင်းတွင်ထိုင်ကာ စီးကရက်ကိုယ်စီ ဖွာနေကြပါ၏။ သူ၏အစီအစဉ်များမှာ ခရီးသည်တွေ အားလုံး ဆင်းကုန်ပြီးမှ အေးအေးဆေးဆေးဆင်းရန် ရည်ရွယ်ဟန်ရှိသည်။

“မင်း ခုတစ်ခေါက် ထုံးကြီးဘက်ကမ်းကို ပြန်ကူးမလားပေတလူ”

“အေး … ငါက ခေါက်ကြေးစားမဲ့ ပြန်ကူးရဦးမှာပေါ့”

“တကယ်လို့ မင်းမကူးရင် တခြားကူးမဲ့သူတစ်ယောက်ယောက် မရှိတော့ဘူးလားကွာ”

“ဖိုးထော် ရှိသားပဲ၊ သူလည်း ခေါက်ကြေးစားပဲ၊ ငါမကူးရင် ဖိုးထော်ကူးရမှာပေါ့ အပါ၊ အဲဒီခေါက်ကြေးအတွက် ဖိုးထော်ရသွားမှာပေါ့”

“ဒါဖြင့် ငါနဲ့လိုက်ခဲ့ပါလား ပေတလူ၊ မင်းနာသွားတဲ့ခေါက်ကြေးထက်မက ငါက ပေးပါ့မယ်၊ အဲဒီ ဖိုးထော်ကို အခုကူးခိုင်းလိုက်ပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"မင်းဆီက ငါ့ခေါက်ကြေးအတွက် တစ်ပြားမှ မလိုချင်ဘူး အပါ၊ ဒါပေမဲ့ မင်းက ငါ့ကို ဘာဖြစ်လို့ လိုက်စေချင်တာလည်းဆိုတာသာ ပြော"

"ငါက ကဝနဲ့ ဆယ့်ငါးနှစ်ကြီးတောင် စိမ်းသွားပြီမှတ်လား၊ ဒီတော့ ကဝမှာ ငါသွားချင်တဲ့နေရာလေးတွေကို မင်းလိုက်ပို့ပေးစေချင်လို့ပါ ပေတလူ။ ကဝအနေနဲ့ ငါဟာ မင်းဧည့်သည်အဖြစ်နဲ့ပေါ့ကွာ"

ပေတလူသည် တအောင့်တစ်ခဏ စဉ်းစားသည်။ ဦးခေါင်းတွင်ပတ်ထားသော သုမဝါယမအသင်းမှ ရောင်းချသည့် မျက်နှာသုတ်ပဝါကိုဖြုတ်ကာ သူ၏ချွေးရွှဲနေသော မျက်နှာကို သုတ်လိုက်သည်။

"လာ ... ဖြစ်တယ် အပါ၊ ကူးတို့သူကြီးကို ငါပြောလိုက်မယ်၊ ငါ့မှာ မြို့ဧည့်သည်ပါလာလို့ ဒီတစ်ခေါက် ဖိုးထော်ကိုပဲ ခေါက်ကြေးပေးလိုက်ပါလို့ ငါ ပြောမယ်"

အပါသည် နဂိုကတည်းက ရည်ရွယ်ရင်းဖြစ်ပါ၏။ ညနေမိုးချုပ်ကာနီးမှ ကဝမှပြန်မည်။ ပေတလူ့ကိုပဲ ကူးတို့သမ္ဘာန်ဖြင့်လိုက်ပို့ခိုင်းမည်။ ပြီးမှ ပေတလူ၏ အင်္ကျီအိတ်ထဲသို့ ငွေငါးရာထည့်ပေးထားခဲ့မည်ဟူ၍။ တစ်နည်းအားဖြင့် ဆိုရမူ ငယ်သူငယ်ချင်းလည်းဖြစ်ခဲ့သည်။ ယခုလက်ရှိအခြေအနေမှာလည်း ပေတလူသည် ခေါက်ကြေးစား သမ္ဘာန်သမား၁၀ ရောက်နေသည်။ ဒီတော့ ပေတလူအား အပါက တတ်နိုင်သရွေ့ ကူညီစောင်မချင်စိတ်ကြောင့် ဖြစ်ပါ၏။

အပါနှင့် ပေတလူသည် ကဝမြို့၏ ကမ်းခြေသို့တက်သည်။ တံတားအဆုံးတွင် ကူးတို့သူကြီးသည် လွယ်အိတ်အစိမ်း



ကြီးဖြင့် ထိုင်စောင့်နေသည်။ ကူးတို့သူကြီးအား အပါက ငါးကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။ ကူးတို့သူကြီးသည် ငါးကျပ်တန်မှ ကျသင့်ငွေကို ပြန်အမ်းရန် လွတ်အိတ်အစိမ်းကြီးထဲသို့ လက်နှိုက်ပြီး လှုပ်လိုက်သည်။ အကြွေသံတွေ တချွင်ချွင်ထွက်လာပါ၏။

"နေပါစေ၊ ကျွန်တော် ပြန်တော့မှ အပြန်အတွက်ပါနုတ်ပြီး ပြန်အမ်းပေတော့"

ထိုစဉ်မှာပင် ပေတလူက လွယ်အိတ်အစိမ်းကြီးနှင့် ကူးတို့သူကြီးအား ပြောလိုက်သည်။

"ဦးလေးဖြိုင် ... အဲဒါ ကျုပ်ဧည့်သည်ဗျ"

"ဟ ... ဒါဆိုရင် ငါးကျပ်တန် ပြန်ယူသွားပေါ့ကွ"

ဤဒေသ ဤနေရာမျိုးတွင် ဤသို့သော စေတနာထားချက်တွေ ရှိတတ်ပါ၏။ အလုပ်ရှင်နှင့် အလုပ်သမားတွေ တစ်ဦးပေါ်တစ်ဦး ဂရုတစိုက် ထားချက်တွေ ဖြစ်ပါ၏။

ကူးတို့သူကြီးက အပါပေးသော ငါးကျပ်တန်ကို ပြန်ပေးသည်။

အပါက လက်မခံဘဲ ယူထားရန် ငြင်းဆိုသည်။ ထိုရောအခါ ကူးတို့သူကြီး ဦးလေးဖြိုင်က ကွမ်းအမြုံ့သားမှ ကွမ်းတံတွေးတွေကို တခြားလွတ်ရာဘက် ပစ်ထွေးပြီး ပြုံးကာရယ်ကာ ပြောလိုက်ပါ၏။

"တတ်နိုင်လို့ မောင်ရင်က တစ်ရာပေးလည်း ကျုပ်မယူဘူး၊ မောင်ရင် ပေတလူဧည့်သည်ဆိုရင် ကျုပ်ဧည့်သည်ပဲ၊ ကျုပ်တို့ဆီမှာ ဧည့်သည်ဆီက ပိုက်ဆံယူလေ့ မရှိဘူး၊ မောင်ရင့်ငါးကျပ်တန် ပြန်ယူသွား"

www.burmeseclassic.com

www.burmeseclassic.com



အပါသည် ရင်ထဲမှ ကြည်နူးစွာဖြင့်ပင် သူ၏ငါးကျပ်တန်ကို ပြန်ယူရပေသည်။ တကယ်ပင် ချစ်စရာကောင်းလှသော အရုပ်ရှင် အလုပ်သမား ဆက်ဆံရေးပါတည်း။

"ဗျို့ ... ဦးလေးဖြိုင်၊ ဟိုဘက်ကမ်းကူးဖို့ရော ကျုပ်ပြန်လာတဲ့အထိရော ဖိုးထော်ကိုပဲ ပေးလိုက်တော့ဗျာ"

"ဟ ... ဖိုးထော်ကတော့ အခုခေါ် အခုအဆင်သင့်ပဲ ပေတလူ၊ ဒါပေမဲ့ မင်းခေါက်ကြေးတွေ နာကုန်မှာပေါ့၊ အခုအလှည့်က မင်းအလှည့်တွေပဲဟာ"

"နာနာဗျာ၊ ဖိုးထော်ကိုသာ ခေါ်ပါ"

ပေတလူသည် ကူးတို့သူကြီးအား အပြတ်ပြောကာ အပါ၏လက်ကိုပင် လှမ်းကိုင်ဆွဲလိုက်ပြီး ...

"လာ ... သွားစို့ အပါ"

ဟု ခေါ်ဆောင်လာပေတော့သည်။

✻ ◎ ✻



◀ ၅ ▶

"ကဲ ... ဘယ်သွားမလဲ အပါ"

"ငါ ... နီမာတို့အိမ် သွားချင်တယ် ပေတလူ"

"ဟော ..."

ပေတလူက "ဟော" ခနဲ အသံပြုလိုက်ပြီးမှ သူ့ဟာသူ ဟဲခနဲ ရယ်ချလိုက်သည်။

"အေးပေါ့ကွာ၊ ဆယ့်ငါးနှစ်ကြီးတောင် ကြာသွားတော့လည်း နီမာတို့ ဒီမှာပဲ ရှိနေသေးတယ်လို့ မင်းထင်မှာပေါ့၊ နီမာတို့ မရှိတော့ဘူး အပါ"

"ဘာကွ ... နီမာတို့ မရှိတော့ဘူး ဟုတ်လား"

လမ်းလျှောက်ရင်း ဆေးတိုက်ပင် ပေတလူကို အပါက စွေစောင်းကြည့်လိုက်သည်။ ပေတလူ၏ နှာသီးထိပ်တွင် အပေါက်ရာလေးကို ငေးကြည့်မိပါ၏။ ငယ်ငယ်က နားဆွဲကောက်ကြီး ဆွဲခဲ့သော ပေတလူလည်း နားဆွဲကောက်ကြီးတော့ မဆွဲတော့ပြီ။ နားပေါက်ရာသာ ကျန်ခဲ့ပါ၏။

"မှတ်မှတ်ရရဆိုရင် နီမာတို့ တစ်အိမ်သားလုံး မင်းကာဝကထွက်သွားပြီး တစ်လလောက်အကြာမှာပဲ တခြားပြောင်းသွား

www.burmeseclassic.com



တယ်ကွ၊ ပဲခူးဆိုလား ရန်ကုန်ဆိုလားပဲ၊ သေသေချာချာတော့ ငါ မသိဘူး"

"ဟုတ်လား"

အပ၊စိတ်ထဲတွင် အံ့ဩသွားမိသည်။ အဘယ်ကြောင့်များ မိမိ ကဝမှ ထွက်သွားပြီးနောက် နီမာတို့တစ်အိမ်လုံး တခြားမြို့သို့ ပြောင်းသွားရပါသနည်း။

အပါသည် တစ်ဆက်တည်း တွေးမိပြန်၏။ မိမိ ကဝမှ ထွက်မသွားမီ ဖေဖေ,မေမေနှင့် ဦးလေးသာဆန်းတို့ ဓားမြသတ်သွားပြီးနောက် တစ်နေ့ကတည်းက နီမာ့ကို အပါမတွေ့ရပေတော့။ ရက်လည်ဆွမ်းသွတ်သည့်နေ့က တစ်မြို့လုံး လာကြသည်။ နီမာ လုံးဝမလာခဲ့။ နီမာ၏မိဘများ လာကြသည်ကိုတော့ အပါ တွေ့မိသည်။ မှတ်လည်း မှတ်မိနေသည်။ အကြောင်းမှု နီမာ့အား တစ်ပတ်လုံးလုံး မတွေ့ရသောကြောင့် နီမာကော ဦးကြီးဟု မေးခဲ့ချင်သောကြောင့် ဖြစ်သည်။ သို့သော် အပါ မမေးရဲသောကြောင့် မမေးဖြစ်ခဲ့ပေ။

ကလေးဘဝတုန်းက ဆိုသည်မှာ ခက်တော့ အခက်သား။

ကလေးဆိုတော့ လူကြီးတွေအမည်ကို မခေါ်ရ။ ဦးလေး၊ ဘကြီး၊ ဒေါ်ကြီး၊ ဒေါ်လေး စသည်ဖြင့် လွယ်လွယ်ပင် ခေါ်လိုက်ရသည်။ နီမာ၏မိဘများကို အပါသည် ဦးကြီး၊ ဒေါ်ကြီးဟုပင် ခေါ်ခဲ့သည်။ နီမာ၏မိဘနာမည်ကိုပင် မသိအောင် ဖြစ်နေသည်။ ပြီး ... ကလေးဘဝကဆိုလျှင် လူကြီးတွေကို ရှောင်နေတတ်သော သဘာဝရှိသည်။

ခင်မင်သည်ကလည်း လူကြီးတွေကိုမဟုတ် နီမာ့ တစ်ယောက်တည်းကိုသာ ဖြစ်သည်။ ကစားချိန်ကျလျှင် ကိုယ့်အိမ်



ရှေ့သို့ နီမာကလာပြီး ကိုယ်ယောင်ပြလျှင် ကိုယ်က အိမ်ပေါ်က ဒုန်းစိုင်းပြေးသွားရုံသာ။ ဒါမှမဟုတ်လည်း ကိုယ်က နီမာ့အိမ်ရှေ့ သွားပြီး လမ်းပေါ်မှာပင် ရစ်ဝဲ ရစ်ဝဲ လုပ်ပြသည်။ ထိုရောအခါ နီမာ ဆင်းလာတတ်သည်။

အပါသည် တစ်ဆက်တည်းပင် အတွေးများဝင်လာသဖြင့် ပေတလူကို ဆက်၍မေးလိုက်သည်။

"ဒီမှာ ပေတလူ၊ မင်း ငါတို့အဖေအမေနဲ့ ဦးလေးသာဆန်းကို ဓားပြတွေသတ်သွားတာ မှတ်မိသေးသလားဟင်"

"အေး ... ရေးတေးတေးပဲ၊ လူကြီးတွေ ပြောတာတွေ မှတ်မိသလိုပဲ၊ ငါ သေချာမှတ်မိတာက ခြိမ့်ခြိမ့်သဲ ရက်လည် ဆွမ်းကျွေးတာရယ် ငါ့ဦးကြီး ဘုန်းကြီးကို မင်းတို့အိမ်ကြီး လှူပစ်ခဲ့တာရယ်ပဲ အပါ"

"အေးလေ ... ငါသိချင်တာက တို့များသွားပြီးတဲ့နောက် အင်းလေလံပစ်တာ ဘယ်သူရသွားလဲ ပေတလူ"

ပေတလူ ခေါင်းခါပြသည်။

"ဘယ်သိမလဲ အပါ၊ ငါက အဲဒီတုန်းက ဇင်းရွေးကုန်းက လာနေတဲ့ ဘုန်းကြီးကျောင်းသားပဲကွ၊ ကဝကလူတွေကို ငါဘယ် သိမလဲ၊ နောက်ပြီး အဲဒီတုန်းက ကလေးပဲ ရှိသေးတာကိုးကွ"

"မဟုတ်သေးပါဘူး ပေတလူရာ၊ အဲဒီတုန်းက မင်းဆယ် နှစ်သားတောင် ရှိနေပြီပဲ၊ အခု ဒီဘက်ကို ဆယ့်ငါးနှစ်ပဲကြာ သေးတာ ဆယ်နှစ်သားဘဝက သိတာ မြင်တာတွေ တကယ် ပြန်တွေး မှတ်မိနိုင်ပါတယ်"

"ငါ မမှတ်မိဘူး အပါ"

"ဒါဖြင့် ငါ တစ်မျိုးထပ်မေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



“ငါ ကဝက ထွက်သွားတဲ့နှစ်မှာ နီမာတို့ အင်းလေလံပစ်လို့ ရတယ်မှတ်လား”

ပေတလူ စဉ်းစားပြန်သည်။ ထို့နောက် ဦးခေါင်းယမ်းပြလိုက်သည်။

“ငါတော့ နီမာတို့ ရတယ်လို့ မထင်ပါဘူး၊ မင်းပဲ စဉ်းစားကြည့် အပါ၊ အဲဒီတစ်နှစ်လုံးအတွက် နီမာတို့ အင်းလေလံရသွားရင် ပဲခူးဖြစ်ဖြစ် ရန်ကုန်ဖြစ်ဖြစ် ပြောင်းသွားပါ့မလားကွ၊ ရေမကုန်မချင်း အင်းထဲမှာ အလုပ်လုပ်စရာ ရှိနေတာပဲဟာ”

“ဒါတော့ ပေတလူရာ သူတို့က ပဲခူးပြောင်းပြောင်း ရန်ကုန်ပြောင်းပြောင်း အင်းလုပ်ငန်းကို နီမာတို့ ဦးလေးတွေ အဒေါ်တွေ လွှဲပေးခဲ့ရင် ရသားပဲ၊ ကဝနဲ့ ပဲခူး၊ ရန်ကုန်ဆိုတာ ဝေးတာမှတ်လို့ မနက်လာပြီး ညနေပြန်လို့ ရတာပဲ မှတ်လား၊ သိပ်ကို သိချင်ပါတယ် ပေတလူ”

“ဒါဆိုရင် မင်းအပြန်ကျတော့ ကျုပ်တို့သူကြီး ဦးလေးဖြိုင်ကို ငါမေးပေးမယ်၊ ဦးလေးဖြိုင်ကတော့ တို့ဘဝမှာ ဘုတ်အုပ်ကြီးပဲကွ၊ ဘာမဆို သူ မသိတာ မရှိဘူး၊ သိပ်မှတ်ဉာဏ်ကောင်းတယ်၊ အသက်ကလည်း ငါ့ဦးကြီး ဘုန်းကြီးနဲ့ရွယ်တူ အသက်ခြောက်ဆယ်ရှိပြီ၊ ဒီတော့ လွန်ခဲ့တဲ့ အနှစ်ခြောက်ဆယ်က ကဝအကြောင်းမေးတောင် ဦးလေးဖြိုင်က ပြောနိုင်မှာကွ”

“အေး … ဒါဆိုလည်း ဦးလေးဖြိုင်ကို ငါသိချင်တာတွေ မေးပေးစမ်းပါကွာ”

ပေတလူက မေးပေးမည့်အကြောင်း ခေါင်းညိတ်ဝန်ခံလေသည်။

“ကဲ … နီမာတို့အိမ်မသွားရင် မင်း ဘယ်သွားမလဲ အပါ”



“ဘုန်းကြီးကျောင်း သွားမယ်လေကွာ၊ ငါလှူခဲ့တဲ့ဘုန်းကြီးကျောင်းကိုပဲ သွားမယ်”

“အဲဒါမှ သောက်ခွပဲ အပါ”

“ဘာလို့လဲ ပေတလူ”

“ဟာ … ဦးကြီးဘုန်းကြီးက ငါ့ကိုတွေ့တိုင်း သမ္မာန်ခတ်ရတာ ပင်ပန်းတယ်၊ လောကီအလုပ်တွေဟာ လောဘ, ဒေါသ, မောဟတွေ နေ့ညမပြတ် ဖုံးလွှမ်းနေတယ်။ ရဟန်းဘောင်ကိုဝင်စမ်း၊ လောကုတ္တရာအဲလုပ်တွ ကျင့်စမ်းဆိုပြီး ဖွတ် ဘုန်းကြီးဝတ်နိုင်းနေတာကွ၊ ဒါကြောင့် ငါ ဦးကြီးဘုန်းကြီးဆီ မသွားတာကြာလှပြီ”

အပါက ရယ်မောလိုက်မိသည်။ ပြီး စကားနောက် စကားရှတ်သဘောလည်း ပေတလူကို ပြောလိုက်သည်။

“အဲဒါ ဘယ်ဆိုးလို့လဲ ပေတလူ၊ မင်းသဗ္ဗာန်ခတ်တာ ငါကြည့်လာခဲ့တယ်၊ အကြောတွေ ပြိုင်းပြိုင်းထပြီး ချွေးတွေကိုရွှဲနေတာပဲ၊ ဘုန်းကြီးဝတ်ရင် ဒီလောက် ဘယ်မှာပင်ပန်းတော့မလဲကွာ”

“ဟာ … မဖြစ်သေးပါဘူး အပါ”

“ဘာလို့ မဖြစ်သေးတာလဲကွ”

“ဟ … ခုထက်ထိ ငါ မိန်းမ မရသေးဘူးကွ၊ မိန်းမယူချင်သေးတယ်။ ဘုန်းကြီးဝတ်လိုက်ရင် ငါဘယ်ကလာပြီး မိန်းမယူလို့ရတော့မလဲ၊ နောက်ပြီး ငါက အစားကို တစွတ်စွတ်စားတတ်တာ ဘုန်းကြီးဆိုတာက နေ့မွန်းလွဲအချိန်ကစပြီး ဘာမှစားရတော့တာ မဖြစ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



ပေတလူ၏ အဖြေကြောင့် အပါ့မျာ အားရပါးရ ရယ်မောမိပါ၏။ မြို့တန်းရှည်ကြီးကို လျှောက်လာလို့ လျှောက်လာရမှန်းပင် မသိလိုက်။

"ကဲ ... အပါ၊ မင်း ဘွတ်ဖိနပ်ကြီး ချွတ်ပေ့ အပါ၊ ဘုန်းကြီးကျောင်း ရောက်ပြီ"

အပါသည် စီးလာသော ရှူးဖိနပ်ကြီးကိုရော ခြေအိပ်ကိုရော ချွတ်သည်။ ရှူးဖိနပ်အရောင်သည် ထုံးကြီးဘက်ကမ်းတာရိုးမှ ပေကျံလာသော ရွှံ့တွေခြောက်သွားသောကြောင့် အဖြူရောင်ပင် ဖြစ်နေပေပြီ။

နှစ်ဦးသား ဘုန်းကြီးကျောင်းထဲသို့ ဝင်ခဲ့သည်။ လွန်ခဲ့သော ၁၅ နှစ်ကတည်းက ဤခြံထဲဝယ် စားပင်ကြီးများဖြစ်သော သရက်၊ ပိန္နဲ၊ မရန်း၊ တညင်း၊ ကနစိုးပင်များ ရှိခဲ့သည်။

သို့ပေမင့် ဖေဖေနှင့် ဦးလေးသာဆန်းသည် ခြံထဲမှ မြက်ပင်တွေ ချုံရိုင်းပင်တွေကိုတော့ အမြဲရှင်းလေ့ရှိသည်။

ယခုမူ ထိုသို့မဟုတ်ပြီ။

ဘုန်းတော်ကြီးကျောင်းသို့ ဝင်ရာ ထွက်ရာလမ်းကိုသာ ဂျင်းကျောက်နီနီမှုန့်မှုန့် ခင်းထားပြီး ဟိုဘက်ဒီဘက်တွင် အုတ်နီခဲတစောင်းလေးတွေ စိုက်ထားသည်။

ကျန်သည့် တစ်ခြံလုံးမှာတော့ မြက်ဆိုမှမြက်။ ချုံဆိုမှချုံ။ တောကြီးမျက်မည်း ဖြစ်နေသည်။

နှစ်ထပ်အိမ်ကြီးကလည်း အပါနေခဲ့စဉ်ကလို တောင့်တောင့်တင်းတင်း မဟုတ်တော့။ နောက်သို့ ယိုင်စပြုနေပေပြီ။

ဆရာတော် ရှင်အာဒိစ္စသည် ကျောင်းအောက်ထပ်မှာပင် သီတင်းသုံးနေသည်။ သက်တော်ရင့်လာသောကြောင့် လှေကား



အတက်အဆင်းပြုလျှင် မောပမ်းသော ဝေဒနာကြောင့် အခြားစာသင်ကိုယ်တော်များ အပေါ်ထပ်တွင် ထားရှိကြောင်း ပေတလူ ပြောပြ၍ သိရသည်။

ပေတလူကပင် ဦးကြီးဘုန်းကြီး ဆရာတော် ရှင်အာဒိစ္စအား အပါ၏အကြောင်းကို လျှောက်ထားပေးသည်။

"ဪ ... ဪ ... ကွယ်လွန်သွားရှာတဲ့ တကာကြီး ဦးညာဏ်ထိန်နဲ့ ဒေါ်စိန်အိရဲ့သား အပါကိုး၊ အေး ... အေး သာဓုကွယ် သာဓု သာဓု၊ တကာလေးအပါ ကိုယ်တိုင်ရေစက်ချ လှူဒါန်းခဲ့တဲ့ ဒီကျောင်း အဆောက်အအုံကြောင့် သံဃာတွေမှာ နေရာထိုင်ခင်း လုံလောက်ပြီး ပရိယတ္တိသာသနာရဲ့ အကျိုးတွေ ထမ်းရွက်နိုင်တယ်၊ တကာလေးရဲ့ ဒါနကုသိုလ် ကြီးမားပါတယ်...

"သွားလေသူ တကာကြီး ဦးညာဏ်ထိန်ရယ်၊ ဒေါ်စိန်အိရယ်၊ မောင်သာဆန်းရဲ့အုတ်ဂူတွေလည်း ဆရာတော် တစ်နှစ်တစ်ကြိမ် သွားရောက်ပြီး သံဃာပျိုတွေ ကိုရင်တွေနဲ့ သန့်စင်ပြီး အမျှအတန်း ပေးဝေတယ်ကွယ့် ...

"အမျှအတန်း ပေးဝေလို့ သူတို့တစ်တွေ သာဓု အနုမောဒနာ ခေါ်နိုင်ရင် ကောင်းရာသုဂတိ လားစေချင်တဲ့ ဘုန်းကြီးရဲ့ စေတနာပေါ့ကွယ်"

"မှန်ပါ ... ဆရာတော်ရဲ့ စေတနာကျေးဇူး ကြီးမြတ်လှကြောင်းပါဘုရား"

အပါသည် ဆရာတော်အား ဝတ်ချပြီးနောက် ဂျာကင်အိတ်ထဲမှ ရာတန်သုံးရွက် ထုတ်ယူပြီး ဆရာတော်အား ဝတ္ထုကပ်သည်။

ဆရာတော်သည် ဝတ္ထုကို လက်မခံပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်ရဲ့ကျင့်ဝတ်အရ ဝတ္ထုငွေကို လက်မခံပါဘူး တကာလေး၊ အလှူဒါနကို လက်မခံဘူး ဆိုတာလည်း ဒါနရှင်ရဲ့ စေတနာကို မလေးစားရာ ရောက်တယ်၊ ဒီတော့ တကာလေး စေတနာထက်သန်ရိုးမှန်ရင် ဒီအရပ် မြို့လူကြီးတွေလက်ထဲ အပ်ခဲ့ကွယ် ...

"ကျောင်းသင်္ကန်း ပြင်ဆင်ဖို့နဲ့ ဗုဒ္ဓဝေယျာဝစ္စအတွက်ပေါ့ ကွယ်၊ စောစောတုန်းက ဒကာမလေးတစ်ယောက် ရောက်လာပြီး ဒီကျောင်းသင်္ကန်းကြီး ပြန်လည်ပြုပြင်ဖို့ဆိုပြီး ငွေတစ်ထောင် ဝတ္ထုလာကပ်သေးတယ်၊ ဆရာတော်က မြို့လူကြီးတွေ လက်မှာပဲ လှူဒါန်းခဲ့လို့ ပြောလိုက်ရသေးတယ်"

ပေတလူက နှုတ်ဆောသည်။ ဆရာတော်၏စကားကို ကောက်ကာငင်ကာ မေးမြန်းလိုက်သည်။

"ဦးကြီးဘုန်းကြီးကို ငွေတစ်ထောင် လှူဒါန်းတဲ့ တကာမလေးက ဘယ်သူတဲ့လဲ ဘုရား"

"အေး ... နီမာတဲ့ ပေတလူ၊ သူ့ကိုယ်ကို နီမာရဲ့အလှူဒါနပါ ဘုရားလို့ လျှောက်ထားသွားတာပဲ"

အပါသည် ကွက်ခနဲနေအောင် ပေတလူ၏မျက်နှာကိုကြည့်မိသည်။ ပေတလူကလည်း ကွက်ခနဲပင် ပြန်ကြည့်ပါ၏။

အပါက ဆရာတော်ဘုရားအား မဝံ့မရဲ ပြန်လျှောက်ကြည့်ပြန်သည်။

"ဆရာတော်ဘုရား၊ အဲဒီအလှူဒါယကာမ နီမာဆိုတာ ဆရာတော့်ဆီရောက်တာ ဘယ်အချိန်လဲ ဘုရာ့"

"ခုနကတင်ပေါ့၊ ထမင်းအိုး တစ်လုံးချက်လောက်ကပဲပေါ့"



"အဲဒီတကာမလေးနီမာ ဆရာတော်ရဲ့ကျောင်းမှာ ဒီပြင် ဘယ်နေရာတွေ လျှောက်သွားသေးသလဲ ဘုရာ့"

"အိမ်း ... တကာလေးအပါ မေးတာနဲ့ တိုက်တိုက်ဆိုင်ဆိုင် ရှိနေပါကလား၊ ဆရာတော်တော့ သေချာမသိလိုက်ဘူး၊ ကိုရင်သုမနကတော့ တော်တော်လေး အကြာကပဲ ဆရာတော်ကို လာလျှောက်တယ် ...

"အဲဒီတကာမလေးဟာ ဒီကျောင်းကြီးရဲ့နောက်က ဖုန်းဆိုးမြေထဲကို လျှောက်သွားနေတယ်တဲ့၊ ကိုရင်သုမနက မြွေပါးကင်းပါး တကာမလေးကို ထိမှာစိုးလို့ ဆရာတော်ကို လာလျှောက်တဲ့ သဘောပါ"

အပါသည် ဆရာတော်ဦးဒိစ္စ ကိုယ်တော်ကြီးအား ဖျတ်ခနဲ ဖျတ်ခနဲ ဦးသုံးကြိမ်ချပြီး ...

"တပည့်တော် ကျောင်းနောက်ဘက်က ဖုန်းဆိုးမြေထဲကို သွားကြည့်ခွင့်ပြုပါဘုရား"ဟု တင်လျှောက်ရင်း ချာခနဲ လှည့်ထွက်လာသည်။

ပေတလူကလည်း အပါ၏နောက်သို့လိုက်ရန် ထလိုက်စဉ် ဆရာတော်ဘုရားက ...

"ဟဲ့ ... ပေတလူ နေခဲ့စမ်း"

ဆရာတော်ဘုရား၏အမိန့်ကို ပေတလူ မလွန်ဆန်ဝံ့။ ယောင်ပေ ယောင်ပေဖြင့် နေခဲ့ရတော့သည်။

အပါသည် ကျောင်းပေါ်မှ သွက်သွက်လေး ဆင်းခဲ့သည်။ လှေကားခြေရင်း၌ ချထားသော ရှူးဖိနပ်ကို ဒီအတိုင်းထားခဲ့ကာ ကျောင်းနောက်ဘက်ဆီသို့ ပြေးလွှားလာခဲ့သည်။

အာ ... ပါး ... လား လား

www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းက ဖုန်းဆိုးမြေမှာ တကဲ့တောကြီး ဖြစ်နေပေပြီ။ မြက်ပင်ရိုင်း ကိုင်းပင်ရိုင်းကြီးတို့သည် လက်ခုတ်တဖောင်ခန့် မြင့်မားနေချေပြီ။

ပေတရူ ပြောသကဲ့သို့ပင် ဖုန်းဆိုးမြေထဲတွင် မြက်ပင် ကိုင်းပင်များသာမက မဒမပင်ကြီးတွေနှင့် ကနစိုးပင်ကြီးတွေက ပင် နေရာယူထားလေပြီ။

သို့တစေ အပါသည် ရုတ်တရက်သဘောဖြင့်သာ တောကြီးမျက်မည်းကို ငေးကြည့်မိသည်။ တအောင့်တခဏ ကြည့်ပြီးသည်နှင့် သူ့ ငယ်စဉ်က ဤတောထဲသို့ ဝင်ပေါက်တွေကို မြင်လာသည်။ ဤဝင်ပေါက်တွေသည် နီမာ သိသောဝင်ပေါက်တွေ ဖြစ်ပါ၏။

တစ်ခုပဲ ရှိသည်။

နီမာသည် ဝင်ပေါက်ကိုသာ သိသည်။ အပါ၏ထွက်ပေါက်တွေကို မသိခဲ့။

အပါသည် သူဝင်တတ်သော ဝင်ပေါက်မှ စမ်းတဝါးဝါးဝင်ခဲ့သည်။ ၁၅–နှစ်ကြာသွားပြီမို့ ဝင်ပေါက်ကို ဝင်ခဲ့ပေမင့် သိပ်မသေချာ။

ဤတောသည် အပြင်ကကြည့်တော့သာ လွယ်လွယ်လေးထင်ရသည်။ အထဲဝင်မိပြီဆိုလျှင် တောတိုးရင်းနှင့်ပင် အရှေ့ အနောက် တောင် မြောက်ကို မသိပါလေတော့။

ကိစ္စမရှိ။ အပါ့အဖို့ ငယ်စဉ်က ကိုယ်ကျွမ်းသော အသိဖြင့် တောတိုးခြင်းဖြစ်သည်။ ထွက်ပေါက်ကို ကိုယ့်ဟာကိုယ် သိခြင်းဖြစ်သည်။ ယခုတော့ အပါ့တွင် ကရိယာတန်ဆာပလာ ပါရှိသည်။



အပါသည် သူ၏ဘောင်းဘီအိတ်ထဲမှ အရပ်လေးမျက်နှာကို ပြသနိုင်သော Compass ကို ထုတ်ယူပြီး ကြည့်သည်။ ဤ Compass ကို တောကြီးမျက်မည်းထဲသို့ သွားရလေတိုင်း အသုံးပြုရသော ကိုယ်ပိုင် Compass လေးဖြစ်သည်။ မည်မျှကန္တာရထဲဖြစ်စေ၊ ပင်လယ်ထဲဖြစ်စေ၊ တောကြီးမျက်မည်းထဲဖြစ်စေ Compass အိမ်မြှောင်သည် အရပ်လေးမျက်နှာကို ညွှန်ပြနိုင်စွမ်းရှိသည်။

အရပ်လေးမျက်နှာကို သိသည်နှင့် မြေပုံထဲမှ လောင်ဂျီတွဒ်တွေ လတ်တီတွဒ်တွေကြည့်ပြီး မြေပုံကို ဖတ်နိုင်သည်။

ကဝဖုန်းဆိုးတောမှာ ဤမျှကြီးလုပ်ဆောင်ရသော ကိစ္စလည်း မဟုတ်ပေ။ ဖုန်းဆိုးတောထဲ တိုးဝင်သွားကတည်းက ရှင်အာဒီစ္စကျောင်းသည် ဖုန်းဆိုးတာ၏ တောင်ဘက်စူးစူးတွင်ရှိသည်ဟု အပါ မှတ်ခဲ့သည်။

တောထဲကို ဝင်ချင်သလောက်ဝင်ဝမ်း၊ ပြန်ထွက်လိုလျှင် Compass အကူအညီဖြင့် တောင်စူးစူးသာ အပါ ပြန်ထွက်ပါလေခဲ့။

အပါသည် ဖုန်းဆိုးမြေ၏ တောရိုင်းထဲတွင် နီမာ့ကိုရှာခဲ့သည်။ မိနစ်နှစ်ဆယ်ခန့် တောတိုးပြီးသည်အထိ နီမာ့ကို မတွေ့ပါလေ။ တောင်စူးစူးသို့ အပါ ပြန်ထွက်လာခဲ့သည်။

"ဟော"

လက်ကိုင်ပဝါလေးတစ်ထည်သည် စော့ပိတ်နေသော မြက်ပင်ရိုင်းများကြားတွင် ညပ်ပြီးတင်နေသည်ကို အပါ တွေ့ရပါ၏။ အပါက လက်ကိုင်ပဝါလေးကို ယူကြည့်သည်။ လက်ကိုင်ပဝါမှာ မိန်းမကိုင်အရွယ်အစား ဖြစ်သည်။

www.burmeseclassic.com



အောက်ခံမှာ ဖြူဆွတ်ဆွတ်။ အနားလေးဖက်မှာ နီတျာရဲ နေသော ကနုတ်ပန်းတွေဆင်ထားပြီး အလယ်နှင့်ဘေးတစ်ပိုက်တွင် မန်ကျည်းစေ့ခန့် ပိုင်းစက်စက် အနီပျောက်များ ရိုက်ထားသည်။ အကောင်းစား လက်ကိုင်ပဝါတစ်ထည်မှန်း မြင်ရုံနှင့်သိသာသည်။

လက်ကိုင်ပဝါ၏ အမျိုးအစားကား မြင်ရုံနှင့် အကောင်းစားမှန်း သိသလို လက်ကိုင်ပဝါမှ သင်းခနဲ ဆွတ်လာသော ရေမွှေးနံ့က ပို၍အကောင်းစားမှန်း သိသာရပြန်ပါ၏။

အပါသည် မိန်းမသုံးပစ္စည်းတွေ မကျွမ်းကျင်လှ။ လက်ကိုင်ပဝါကိုတောင် မိန်းမကိုင် လက်ကိုင်ပဝါက ဆိုက်ပိုသေးပြီး ပန်းပွင့်တွေ အရောင်စုံပါတတ်မှန်း သိသည်။

ရေမွှေးတွေ၊ မိတ်ကပ်တွေ၊ ပေါင်ဒါတွေကိုမူ အပါသည် အနံ့အရောင်မြင်ရုံနှင့် ဘာအမျိုးအစားဟူ၍ မခွဲတတ်။ အကြမ်းပြင်းအားဖြင့်သာ အပါက ခွဲထားသည်။

သိပ်စူးစူးရှရှကြီး ရေမွှေးပေါင်ဒါသည် အပေါစား အမျိုးအစား။ သင်းသင်းလေးမွှေးပြီး တကယ်ရှူရှိုက်ရန် အားထုတ်လျှင် အမွှေးပျောက်သွားကာ ရက်ရှည် နာရီရှည်စွဲပြီး သင်းမွှေးနေသော ရေမွှေးဆိုလျှင် အကောင်းစား။

ထိုနည်းလောက်နှင့်သာ အပါခွဲတတ်သည်။ အကြောင်းမှ ယနေ့ အသက်(၂၄)နှစ်ရွယ် ရောက်လာသည်အထိ အပါသည် မည်သည့် မိန်းမပျိုတစ်ဦးတလေနှင့်မျှ မယဉ်ပါ;ဘူးသေးသော ကြောင့် ဖြစ်ပါ၏။ ပြောကြစတမ်းဆိုလျှင် အပါသည် ဒီလောက်ကြီးလာသည်အထိ အမြီးမပေါက်ရသေးသော မျောက်ဟုပင် ကဲ့ရဲ့ချင် ကဲ့ရဲ့ပါလေတော့။



အပါက လက်ကိုင်ပဝါမှ ရေမွှေးနံ့ကို ရှူကြည့်ပြီး သူ၏ အိတ်ထဲသို့ အမှုမဲ့ အမှတ်မဲ့ပင် ထည့်ထားလိုက်သည်။ ဤလက်ကိုင်ပဝါသည် နီမာ၏လက်ကိုင်ပဝါသာ ဖြစ်ရမည်ဟု ယေဘုယျသဘော မှတ်လိုက်သည်။

ဒီအတိုင်းသာဆိုလျှင် နီမာသည် သျှင်အာဒိစ္စကျောင်းသို့ လာခဲ့သည်။ ကျောင်းသင်္ကန်း ပြန်လည်ပြုပြင်ရန် ငွေတစ်ထောင် လှူခဲ့သည်။ ဖုန်းဆိုးတောထဲသို့ ဝင်ကြည့်ခဲ့သည်။ ယခု တောင်စူးစူးအရပ်တွင် လက်ကိုင်ပဝါလေးမှာ တောတိုးရင်း ကျန်ခဲ့သည်။ ဒါဆိုလျှင် နီမာသည် တောင်စူးစူးအရပ်ရှိ ထွက်ပေါက်မှ ပြန်လည်ထွက်သွားပေပြီဟု ယူဆနိုင်သည်။

အပါ၏စိတ်ထဲတွင် အတွေးလေးများပိုရင်း ဖုန်းဆိုးတောထဲမှ ပြန်ထွက်ခဲ့သည်။

နီမာသည် အဘယ်ကြောင့် ကဝသို့လာကာ သျှင်အာဒိစ္စဆရာတော်၏ကျောင်းကို ငွေတစ်ထောင် လှူချင်ခဲ့ပါသနည်း။

ပြီး ... နီမာသည် ဤမျှ တောထူနေပြီဖြစ်သော ဖုန်းဆိုးမြေ၏တောထဲသို့ ဝင်ရောက်ခဲ့ပါလေသနည်း။

ကိုယ်လိုရာကိုဆွဲပြီး တွေးစတမ်းဆိုလျှင် ...

ရှင်အာဒိစ္စ ဆရာတော်၏ကျောင်းသည် လွန်ခဲ့သော(၁၅)နှစ်က အပါလှူခဲ့သောကျောင်း ဖြစ်နေသည်။

ဤဖုန်းဆိုးမြေတောတန်းသည် ငယ်ငယ်က နီမာနှင့်အပါ နှစ်ဦးတည်း တူတူပုန်းတမ်း ကစားခဲ့သော တောတန်းဖြစ်နေသည်။

ဒါဆိုလျှင် နီမာသည် (၁၅)နှစ်လုံးလုံး ကွဲကွာခဲ့သော အပါအား ယခုအချိန်ထိ မမေ့စတမ်း သတိရနေသောကြောင့်ဟု

www.burmeseclassic.com

www.burmeseclassic.com



များ အပါက ကိုယ်လိုရာ ကိုယ်ဆွဲယူအဖြေထုတ်ရမည်လားမသိတော့။

ယင်းသို့ ကိုယ်လိုရာ ဆွဲတွေးရသည်ကိုပင် အပါသည်စိတ်ထဲ၌ ဘာကြောင့်မှန်းမသိ ကြည်နူးသွားမိသည်။ ရွှင်ပျပျော်မြူးသွားသည့် ခံစားမှုလေး ခံစားရသည်။

တစ်ဆက်တည်း တွေးရမည်ဆိုလျှင် အပါသည်ပင်လျှင် ကိုယ်လှူခဲ့သောကျောင်းကို ပြုပြင်ရန် ငွေသုံးရာသာ ရည်သန်ခဲ့သည်။ နီမာက တစ်ထောင်ကြီးများပင် လှူဒါန်းသည်။ နီမာ ကိုင်ဆောင်သော လက်ကိုင်ပဝါသည်လည်းကောင်း၊ ရေမွှေးသည်လည်းကောင်း၊ အဖိုးတန်ဖြစ်နေသည်။ ဘာပဲပြောပြော နီမာ၏ အခြေအနေသည် စီးပွားရေးပြေလည်သူမှန်း ထင်ရှားပါ၏။

အပါ ပြန်တွက်ကြည့်သည်။ ဟိုတုန်းက နီမာက (၇)နှစ်သမီး။ ယခု(၁၅)နှစ်ထည့်ပေါင်းလျှင် နီမာ၏ယခုအသက်သည် (၂၂)နှစ်ရှိပေပြီ။ အမျိုးသမီးတစ်ဦးအတွက် အသက်(၂၂) ဆိုသည်မှာ အိမ်ထောင်လျက်သား ကောင်းကောင်းကျနိုင်လောက်ပြီ။

"ဗုဒ္ဓေါ် ... မြတ်စွာဘုရား"

နီမာသည် ထိုက်ထိုက်တန်တန် အမျိုးသားတစ်ဦးဦးနှင့် အိမ်ထောင်ကျပြီး ချမ်းသာကြွယ်ဝသူလေး ဖြစ်နေပေပြီလား။ ဖွဟဲ့ ... လွဲစေ ... ဖယ်စေ ... ဒီလိုမဟုတ်ပါစေနှင့် ... ဟု အပါ ဆုတောင်းလိုက်ရမလား မသိတော့။

ဖွဟဲ့ ... လွဲစေ ... ဖယ်စေ ဆုတောင်းချင်သာ ဆုတောင်းရသည်။ နီမာ အခြေအနေက ဒီလို ဖြစ်နိုင်စရာ ရှိနေသည်။ နီမာတို့ ကဝမှာနေသွားစဉ်က ကြွယ်ဝိုးကြွယ်ဝကြီးထဲက မဟုတ်။



နီမာ၏မိဘများသည် ကဝမြို့၏အဆင့်နှင့်ကြည့်လျှင် လူလတ်တန်းစားမျှသာ ဖြစ်သည်။

ဒါကလည်း အပါ(၉)နှစ်သားအရွယ်က တွေးတတ်ခဲ့သော အတွေးမဟုတ်။ ထို(၉)နှစ်သားအရွယ်က ကဝတွင် ဘယ်သူချမ်းသာမှန်း၊ ဘယ်သူဆင်းရဲမှန်း အပါ၏(၉)နှစ်သား ဦးနှောက်က အလေးအနက် မထားစဘူးခဲ့။

သို့ပေမင့် ...

ဦးလေးဟန်စိန်သည် အစ်ကိုညဏ်ထိန် အပါ၏ဖခင် ဓားပြသတ်လို့ သေခဲ့ရသည်ကို အခဲမကြေခဲ့။ အပါအား ဦးလေးဟန်စိန်က မန္တလေးခေါ်သွားပြီးနောက် တဖွဖွပြောတတ်သော စကားများရှိခဲ့သည်။

"အစ်ကိုညဏ်ထိန် သေတာ သွေးရိုးသားရိုး မဟုတ်ဘူးကွ၊ ငါ့စိတ်ထဲ မကျေနပ်ဘူး၊ ဒါပေမဲ့ ငါကိုယ်တိုင်တော့ မင်းတို့ကဝကို ခြေပြန်ပြီး ဘယ်တော့မှ မချဘူး၊ ငါ အသက်လည်းကြီးပြီ၊ အပါ ...မင်းကြီးလာရင် ဒီကိစ္စ ဆက်ပြီးစုံစမ်းကြည့်စမ်း၊ အစိုးရနဲ့ပတ်သက်တဲ့ အမှုဆိုတာ ဘယ်တော့မှ အမှုပိတ်ရိုး ထုံးစံမရှိဘူး၊ အေး ... ပိတ်ထားဦးတော့ ကိုယ့်အမှာ အထောက်အထားတွေ၊ သက်သေတွေ ခိုင်လုံရင် အမှုပြန်ဖွင့်လို့ရတယ်၊ တို့အမျိုးထဲမှာ ရောဂါနဲ့ သေတဲ့လူသာ ရှိတယ်၊ သူများ သတ်လို့သေတယ်ဆိုတာ အစ်ကိုညဏ် တစ်ယောက်ပဲ ရှိသေးတယ်ကွ အပါ"

ဦးလေးဟန်စိန်၏ ထိုတဖွဖွပြောသော စကားတွေသည် အပါ၏နားထဲတွင် စွဲနေပါ၏။

အပါသည် အသက်(၁၇)နှစ်တွင် ဆယ်တန်းစာမေးပွဲအောင်ခဲ့သည်။ ထိုအရွယ်ကျတော့ ဦးလေးဟန်စိန် တဖွဖွပြောသော

www.burmeseclassic.com

www.burmeseclassic.com



စကားတို့ကို အပါ၏ဦးနှောက်က တွေးတတ်လာသည်။ မြင်တတ်လာသည်။ ထိုအချိန်မှစပြီး အပါသည် (၉)နှစ်သားအရွယ်က ကဝမြို့တွင် နေခဲ့ရသည့် အကြောင်းတွေကို တွေးပြီး စဉ်းစားတွေးခေါ် လာနိုင်ခဲ့သည်။

ထို့ကြောင့်လည်း ယခု နီမာတစ်ယောက် ကြွယ်ပိုးကြွယ်ဝ ဖြစ်နေသည်ကို ဆက်စပ်ပြီး သူ၏မိဘများအနေနှင့်တော့ နီမာထိုမျှ ကြွယ်ပိုးကြွယ်ဝ မဖြစ်နိုင်ဟု ဆက်စပ်၍ တွေးမိခြင်းဖြစ်ပါ၏။

"ဟေ့ကောင် ... အပါ၊ အံ့ရောကွာ၊ ကြာလိုက်တာ၊ ငါ မင်းကို ဒီတောထိပ်က စောင့်နေတာ ဆေးပေါ့လိပ်တစ်လိပ်ကုန်တယ်"

ပေတလူက ဆီးကြိုပေသည်။ ပြောပြောဆိုဆို ဖင်စီခံရောက်နေသော ဆေးပေါ့လိပ်ကို တစ်ဖွာ နှစ်ဖွာ ဆက်ဖွာပြီး လွှင့်ပစ်လိုက်သည်။

"ဘာလို့ ဒီက စောင့်နေလဲ ပေတလူရ၊ မင်း ငါ့နောက်ကို လိုက်ခဲ့ပါလား"

"ဝေးသေးကွာ၊ မြွေပါးကင်းပါးနဲ့၊ အမိပွာယ်မရှိ ဒီတောထဲ ဘာလို့ဝင်မလဲ၊ တစ်ခါက ငါ့ဟာငါ ကမြင်းကျောထပြီး ဒီတောထဲ ဝင်မိတယ်ကွ"

"မင်းက ဘာလို့ ဒီတောထဲ ကမြင်းကျောထပြီး ဝင်တာလဲ ပေတလူ"

"ဟာ ... အဲဒီတုန်းက ငါ့အသက် ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်ကွ၊ ဦးကြီးဆရာတော်နဲ့ မခွဲသေးဘူး၊ ဘုန်းကြီးကျောင်းသား အကြီးစားဘဝမှာပဲပေါ့ကွာ၊ ကျောင်းမှာက သိပ်အစားဆင်းရဲတာကွ၊ ငါကလည်း အစားငမ်းတဲ့အကောင်ကိုး၊ တစ်နေ့မှာ လင်းမြွေကြီးတစ်ကောင် ဒီတောစပ်ကနေပြီး တောထဲဝင်သွားတယ်ကွ၊ ငါ ခေါင်းဆောင်ပြီး ဒီပြင်ဘုန်းကြီးကျောင်းသားလေးတွေနဲ့ လင်းမြွေနောက် လိုက်တာပေါ့"



"ဘာလို့ လိုက်တာလဲ"

"ဟ ... အပါ၊ လင်းမြွေသား သိပ်စားကောင်းတာကွ၊ ကြက်သားနဲ့ မလဲနိုင်ဘူး သိလား၊ တို့ဘုန်းကြီးကျောင်းသားတွေ စုပြီး တောစပ်က လင်းမြွေတွေရိုက်ပြီး ချက်စားခဲ့တာ လေး၊ငါးကောင် ရှိနေပြီ၊ ဆရာတော်ဘုရားနဲ့ တခြားသံဃာတွေ ကိုရင်တွေ မသိအောင်ပေါ့ကွာ၊ ဟင်းချက်ဖို့ ဆီ ဆန် ငရုတ် ကြက်သွန်ကတော့ ကျက်သရေခန်းရဲ့ သော့ကိုင်တာ ငါပဲဆိုတော့ အဲဒီက ပြန်ခိုးတာပေါ့၊ ရတဲ့လင်းမြွေကို ဆရာတော်နဲ့ သံဃာတွေမသိအောင် တို့ဘာသာ တောစပ်မှာပဲ ကိုင်းခြောက် မြက်ခြောက်တွေနဲ့ မီးဖိုပြီး စားနေကျကွ"

အပါ ပြုံးမိသည်။ ပေတလူ၏စကားကိုလည်း လက်ခံပါ၏။

အပါ ရောက်ခဲ့သော တချို့ဒေသ ကျေးလက်တွေတွင် ယင်းသို့ပင် မြွေသားကို တမင်တကာလိုက်ဖမ်းပြီး ချက်စားကြသူ အများအပြား တွေ့ရပါ၏။ တချို့များဆိုလျှင် အဆိပ်ပြင်းလှသော မြွေပွေး၏အသားကိုပင် ချက်စားကြသည်။ ဗဟုသုတအဖြစ် ပြောရလျှင် မြွေပွေး၏အသားကပင် စနစ်တကျ အဆိပ်အိမ်ထုတ်ပြီး သူ့နည်းသူ့ဟန်နှင့် ချက်ပြုတ်စားပါက တခြား မြွေထက်ပင် အရသာ ပိုရှိသည်ဟု ပြောကြသည်။

မြွေပွေးဖမ်းနည်းကို ကြည့်ပါလေဦး။

www.burmeseclassic.com

www.burmeseclassic.com



မြွေသားကြိုက်သော လူငယ်လူကြီးတို့သည် တောထဲတက်ပြီး မြွေပွေးကို ရှာကြသည်။

တွေ့ပြီဟေ့ဆိုလျှင် တွေ့သောမြွေပွေး၏ ဦးခေါင်းပတ်ဝန်းကျင်ကို ချွန်မြသော ခရင်းချွန်ကဲ့သို့သော လုံတံဖြင့် ထိုးစိုက်ထားလိုက်သည်။ ထိုရောအခါ မြွေပွေးသည် လူးလွန့်၏။ ရုန်းကန်သည်။ သူ၏သဘာဝအတိုင်း အသံပြုကြသည်။ သို့တစေခက်ရင်းချွန်ခွလုံတံ စိုက်ထားသောကြောင့် ထိုမြွေပွေး မလွတ်နိုင်။

ထိုမြွေပွေး၏ ရုန်းကန်သံ လူးလွန့်သံ အသံပြုသံများကြောင့် တခြားနီးစပ်ရာ အနီးအနားမှ မြွေပွေးတွေက အပြေးရောက်လာသည်ဟူ၏။ ထိုရောက်လာသော မြွေပွေးတွေကိုချောင်းပြီး စောင့်နေသော လူသိုက်က ရိုက်သတ်လိုက်ရုံပင်။

ဟုတ်၏ ... မဟုတ်၏တော့ အပါသည် အတတ်မသိ။ သို့သော် သူ တာဝန်ကျရာ ဒေသတောရွာကျေးလက်များတွင် မြွေသားကို စပါယ်ရှယ် ထောင်စားသူများကို ထိုသို့ပြောဖူးသည်ကို ဗဟုသုတ ဖြစ်ခဲ့ရဖူးသည်။

ဒီတော့လည်း ဘုန်းကြီးကျောင်းသား ပေတလူ လင်းမြွေဖမ်းစားသည်ကို ပြုံး၍ လက်ခံမိပါတော့သည်။

"အေးကွာ ... နောက်ဆုံး ဖုန်းဆိုးမြေထဲကို ဝင်ပြေးသွားတဲ့ လင်းမြွေနောက်လိုက်တော့ မင်း ဘာတွေ ဖြစ်ခဲ့လဲ ပေတလူ"

"ဘာဖြစ်ရမလဲကွာ၊ လိုက်တုန်းကတော့ ငါကခေါင်းဆောင်ကျောင်းသားကြီးဆိုတော့ ခေါနဲ့ ရှေ့ကတအားလိုက်တာပေါ့၊ ဒါပေမဲ့ တောထဲ တကယ်ဝင်သွားတော့ မြွေက ငါ့ထက်ပိုပြီး တောကျွမ်းတာပေါ့၊ ဟိုဝင် ဒီထွက်နဲ့ တောနက်ထဲသာ ငါရောက်သွားတယ်၊ ငါ့နောက်က တစ်ကောင်မှ ဘုန်းကြီးကျောင်းသား



လေးတွေ မပါတော့ဘူး၊ တောထဲမှာ ငါတစ်ယောက်တည်း အပါ၊ မြွေကလည်း အစအနတောင် ရှာမရတော့ဘူး၊ အဲဒီမှာတင် ငါက ပြန်လမ်းကို ရှာရတာပေါ့၊ ဘယ်လိုမှ ရှာလို့မရဘူး၊ မိုးစုန်းစုန်းကို ချုပ်သွားရော၊ ဖုန်းဆိုးမြေတောထဲမှာ ငါ ချာချာလည်နေတယ်၊ မိုးချုပ်တော့ ငါ ကြောက်ပြီး တအားကုန်းအော်တာပဲ၊ အော်တာမှ အသံတွေ ပြောလာတယ်၊ အသံတွေ ဝင်လာတယ် အပါ"

"အဲဒီတော့ မင်းကို ဘယ်သူလာကယ်လဲ ပေတလူ"

"ဦးကြီးဆရာတော်ပဲ လာကယ်တာပေါ့၊ မိုးချုပ်လို့ကျောင်းသားတွေကို လက်ထောက်ကိုယ်တော်ကစစ်တော့ ငါပျောက်နေတာ တွေ့သွားတယ်၊ အဲဒီမှာတင် တခြားကျောင်းသားတွေက ဖော်ရတော့တယ်လေကွာ၊ ဆရာတော်ကြီးက တရားထိုင်ရင် ဒီတောထဲဝင်ပြီး ထိုင်လေ့ရှိတော့ ဒီဖုန်းဆိုးမြေတောကို ကျွမ်းနေတယ်၊ ဒါကြောင့် ဆရာတော်ကပဲ တောထဲ ရှေ့ဆောင်ဝင်လာပြီး ငါကုန်းအော်နေတဲ့နေရာ ရောက်လာတယ်၊ ဒါပေမဲ့ ကျောင်းပြန်ရောက်ပြီး ဆရာတော်ဘုရားရော၊ လက်ထောက်ကိုယ်တော်ကရော အကုသိုလ်အလုပ် ငါလုပ်ရမလားဆိုပြီး ကြိမ်ဆော်လိုက်တာ ငါ့တစ်ကိုယ်လုံး ထုံး နှံ့နှင်းလိမ်းရတယ် အပါ၊ အဲဒီကတည်းက တန်ဟဲ့ ... ဒီတောထဲ ငါ ဘယ်တော့မှ မဝင်တော့ဘူးလို့ ဆုံးဖြတ်ထားတာ၊ ဒါကြောင့် မင်းနောက်ကို ငါ မလိုက်တော့ဘဲ တောအဝက စောင့်နေတာပဲ အပါ"

အပါသည် ပေတလူ၏ ဓာတ်လမ်းကို ရယ်မောမိရပြန်ပါသည်။ တံငါနားနီးတံငါ ... မုဆိုးနားနီး မုဆိုးဆိုသည်မှာ နှစ်ဝိုစလုံးသည် အကုသိုလ်အလုပ်မို့ နီးစပ်သူသည် တံငါ,မုဆိုးဖြစ်ကောင်း ဖြစ်နိုင်သည်။ သို့စေကာမူ ... သူတော်စင် သူတော်မြတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာရန် ခက်ခဲပါ၏။ ယခုပင် ကြည့်ပါလေဦး။ ဆရာတော် ရှင်အာဒိစ္စကဲ့သို့ ပုဂ္ဂိုလ်မြတ်အနီးတွင် နှစ်ရှည်လများနေခဲ့သော ပေတလူသည် ရဟန်းတစ်ပါး ဖြစ်မလာပါလေခဲ့။ မိန်းမယူချင်သေးသည်။ ညစာထမင်းအငတ်မခံနိုင်။ လင်းမြွေကို ကိုယ်တိုင် ဖမ်းချက်စားလိုသည်။ ဩော် ... ပုထုဇဉ်ဆိုသည်မှာ အခက်သား။

နှစ်ဦးသား ရယ်မောရင်း ဘုန်းတော်ကြီးကျောင်းမှ ထွက်ခွာလာခဲ့ကြသည်။

"အခု ဘယ်သွားမလဲ"

ကျောင်းပရဝုဏ်မြေ ကင်းလွတ်ရာ လမ်းပေါ်အရောက်တွင် အပါသည် ရှုးဖိနပ်၊ ခြေအိတ် စသည်တို့ ပြန်စီးသည်။

"သချိုင်းသွားစို့ ပေတလူ၊ ဖေဖေ မေမေနဲ့ ဦးလေးသာဆန်း အုတ်ဂူတွေသွားပြီး ကန်တော့ရအောင်"

သချိုင်းအုတ်ဂူများနှင့် ပတ်ဝန်းကျင်ကို ဆရာတော်က ကျောင်းသားကိုရင်များနှင့် ရှင်လင်းသန့်စင်ထားသည်မှာ ဟုတ်လောက်ပေသည်။

ဖေဖေ, မေမေ ဦးလေးသာဆန်းနှင့် ရပ်ရွာရှိ သက်ကြီးရွယ်ကြီး အုတ်ဂူများတွင် ရေညှိများ လွှမ်းစွာနည်းပါးစွာသာ ကပ်ငြိနေသည်။ တစ်နှစ်တစ်ခါ ထုံးသုတ်ပေးသောကြောင့် ဖြူဖြူစင်စင်တွေ ရှိနေပါ၏။ စီးပွားရေးအခြေအနေအရ ရွာပနတိုင်းတွင် အုတ်ဂူသွင်းနိုင်ချင်မှ သွင်းနိုင်သည်။ အုတ်ဂူတိုင်းကိုတော့ ဆရာတော်သည် သန့်စင်ထားပေးသော စေတနာထားရှိကြောင်း တွေ့ရပါ၏။

ဖေဖေ, မေမေနှင့် ဦးလေးသာဆန်း၏ အုတ်ဂူပေါ်တွင် ပန်းတစ်စည်းစီ တင်လိုက်သည်။ အမွှေးတိုင်ထွန်းသည်။ ဖယောင်း



တိုင်ထုပ်ကို ထိပ်ပိုင်းနှစ်လက်မခန့် စက္ကူပုတ် ညီညာစွာခွာပြီး အထုပ်လိုက်ပင် ထွန်းညှိသည်။

ဖေဖေ့အုတ်ဂူမှ စတင်၍ အပါ ကန်တော့သည်။

ထို့နောက် မေမေ့အုတ်ဂူကို ကန်တော့သည်။

ပြီး ... ဦးလေးသာဆန်း အုတ်ဂူ။

ပေတလူသည် ဘာရယ် ညာရယ် မဟုတ်။ အပါလုပ်သလို လိုက်၍ ကန်တော့ပါ၏။ ပေတလူတွင် ဘာမျှအလေးအနက်ပြုမှုခြင်းဆိုသည်မှာ ရှိသည်မဟုတ်။ ခင်မင်ရာ ခင်မင်ကြောင်း သူများလုပ်လျှင် လိုက်လုပ်သည့်သဘောမျိုးသာ ရှိပါ၏။

သို့ပေမင့် နောက်ဆုံး ကန်တော့ပြီး အပါရွတ်ဆိုသံကြောင့် ပေတလူက ဆောင့်ကြောင့်တိုင်ကန်တော့ရင်းက အပါကို အံ့သြစွာ စောင်းကြည့်လိုက်သည်။

ဖေဖေနှင့်မေမေ သေဆုံးရခြင်းအတွက် ဦးလေးဟန်စိုန်က မကျေနပ်ပါ၊ သားမောင်လည်း မကျေနပ်ပါ၊ ဖေဖေမေမေကို သတ်သွားသောသူများအား သားမောင် အစွမ်းကုန် ဖော်ထုတ်ဖို့ ရောက်လာပါပြီ၊ ဖေဖေမေမေနှင့် ဦးလေးသာဆန်းကို သတ်သောသူများကို ညီမျှသောအပြစ်ဒဏ် ခံရပါစေမည် ခင်ဗျား၊ ယုတ်ညံ့သော ကလဲ့စားချေလိုသောစိတ်ဖြင့် မဟုတ်ပါ၊ တရားဥပဒေအရ ညီမျှသော အပြစ်ဒဏ်ခံရရေးအတွက် ဖော်ထုတ်လိုခြင်းသာဖြစ်ပါသည် ...

"အာမဘာဇွေပါ ဖေဖေနဲ့မေမေခင်ဗျား ...

"အာမဘာဇွေပါ ဦးလေးသာဆန်းခင်ဗျား"

ထို့နောက် အပါသည် ဦးသုံးကြိမ် ထပ်ချသည်။ ပေတလူကလည်း လိုက်ချရင်း ဟဲခနဲ ပေတလူ ရယ်လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

“မင်း ဘာရယ်တာလဲ ပေတလူ”

“မင်း ဘာတွေရွတ်နေတာလဲ အပါ၊ မင်းရွတ်တာတွေ ငါ နားမလည်ဘူး၊ ဘာတွေရွတ်နေမှန်းမသိ ရွတ်နေတာမို့ ငါရယ် ချင်လာတာပဲ အပါ”

“အေး ... မင်းဟာမင်း ရယ်ချင်ရယ် ငိုချင်ငို ပေတလူ၊ ငါရွတ်တာဟာ ငါရွတ်တာပဲ၊ မင်း ဘာမှန်းမသိရင် ဘာမှန်းမသိ သလိုသာ နေလိုက်ပေတော့”

ကန်တော့ပြီး သင်္ချိုင်းမှ ထွက်လာခဲ့ကြသည်။

ဆရာတော် ညွှန်ကြားချက်အတိုင်း အရပ်လူကြီးဆီသို့ သွားရောက်ခါ ကျောင်းပြင်ရန် ငွေသုံးရာလှူဒါန်းငွေ ထည့်ခဲ့ သည်။ အရပ်လူကြီးက သာဓုခေါ်ပါ၏။

“အင်း ... သာဓုကွယ် ... သာဓု ... သာဓု၊ အခုဆို ဆရာ တော် ရှင်အာဒိစ္စ ကျောင်းပြင်ဖို့ ငွေတစ်ထောင့်သုံးရာ ရသွားပြီ ပေါ့။ ဒီအရပ်က ကောက်ခံငွေတွေ ဘာတွေနဲ့ဆိုရင် တစ်ထောင့် ငါးရာဖိုးလောက် ပြင်ဆင်နိုင်မှာပေါ့လေ”

အပါက ကောက်ကာငင်ကာ မေးလိုက်သည်။

“တစ်ထောင်က နီမာ လှူသွားတာ မှတ်လား ဦးလေး”

“အေးလေ ... နီမာ လှူသွားတာပေါ့၊ နီမာဆိုတာက သာ အောင်နဲ့ မယ်ညွှန့်သမီးလေကွာ၊ ဟိုတုန်းကတော့ မင်းလှူပစ်ခဲ့ တဲ့ ဆရာတော် ရှင်အာဒိစ္စကျောင်းနဲ့ ဘေးချင်းယှဉ်ရက်က အိမ် မှာနေခဲ့တာပေါ့၊ အင်းလေ ... အဲဒီတုန်းက မင်းက ကလေးဆို တော့ ဒါတွေ မှတ်မိချင်မှ မှတ်မိမှာပေါ့ကွာ၊ သူတို့လည်း မြို့ ကြီးပြကြီး ပြောင်းသွားပြီး စီးပွားဖြစ်နေဟန် တူပါရဲ့”

“နီမာတို့ ဘယ်မြို့ကိုပြောင်းသလဲ ဦးလေး”



“ဟော ... အဲဒါတော့ ငါ မသိဘူးကွ၊ ပြောင်းတော့ပြောင်း သွားတာပဲ၊ ပြောင်းသွားတာကလည်း ကြာမှကြာပြီပဲကိုးကွ”

“မှတ်ဘူးလေ ခုန ဦးလေးပြောတဲ့ စကားထဲမှာ နီမာတို့ မြို့ကြီးပြကြီး ပြောင်းသွားပြီး စီးပွားဖြစ်နေတယ်ဆိုတဲ့ စကား ကြောင့် ကျွန်တော် မေးတာပါ ဦးလေး”

“အေး ... ဒါတော့ ဦးလေး မှန်းပြောတာ၊ ဘာလို့လဲဆို တော့ နီမာက ငွေတစ်ထောင်ကြီးတောင် လှူသွားတယ်၊ နီမာ ဝတ်ထားတာ ကြည့်ရတာလည်း တကယ့်မြို့ကြီးသူတွေ ဝတ် စားထားသလို ဝတ်စားထားတယ်။ ရုပ်ရှင်ထဲက သိပ်လှပါတယ်ဆို တဲ့ ခုခေတ်ရုပ်ရှင်မင်းသမီး တစ်ယောက်ယောက်ဟာ နီမာလောက် မလှဘူးတဲ့၊ ဒါလည်း ငါ့မြေးနှစ်ယောက်ဖြစ်တဲ့ ကုတ်ပေါ်နဲ့ ဥသြက ပြောပြလို့ ငါသိတာ။ ငါ့မြေးနှစ်ကောင်က ရုပ်ရှင်ဝါသနာ အိုးတွေ ပဲရူးသွားပြီး ရုပ်ရှင်ကြည့်နေကျကောင်တွေ”

ဘာပြောပြော အဓိကဆိုလိုရင်းမှာ နီမာသည် ယနေ့ခေတ် ၏ ဝတ်စားဆင်ယင်မှုနှင့် လျော်ညီစွာ သိပ်ပြီးလှနေသည်ဟု အဓိပ္ပာယ်ရလေ၏။ သို့တစေ ခုချိန်ထိ နီမာသည် မြို့ကြီးပြကြီး တွင်နေပြီး စီးပွားရေး ပြေလည်နေကြောင်းသာ သိရသည်။ ဘယ်မြို့၊ မည်သည့်မြို့ဟု မည်သူမျှ အတိအကျ ညွှန်းဆိုနိုင်ခြင်း မရှိပါသေး။

“ဦးလေး နီမာလှူတဲ့ငွေတစ်ထောင်မှာ ဦးလေးက မှတ်တမ်း ပြုမထားဘူးလားဟင်”

“ဟာ ... ပြုတာပေါ့၊ မပြုရင် အလှူငွေကိစ္စ အရပ်ကို စာရင်းတင်ပြတဲ့အခါ ဘယ်မှာပြလို့ရမလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် နီမာရဲ့လိပ်စာ ဦးလေးရဲ့မှတ်တမ်းမှာ မှတ်မထားဘူးလားဟင်"

အရပ်လူကြီး ဦးလေးကြီးက ခေါင်းခါပြသည်။

"နီမာဆိုတဲ့ နာမည်တစ်လုံးပဲ ပေးသွားတယ်။ ကဝမြို့သူ ဟောင်း ဦးသာအောင် ဒေါ်မယ်ညွန့်၏ သမီးလို့သာ မှတ်တမ်း ရေးခိုင်းတယ်၊ ဒါလောက်ဆိုရင် ပါကလည်း ရှင်းတမ်းတင်ပြတဲ့ အခါ လုံလောက်နေတာမို့ ဒီအတိုင်း လက်ခံလိုက်တယ်လေကွာ"

နီမာသည် လျှုတော့လျှုသည်။ ကဝသို့လည်း လာသည်။ သို့တစေ သူမကိုယ်ကို ခြေရာဖျောက်ထားသည်မှာ ထင်ရှားနေပါ၏။

အပါ သိချင်သည်မှာ နီမာသည် ယခု မည်သည့်မြို့ မည်သည့်ဒေသတွင် မည်သည့်အလုပ်အကိုင် မည်သည့်အခြေအနေနှင့် ရှိနေပါသနည်းဟူ၍သာ။

ဤကြားထဲမှပင် အပါထိချင်သည်တစ်ခု သိရပါ၏။

ထိုသိချင်သောအချက်မှာ နီမာ၏မိဘအမည်များ ဖြစ်သည်။ ဟိုတုန်းက (၉)နှစ်သားအရွယ်တုန်းက နီမာ၏ဖခင်အား "ဦးကြီး" ဟုလည်းကောင်း၊ နီမာမိခင်အား "ဒေါ်ကြီး"ဟုလည်းကောင်း ခေါ်ခဲ့ပေမင့် နာမည်မှန် မသိခဲ့။

ယခုမှ နီမာ၏ ...

ဖခင်သည် ဦးသာအောင်။

မိခင်သည် ဒေါ်မယ်ညွန့်။

ဒါလောက် သိရသည်ပင် မဆိုးလှဟု အပါ တွက်ရတော့သည်။



အပါကလည်း ငွေသုံးရာလှူသော အရပ်လူကြီး၏မှတ်တမ်းတွင် အမည် အပါ။ ကဝမြို့သားဟောင်း ဦးညဏ်ထိန်၏သား ဟုသာ လိပ်စာပေးခဲ့ပါလေတော့သည်။

ထိုလိပ်စာအရ ထိုအရပ်လူကြီး ရှင်းတမ်းထုတ်နိုင်ရုံမျှသာ ပေးခဲ့ခြင်းဖြစ်ပါ၏။

"ဒါထက် ဦးလေး၊ နီမာ ဦးလေးကို ငွေလှူပြီးတဲ့နောက် ဘယ်ဘက်ကို ထွက်သွားသလဲဟင်"

"ကူးတို့ဆိပ်ဘက်ကိုပဲ အပါ၊ ပြန်တော့မယ်လို့လည်း ပြောသွားတယ်"

အပါနှင့် ပေတလူသည် ကူးတို့ဆိပ်ဘက် ဆင်းခဲ့ကြသည်။ အဆင်သင့်ပင် ကူးတို့သူကြီး ဦးလေးဖြိုင်နှင့် တွေ့ရပေသည်။

ဦးလေးဖြိုင်နှင့် ပေတလူကပင် အပါအား လွန်ခဲ့သော (၁၅)နှစ်က စားပြများသတ်လို့ သေသွားသော ဦးညာဏ်ထိန်၏ သား အပါ ဖြစ်ကြောင်း ပဏာမ မိတ်ဆက်ပေးလိုက်သည်။

"ဒီကောင် အပါက ဟိုတုန်းက သူသိချင်တဲ့အကြောင်း လေးတွေ ရှိနေသတဲ့ ဦးလေးဖြိုင်၊ ကျုပ်ကတော့ ကြားထားတာ ပဲ ဦးလေးဖြိုင်ဟာ ဒီကဝမြို့ရဲ့ ဘုတ်အုတ်ကြီးလို့ ဘာမဆို ဦးလေးဖြိုင် သိတယ်လို့လေ"

"အေး ... သိတော့ သိတယ်ကွ၊ ဒါပေမဲ့ တချို့ကိစ္စတွေ ကျတော့ အသက်ကြီးလာတော့ မေ့ကုန်တယ်ကွ၊ ဒါပေမဲ့ ဦးလေး ဖြိုင်က ဘုတ်အုတ်ထဲမှာ မှတ်ထားလေ့ရှိပါတယ်၊ မင်းတို့ခေတ် စကားနဲ့ဆိုရင် ဒိုင်ယာရီမှတ်တမ်းမျိုးပေါ့ကွာ။ ကဝမြို့ရဲ့ထူးထူး ခြားခြားဖြစ်တဲ့ ကိစ္စမှန်သမျှ ဦးလေးဖြိုင် ဘုတ်အုပ်ထဲမှာ ရေး မှတ်ထားတယ်။ နောင်လာ နောင်သားတွေသိအောင်ဆိုတဲ့ သဘော

www.burmeseclassic.com

www.burmeseclassic.com



ပေါ့လေ။ နောက်ပြီး ဦးလေးဖြိုင်က စာရေးတာ ဝါသနာပါတယ်။ ရာဇဝင်ဆရာတွေ ကျမ်းပြုဆရာတွေ ရေးခဲ့တာဆိုရင် သိပ်သဘောကျတာပဲ။ ဒါပေမဲ့ ကိုယ်က သိပ်စာမတတ်တော့ တတ်သလောက်နဲ့ ရေးမှတ်ထားတဲ့ သဘောလောက်ပါ"

"ဟုတ်ကဲ့ ဦးလေးဖြိုင်၊ ကျွန်တော် သိချင်တာက ဖေဖေ ဦးညဏ်ထိန်ရော၊ မေမေရော၊ ဦးလေးသာဆန်းရော ဓားပြတွေ သတ်ခဲ့တာကို မှတ်မိသလားလို့ပါ"

"အား ... ကောင်းကောင်း မှတ်မိတာပေါ့၊ တစ်အိမ်သားလုံး သတ်သွားတဲ့ ဓားပြတိုက်မှုဆိုတာ ထူးထူးခြားခြား မှတ်မိတာပေါ့ ညဏ်ထိန်ရဲ့သားလေးတောင် အိမ်နောက်ဖေးက ဖုန်းဆိုးမြေထဲ ထွက်ပြေးလို့ လွတ်သွားတာ"

"အဲဒီ ဦးညဏ်ထိန်ရဲ့သားဟာ ကျွန်တော်ပဲ အဘ"

"အား ... ဟုတ်သားပဲ၊ အဲဒါပဲကြည့်တော့ကွာ၊ အသက်ကြီးလာလို့ ခုပြော ခုမေ့ဆိုတာတွေ ဖြစ်လာပြီ"

"ကျွန်တော် ဆက်ပြီးသိချင်တာက အဲဒီ လွန်ခဲ့တဲ့ဆယ့်ငါးနှစ် ဖေဖေဦးညဏ်ထိန်မိသားစု ဓားပြသတ်သွားတဲ့နှစ်က ကဝမှာ အင်းလေလံကို ဘယ်သူဆွဲခွင့် ရသွားလဲဆိုတာပဲ ဦးလေးဖြိုင်"

အပါ၏ မေးခွန်းကို ဦးလေးဖြိုင် စဉ်းစားပေးသည်။ စဉ်းစားရင်း ဦးခေါင်းကိုမော့ကာ "အင်း ... နေဦးကွ၊ အခု တစ်ထောင့်သုံးရာ သုံးဆယ့်ကိုးခုဆိုတော့ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ပြန်နှုတ်ရင် အဲ ... နေဦး"

ဦးလေးဖြိုင်သည် လက်ချောင်း ဆယ်ချောင်းကို ချိုးလိုက် ကွေးလိုက် တွက်ချက်နေသည်မှာ အကြာကြီး ဖြစ်ပါ၏။ အပါက ဝင်ကြားဖြတ်ပြီး (၁၃၃၉)ထဲမှ(၁၅)နှုတ်ပစ်ကာ ...



"တစ်ထောင့်သုံးရာ နှစ်ဆယ့်လေးခုပေါ့ ဦးလေးဖြိုင်၊ အဲဒီနှစ်က အင်းလေလံကို ဘယ်သူဆွဲခွင့် ရသွားသလဲ"

"အေး ... တစ်ထောင့်သုံးရာ နှစ်ဆယ့်လေးခုနှစ်က ဘယ်သူ လေလံဆွဲခွင့်ရသလဲဆိုတော့ ... အဲ ... အဲ ... နေဦးကွ၊ အင်း ဟိုဒင်း ဒါကတော့ ဒီလိုရှိတယ်လေကွာ၊ ဘုတ်အုတ်ထဲ ပြန်ကြည့်မှ သိမှာကွ။ အခုချက်ချင်းဆိုရင် ဒုံးသဘော အကြမ်းပျဉ်းသဘောသာ ပြောနိုင်မယ်"

"ဒုံးသဘောပဲ ပြောပါဦး ဦးလေးဖြိုင်"

"ဒုံးသဘော ပြောရရင် အဲဒီခေတ်က နိုင်ငံရေးခေတ်ကွ"

ထိုခေတ်က ဖဆပလခေတ် ပါလီမန်ခေတ်ကို ဦးလေးဖြိုင်တို့လို အသက်ကြီးသူများက ခြုံငုံပြီးစလွယ် သူတို့နားလည်သော ခေါ်ဟာရအတိုင်း နိုင်ငံရေးခေတ်ဟု ပြောတတ်ပေသည်။

"အဲဒီနိုင်ငံရေးခေတ်မှာ အင်းလေလံကို အပြိုင်ဆွဲတဲ့လူ ငါးယောက်ရှိခဲ့တယ်ကွ။ အဲဒီငါးယောက်နာမည်တွေက မြဘူးရယ်၊ ဘကျော်လင်းရယ်၊ ညဏ်ထိန်ရယ်၊ သာအောင်ရယ်၊ ကျင်ဟုတ်ရယ်ပဲကွ။ ကျင်ဟုတ် ဆိုတာကတော့ ကုန်စုံဆိုင်ကြီး တည်ထားပြီး အင်းလေလံကို အပျော်တမ်း ဝင်ဆွဲတဲ့ကောင်ပါ၊ ဒီကောင်က အရက်ကြူးဆိုတော့ ငါးပိ၊ ငါးခြောက်လုပ်ငန်းလည်း သိပ်မကျွမ်းပါဘူး။ အင်းလေလံဆွဲတဲ့လူတွေက ရေကိုမြင်တာနဲ့ ဒီနှစ်အဖို့ ငါးဘယ်လောက်ရမယ်၊ ပုစွန်ဘယ်လောက်ရမယ်၊ ငါးဆိုရင်တောင် ဒီနှစ်ဘယ်လိုငါးအမျိုးအစားတွေ အများဆုံးဆင်းမယ်လို့ ခန့်မှန်းနိုင်တယ်ကွ၊ ကျင်ဟုတ် အဲဒီလောက် မကျွမ်းပါဘူး၊ ဟိုကျွမ်းတဲ့ လူလေးယောက်က မလိုချင်တဲ့နှစ်ကျမှ ကျင်ဟုတ်ဆီ လေလံရတာပါ၊ ဒါပေမဲ့ ကျင်ဟုတ်လည်း မရှုံးပါဘူး၊ သူ

www.burmeseclassic.com

www.burmeseclassic.com



ခွဲတဲ့အပတ်မှာ အမြတ်နည်းတာပဲ ရှိတယ်။ ဒါပေမဲ့ ဘာပြော ပြော သူ့မှာ ကုန်စုံဆိုင် ခတ်ခံရှိနေတော့ တခြားမြို့တွေဖြစ်နိုင်လို့ပိုတဲ့ ငါးပိ ငါးခြောက် သူ့ဆိုင်မှာ တစ်နှစ်လုံးတင်ရောင်းပြီး အမြတ်အစွန်း မဆိုးဘူးပေါ့ကွာ”

အပါသည် ဦးလေးဖြိုးပြောသော စကားများအနက်မှ သူလိုချင်သောအချက်ကို ခွဲထုတ်ယူတော့သည်။

ဦးလေးဖြိုးပြောပြသော အမည်များထဲတွင် ညာဏ်ထိန်ဆိုသည်မှာ အပါ့မွေးသဖခင်၊ သာအောင် ဆိုသည်မှာ နီမာ၏မွေးသဖခင်။

ကျန်သော ကျော်အောင်နှင့် မြဘူး ဆိုသည်ကိုတော့ အပါလုံးဝမမှတ်မိ။

ကျင်ဟုတ် အကြောင်းကိုတော့ ဦးလေးဖြိုး အများကြီးပြောပြသောကြောင့် အပါ မှတ်မိလာသည်။

ကျင်ဟုတ်ဆိုသည်မှာ ကဝမြို့၏ ချောင်းလက်တက်တစ်ခုကို ဖြတ်ဆောက်ထားသော တံတားကြီး ဒီဘက်ထိပ်ရှိ ကုန်စုံဆိုင်ကြီးပိုင်ရှင်မှန်း အပါ၏ မျက်စိထဲ မြင်လာမိသည်။

ဦးလေးဖြိုးကတော့ သူ့အသက်အရွယ်အားဖြင့် ဒီလူတွေကို “ဦး”တတ်မခေါ် “ကို”တတ်မခေါ်၊ ဟိုစဉ်ကတည်းက သူခေါ်နေကျအတိုင်း ခေါ်ခြင်းဖြစ်သည်။

ထိုစဉ်က နီမာသည် ကျွန်တော့်တွင် မုန့်ဖိုးပိုက်ဆံရှိလာလျှင်လည်းကောင်း၊ ပိုက်ဆံလေးရှိလာလျှင်လည်းကောင်း ...

“လာဟယ် ... အပါ၊ တို့ ဦးကျင်ဟုတ်ကြီးဆိုင်သွားပြီး တရုတ်မုန့် ဝယ်စားမယ်၊ သကြားလုံး ဝယ်စားမယ်”ဟု ပြောလေ့ရှိသည်။



ထိုရောအခါ နီမာနှင့် ကျွန်တော်သည် လက်ချင်းတွဲကာ တံတားကြီးထိပ်ရှိ ဦးကျင်ဟုတ် ကုန်စုံဆိုင်သို့ ရောက်လာတတ်သည်။ ထို့ကြောင့် ယခု ဦးလေးဖြိုးပြောပြသော ဦးကျင်ဟုတ်ကြီးကို အပါ မှတ်မိလာသည်။ ဘဲမြီးဘိုကေဖြင့် ဖြူဖြူဝဝတရုတ်ကြီး၊ ဖေဖေ ဦးညာဏ်ထိန်၏ အသက်အရွယ်လောက် ရှိသည်။

သူ့ကုန်စုံဆိုင်ထဲ ကလေးတွေ ဝင်လာလျှင် မနှစ်မြို့က်တတ်။

“ဟေး ... ဘာဝယ်မလဲ၊ ဝယ်ပြီးရင် သွား ... သွား”ဟု အောင်းထုတ်တတ်သော ဦးကျင်ဟုတ်ကြီးပါပေ၊ ဦးကျင်ဟုတ်ကြီးသည် သူ့ကုန်စုံဆိုင်မှ ဇရုတ်သီးတစ်တောင့် ကြက်သွန်တစ်ဥ ကလေးတွေ နှိုက်ယူသွားမည်ကို စိုးရိမ်စတတ်လွန်းသော တရုတ်ကြီး ဖြစ်ပါ၏။

ဆန်းစစ်ကြည့်လျှင် ဦးကျင်ဟုတ်ကြီးကို အပါက ဘေးချိတ်ထားလိုက်သည်။

ဦးလေးဖြိုး ပြောစကားအရဆိုလျှင် အင်းလေလံတိုင်းတွင် ဤလူ(၅)ဦးသာခွဲပြီး တစ်ဦးဦးရလေ့ရှိသည်ဟု သဘောသက်ရောက်သည်။ တခြား မည်သူမျှ ထိုခေတ်က ထို(၅)ဦးကိုဝင်၍ မယှဉ်ပြိုင်။

တွက်ချက်ကြည့်စတမ်းဆိုလျှင် ...

စစ်၏ သေနင်္ဗျူဟာတစ်ခုတွင် ရန်သူ၏နယ်မြေ၊ အင်အား၊ ထူဦးရေ စသည်တို့ကို ပထမဆုံး ကင်းထောက်ကြည့်ရသည်။ ရန်သူ၏အင်အား လက်နက် နယ်မြေကို သိလာရသောအခါ ရန်သူတို့၏နယ်မြေ ရန်သူ၏အင်အားကို Scope ကျဉ်းနိုင်သမျှ ကျဉ်းအောင် တွက်ရပြန်သည်။ ပြီးမှ သူ့အား ကိုယ့်အားချင့်ချက်ပြီး အောင်နိုင်ရေးအတွက် တိုက်ခိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အပါသည် ဦးလေးဖြိုင်၏ သတင်းများအရ နယ်မြေရော အင်အားရော Scope ကျဉ်းချုံလိုက်သည်။

ဦးကျော်ဟုတ် ဘေးထွက်။

ဦးညဏ်ထိန် ဘေးထွက်။

နှစ်ဦး ဘေးထွက်သွားသောအခါ သုံးဦးသာ ကျန်တော့ပါ၏။

ဦးမြဘူး၊ ဦးကျော်အောင်၊ ဦးသာအောင် ...

ယင်းသုံးဦးအနက် ထိုနှစ်က အင်းလေလံကို မည်သူရခဲ့လေသနည်း၊ မည်သူရလေခဲ့သနည်းကို ဦးလေးဖြိုင်ကိုပင် ဆက်၍မေးရမည်။

ယင်းသုံးဦးအနက် ထိုနှစ်က အင်းလေလံကို မည်သူရခဲ့လေသနည်း၊ မည်သူရလေခဲ့သနည်းကို ဦးလေးဖြိုင်ကိုပင် ဆက်၍မေးရမည်။

"ဒီမှာ ဦးလေးဖြိုင် အဲဒီနှစ်က ဖေဖေက ဓားပြသတ်ခံရတယ်နော်၊ ဦးကျော်ဟုတ် ဆိုတာက သူများမလိုချင်မှ အင်းလေလံကို နောက်ဆုံးဆွဲတဲ့လူပါ၊ အဲဒီတော့ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ် တစ်ထောင့်သုံးရာနှစ်ဆယ့်လေးခုနှစ်မှာ အင်းလေလံ ဘယ်သူရလဲ ဦးလေးဖြိုင်၊ အဲဒါကို ကျွန်တော် သိပ်သိချင်တာပဲ၊ ရချင်းရရင် ဦးမြဘူးရယ်၊ ဦးကျော်အောင်ရယ်၊ ဦးသာအောင်ရယ် တစ်ဦးဦး ဖြစ်မှာပေါ့ ဟုတ်ဘူးလား"

ဦးလေးဖြိုင်သည် ဗာဘက်ပေါင်းထားသော မျက်နှာသုတ်ပဝါကို ဖြုတ်လိုက်သည်။ ပြီး သူ၏ဆံပင်မရှိသော ခေါင်းတုံးကို လက်ငါးချောင်းဖြင့် ကုတ်လိုက်သည်။



"အဲဒီလောက်တိတိကျကျတော့ ငါမဖြေတတ်ဘူးလေကွာ။ ဒါပေမဲ့ နှစ်စဉ်နှစ်တိုင်း အင်းလေလံဘယ်သူရသွားတယ် ကူးတို့လေလံ ဘယ်သူရသွားတယ်ဆိုတာမျိုးတွေ ငါ့ဘုတ်အုပ်ထဲမှာ ရေးပြီးမှတ်ထားတာတွေတော့ ရှိတယ်၊ တိတိကျကျ မင်းသိချင်ရင် နောက်တစ်ခါထပ်ပြီး ကဝကို ဆင်းခဲ့ကွာ၊ ငါ့ရဲ့ဘုတ်အုပ်ထဲမှာ ရှာကြည့်ထားမယ်၊ အခုတော့ ကူးတို့သိမ်းချိန်ရောက်နေပြီ၊ ကူးတို့ဟိုဘက်ကမ်း ကူးတော့မယ်၊ မင်းသိချင်ရင် ဒီမှာညအိပ်၊ ငါ့အိမ်က ဘုတ်အုပ်ထဲမှာ မင်းသိချင်တာ လိုက်ကြည့်"

အပါက ကဝတွင်ညအိပ်ပြီး ဦးလေးဖြိုင်၏ဘုတ်အုပ်ထဲမှ ကိုယ်သိချင်သောအချက်ကို လိုက်ကြည့်ရလျှင် ကောင်းမလားဟု စဉ်းစားလိုက်သေးသည်။

သို့သော် ...

မော်တော်ဆိုင်ကယ်သည် ဟိုဘက်ကမ်းတွင် ဒီအတိုင်းထားခဲ့သည်။ ယင်းမော်တော်ဆိုင်ကယ်မှာ မိမိကိုယ်ပိုင်မော်တော်ဆိုင်ကယ်လည်းမဟုတ်၊ သူငယ်ချင်း ထွန်းနေလင်းထံမှ ဆွဲလာသော မော်တော်ဆိုင်ကယ်ဖြစ်သည်။

ထို့ထက်မှာမူ ...

သူငယ်ချင်းထွန်းနေလင်းက မိမိအား အတန်တန်မှာလိုက်သည်။

"သူငယ်ချင်း ... ငါ့ဆိုင်ကယ်မကလို့ ငါ့ကားကို ယူသွားချင်သွား၊ ဒါပေမဲ့ ဒီညနေပိုင်းရောက်အောင်တော့ ပြန်လာခဲ့ကွာ၊ ဒီပြင်အကြောင်းကြောင့်တော့ မဟုတ်ပါဘူး။ ဒီည ငါ့မွေးနေ့ပါတီပွဲတစ်ပွဲ သွားစရာရှိလို့ကွ။ အဲဒီမွေးနေ့ပါတီပွဲကို မင်းပါ ရောက်တုန်းရောက်ခိုက် လိုက်စေချင်တယ်။ အဲဒီပွဲမှာ ငါ့အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးက သီချင်းဆိုပြမှာကွ၊ ငါ့အမျိုးသမီး ဘယ်လောက်နိပ်ပြီး ဘယ်လောက်သီချင်းဆိုကောင်းတယ်ဆိုတာ မင်းသိစေချင်လို့။ ငါ ဘယ်လောက်စွန်တယ်ဆိုတာ မင်းကို ကြွားချင်လို့။ မင်းဒီည ဆက်ဆက်တော့ ပြန်လာကွာ"

ထွန်းနေလင်း၏ အမှာစကားကြောင့် အပါသည် ဦးလေးဖြိုင်၏ ဘုတ်အုပ်ကြီးအား နောက်တစ်ခေါက်လာမှ ကြည့်တော့မည်ဟုပင် ဆုံးဖြတ်လိုက်ရတော့သည်။ ယခုတစ်ခေါက် ညအိပ်ခဲ့ပြီးကြည့်လည်း ဒီအကြောင်းအရာပင် သိရမည်။ နောက်တစ်ခေါက် ပြန်လာပြီး အေးအေးဆေးဆေး ကြည့်လည်း ဒီအကြောင်းအရာပင် သိရမည်။ ဘာထူးလေမည်နည်း။ ရန်ကုန်နှင့် ကဝဆိုသည်မှာ မော်တော်ဆိုင်ကယ်နှင့်လာလာ မော်တော်ကားနှင့်လာလာ နေ့ချင်းပြန်ခရီး မဟုတ်ပါလား။

ယခု ကူးတို့က နောက်ဆုံးခေါက် ဖြစ်နေသည်။

သူငယ်ချင်းထွန်းနေလင်း ကျေနပ်အောင် ရန်ကုန်သို့ပြန်လေဦးမှ။

"ဒီလိုလုပ်ပါလား ဦးလေးဖြိုင်၊ ကျွန်တော် အခုတော့ ရန်ကုန်ပြန်လိုက်ဦးမယ်၊ ဦးလေးဖြိုင်ကလည်း ကျွန်တော်သိချင်တာတွေကို ဘုတ်အုပ်ကြီးထဲမှာ ရှာထားနှင့်ပေါ့၊ ကျွန်တော် နောက်တစ်ခေါက် ပြန်လာခဲ့ဦးမယ်လေ"

"ဟ ... ဒါဆိုရင် သိပ်ကောင်းပေါ့ကွ၊ ငါ့ဘုတ်အုပ်ကြီးထဲမှာ ရှာကြည့်ရမှာကလည်း အချိန်တော်တော်ကြာဦးမှာကွ၊ ဘုတ်အုပ်ကြီးက လက်လေးလုံးလောက် ထူနေပြီ၊ ငါရှာထားလိုက်မယ်ကွာ၊ မင်း နောက်တစ်ခေါက် ပြန်လာရင် အဆင်သင့်ပေါ့"



ယခုအခေါက်မှာလည်း ဖိုးထော် သမ္ဗာန်ခတ်ရန် အခေါက်ဝင် ဖြစ်ပါ၏။ သို့စေကာမူ ပေတလူက ငါ့သူငယ်ချင်း ငါကိုယ်တိုင်လိုက်ပို့မည်ဟု ဆိုသောကြောင့် ဖိုးထော်က ကဝဘက်ကမ်းမှာဝင် နေခဲ့သည်။ ပေတလူ ကိုယ်တိုင် အပါ့အား ကူးတို့သမ္ဗာန်ခတ်ပြီး ထုံးကြီးဘက်ကမ်းသို့ ပို့ခဲ့ပါ၏။

အပြန်တွင် ရေတက်ချိန်မို့ ထုံးကြီးဘက်ကမ်းအရောက်တွင် တာရိုးကို မကူးရပါလေတော့။ ကားလမ်းဆုံး ကမ်းပါးအနီးသို့ပင် ရေရောက်နေသည်။ သမ္ဗာန်သည် ကမ်းပါးထိပ်နားရောက်လုနီးပါး ကပ်နိုင်သည်။ တခြားခရီးသည်တွေ အားလုံး ကုန်စင်အောင် ကမ်းပေါ်တက်ပြီးမှ အပါက နောက်ဆုံးကျန်ရစ်ပြီးတက်သည်။

မတက်မီ ...

ပေတလူ၏ပုဆိုးကြားသို့ အပါက ငွေငါးရာတိတိ အတင်းညှပ်ထည့်လိုက်သည်။

"ဟော့ကောင် ... အပါ၊ ငါ မယူဘူးကွ"

ပေတလူ ခါးခါးသီးသီး ငြင်းသည်။

"ယူပါ ပေတလူ၊ ငါ့စေတနာဟာ ငါ့ငယ်သူငယ်ချင်းသက်သက်ဆိုတဲ့ စေတနာပါ၊ မင်း ငါ့စေတနာကို လက်မခံချင်ရင် အဲဒီငွေတွေ ကဝချောင်းထဲ လွှင့်ပစ်လိုက်ကွာ ဒါပဲ။ ငါသွားတော့မယ် ပေတလူ။ နောက်အပတ်လောက် ငါလာခဲ့ဦးမယ်"

အပါသည် ပြောပြောဆိုဆို သမ္ဗာန်ပေါ်မှ သွက်လက်စွာဆင်းခဲ့သည်။ ထုံးကြီးကမ်းပါး ရောက်သည်အထိ ပေတလူကို တစ်ချက်လေးမျှ နောက်ပြန်မကြည့်တော့ဘဲ သူ၏မော်တော်ဆိုင်ကယ်ဆီသို့ ပြေးလွှားလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ဆိုင်ကယ်ကို ခွပြီးစက်နှိုးကာ စက်နိုးသည်နှင့် လက်ကိုင်တွင် တပ်ထားသော နောက်ကြည့်မှန်မှ ပေတာလူရှိရာသို့ ချိန်ကြည့်လိုက်သည်။

ပေတာလူသည် သမ္မာန်ပွဲပိုင်းတွင်ရပ်ကာ အပါရှိရာသို့ ငေးကြည့်နေသည်ကို တွေ့ရသည်။

သို့တစေ ပေတာလူသည် အပါပေးခဲ့သော ငွေငါးရာကို ကဝမြစ်ထဲသို့ လွှင့်မပစ်ပါလေ။

အပါက ကျေနပ်စွာပြုံးကာ ဆိုင်ကယ်မောင်းထွက်လာပါ၏။

* ○ *



## ၆

ပွဲသွားကြော့ကြော့၊ ပွဲပြန်မော့မော့။

ပွဲသွားစဉ်အခါကတော့ ဝတ်ကောင်းစားလှတွေ ဝတ်ကြသည်။ မှုန်နံ့သာတွေ ခြယ်သကြသည်။ ဆံကေသာကို အလှအပ ထုံးဖွဲ့ကြသည်။

တစ်ညလုံး ပွဲထဲတွင် မိုးလင်းငုတ်တုတ် ထိုင်ကြရသည်။ အညောင်းဆန့်လို၍မျှ ရှေ့လူနောက်လူ ပရိသတ်ကြားတွင် ခြေလက်မဆန့်သာ။ ပျင်းရိဖွယ်ကောင်းသော ပြကွက်များနှင့် ဝန်ကြီးထွက်သည့် အခန်းမျိုးတွင် ငုတ်တုတ်လျက်သား အိပ်ငိုက်ကြရသည်။ ညပိုင်းဆိုသည်မှာ လူခန္ဓာမှ ကိုယ်ငွေ့ပြန်ချိန် ဖြစ်သည်။ ပရိသတ်ထဲမို့ အတွင်းအန္တရာယ်၊ ဆီး၊ ဝမ်း၊ လေကို တတ်နိုင်သရွေ့ အောင့်အည်းထားရသည်။

ပွဲပြီးမိုးလင်းတော့လည်း ကြိတ်ကြိတ်တိုးပြီး ဟိုတိုးဒီခွေ့ ထွက်ခဲ့ရသည်။ ပွဲထဲမှာတော့ ဆန္ဒဓာတ်ဖြင့် မျက်လုံးဖြဲ၍ ကြည့်နိုင်သည်။ ပွဲပြီးတော့ ဆန္ဒဓာတ်တွေ မရှိတော့။ မျက်တောင်စင်းလာသည်။ အိမ်ပြန်ရင်း လမ်း၌မအိပ်မိအောင် ဟိုမော့မော့ ဒီမော့မော့ မျက်လုံးအတင်းဖွင့်ကြည့်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အသွားတုန်းက ကြြောကြြောလေး ဖြစ်ပေမင့် အပြန်ကျတော့ တမော့မော့။

ယခုလည်း ကြည့်ပါဦး။ ဆံပင်တွေ ဖွာလန်ကျဲလာသည်။ မျက်နှာတွင် လေတိုးဒဏ်ကြောင့် နီမြန်းနေသည်။ ဂျာကင်မှာရော ဘောင်းဘီမှာရော ဖုန်တွေကွက်ကြားကပ်နေသည်။ ရှူးဖိနပ်အနက်မှာ ရွှံ့ခြောက်တွေဖြင့် အဖြူရောင်ဖြစ်နေသည်။

ထွန်းနေလင်းသည် ခြံဝထွက်မျှော်ပြီး ကိုယ့်လူပုံပျက်ပန်းပျက် မော်တော်ဆိုင်ကယ် ဝင်လာသည်ကို တွေ့သည်နှင့် ခါးထောက်လိုက်သည်။

ထွန်းနေလင်းမှာ စမတ်ကျကျ ဝတ်ဆင်ထားပြီး ဖြစ်ပါ၏။ ကောင်းပေ့ညွှန့်ပေ့ဆိုသော အသားအိစက် နူးညံ့နေသည့် စပို့ရှပ်နုသာရောင်လေး ဝတ်ထားသည်။ ဘောင်းဘီရှည်မှာ ကြက်ဥနှစ်ရောင်ပေါ်တွင် အနက်စင်းမှျဉ်မှျဉ်လေးတွေနှင့် အလက်စတစ်သားနူးနူးညံ့ညံ့ဖြစ်သည်။ ထွန်းနေလင်း ဝတ်စားထားပုံမှာ ချပ်ချပ်ယပ်ယပ် သေသေသပ်သပ် ရှိလှသည်။ ကြည့်၍လည်းကောင်းသည်။

ထွန်းနေလင်း ဟန်တိပန်တိ ခါးထောက်ရပ်လိုက်ခြင်းမှာ မော်တော်ဆိုင်ကယ်နှင့် ဝင်လာသူအား အပြစ်တင်စရာရှိ၍ ဖြစ်သည်။ သူ့စိတ်ထဲတွင် ခြံဝ၌ရပ်နေသော သူ့အနီးတွင် ဆိုင်ကယ်က ရပ်လိမ့်မည်ဟုလည်း မျှော်လင့်ထားပုံရသည်။

သို့သော် ... ဆိုင်ကယ်စီး ကိုယ်တော်ချောသည် ဟန်တိပန်တိ ခါးထောက်ရပ်နေသော ထွန်းနေလင်းအား ဝင်မတိုက်ရုံတမယ် ကွေ့စောင်းပြီး ခြံထဲရှိုးဝင်ကာ ဆက်မောင်းလာခဲ့သည်။ ကိုယ်တော်ချော ဂျာကင်နှင့် ဘောင်းဘီတွင် ကပ်နေသော ဖုန်



မှုန့်တွေက ပွတ်သပ်လာခဲ့သော ထွန်းနေလင်း ကိုယ်ပေါ်သို့ ပျံ့ဝဲခိုနားပေတော့သည်။

ထွန်းနေလင်းသည် ခါးထောက်ဖြုတ်လိုက်ပြီး လွင့်ပါးလာသော ဖုန်မှုန့်တွေကို ထပ်တရီး ... ထပ်တရီးဟု ပါးစပ်မှ ရေရွတ်ရင်း ခါထုတ်ပစ်ပါ၏။

ဆိုင်ကယ်သည် ခြံထဲရှိ တစ်ထပ်တိုက်လေး၏ ဆင်ဝင်အောက်တွင် ရပ်ထားသော မာဇဒါဆီဒင်(၁၃၀၀)နီရဲရဲလေးဘေးတွင်ရပ်ပြီး စက်သတ်သည်။

ဒေါက်ထောက်သည်။

ထွန်းနေလင်းသည် နောက်မှလိုက်လာပေသည်။

"ဘယ်လိုလဲ ဗိုလ်စိုးမိုးခိုင်၊ ငါ့ကောင်ကြီးက စစ်ဗိုလ်ဆိုတော့ အချိန်တွေ နာရီတွေ သိပ်လေးစားမယ်လို့ ငါက ထင်နေတာ၊ အခု ဘယ်အချိန် ရှိသွားပလဲ စိုးမိုးခိုင်"

"မင်း မစော်ကားနဲ့ ထွန်းနေလင်း၊ ငါက ယူနီဖောင်းဝတ်ပြီး တာဝန်ထမ်းဆောင်နေတဲ့ အခါမှာဆိုရင် အချိန်နာရီနဲ့ပတ်သက်ပြီး တစ်မိနစ် တစ်စက္ကန့်တောင် အတိမ်းအစောင်းမခံဘူး မှတ်ထား၊ အခုဟာက မင်းဟာမင်း မိန်းမနောက်ပိုးသွားမယ့်ကိစ္စပဲ၊ အခု ဘယ်အချိန်ရှိသွားရော ငါက ဘာအရေးလဲကွ၊ အခု ငါက တပ်တာဝန် ထမ်းဆောင်နေတာမှ မဟုတ်တာ၊ တာဝန်မရှိ ခွင့်ရက်ရှည်နဲ့ အနားလာယူတဲ့လူပဲ ထွန်းနေလင်း"

ထွန်းနေလင်းက ရယ်ကျဲကျဲ ပါးစပ်ဖြဲလိုက်ပါ၏။

"အေးပါကွာ၊ မင်းက မင်းတပ်နဲ့ မင်းတာဝန်ပိုင်း အပြစ်တင်ရင် မခံချင်မှန်းသိလို့ ငါ တမင်စ,တာပါ၊ ဒီမှာ စိုးမိုးခိုင်၊ နာရီကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေလင်းက သူပတ်ထားသော အိုမီဂါနာရီ အကောင်းစားကြီးကို ထောင်ပြလိုက်သည်။

"ခြောက်နာရီနဲ့ ဆယ်မိနစ်လေ၊ အဲဒါ ဘာပြုလဲ ထွန်းနေလင်း"

"ဟောကောင် ... အဲဒါ ဘာပြုလဲ မမေးနဲ့ကွ၊ ငါက ငါ့အမျိုးသမီး လေးလေးမြင့်ကို ငါးနာရီခွဲမှာ လာကြိုပြီး အတူတူ သွားမယ်လို့ ချိန်းထားတာ"

"ဒါဆိုလည်းကွာ မင်းဟာမင်း သွားနှင့်ပါတော့လား၊ ငါ့အနေနဲ့ အဲဒီလိုမွေးနေ့ပွဲတွေ၊ ပါတီပွဲတွေ တက်ချင်စိတ်လည်း မရှိပါဘူး၊ နောက်ပြီး မင်းက အတင်းခေါ်လို့သာ ငါလိုက်ရမှာ၊ ဘယ်သူ့မွေးနေ့မှန်းလဲမသိ၊ ဘာမသိနဲ့၊ ကြောင်တက်တက်နဲ့၊ ငါနဲ့ဆို အားလုံးမျက်နှာစိမ်းတွေကြီးကြားထဲ ငါမလိုက်ချင်တာ အမှန်ပဲ ထွန်းနေလင်း ..."

"နောက်ပြီး ဖိတ်တာက ရုပ်ရှင်ဒါရိုက်တာ ပရိုဂျူဆာ ထွန်းနေလင်းကို ဖိတ်တာ၊ ရန်ကုန်မှာဆိုရင် ဗိုလ်စိုးမိုးခိုင်လောက်က ဖွတ်ကြားပါ"

"အဲဒါကြောင့်လည်း မင်းကို ငါက တမင်ခေါ်တာ စိုးမိုးခိုင်၊ မင်းဟာ စစ်တက္ကသိုလ်ကဆင်းပြီး ဒုဗိုလ်ဘ၀နဲ့လည်း ရှေ့တန်းမှာ စစ်တိုက်နေတာပဲ ..."

"ဗိုလ်ဖြစ်လို့ ပခုံးပေါ် နှစ်ချောင်းတင်တော့လည်း စစ်တိုက်နေတာပဲ၊ မင်း ဘာမှ လူ့လောကအကြောင်း မသိသေးဘူး စိုးမိုးခိုင်၊ မင်းသိတာက ဓာနီဖောင်းရယ်၊ ရန်သူရယ်၊ တိုက်ခိုက်မှုရယ်ပဲ မင်းသိနေတယ်၊ မင်းဟာ သိပ်ရိုင်းနေတယ် ...



"ဒါကြောင့် ခုလို ခွင့်ရက်ရှည်နဲ့ ငါ့ဆီမှာရောက်လာတုန်း ယဉ်တာလေးတွေ၊ လှတာလေးတွေ၊ ကြည်နူးစရာလေးတွေ၊ ပျော်စရာလေးတွေ မင်းရဲ့စိတ်အဟာရမှာ ခံစားသွားစေချင်လို့ ငါက တမင် စေတနာနဲ့ မင်းကို ဒီညပွဲကစပြီး ခေါ်ပြချင်နေတာ"

"မလိုပါဘူးကွာ၊ အဲဒါတွေ စာအုပ်ထဲမှာ ဖတ်ကြည့်လည်း သိနိုင်တာပဲဟာ၊ မင်းတို့ ရုပ်ရှင်အကြောင်းတွေ၊ တေးဂီတအကြောင်းတွေ ခေတ်လျှောက်ရေးနေတဲ့ စာရေးဆရာတွေရဲ့ စာအုပ်တွေ တို့ရှေ့တန်းမှာ ပုံလို့ လျှံလို့"

"စစ်မတိုက်ရတဲ့အချိန်တွေမှာ အဲဒီစာအုပ်တွေ၊ ရေဒီယို တေးတွေ နားထောင်မယ်ဆိုတာက အငွေ့ကွ၊ ငါသွားချင်ပြီ စိုးမိုးခိုင်၊ မွေးနေ့ပါတီပွဲက ခုနစ်နာရီမှာစမယ်။ ငါ့အမျိုးသမီး လေးလေးမြင့်က အဲဒီမွေးနေ့ပါတီပွဲ အဖွင့်ပဏာမသီချင်း ဆိုရမှာ၊ ခုနလေးတင် ငါ့ဆီ ဖုန်းဆက်သေးတယ်၊ ငါက ခဏနေပါဦး၊ ကိုယ့်သူငယ်ချင်းတစ်ယောက်ကို စောင့်နေသေးလို့ပါ၊ သူရောက်ရောက်ချင်း လာခဲ့ဝါ့မယ်လို့ ပြန်ပြောထားတာကွ"

"ဒီမှာ ထွန်းနေလင်း၊ အဲဒီမွေးနေ့ပွဲကို ငါမလိုက်ရင် မဖြစ်တော့ဘူးလား"

"မဖြစ်ဘူး၊ မင်းလိုလူရိုင်းကို ငါက လူယဉ်တွေကို ပြချင်တယ်၊ နောက်ပြီး ငါ့အမျိုးသမီး လေးလေးမြင့်နဲ့ ငါ့အချစ်ဆုံးသူငယ်ချင်း မင်းကို မိတ်ဆက်ပေးချင်တယ်၊ ဒါကြောင့် တမင်တကာ ငါ မင်းကို စောင့်နေတာ စိုးမိုးခိုင်"

"ဒါဆိုလည်း ဖြစ်ပါတယ်၊ လာ ... သွားစို့"

"ဟကောင် ... မင်းရုပ်လည်း မင်းဟာမင်း မှန်ထဲပြန်ကြည့်စမ်းပါဦး၊ သွားကွာ ... ရေမိုးချိုးခဲ့၊ အဝတ်အစားအသစ်လဲခဲ့ စိုးမိုးခိုင်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင် မင်း တစ်နာရီလောက်ကြာသွားမယ်၊ ငါက ရေချိုးတဲ့နေရာမှာ တစ်ကိုယ်လုံး စိမ့်အေးသွားအောင် ချိုးရမှ ကျေနပ်တာ"

"အဲဒါလောက်တော့ ဘယ်ဖြစ်မလဲကွ၊ လေးလေးမြင့်ကို သွားကြိုရဦးမယ်၊ လေးလေးမြင့်က ခုနစ်နာရီ ထိုးတာနဲ့ မွေးနေ့ပါတီပွဲရဲ့ စင်ပေါ်ကို ပဏာမဆိုရမယ်"

"အေးလေကွာ၊ ဒါဆိုလည်း အခုအတိုင်းပဲ သွားကြတာပေါ့ ထွန်းနေလင်း၊ အရေးကြီးတာက ဒီပွဲမှာ မင်းနဲ့ လေးလေးမြင့် ရောက်ဖို့သာ အဓိကပဲဟာ၊ ငါက ဒီပုံစံလိုက်လာတော့ကော ငါ့ကို ဘယ်သူက အသိအမှတ်ပြုမှာမို့လဲ"

"မှတ်သေးပါဘူး။ မွေးနေ့ပွဲဆိုရင် မင်းရဲ့ဒီရုပ်က စုတ်ပဲ့လွန်းတယ်၊ ဒီလိုလုပ်ကွာ၊ ရေမချိုးနဲ့ အဝတ်အစားပဲလဲတော့ ခေါင်းလေး ဘာလေး ဖြီးလိုက်"

"အေးလေ၊ ငါက ရေမချိုးဘဲ အင်္ကျီသစ်ဝတ်ရင် တစ်ကိုယ်လုံး ယားကျိကျိ ဖြစ်တတ်တယ်၊ ဒီတော့ ဂျာကင်တွေ ချွတ်မယ်၊ အင်္ကျီကတော့ ဒီအင်္ကျီနဲ့ပဲ ဟုတ်လား၊ ဘောင်းဘီနဲ့ လုံချည်လဲမယ်"

"သဘော ... သဘော၊ မြန်မြန်လာလုပ်ကွာ"

"စိတ်ချ အလွန်ဆုံး ဆယ်မိနစ်ပဲ"

အမှန်ပင် ဆယ်မိနစ်ပဲ ကြာပေ၏။ ဂျာကင်ကို တစ်လမ်းလုံး လည်ပင်းအထိ ဇစ်ဆွဲထားသောကြောင့် အတွင်းအင်္ကျီမှာ ဖုန်မှုန့်များ ကင်းနေသည်။ စပို့ရှပ်နီရဲရဲ ဖြစ်ပေသည်။

ဂျာကင်ချွတ်၊ ဘောင်းဘီချွတ်ပြီး ရှူးဖိနပ်ချွတ်ပြီး ကချင်ချည်ချောလုံချည် ဝတ်လိုက်သည်။ ကချင် ချည်ချောလုံချည်မှာ



အဖြူခံတွင် အနီစင်းကွက်ကြား ဖြစ်ပါ၏။ ဘာရယ်မဟုတ်။ သူ၏ ဓရီးဆောင်သေတ္တာ အပေါ်ဆုံးရှိ လုံချည်ကို ကောက်ယူဝတ်ခြင်းဖြစ်သော်လည်း စပို့ရှပ်နီရဲရဲနှင့် အဆင်အသွေး လိုက်ဖက်သွားသည်။

ပြီး ဖွာ၍ လှိုင်းထနေသော ဆံပင်ကို ပထမ မျက်နှာသုတ်ပဝါနှင့် ဒါဖြစ်သည်။ ပွတ်တိုက်ပစ်သည်။ ခေါင်းမှာလည်း ဖုန်မှုန့်များ ကပ်နေသောကြောင့် ဖြစ်ပါ၏။ ပြီးမှ ဒီအတိုင်းပင် ဘီးဖြင့်ဖြီးနေကျပုံစံအတိုင်း ဖြီးသည်။ ၁၀ မိနစ်မှာပင် ပြီးစီးသွားပါ၏။

"ဘာပဲပြောပြော နဂိုရှိမှ နဂိုင်းထွက်တာကွ နော်"

"မင်း ဘာဆိုလိုချင်တာလဲ ထွန်းနေလင်း"

"သြော် ... မင်းရုပ်က သားနားနေလို့ပါ ဝိုးမိုးခိုင်၊ ရေမချိုး မိုးမချိုးဘဲ ဒီအတိုင်း ခပ်ကြမ်းကြမ်း ပြင်ထားတာတောင် မင်းရုပ်က ငါ အပျံစား ဝတ်ထားတာထက် ပိုပြီးသားနားနေသေးလို့ပါ"

"တော်စမ်းပါကွာ၊ အခုလောလောဆယ် ငါက မင်းအိမ်လာတည်းခိုပြီး ဧည့်သည်အဖြစ် မင်းကျွေးမွေးတာပဲ စားနေမယ်ဟာ၊ ငါ့ကို ဗုလာချီ မြှောက်ပင့်မနေနဲ့၊ ငါက တစ်ပြားမိုးတောင် ပြန်မကျွေးဘူး"

နှစ်ဦးသား ရယ်မောပြီး ထွက်လာခဲ့သည်။

အိမ်တွင် မောင်ပု ကျန်ခဲ့ပါ၏။ မောင်ပုသည် ထွန်းနေလင်း ငယ်မွေးခြံပေါက်တပည့် လူယုံဖြစ်သည်။ အိမ်တွင် အစစအရာရာ စိတ်ချရသည်။

တပည့်ဆိုပေမင့် အထင်မသေးနှင့်။ မောင်ပုလက်သို့ ထွန်းနေလင်းက ငွေထုပ်အပ်ထားသည်။ ကားရိုက်သည့်နေ့ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ထမင်းကန်ထရိုက်မှစပြီး အထွေထွေ ကုန်ကျစရိတ်အားလုံး မောင်ပုကပင် ငွေထုပ်ကိုင်ပြီး ရှင်းရသည်။

နေ့စဉ်နှင့် လစဉ် အိမ်သုံးစရိတ်လည်းမောင်ပုကိုပင် လွှဲထားသည်။ ခြံအတွက် မာလီတစ်ဦး ရှာထားသည်။ ခြံထဲတွင်တော့ မာလီနေခွင့်မပြု။ မနက်လာ ညနေပြန်ဖြစ်သည်။ ဒရိုင်ဘာဟူ၍လည်း ထွန်းနေလင်းက သတ်သတ်မှတ်မှတ် ငှားမထား။ မောင်ပုကိုယ်တိုင်လည်း ကားမောင်းတတ်သည်။

အခြားစက်အဖွဲ့မှ လူတွေထဲတွင်လည်း ကားမောင်းတတ်သူ လိုင်စင်သက်ရှည်သူတွေ တစ်ပုံကြီးရှိသည်။

ထွန်းနေလင်း၏မူမှာ တစ်မျိုးဖြစ်သည်။ သူကိုယ်တိုင် လူပျိုမို့ သူ့ခြံထဲတွင် အိမ်ထောင်သည် အလုပ်သမား တစ်ဦးမျှ မထား။ မိန်းမတွေ ကလေးတွေနှင့် မျက်စိနောက်သည်ဟု ပြောလေ့ရှိသည်။

မောင်ပုပင် မိန်းမ မယူရဲသေး။ မိန်းမယူလျှင် သူ့ဆရာက သူ့ကို အလုပ်တော့ ဆက်ပေးမည်။ သို့သော် အိမ်မှာနေခွင့်ပြုတော့မည် မဟုတ်မှန်း မောင်ပုက ကြိုတင်သိနေသည်။

မောင်ပုက လူပါး။

သူ့ဆရာ မိန်းမယူပြီးမှ ဆရာကတော်ကို ကပ်မည်။ အဲဒီနောက်မှ မိန်းမယူမည်။ ဆရာကိုယ်တိုင် မိန်းမယူပြီးသားမို့ ဆရာကတော်နှပြောလျှင် သူ့ဆရာ ဘာမဆို လက်ခံလိမ့်မည်ဟု မျှော်လင့်ထားသည်။

မောင်ပုအတွက် လခဟူ၍ မယ်မယ်ရရမရှိ။ သူအပ်ထားသော ငွေထုပ်ထဲက သူသုံးချင်ရာသုံးသည်။ ထွန်းနေလင်းကလည်း မောင်ပုဆိုလျှင် ဘာမျှမပြော။



မောင်ပု၏ စာရင်းရှင်းတမ်းကို ဝတ္ထုဖတ်သလို ဖတ်ကြည့်ပြီး ခေါင်းညိတ်ပြတတ်သည်ပဲဖြစ်၏။ မောင်ပုကို ထွန်းနေလင်း ယုံကြည်သည်ကိုး။

မောင်ပုကလည်း သူ့ဆရာထွန်းနေလင်းအပေါ်တွင် လိမ်ညာလေ့မရှိ။

"ဒီအပတ် စာရင်းထဲမှာ ကျွန်တော် အဝတ်ဝယ်တာ လေးရာတောင်ပါတယ် ဆရာ၊ ဒါလည်း အခု ကျွန်တော်ပါရမယ့် အခန်းတွေထဲမှာ စမတ်ကျကျ ဝတ်ချင်လို့ပါ"

"အံမာ လေးရာကြီးတောင် ခွေးကောင်"

ဟု ထွန်းနေလင်း ဆူသလိုလို ဆဲသိုလိုနှင့် ပြုံးပြီးခွင့်လွှတ်တတ်စမြဲ ဖြစ်ပါ၏။

မောင်ပု၏သဘောမှာ သူ ဘာလုပ်ပေးရ ပေးရ သူ့ဆရာအတွက်ဆိုလျှင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ပြမည်ဟူသော သံယောဇဉ်မျိုးလည်း ရှိထားပါ၏။

အကယ်၍သာ ထွန်းနေလင်းကသာလျှင် … "ဟေ့ကောင် မောင်ပု၊ ဟိုမှာ လူဆယ်ယောက် တွေ့လား၊ အဲဒီကောင်တွေ ငါ့ကိုရန်လုပ်မလို့၊ မင်းတစ်ယောက်တည်းနဲ့ အဲဒီဆယ်ကောင်ကို ချစမ်းကွာ"ဟုဆိုလျှင် မောင်ပုက လူဆယ်ယောက်ကို ယှဉ်ပြိုင်ချမည်သာ။

အဲဒီလောက်ထိ မောင်ပုက သူ့ဆရာအား သံယောဇဉ်ထားသည်။

တစ်ခုတော့ ထွန်းနေလင်း သတိထားဖို့လိုသည်။ သူ့ဓာတ်ဆားရိုက်လေတိုင်း မောင်ပုကို ရုပ်ရှင်ထဲတွင် တစ်ခန်း နှစ်ခန်းဆည့်ပေးရမည်။ တစ်ခါတစ်ရံ မောင်ပု၏ရုပ်၊ သူ၏အနုပညာနှင့်

www.burmeseclassic.com

www.burmeseclassic.com



လမိုင်းမကပ်သော ဇာတ်လမ်းမျိုးရိုက်ရပြီး မောင်ပုကို တစ်ခန်းမှ ထည့်မသုံးလျှင်တော့ မောင်ပု စိတ်ကောက်တော့သည်။ မောင်ပု ငိုကြီးချက်မ ဖြစ်သွားတတ်သည်။

"ဆရာက တပည့်ရင်းကိုကျော်ပြီး လူသစ်တွေသုံးချင်သည်" ဟု ဝမ်းပန်းတနဲ ပြောလေ့ရှိသည်။ ဒီတော့လည်း ထွန်းနေလင်းက ထွန်းနေလင်းရုပ်ရှင်ကုမ္ပဏီအနေနှင့် ရိုက်ရိုက်။ ဒါရိုက်တာ ထွန်းနေလင်းအဖြစ်နှင့်ပင်ရိုက်ရိုက်။ မောင်ပုအတွက် တစ်ခန်း နှစ်ခန်းရအောင် ထည့်သွင်းပေးရသည်။

မောင်ပုကလည်း အခန်းမရွေး။ ဒရိုင်ဘာခန်းက ပါရပါရ။ ထမင်းချက်ခန်းက ပါရ ပါရ။ ယုတ်စွအဆုံး မင်းသမီးထဘီ ခေါက်ပေးရသော အစေခံအဖြစ် ပါရ ပါရ သူ ကျေနပ်သည်။ မောင်ပု၏ဆန္ဒက ရုပ်ရှင်ထဲတွင် ပါရလျှင်ပြီးရောဆိုသည့် ရုပ်ရှင် ဝါသနာအိုးဖြစ်ပါ၏။

ထွန်းနေလင်းကလည်း စေတနာထားပါသည်။ မောင်ပု၏ ရုပ်၊ မောင်ပု၏ခန္ဓာကိုယ် အချိုးအစား၊ မောင်ပု၏အသံ၊ မောင်ပု၏သရုပ်ဆောင်မှုတို့သည် နေရာကောင်းပေး၍တော့မရ။ တစ်နေ့ နေ့တွင် မောင်ပု၏အချိုးမကျသော ရုပ်နှင့်ခန္ဓာကိုယ်နှင့် ကိုက်ညီ သော ဇာတ်လမ်းရှာဖွေကာ ဟာသဇာတ်တစ်ဇာတ်ရိုက်ပြီး မောင်ပု ကို ဟာသမင်းသားအဖြစ် ပွဲထုတ်ကြည့်မည်ဟူ၍။ သို့သော် ထို ဇာတ်ကားမျိုးအတွက် ပထမဆုံး Casting ကိုက်မည့် ဇာတ်လမ်း ရှာရမည်။ ဇာတ်ဆောင်ဇာတ်ပို့တွေ ရွေးရမည်။ ရုပ်ရှင်ဆိုသည်မှာ ရှုံးပြီဟော့ဆိုလျှင် ခွက်ခွက်လန်တတ်သည်။ ပရိသတ်မရသေးသော သို့မဟုတ် ပရိသတ်လက်မခံသော တစ်ဦးတစ်ယောက်အပေါ်တွင် သံ့ယောဇဉ်ထားပြီး ကားရိုက်မိလျှင် အခြားကုန်ကျစရိတ်တွေ



အတူတူပင် ကုန်ကျရသည်။ ရုံတင် လူမဝင် မယားပင်ပေါင်ရ ကိန်း ဆိုက်သွားမည်။

ထို့ကြောင့် မောင်ပုအတွက် ထွန်းနေလင်းက စေတနာထား သော်လည်း ကိုယ်တိုင်မှမရသေးသော မယားပေါင်ကိန်းတော့ အဆိုက်မခံနိုင်။

ဘာပဲပြောပြော မောင်ပုကလည်း သူ့ဆရာ၏စေတနာကို နားလည်သူ ဖြစ်ပါ၏။ အဲဒီလို ခေါင်းဆောင်မင်းသားမဖြစ်ရ လည်း နေပလေ့စေ။ သို့သော် ... ထွန်းနေလင်း၏ ရုပ်ရှင်တိုင်း မှာတော့ သူ့ကို ချန်မထားပါနှင့်။ တစ်ခန်း, နှစ်ခန်း, သုံးလေး ခန်းတော့ သူ ပါချင်သည်။

* ❂ *

www.burmeseclassic.com

www.burmeseclassic.com



## ၇

မာဇဒါဆီဒင်ကား နီရဲရဲလေးသည် ကြည့်မြင်တိုင်အောက် လမ်းမှ အလုံဌာနလမ်းရှိရာသို့ ကွေ့ချိုးဝင်လိုက်သည်။

အလုံဌာနလမ်းသည် သန့်ပြန့်သော လမ်းတစ်လမ်း ဖြစ် ပေသည်။

ဗိုလ်စိုးမိုးခိုင် အနေနှင့်တော့ ဤလမ်းကို ယခုတစ်ကြိမ် သာ ပထမဆုံး ရောက်ဖူးသောလမ်း ဖြစ်သည်။ လမ်းကလေးမှာ သန့်ပြန့်သော်လည်း ချောင်ကျသော လမ်းကလေးဟု ဗိုလ်စိုးမိုး ခိုင် စိတ်ထဲတွင် ထင်မှတ်မိသည်။

တစ်နည်းအားဖြင့် ဆိုသော် အလုံ ဌာနလမ်းသည် အတွင် ကျပြီး လူစည်စည်ကားကား သွားလာခြင်းမရှိသော လမ်းတိုလ သန့် ဖြစ်ပါ၏။

ထွန်းနေလင်းသည် သုံးပင်နှစ်ခန်း တစ်ထပ်ပျဉ်ထော အိမ်တစ်အိမ်ရှေ့တွင် ရပ်လိုက်သည်။ အိမ်လေးမှာ ပျဉ်ထော ပျဉ်ခင်းသွပ်မိုး ဖြစ်သည်။ ရိုးရိုးဗမာအိမ်ပုံစံမျိုးသာ ဖြစ်ပါ၏ အုတ်လှေကားမှ ခြေလှမ်းကျဲကျဲ သုံးထစ်သာ မြင့်သည်။ အိ ရှေ့မျက်နှာစာတစ်လျှောက်ကို လေးကွက်ကြား သံဆန်ခါကာ ထားသည်။ သံဆန်ခါအားလုံးကို အစိမ်းနုရောင် သုတ်ထားသည်



ခြည့်ရှေ့မျက်နှာတွင် နှစ်ပေချောင်း မီးဝိုင်းဝိုင်းလေးကို ဖန်သားအဖြူ အုပ်ဆောင်းဖြင့် အုပ်ထားပြီ ထွန်းထားပါ၏။ အခြားအိမ်နီးနားချင်းများက လေးပေချောင်း ဖြောင့်ဖြောင့်ကြီး တွေထွန်းထားသောကြောင့် ထိုပျဉ်ထောင်အိမ်၏ မီးရောင်မှာ အတန်ငယ် မှိန်သည်ဟု ထင်ရပေသည်။

တကယ်တမ်းမှု မှိန်သည်မဟုတ်။ အခြားအိမ်များလောက် မတောက်ပခြင်းသာ ဖြစ်သည်။ အိမ်ထဲပတ်ပတ်လည်တွင် သုံး ထပ်သားများကပ်ကာ စိမ်းနုနုရောင်လေး သုတ်ထားသည်။ မျက်နှာ ကြက်ကျောက်ပြားများကတော့ ဖြူဆွတ်ဆွတ်ပေ။

အိမ်၏ခေါင်းရင်းပိုင်းတွင် ကြီးမားသော ဘုရားစင်ကြီးရှိ သည်။ မှန်စီရွှေချကျောင်းဆောင်ကြီးထဲ၌ ဘုရားကိုယ်တော်မြတ် ရုပ်ပွားတော်သုံးဆူရှိသည်။ အလယ်မှရုပ်ပွားတော်သည် အဆူကြီး ဖြစ်သည်။ ရွှေတိဂုံဘုရားစောင်းတန်းများတွင် သပ္ပာယ်လှရှိသော ရွှေချရုပ်ပွားတော်မျိုးဖြစ်သည်။ ဘေးနှစ်ဆူမှာ အိန္ဒိယဖြစ် ပုလဲ ဘုရားများဖြစ်သည်။ ဘုရားစင်တွင် ပန်းသုံးအိုး ဝေဆာနေသည်။ နှင်းဆီနှင့် သစ္စာပန်းများ ဖြစ်ပါ၏။ ဆီမီးအနေနှင့် ဖယောင်း တိုင်ပုံသဏ္ဌာန် မီးသီးသုံးတိုင်ကို စီ၍စိုက်ထူထားသည်။ တစ်တိုင် လျှင် ဝပ်(၁၅)အားခန့် ရှိမည်ဖြစ်၍ သုံးတိုင် ဝပ်(၄၅)အားသည် ရုပ်ပွားတော်သုံးဆူပေါ်သို့ ဖြာဝေကျဆင်းနေသည်မှာ ဖူးမြော် ကြည်ညိုဖွယ် ကောင်းလှသည်။

ဘုရားစင်ကိုမြင်ရုံနှင့် ဤအိမ်ရှင်သည် ဘာသာရေးတွင် အလေးအနက်ရှိလှကြောင်း ထင်ရှားပါ၏။

ခြေရင်းဘက်တွင် လက်တန်းမပါ ဆိုဖာဆက်တီများရှိ သည်။ ဆိုဖာ၏သားရေတုဖုံးမှာလည်း အစိမ်းနုရောင်လေးများပင် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပွမ် ... ပွမ်"

ထွန်းနေလင်းက ကားဟွန်းတီးလိုက်သည်။ အိမ်ထဲမှာ ဦးစွာအသက်လေးဆယ်အရွယ်ခန့် အသားဖြူဖြူ ပိန်ပိန်ပါးပါး အမျိုးသမီးကြီး ထွက်လာသည်။

"ဟော့ကောင် ... အဲဒါလားကွ၊ လေးလေးမြင့်ဆိုတာ"

"ထပ်တရီး ... ပြောမှပြောရက်တယ်ကွာ၊ အဲဒါ ဒေါ်လေးစောကွ၊ လေးလေးမြင့်နဲ့ အဒေါ်သားချင်းလို ကူဖော်လောင်ဖက် အဖော်အဖြစ် လာနေတာ"

ဒေါ်လေးစောသည် ကားဆီသို့ တစ်ချက်လှမ်းကြည့်ပြီး အိမ်ထဲသို့ တစ်ခေါက်ပြန်ဝင်သွားပြန်ပါ၏။

"ဟော့ကောင် ... ထွန်းနေလင်း"

"ဘာလဲကွ"

"လေးလေးမြင့်က မင်းအဆက်ဆို"

"အဲဒီလို ငါ မင်းကို မပြောမိပါဘူး၊ လေးလေးမြင့်ဟာ ငါ့အမျိုးသမီးလို့သာ ပြောတာပါ။ ငါကတော့ မေတ္တာရှိတဲ့ အကြောင်းရော၊ လက်ထပ်ချင်တာရော ပြောထားတယ်ပေါ့ကွာ။ သူ့ဆီကတော့ အင်းမလှုပ်၊ အဲမလှုပ်ပဲ၊ ဘာအဖြေမှ မပေးသေးဘူး၊ မိန်းကလေးဆိုတာ နည်းနည်းပါးပါး မူနေသေးတာပေါ့ကွာ၊ ဒါပေမဲ့ ငါထင်တယ် တစ်နေ့ကျရင် အဖြေပေးမှာ သေချာပါတယ်။ အဲဒီအဖြေဟာ ငါနဲ့ လက်ထပ်ပါမယ်ဆိုတဲ့ အဖြေမျိုးပဲပေါ့။ မင်းက ဘာလို့ ငါ့ကို အဲဒီလို မေးတာလဲ စိုးမိုးနိုင်"

"ဩော် ... မင်းရောက်လာပြီး ကားဟွန်းတီးတာတောင် ဟက်ဟက်ပက်ပက် ထွက်မကြိုဘဲ ဒေါ်လေးစောကို အရင်ကြည့်ခိုင်းနေသလားလို့ပါ"



"ဒါကတော့ ဒီလိုလေကွာ၊ လေးလေးမြင့်ကို ရစ်ဝိုင်းနေတဲ့ ကားပိုင်ရှင်ငနဲတွေက အများကြီးကွ။ ကားဟွန်းသံကြားတိုင်း လေးလေးမြင့် ထွက်ကြိုနေရင် အိမ်နားနီးချင်းတွေက သူ့ခများ အပေါ် ဘယ်လိုထင်မလဲ။ ဒီလမ်းလေးမျိုးက ဗမာရပ်ကွက်ကွ၊ အနေအထိုင် သိပ်တိကျမှ ..."

ထွန်းနေလင်း စကားမဆုံးပါလေ။

အကယ်၍ ထွန်းနေလင်း စကားဆုံးအောင် ဆက်ပြောလေလျှင်လည်း ဗိုလ်စိုးမိုးနိုင်သည် ထွန်းနေလင်းစကားကို စိတ်ဝင်စားစွာ ဆက်လက်ကြားချင်မှ ကြားမိတော့မည် ဖြစ်သောကြောင့် ပါတည်း။

အကြောင်းမူ ပျဉ်ထောင်အိမ်လေးထဲမှ ထွက်လာပြီး အိမ်၏ ဖိနပ်ချွတ်လှေကားဝ တံခါးရှိ သံဆန်ခါပေါက် စိမ်းစိမ်းလေးအထိ လာ၍ရပ်သော မိန်းမပျိုဆီသို့ ဗိုလ်စိုးမိုးနိုင် မျက်စိရောက်သွားသောကြောင့် ဖြစ်ပါ၏။

ဖြူစင်လှပသော အမျိုးသမီးတစ်ဦး ဖြစ်မှန်းကတော့ သေချာသည်။ အိမ်တွင်းမီးချောင်းဝိုင်းရောင်ကို ကျောလှည့်ခဲ့ပြီး လှေကားထစ်ထိပ်တံခါးမှ လာရပ်နေပြီမို့ မီးရောင်ကို နောက်ကျောပေးထားသဖြင့် မျက်နှာ၏အလှအပအား သဲကွဲစွာမမြင်ရသေး။ နောက်ခံအလင်းရောင်ဖြင့် သူမ၏ခန္ဓာကိုယ်အချိုးအစားသည် သူမ၏ အရပ်အမောင်းဖြင့် လွန်စွာပြေပြစ်ကြောင်းကတော့ မျက်မြင်ဖြစ်နေသည်။ သူမသည် ရှည်လျားနက်မှောင်သော ဆံကေသာကို တစ်ပတ်လျှိုထုံးပြီး တစ်ပတ်လျှိုဖြားပိုင်းကို မြင်းမြီးနှယ် နောက်သို့ဖွာလာကြဲထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗွာလာကြီဆံကေသာ မြင်းမြီးဖျားသည် နောက်ခံမီးချောင်း ရောင်ဖြင့် ဖြာဝေကာ ခါးအောက်အထိပင် ကျဆင်းနေသေးသည်။ စိုပြည်ပြီး ဖြိုးဝင်းသော အသားရောင်ပိုင်ရှင်များ၏ အသားသည် ကျစ်ကျစ်ပု နေရောင်မှာဖြစ်စေ၊ ပိုးတဝါးဆည်းဆာ၊ လင်းတချို့ မှောင်တချို့ကြားမှာဖြစ်စေ သူ့အလင်းအမှောင်ကြား၌ပင် စိုပြည် ဖြိုးဝင်းသော အသားရောင်မှာ ပေါ်လွင်တတ်စမြဲ။ ယခု မီးရောင် ကို နောက်ခံပြုထားပေမင့် လမ်းစာတ်မီးတိုင်မှာလည်းကောင်း၊ အခြား(၄)ပေ မီးချောင်းကြီးများ လမ်းဝေါ်သို့ ဖြာကျပြီး ကတ္တရာ လမ်းမှ ရောင်ပြန်ဟပ်သောကြောင့်လည်းကောင်း သူမ၏အသား အရေမှာ စိုပြည်ဖြိုးဝင်းမှန်း သိသာလောက်ပါ၏။

မိုလ်စိုးမိုးခိုင်သည် ထိုပျဉ်ထောင်လှေကားထိပ်တွင် လာရပ် သော အမျိုးသမီးဆီသို့ မျက်စိရောက်သွားသည်နှင့် ထွန်းနေလင်း ၏စကားတို့ကို ဆက်လက်အာရုံမဝင်ဘဲ တွေဝေငေးကြည့်ရင်း ငယ်စဉ်က နှုတ်တိုက်ဖတ်ကြားခဲ့သော ရှင်တောဘေသာရ၏ စာဖွဲ့ထဲမှ တစ်ဖွဲ့ကိုထုတ်နုတ်ကာ သူ့ဟာသူ စိတ်ထဲမှ ရွတ်ကြား မိရပါ၏။

"ပျို့နုလတ်လတ်၊ ဝင်းရှိန်းမတ်မှု။
သွယ်ပတ်ဝေဝေ၊ ထုံးနောက်ခွေနှင့်။
အင့်နေစလှ၊ ဆည်းရီညဝယ်။
လွလွဖြိုးစင် ... ပေါ်ရုံတင်၍"

ထွန်းနေလင်းက လေးလေးမြင့်နှင့် ပတ်သက်ပြီး ပြောစရာ ရှိသည်တို့ကို စိုးမိုးခိုင်ဘက်သို့လှည့်ပြီး အားရပါးရ ပြောနေရာမှ စိုးမိုးခိုင် ငူငူငိုင်ငိုင်ကြီး ဖြစ်သွားသည်ကို ကြည့်ရင်း ...



"ဟော့ကောင် ... စိုးမိုးခိုင်၊ ငါပြောတာတွေ မင်းနားထောင် ရဲ့လားဟင်"

"ထောင်ပါတယ် သူငယ်ချင်း၊ ဒါပေမဲ့ ဟိုမှာလေကွာ။ ဟိုအမျိုးသမီးက မင်းကို ထွက်ကြိုနေပြီမှတ်လား ထွန်းနေလင်း"

ထိုအခါကျမှ မိမိဘက်သို့ လှည့်ပင်းလှည့် အာရိုက်နေသော ထွန်းနေလင်းသည် ဆန့်ကျင်ဘက်အရပ်သို့ လှည့်ပြန်လှည့်လိုက် ကာ ...

"ဟာ ... လေးလေး"

ထွန်းနေလင်းသည် ကားတံခါးကိုဖွင့်လိုက်သည်။ သွက် လက်စွာ ဆင်းလိုက်သည်။ လှေကားသုံးထစ်၏ ပထမဆုံးထစ် ဆီသို့ လျှောက်သွားသည်။ စိုးမိုးခိုင်သည် ကားထဲမှာပင် ကျန်ရစ် ခဲ့ပါ၏။

ဤပွဲသည် ထွန်းနေလင်း၏ပွဲ ဖြစ်ပါ၏။ နေရာတကာတွင် မိမိက ကားယားကားယားဖြင့် ရှေ့မှမပါသင့်ဟု စိုးမိုးခိုင်ယူဆ သည်။ မိမိသည် ထွန်းနေလင်း၏ အဖော်မျှသာဖြစ်သောကြောင့် ဤတစ်ကွက်တွင် မိမိအဖို့ ထွန်းနေလင်းက ထားရာနေ စေရာ သွားအဖြစ်သာ ပါဝင်သင့်သည်။

"လေးလေး ဘာမှအသင့်မဖြစ်သေးဘဲကိုး၊ ကျွန်တော့်စိတ် ထဲမှာ လေးလေးက အသင့်ပြင်ဆင်ပြီး စောင့်နေလိမ့်မယ်လို့ ထင်နေတာ"

"လေးလေး မျက်နှာကို ခြယ်သထားပြီးပါပြီ ကိုထွန်းနေ လင်း၊ ဒါပေမဲ့ အခုမွေးနေ့ပွဲက ကိုထွန်းနေလင်းကိုသာ အဓိက အကြောင်းပြုတဲ့ပွဲပဲ၊ လေးလေးက ကိုထွန်းနေလင်း လာခေါ်ရင် လည်း လိုက်ရုံပဲ၊ မလာရင်လည်း နေပလေ့စေပေါ့။ လေးလေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမှာက ကိုထွန်းနေလင်းရဲ့ မျက်နှာကြောင့် မှတ်လား။ လေးလေး အကျီလုံချည် လဲရုံပဲ ကျန်ပါတယ် ကိုထွန်းနေလင်း၊ ခဏလေး အိမ်ပေါ်မှာ ထိုင်ပြီးစောင့်ပါလား"

ဗိုလ်စိုးမိုးခိုင်သည် မနီးမဝေး လေ့ကားထစ်သုံးထစ်၏ အထက်အောက် ပြောဆိုသံတို့ကို ကားထဲမှ အတိုင်းသားကြားနေရသည်။

လေးလေးမြင့် ဆိုသော မိန်းကလေး၏အသံမှာ ခပ်ညြည်ြ လေးဖြစ်သည်။ သို့သော် ညြစေကာမူ မာထောင့်ထောင့် အသံမျိုး မဟုတ်။ ညြပြီးမှ သာသောနွဲ့သော အသံမျိုးဖြစ်သည်။ အနီးကပ်ဆုံး ဥပမာပေးရလျှင် ကြေးစည်တစ်ခုသည် ဝါးလုံးလှစ်သောအသား ရှိပါလျှင် ရိုက်ခတ်လိုက်ပါက စူး၍လွင်သောအသံ ထွက်သည်။

ကြေးစည်သားသည် ထူထဲနေပါက ရိုက်ခတ်လိုက်လျှင် ဒူးဝေဝေအသံသည် လှိုင်သံညြသံပါပြီးမှ နွဲ့သောအသံ ထွက်ပေါ်လာသည်။

လေးလေးမြင့်၏အသံသည် ပါးလှစ်သော ကြေးစည်မှစူး၍ လွင်သောအသံမျိုး မဟုတ်။ လှိုင်သံ ညြသံ လေးမျိုးဖြစ်သည်။ ဒါကိုလည်း ဗိုလ်စိုးမိုးခိုင် သတိထားလိုက်မိပါ၏။

နောက်တစ်ခု ဗိုလ်စိုးမိုးခိုင် သတိထားမိသေးသည်မှာ လေးလေးမြင့်နှင့် ထွန်းနေလင်း အခြေအနေသည် ရင်းရင်းနှီးနှီး ကြီး မဟုတ်သေးကြောင်းပင် ဖြစ်ပါ၏။ လေးလေးမြင့်ကိုသာ ထွန်းနေလင်းက ရင်းနှီးသည့်သဘောဖြင့် "လေးလေး"ဟုခေါ်သည်။

လေးလေးမြင့်ကတော့ ကိုထွန်းနေလင်း ဟူ၍သာ သာမန် ခေါ် ခေါ်သည်ကို စိုးမိုးခိုင် တွေ့နေရပေသည်။



လေးလေးမြင့်က အိမ်ပေါ်တက် ခဏစောင့်ပါရန်ပြောပြီး ဆုံးသည်နှင့် ထွန်းနေလင်းသည် ကားဆီသို့ လှမ်းအော်ပြန်သည်။

"ဟော့ကောင် ... စိုးမိုးခိုင်၊ ခဏဆင်းဦးကွာ"

မတတ်သာဘဲ စိုးမိုးခိုင် ကားပေါ်မှ ဆင်းရပါ၏။ ဒီပွဲတွင် ထွန်းနေလင်းက ထိုင်ဆိုထိုင် ထဆိုထ ကပြရတော့မည်သာ။

စိုးမိုးခိုင် ကားပေါ်မှ ဆင်းလာပြီး ထွန်းနေလင်းနှင့်အတူ လှေကားသုံးထစ်တက်ကာ ဧည့်ခန်းထဲသို့ ဝင်မိသည်နှင့် လေးလေး မြင့်သည် ကျောခိုင်းကာ သူမ၏အခန်းဆီသို့သွားရန် ပြင်လိုက်သည်။ အဝတ်အစားလဲရန်ပင် ဖြစ်ပေမည်။

"ဩ ... ဒီမှာ လေးလေး၊ ခဏလောက်"

လေးလေးမြင့်သည် ခြေလှမ်းတုံ့သွားသည်။ ကိုယ်တစ်ပတ် ပြန်လှည့်ပြီး ထွန်းနေလင်းအား လှမ်းကြည့်ပေသည်။

"မိတ်ဆက်ပေးချင်လို့ လေးလေးရေ့၊ ဟောဒီကောင်ကြီး က တပ်မတော်ခြေလျင်တပ်တစ်ခုက ဗိုလ်စိုးမိုးခိုင်တဲ့ ကိုယ်နဲ့ သိပ်ချစ်တဲ့ သူငယ်ချင်းလေ၊ ကိုယ်တို့ငယ်ငယ်တုန်းက မန္တလေး မှာ ငါးတန်းကနေပြီး ဆယ်တန်းအထိ အတူတူ တစ်ကျောင်း တည်းနေခဲ့တယ်၊ ဆယ်တန်းအောင်ကြတော့ ဒီကောင်ကြီးက စစ်တက္ကသိုလ်လျှောက်နိုင်တဲ့ အသက်ကောင်းကောင်းကြီး မှီနေ တယ်၊ ဒါနဲ့ ဒီကောင်ကြီးက စစ်တက္ကသိုလ်တက်ခွင့်လျှောက် တယ်လေးလေး၊ ကိုယ်ကတော့ မန်းတက္ကသိုလ်မှာပဲ ဆက်တက် ခဲ့တယ်၊ အဲဒီထဲက လူချင်းကွဲသွားကြတာ၊ အခု ဒီကောင် ခွင့် ရက်ရှည်နဲ့ ရန်ကုန်လာမယ်၊ မင်းဆီမှာ ငါတည်းမယ်၊ ငါ အနား ယူမယ်ဆိုပြီး ရောက်လာမှ ပြန်တွေ့ရတာ လေးလေး"

www.burmeseclassic.com

www.burmeseclassic.com

ထွန်းနေလင်းက တစ်ဆက်တည်းမှာပင် စိုးမိုးခိုင်ဘက်သို့ လှည့်ပြန်ကာ ...

"ဟော့ကောင် ... စိုးမိုးခိုင်၊ ဟောဒါ ငါပြောပြောနေတဲ့ လေးလေးမြင့်လေကွာ၊ လေးလေးရဲ့ တကယ့်အလုပ်ကတော့ ပလကရုံးချုပ်ကြီးက စိသုကာတစ်ယောက်ပါ၊ သီချင်းဆိုတာ တစ်ခုကတော့ ဝါသနာအလုပ်တစ်ခုပေါ့၊ အဆိုတော် ခေါန္တယဥ်ဝင်း လိုပေါ့ကွာ၊ အလုပ်ကတော့ တက္ကသိုလ်က ဆရာမပဲ၊ နာမည် ကျော်တော့ 'တေးသံရှင်အဖြစ်နဲ့လေ"

ဗိုလ်စိုးမိုးခိုင်ကပင် သွားဖြူတန်းပေါ်အောင် ပြုံးပြရင်း သူ၏ခါးကို မသိမသာ ညွှတ်လိုက်ပါ၏။

"မလေးလေးမြင့်နဲ့ သိကျွမ်းရတာကို ကျွန်တော် ဝမ်းသာ ဂုဏ်ယူပါတယ်"

လေးလေးမြင့်သည် ဗိုလ်စိုးမိုးခိုင်၏ နှုတ်ခမ်းထူထူထဲထဲ နှင့် သွားဖြူတန်းကိုစိုက်ကာ စူးကာ မျက်တောင်မခတ်ကြည့်ပြီးမှ သူမကလည်း ပြန်လည်ပြုံးပြရင်း ...

"ထပ်တူထပ်မျှပါပဲ ဗိုလ်စိုးမိုးခိုင်၊ လေးလေးကလည်း ဗိုလ်စိုးမိုးခိုင်နဲ့ သိကျွမ်းရတာ ဝမ်းသာပါတယ်၊ ဂုဏ်ယူပါတယ်"

လေးလေးမြင့် ပြန်လည်ပြုံးပြပြီး ပြောပြရာ၌ စိုးမိုးခိုင်က လည်း လေးလေးမြင့်၏ မျက်နှာလှလှလေး စိုက်ကာ စူးကာ ငေးကြည့်မိပြန်ပါ၏။

အကြောင်းမှ လေးလေးမြင့် ပြုံးလိုက်တိုင်းနှင့် စကားပြော လိုက်လေတိုင်း သူမ၏ပါးပြင်တွင် ခွက်ဝင်သွားသော ပါးချိုင့် လေးကြောင့်ပါတည်း။ တစ်ဆက်တည်းမှာပင် စိုးမိုးခိုင်သည် လေးလေးမြင့်ကို စိုက်ကြည့်မိရင်း နီမာ့ကို သတိရမိ၏။ နီမာ့



တွင်လည်း လေးလေးမြင့်ကဲ့သို့ပင် ပါးချိုင့်လေးရှိသည်။ စိုးမိုးခိုင် သည် ငယ်စဉ်ကတည်းကပင် နီမာ၏ပါးချိုင့်ကလေးကိုကြည့်ပြီး မချင့်မရဲ ဖြစ်တတ်ခဲ့သည်။

တစ်ခါတစ်ရံ နီမာ ရယ်မောလာစေရန် အပါက တအားပင် ရယ်စရာတွေ ပြောလေ့ရှိသည်။ နီမာရယ်လေလေ ပါးချိုင့်လေး ခွက်လေလေ ဖြစ်သောအခါ အပါက ဘာမပြော ညာမပြောနှင့် နီမာ၏ချိုင့်ခွက်နေသော ပါးချိုင့်ထဲသို့ သူ၏လက်ညှိုးသေးသေး လေး ထောက်သွင်းထားလိုက်တတ်သည်။ နီမာ ရယ်မောနေတုန်း တတော့ အပါ၏လက်ညှိုးထိပ်လေးသည် ပါးချိုင့်လေးထဲဝင်နေ ပြီး နီမာ အရယ်အပြုံး ရပ်သွားသောအခါ၌မူကား ပါးချိုင့်လေး ပျောက်ကွယ်သွားကာ နီမာ၏ဖလာပါးပြင်မို့မို့လေးတွင် ထောက် ထားလျက်သား ဖြစ်သွားတတ်ပါ၏။

ထိုအခါ အပါက မေးတတ်ပါ၏။

"ဟဲ့ ... နီမာ၊ နင့်ပါးစပ်က အကွက်လေးပျောက်သွားပြီ နင် ဘယ်လိုသိမ်းထားတာလဲဟင်"

"သိဘူးလေ၊ သူ့ဟာသူ ပျောက်သွားတာပဲဟာ"

နီမာသည် ထိုသို့ဖြေကြားရင်း သူ့ဟာသူ နောက်ထပ်မ ရယ်မိအောင် ဟန်တင်းထားလိုက်တတ်ပါ၏။ နောက်ထပ်ရယ်မိ လျှင် နောက်ထပ်ပါးချိုင့်လေး ခွက်ဝင်သွားမည်ကို အပါ မသိစေ ချင်သည့်အလား ကလေးပီပီ ဖုံးကွယ်လိုက်ချင်သည့် သဘောပင်။

"ဟော့ကောင် ... ထိုင်လေကွာ၊ မင်းကြည့်လိုက်ရင် ဘယ် တော့မဆို ငူတူတူ ငိုင်တိုင်တိုင်နဲ့"

ဟုတ်ပါသေ၏။ လေးလေးမြင့်တွင် ပါရှိနေသော ပါးချိုင့် ကို ငေးကြည့်မိပြီး နီမာ၏အကြောင်းကို တွေးနေမိသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ငူတူတူ ငိုင်တိုင်တိုင် ဖြစ်သွားရသည်။ ထွန်းနေလင်းက ပြောလေမှ သတိပြန်ဝင်လာကာ ကျိုးကြည့် ကြောင်ကြည့် ကြည့်နေမိသည်။

မိမိရှေ့တွင် လေးလေးမြင့် မရှိပါလေတော့။ မိတ်ဆက်စကားပြောအပြီးမှာပင် လေးလေးမြင့်သည် အဝတ်အစားလဲရန် ထွက်ခွာသွားပြီး ဖြစ်ဟန်တူသည်။

စိုးမိုးခိုင်သည် ထွန်းနေလင်းနှင့် ဘေးချင်းယှဉ်နေသော ဆိုဖာပုပု စိမ်းစိမ်းလေးမှာပင် ထိုင်ချလိုက်သည်။

စိုးမိုးခိုင်၏ စိတ်ထဲဝယ် စနိုးစနောင့် ဝေဒနာလေးတစ်ခု ခံစားလိုက်ရသေးသည်။ ထိုဝေဒနာမှာ မိမိက လေးလေးမြင့်အား ငေးကြည့်မိသည်မှာ ပါးချိုင့်လေးပါသည်ကို ငေးကြည့်မိခြင်းသာ ဖြစ်ပါ၏။ နီမာနှင့် နှိုင်းယှဉ်ကာ တွေးမိခြင်းမှာကြောင့် ထိုသို့ ငေးကြည့်မိခြင်းကို ထွန်းနေလင်းက အထင်များမှားသွားလေပြီလား။

စိုးမိုးခိုင်သည် မိမိဘာသာ အပြစ်တင်ရင်း ထွန်းနေလင်းဘေးရှိ ဆိုဖာပေါ်တွင် ထိုင်ချလိုက်သည်။ ဤလောကကြီးဝယ် ပါးချိုင့်ပါသော မိန်းကလေးတွေ တစ်ပုံတစ်ပင်ကြီး ရှိနေသည်သာ။ ပါးချိုင့်ပါသော မိန်းကလေးကိုမြင်တိုင်း နီမာကို သတိရစွာဖြင့် ထိုပါးချိုင့်ရှင် အမျိုးသမီးကို ငေးစိုက်ကြည့်မိခြင်းမှာ ရှောင်ရှားရမည်ဟူသောအသိ စိုးမိုးခိုင်၏ ဦးနှောက်ထဲသို့ ဝင်ရောက်လာရပါတော့သည်။

စိုးမိုးခိုင်သည် ကြမ်းပြင်ဆီသို့သာ မျက်လွှာချထားပေသည်။ ကြမ်းပြင်မှာ ရာထိုးအချောစားဖြစ်သည်။ ဖုန်မှုန့်တစ်မှုန့်ပင်ရှိအံ့မထင်။ မလေးလေးမြင့်သည် ဘုရားစင်ကို ကြည်ညိုဖွယ်သပ္ပာယ်အောင်ရှိသလို သူမ၏အိမ်လေးကိုလည်း အတတ်နိုင်ဆုံး သန့်စင်



ထားပေသည်။ ဒီအတွက်တော့ စိုးမိုးခိုင် စိတ်ထဲမှ ကျိတ်၍ချီးကျူးမိရပြန်သည်။

(၁၀)မိနစ်မှ တကယ့်(၁၀)မိနစ်။

လေးလေးမြင့် အဝတ်အစားလဲပြီး ပြန်ထွက်လာသည်မှာ (၁၀)မိနစ်ပင်ကြာသည်။ တိုက်တိုက်ဆိုင်ဆိုင် စိုးမိုးခိုင်သည် ထွန်းနေလင်းနှင့် အတူထွက်လာရန် အဝတ်အစားလဲဖို့ (၁၀)မိနစ်တောင်းခံပြီး ဆယ်မိနစ်နှင့် ပြီးစီးခဲ့သည်ကို သတိတရဖြစ်လိုက်ရသေးသည်။

လေးလေးမြင့်သည် ဖော့ဓာပိုင်းကို အင်္ကျီရော ထဘီပါ နီနီရဲရဲလေးကိုပင် ဝတ်ဆင်ပြီး ထွက်လာသည်။ ထပ်မံ၍တိုက်တိုက်ဆိုင်ဆိုင်ပင် စိုးမိုးခိုင် ဝတ်ထားသော စပို့ရှပ်ကလည်း နီနီရဲရဲ ဖြစ်နေပြန်တော့သည်။

မျက်နှာခြယ်သမှုမှာ နဂိုအတိုင်းပင်။ တို့ပတ်လေးထပ်၍တို့သည်ပင် ရှိမယ်မထင်။ ဆံကေသာထုံးဖွဲ့မှုလည်း စောစောကအတိုင်း ဖြစ်ပါ၏။ တစ်ပတ်လျှိုထုံးထားပြီး ဖြာကျနေသော မြင်းမြီးဖွာရာကျဲမှာ ခါးအထိ ဖုံးအုပ်ထားသည့်အတိုင်း ရှိနေလေသည်။

သို့တစေ လေးလေးမြင့်သည် လှနေပါ၏။ သူမ၏အလှသည် ပင်ကိုမျက်နှာအသွယ်အကျနှင့် မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း၊ နားနှစ်ဖက်နှင့် ရှိနေသော ပုံစံကိုကပင် နဂိုလှပြီးသားဖြစ်နေသည်။ နှုတ်ခမ်းနီတွေ မိတ်ကပ်တွေ မလိမ်းဘဲလျက် သနပ်ခါးပါးကွက်ကြားနှင့် လေးလေးမြင့် ထွက်လာပါကလည်း သူမ၏ နဂိုစိုပြည်ဝင်းဝါသော အသားနှင့် သူမ၏မျက်နှာမှာ လှပနေမည်သာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဪ ... နဂိုဝင်ကိုလှထားသူသည် မျက်နှာကို အိုးမည်း သုတ်ထားသည်လည်း လှနေမည်ပဲ ထင်ပါ၏။

"လေးလေး ... အဆင်သင့် ဖြစ်ပါပြီ။ သွားစို့တော့လား ကိုထွန်းနေလင်း"

"အား ... လေးလေးက သိပ်လှတာပဲ"

ထွန်းနေလင်းက မရိုးနိုင် မသိပ်နိုင် ဖွင့်ဟပြီး နီနီရဲရဲလေး ဖြင့် လှချင်တိုင်း လှနေသော လေးလေးမြင့်ကို ချီးကျူးစကား ဆိုလိုက်သည်။

လေးလေးမြင့်က ပြုံးလိုက်သည်။ ယခုအချိန်အထိ စိုးမိုးခိုင် သည် လှပစွာ နီရဲရဲလေး ဝတ်ဆင်ထားသော လေးလေးမြင့်အား မျက်မွေးတော် မော်၍ပင် မကြည့်ဘဲ နေထားလိုက်သည်။

ဒီပွဲမှာ ထွန်းနေလင်း၏ပွဲမို့ မိမိအနေနှင့် နောက်ထပ်ဘာမှ မဖတ်သက်တော့ဟုလည်း ဆုံးဖြတ်ချက်ကြီး ထပ်မံချထားလိုက် သည်။

"ပြောတော့မယ် ကိုထွန်းနေလင်းကတော့" လေးလေးမြင့် ၏ရယ်မောသံ လွင်လွင်လေး ထွက်ပေါ်လာစေသည်ကိုသာ စိုးမိုး ခိုင်က ကြမ်းပြင်ကို ကသိုက်ဖားရှရင်း နားထဲတွင် ကြားလိုက်ရသည်။

"ဟိုတစ်နေ့ကလည်း လေးလေးကို သိပ်လှတာပဲလို့ ကိုထွန်းနေလင်း ပြောတာပဲ၊ ကိုထွန်းနေလင်းမှာ လေးလေးကို တွေ့လိုက်တိုင်း အဲဒီလိုစကားတွေ ပြောမယ်လို့ အလွတ်ကျက် ထားသလားဟင် ..."

"ဒါမှမဟုတ်လည်း 'လေးလေးက သိပ်လှတာပဲ' ဆိုတဲ့ ရွတ်ဆိုချက်ဟာ ဂါထာမန္တန်တစ်ပုဒ်များ ဖြစ်နေသလား ကိုထွန်း နေလင်း"



ထွန်းနေလင်း ဟဲခနဲ ရယ်လိုက်ပါ၏။

"ဒါတော့ လေးလေးရယ်၊ ကိုယ့်မျက်စိထဲမှာ လေးလေးက အမြဲလှနေလို့ပေါ့"

"ရှမ်းကြီးကြိုက်တော့ နွားကြီးချော့တာပေါ့ ကိုထွန်းနေလင်း၊ ကိုယ်ထင် ခုတင်ရွှေနန်းပေါ့၊ ကဲ ... သွားမယ်ဆိုလည်း သွားစို့ တော့လေ"

သုံးဦးသားသည် ရှေ့ဆင့် နောက်ဆင့် လှေကားသုံးထစ်ကို ဆင်းခဲ့ကြသည်။ ရှေ့ဆုံးမှ လေးလေးမြင့်။ ဒုတိယ အလယ်လူ သည် ထွန်းနေလင်း။ နောက်ဆုံးမှ လိုက်ရသူမှာ စိုးမိုးခိုင်။

မာဇဒါဆီဒင်(၁၃၀၀)ကားလေးတွင် တံခါးလေးပေါက်ရှိ သည်။ လာစဉ်တုန်းကတော့ ထွန်းနေလင်း မောင်းပြီး ရှေ့ကူရှင် မှာပင် ထွန်းနေလင်း မောင်းသည့်ဘေးက စိုးမိုးခိုင် ထိုင်လိုက်ခဲ့ သည်။

လေးလေးမြင့်သည် ကားနီလေးသို့ ရောက်သည်နှင့် နောက် ပေါက်တံခါးကိုဖွင့်ကာ နောက်ကူရှင်မှာပင် ဝင်၍ထိုင်လိုက်သည်။

ထိုအခါ ထွန်းနေလင်းသည် နောက်ကူရှင်မှာပင် ဝင်ထိုင် ရန် ဟန်ပြင်ရင်း စိုးမိုးခိုင်ကို လှမ်းပြောလိုက်သည်။

"သူငယ်ချင်း ... မင်းပဲ မောင်းတော့ကွာ"

"အေး ... ဘယ်ကိုမောင်းရမလဲ"

"ခုနစ်မိုင်ကို မောင်းကွာ၊ ကွေ့ဝင်ရမယ့်အိမ်ကျရင် ငါ ထပ်ပြောမယ်၊ ဟုတ်ပလား"

"ဟုတ်ကဲ့"

ထွန်းနေလင်း၏ရယ်သံ ထွက်လာစဉ်မှာပင် စိုးမိုးခိုင်သည် ဘားစက်နှိုးပြီး စတင်မောင်းထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားစထွက်သည့် အချိန်မှစပြီး ထွန်းနေလင်းသည် လေးလေးမြင့်အား စကားတွေ ဖောင်ဖောင်ကြဲ ပြောတော့သည်။ သူ့အသံသည် ကျယ်လှသည်။

ဒါရိုက်တာမို့ ကားရိုက်ရာတွင် အော်ဟစ်ပြီး ညွှန်ကြားပေးသင်ပြရသည့်အကျင့် ဝါနေဟန်တူသည်။

ထွန်းနေလင်းက ကြည့်မြင်တိုင်အောက်လမ်းသို့ ဖောက်ထွက်ပြီး လက်ဝဲချိုးကာ လမ်းကျယ်ကြီးတစ်လျှောက် မောင်းလာပါ၏။ ရန်ကုန်မြို့၏ညဆိုသည်မှာ ယာဉ်ဥပဒေသအတိုင်း မော်တော်ကား၏ မီးလုံးအသေး ဖွင့်မောင်းရသည်မှလွဲပြီး လမ်းကျယ်ကြီးများတွင် မီးလုံးကြီး ဖွင့်မောင်းစရာမလိုပေ။ လမ်းဘေးဓာတ်တိုင်များမှ မာကျူရီမီးတွေက တစ်လမ်းလုံး ထိန်လင်းနေသည်ပဲဖြစ်ပါ၏။

စိုးမိုးခိုင်အဖို့ ထပ်မံ၍ တိုက်ဆိုင်မှုလေးတစ်ခု ဖြစ်လာရပြန်သည်။

ထွန်းနေလင်းသည် ကားရှေ့မှန်ထိပ် အလယ်ဗဟိုတွင်ရှိသော နောက်ကြည့်မှန်ကို ဘယ်လိုချိန်ထားမှန်းမသိ။ ဒါမှမဟုတ်လည်း ဒီကောင် ထွန်းနေလင်းသည် ကားမောင်းရာတွင် နောက်ကြည့်မှန်ကို ကြည့်မောင်းသော အကျင့်မရှိသည်လည်း ဖြစ်ကောင်းဖြစ်မည်။

စိုးမိုးခိုင်ကတော့ ကားမောင်းပြီဆိုလျှင် ရှေ့သို့လည်းကြည့်သည်။ မကြာခဏဆိုသလို နောက်ကြည့်မှန်ကိုကြည့်ပြီး ကိုယ့်နောက်မှ လိုက်လာသော အခြားယာဉ်များ အခြေအနေကိုလည်း ကြည့်လေ့ရှိသည်။



ယာဉ်မောင်းဥပဒေက ယာဉ်မောင်းနေစဉ်အတွင်း ယင်းသို့နောက်ကြည့်မှန်ကို အခါမလပ် ကြည့်ပေးရမည်ဟူသော သက်မှတ်ချက်ကြောင့်လည်း ဖြစ်သည်။

ထို့ထက်မှာမူ တပ်မတော်သားဆိုသည်မှာ မည်သည့်အခါမဆို မိမိသွားလာလှုပ်ရှားနေစဉ်ဖြစ်စေ၊ တည်ငြိမ်စွာ ထိုင်နေသည်ဖြစ်စေ သူ၏သတိသည် အစဉ်ရှိနေရသည်။ သူ၏မျက်လုံးသည် ရှေ့နောက်ဝဲယာကို မပြတ်လေ့လာနေရသည်။ ထိုအကျင့်သည် ဗိုလ်စိုးမိုးခိုင်၌ ပါရှိနေပါ၏။

သို့တစေ ...

ထွန်းနေလင်း ချိန်ထားသော နောက်ကြည့်မှန်က တစွေတစောင်းဖြင့် ကား၏ဖင်ပိုင်းမှန်ကျယ်မှတစ်ဆင့် နောက်သို့မြင်သာအောင် ဖြစ်မနေဘဲ နောက်ကူရှင်ထောင့်တစ်နေရာသို့သာ တန်းခနဲ မြင်နိုင်အောင် အနေအထား ရှိနေသည်။

ထုံးစံအတိုင်း စိုးမိုးခိုင်က နောက်ကြည့်မှန်ကို ကြည့်လိုက်သောအခါ ကား၏နောက်ပိုင်း ကူရှင်စွန်းတွင် တပ်ထိုင်နေသော လေးလေးမြင့်၏ မျက်နှာလှလှလေးသာ ဝင်းဝင်းမပ တွေ့ရသည်။

ကြည့်မှန်၏သဘောမှာ ကိုယ်မြင်သည့်အတိုင်း သူကလည်း ကိုယ့်ကို ပြန်မြင်သော သဘောရှိပါ၏။ စိုးမိုးခိုင် ကားမောင်းနေစဉ် စိုးမိုးခိုင်၏ ရုပ်မျက်နှာသည် နောက်ကြည့်မှန်ထဲသို့ လေးလေးမြင့် ထိုင်နေရာ ကူရှင်စွန်းရှုထောင့်မှ လှမ်းမြင်နေသည်သာ။

စိုးမိုးခိုင်က နောက်ကြည့်မှန်ကို လှမ်းကြည့်သောအခါ လေးလေးမြင့်နှင့် မှန်ထဲမှာပင် မျက်လုံးခြင်း ဆုံမိခြင်းပါ။

ဆုံမိသည်ဆိုသည်မှာ လေးလေးမြင့် ကိုယ်တိုင်က စိုးမိုးခိုင်၏ မှန်ထဲတွင် ပေါ်လွင်နေသောရုပ်ကို လှမ်းကြည့်နေသောကြောင့်ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အလုပ်က မသက်သာလှဘူး လေးလေး၊ ပင်ပန်းတာမှ သိပ်ကိုပင်ပန်းရတယ်၊ ခုခေတ် မင်းသား မင်းသမီးတွေကို ကိုင်တွယ်ရတာကလည်း မလွယ်လှဘူး၊ နာမည်ကြီး မင်းသား မင်းသမီး ဖြစ်လာလေလေ အကိုင်အတွယ်ရ ခက်လေလေပဲ၊ ခက်တာက မင်းသားဖြစ်ဖြစ် မင်းသမီးဖြစ်ဖြစ် နာမည်ကြီးလာပြီး ဇာတ်လမ်းတစ်ပုဒ်ကို ရိုက်တော့မယ်ဆိုရင် အဲဒီဇာတ်လမ်းရဲ့ မူရင်းအရသာကို ရှာတွေ့အောင် သူတို့ မဖတ်ကြဘူး၊ သူတို့ဖတ်ပြီးသား ဖြစ်နေရင်တော့ ဒါရိုက်တာက သင်ပြရတဲ့နေရာမှာ ဒီနေရာမှာ ဒီအကွက် ဖမ်းတတ်တယ်ဟော့ဆိုပြီး ရိုက်ရုံပဲ"

ထွန်းနေလင်းသည် သူ၏လုပ်ငန်းမှာ မည်မျှခက်ခဲကြောင်း၊ ပင်ပန်းလှကြောင်းတွေ စီကာပတ်ကုံး ပြောပြနေတော့သည်။ ဒါကလည်း သဘာဝတစ်ခုပင်။

မိမိချစ်သူအား မိမိ မည်မျှအလုပ်ပင်ပန်းကြောင်း၊ မိမိ၏ ခက်ခဲနက်မဲမှုတွေကို ဘယ်လိုကျော်ဖြတ်ပြီးမှ အောင်မြင်ရကြောင်း ပြောတတ်စမြဲဖြစ်သည်။ သို့မှသာ မိမိအပေါ်သို့ မိမိချစ်သူက အထင်ကြီးလာပေမည်။ ကြင်နာမှု ပိုလာပေမည်ဟူသော မျှော်လင့်ချက်ဖြင့် ပြောပြခြင်းမျိုး ဖြစ်ပေသည်။

သို့သော် လေးလေးမြင့်၏ မျက်လုံးတို့သည် ကားနောက်ကြည့်မှန်ထဲသို့စိုက်ကြည့်နေပြီး စိုးမိုးခိုင်ကလည်း နောက်ကြည့်မှန်အကြည့်နှင့် ဆုံစလမှ သူမ၏မျက်လွှာကို ဖျတ်ခနဲ အောက်သို့ ချပစ်လိုက်ပေသည်။ ထိုကိစ္စမှာ ပထမအကြိမ်မှာတော့ တိုက်ဆိုင်မှုဟုသာ စိုးမိုးခိုင် အထင်ရှိလိုက်မိပါ၏။

"ကိုယ်ပြောတာကို လေးလေး နားမထောင်ရဲ့လား၊ ဟင်၊ လေးလေး ဒီနေ့ ဘာဖြစ်နေလဲ၊ ငူငူငိုင်ငိုင်နဲ့"



"လေးလေး ဘာမှမဖြစ်ပါဘူး၊ ကိုထွန်းနေလင်း ပြောတာတွေ နားထောင်နေသားပဲ"

"ဒါနဲ့တောင် ကိုယ့်စကားတွေကို အင်းလေး ဘာလေး မလိုက်ဘူးနော်၊ အားတက်သရော မရှိသလိုပဲ"

လေးလေးထံမှ သြပြီးမှလွင်သော ရယ်သံလေးတစ်ချက် ထွက်လာပေသည်။

"သြော် ... ကိုထွန်းနေလင်းရယ်၊ အခုပြောတာတွေဟာ လူကြီးက ကလေးကို ပုံပြောနေတာမှ မဟုတ်တာ၊ ပုံပြောရင်သာ အင်း,လိုက်ရတာ မှတ်လား၊ နောက်ပြီး ကိုထွန်းနေလင်းရဲ့ပညာပိုင်းလုပ်ငန်းတွေကို လေးလေးမှ မတီးခေါက်မိတာ၊ တချို့ ကိုထွန်းနေလင်း ပြောတဲ့ အပိုင်းတွေဆိုရင် လေးလေး နားမလည်တာတွေလည်း ပါတယ်၊ လိုက်မမီတာတွေလည်း ပါတယ်၊ ဒါကြောင့် ငြိမ်ပြီးဘဲ နားထောင်နေရတာပါ ကိုထွန်းနေလင်း"

မာဇဒါဆီဒင် ကားနီလေးမှာ ကားနံပါတ်"ဈ"အက္ခရာဖြင့် အသစ်စက်စက်လေးမို့လား မသိ။ စက်သံမှာ ညက်လှသည်။ လေးလေးမြင့် ပြန်ပြောသံပင် စိုးမိုးခိုင်က ရှေ့မှ မောင်းရင်းကြားနေရသည်။

"ကိုယ် နောက်အပတ်ထဲ နယ်ဆင်းရဦးမယ် လေးလေး၊ ရှမ်းပြည်ဘက်အထိ ဆင်းရမှာဆိုတော့ ရက်နည်းနည်းကြာမလားမသိဘူး"

"ဟုတ်လား ... ကားရိုက်ဆင်းမှာပဲလား"

"ဒါပေါ့၊ ကိုယ်တို့တစ်ဖွဲ့လုံး ဆင်းရမှာ၊ ပထမတစ်ခေါက်တုန်းကတော့ ကိုယ်နဲ့ ဓာတ်ပုံဆရာ နှစ်ယောက်တည်း ဆင်းကြည့်ကြတယ်လေ၊ ရိုက်ကွင်းရိုက်ကွက်အတွက် ရှုခင်းကောင်းကောင်းတွေ သွားရွေးချယ်ကြတဲ့ သဘောပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေ ကိုယ်တို့ အမြင်မျက်စိနဲ့ ရှုခင်းသဘာဝဟာ ဘယ်လောက် လှနေနေ ကင်မရာနဲ့ ရိုက်ယူတဲ့အခါကျတော့ လှချင်မှ လှနေတယ် ...

"ဒါက မျက်စိအမြင် မြင်ကွင်းနဲ့ ကင်မရာရဲ့မြင်ကွင်း ကွာခြားချက်ကြောင့်ပဲ လေးလေး၊ မျက်စိမြင်ကွင်းဆိုတာကတော့ သိပ်ကျယ်ပြောတယ် မှတ်လား၊ အဲဒီကျယ်ပြောပြီးမှ လှတဲ့မြင်ကွင်းကို ကင်မရာကျတော့ ဖလင်ရဲ့မီလီမီတာ အကျယ်အပြော အတွင်းသာ ရိုက်ရပြန်တော့ မျက်စိမြင်ကွင်းမှာ လှသလောက် အလှတွေကို ဖလင်နဲ့ပိတ်ကားပေါ်မှာ ကုန်စင်အောင်ရိုက်ပြီးပြလို့ မရပြန်ဘူး။ ဒါကြောင့် မျက်စိမြင်ကွင်း လှချည်ရဲ့ဆိုတိုင်း ကင်မရာက ရိုက်မယူနိုင်တာမျိုးတွေပေါ့လေ"

ဆီဒင်ကားလေးကို ဘားဂရာလမ်းမီးပွိုင့် တံတားကြီးအောက်မှ ညာချိုးကာ လမ်းမီးချောင်းကိုဖြတ်ပြီး မြေနီကုန်းမီးပွိုင့်မှတစ်ဆင့် ပြည်လမ်းကြီး၏ လက်ဝဲသို့ စိုးမိုးခိုင် ကားကွေ့ချိုးပြန်သည်။ ယင်းအကွေ့ချိုးတွင် ဂီယာတစိုက်ဖြင့် ရှေ့ကိုကြည့်ရသည့်ဝဲယာကို ကြည့်ရသည်။ ထို့နောက် နောက်ကြည့်မှန်ထဲသို့ ကြည့်မိပြန်တော့သည်။

မျက်လုံးချင်း ဆုံကြပြန်လေပြီကော။

လေးလေးမြင့်သည် သွယ့်ဟာသူ မောင်းသူ စိုးမိုးခိုင်၏မျက်နှာလေး တစ်ကွက်သာ ထင်နေသော နောက်ကျရှင်ထောင့်မှ လှမ်း ကြည့်နေကြောင်း သိသာလှပါ၏။

ကြည့်မှန်ထဲတွင် မျက်လုံးချင်းဆုံမိပြန်တော့လည်း မရှေ့ လေးလေးမြင့်ကပင် ထုံးစံအတိုင်း မျက်လွှာချပစ်လိုက်ပြန်တော့သည်။ တိုက်ဆိုင်မှုတော့ မဟုတ်တန်ပြီ။



စိုးမိုးခိုင်သည် ဝိုးခနဲ သက်ပြင်းတစ်ချက် သူ့ဟာသူ ကားမောင်းရင်း လူမသိ သူမသိ မှုတ်ထုတ်လိုက်သည်။

ပြည်လမ်းကြီးတစ်လျှောက်ကို မောင်းမိပြီ ဖြစ်သောကြောင့် လမ်းကျယ်ကြီးတွင် အခက်အခဲမရှိ မောင်းနေရပြီမို့ လက်တစ်ဖက်က ကားစတီယာရင်ကိုထိန်းရင်း ကျန်လက်တစ်ဖက်ဖြင့် စိုးမိုးခိုင်က နောက်ကြည့်မှန်ကို နောက်ပေါက်နှင့်တည့်ပြီး နောက်ကယာဉ်များကို မြင်နိုင်အောင် ပြန်လည်တည့်မတ်စွာရွေ့ကာ ပြောင်းကာ ချိန်လိုက်တော့သည်။ ယင်းသို့ ချိန်သားကျစွာ ချိန်လိုက်သောအခါ၌ နောက်ကျရှင်ထောင့်မှ လေးလေးမြင့်၏မျက်နှာလေး မှန်ထဲတွင် မပေါ်လာတော့ပေ။ စိုးမိုးခိုင်၏မျက်နှာသည်လည်း လေးလေးမြင့်ထောင့်မှ ကြည့်လျှင် မှန်ထဲတွင် ပေါ်စရာ အကြောင်းမရှိတော့ပါလေ။

အကယ်၍သာ လေးလေးမြင့်သည် အကြောင်းတစ်ခုခုကြောင့် မှန်ထဲတွင် ပေါ်နေသော စိုးမိုးခိုင်အား သူမထိုင်ရာမှ မကြာခဏ လှမ်းကြည့်မိသည် ဆိုပါလျှင် စိုးမိုးခိုင်က မှန်ကိုနေရာရွှေ့ပစ်သည့်အတွက် သူမ၏ရင်ထဲတွင် မည်သို့ခံစားရလေမည် မသိတတ်တော့။ သူမက မိန်းမသားဖြစ်ပြီး စိုးမိုးခိုင် ယောကျ်ားသားက အကြည့်မခံလို မျက်လုံးချင်း မဆိုင်ဆိုလိုသည့်သဘောဖြင့် မှန်ကို နေရာရွှေ့သည်ဆိုလျှင် သူမ၏စိတ်ထဲ၌ ခံပြင်းမှုတစ်ခုခုတော့ ခံစားရလိမ့်မည်ဘဲ ထင်ပါ၏။

သို့သော် မတတ်နိုင်။ စိုးမိုးခိုင် နောက်ကြည့်မှန်ကြည့်သည်မှာ လေးလေးမြင့်ကို ကြည့်လို၍မဟုတ် နောက်မှပါလာသော ယာဉ်ကျောကို ကြည့်လို၍သာ ဖြစ်သည်။ နောက်တစ်ချက်မှာ လေးလေးမြင့်သည် ထွန်းနေလင်း ရည်မှန်းထားသူ မိန်းမချော မိန်းမလှလေး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ လေးလေးမြင့်က မိမိအပေါ်တွင် အကြောင်းတစ်ခုခုကြောင့် စိတ်ဝင်စားသည်ပဲထား။ မိမိအနေနှင့်ကတော့ ချစ်စွာသော သူငယ်ချင်း ထွန်းနေလင်း၏ မျက်နှာကို ထောက်ကာ လေးလေးမြင့်ကို ရှောင်ဖယ်ရှားမှာ ဆိုသည့် သဘောထားရမည်။ မိမိက လေးလေးမြင့်အား သူမ၏ အလုံ ဌာနလမ်း အိမ်ပေါ်တွင် စူးစိုက်ကြည့်မိသည်မှာ လေးလေးမြင့်တွင် လှပသော ပါးချိုင့်လေးရှိသောကြောင့်သာ ဖြစ်ပါ၏။

အကြောင်းမှု နီမာတွင်လည်း လေးလေးမြင့်ကဲ့သို့ပင် ပါးချိုင့်လေးရှိသောကြောင့်သာ ဖြစ်ပါ၏။

"ဟေး ... သူငယ်ချင်း ရွှေကျရင် မီးရောင်တွေထိန်နေတဲ့ ညာဘက်ခြံထဲကို ဝင်ရမယ်နော်၊ ဒီညမွေးနေ့ပါတီပွဲက အဲဒီခြံက ပွဲပဲ သူငယ်ချင်း"

ထွန်းနေလင်း မပြောလည်း သိသာပါ၏။ ခြံထဲရှိသစ်ပင်ပုပုလေးများကြားတွင် ရောင်စုံစက္ကူဝတ် မီးလုံးတွေ ထွန်းညှိထားသည်။ ခြံ၏ဟိုဘက်ဒီဘက်တွင် ကြိုးဆွဲကာ မီးချောင်းများ မြင်နေအောင် ထွန်းညှိထားသည်။ ခြံကျယ်ကြီးထဲတွင် စာပွဲခင်းလှလှလေးများ ခင်းထားသော စားပွဲတွေ အများကြီး ချထားပါ၏။ စားပွဲတစ်လုံးလျှင် ကုလားထိုင်လေးလုံး ချထားသည်။ စားပွဲတစ်လုံးတိုင်းပေါ်၌ လိမ္မော်ရည်၊ ကာရင်ဆော်ဒါ၊ ဗင်တို စသည့် ဘီလပ်ရည်များ တစ်မျိုးလျှင် နှစ်လုံးကျစီဖြင့် တစ်စားပွဲတွင် (၈)လုံးချထားသည်။ ရိုးရိုး ဒီအတိုင်း ပုလင်းတွေကို ချထားသည် မျိုး မဟုတ်။ ဖန်မြေ မှန်မြေမှ ထုတ်လုပ်သည့် လှပသည့် ဖန်ဖလားကြီးထဲတွင် ရေခဲတွေရှိသည်။ ထိုရေခဲတွေ ကြားထဲ၌ ဘီလပ်ရည်ပုလင်းတွေကို မြှုပ်ထားခြင်း ဖြစ်ပေသည်။ ဖန်ခွက်



ရှည်မြော်မြော် လေးလုံးလည်း ချထားသည်။ ဘီလပ်ရည်အဖုံးဖွင့် ကိရိယာလေးကလည်း စားပွဲတစ်ခုတွင် တစ်ခုချထားသည်။ စက္ကူလက်သုတ်ပဝါများက စားပွဲတိုင်းတွင် အထပ်လိုက်ပင်ချထားပေး၏။

မွေးနေ့အတွက် ကျွေးမည့် အာဟာရမှာ ပလာတာနှင့် ကြက်ကောင်လုံးကင် ရှရှလေးဖြစ်သည်။

ကြက်ကင်နှင့် ပလာတာ စားသောက်ဖို့ကတော့ အချိန်မတိုင်သေး။ အချိန်ကျလေမှ ဘောင်းဘီဖြူ အကျႌဖြူနှင့် ဦးထုပ်ဖြူတွင် အနီကြားရစ်ထားသော စားပွဲထိုးများက လာရောက်ပြီး လိုလေသေးမရှိအောင် စားပွဲထိုးကြဖို့ အသင့်ရှိနေကြသည်။

စားသောက်ချိန် မရောက်သေးမီ ဧည့်သည်များအဖို့ ရေခဲစိမ်ဘီလပ်ရည်ကို အပျင်းပြေ သောက်နိုင်ကြဖို့မျှသာ စားပွဲတွင် စီစဉ်ထားခြင်း ဖြစ်ပါ၏။

အဖျော်ယမကာပွဲမို့ အစာမစားမီ ဘီလပ်ရည်မကြိုက်တတ်သော သူတွေအတွက်လည်း သီးခြားစီစဉ်ထားသည်။

ခြံထောင့်တစ်နေရာတွင် အရက်ကောင်တာသဘော ဖွင့်ထားပေးခြင်းဖြစ်ပါ၏။ ရွှေပွဲလာပရိသတ်တွေထဲမှ ဘီလပ်ရည်ကို မသုံးဆောင်ချင်သော ဖိုးသမားများသည် အရက်ကောင်တာသို့ သွားရောက်ကြရသည်။

အရက်ကိုတော့ စားပွဲများတွင် ပုလင်းလိုက် ချထားပေးခြင်း မရှိပါလေ။ ကောင်တာတွင် ရမ်(မ်)၊ ဘရန်ဒီ၊ ဝီစကီ၊ ဂျင် စသည်ဖြင့် ဖန်ခွက်ခံလိုက်တိုင်း ကြိုက်ရာ(၂)ပက် ထည့်ပေးလိုက်သည်။ ရေခဲစိမ်ဆော်ဒါပုလင်းကိုလည်း နှစ်ပက်တစ်ခါပေးတိုင်း ဆော်ဒါတစ်ပုလင်း ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ ညှော်သည်တစ်ဦးသည် အရက်(၁၀)ပက်သောက်ချင်သည် ဆိုကြပါအံ့။ ကောင်တာသို့ ဖန်ခွက်(၅)ကြိမ် သွားတင်ရသည်။

ရှေ့ပွဲလာပရိသတ်သည် စားပွဲထိုင်ပရိသတ်ရောမနည်းပါလေ။ မော်တော်ကားများမှာ ခြံကျယ်ကြီးထဲမှာပင် မဆန့်၍ ခြံပြင်လမ်းပေါ်၌ စီရီထားသေးသည်။ ခေတ်မီ ခေတ်ပေါ်အလှပြိုင်ပွဲကျင်းပနေသလား ထင်ရပါ၏။

ထွန်းနေလင်း၏ ကားဝင်လာသောအခါ၌ကား ခြံဝမှဆီးပြီး အထူးကြိုဆိုပါ၏။ ခြံထဲတွင် ကားရပ်စရာမရှိ ဆိုစေကာမူ ထွန်းနေလင်းအတွက် ယီးသန့်နေရာရှိသည်။

ဤမွေးနေ့ပွဲသည် "ရွှေစင်"၏မွေးနေ့ပွဲဖြစ်သည်။

"ရွှေစင်"ကိုယ်တိုင် ထွန်းနေလင်း၏ မော်တော်ကားတံခါးကို လာဖွင့်ပေးသည်။

"ဆရာ သိပ်နောက်ကျတာပဲ၊ ရွှေစင်ဖြင့် ဆရာ မလာမချင်း ဒီညှော်သည်တွေကို ဘယ်လိုထိန်းရမယ်မှန်း မသိလို့ ခေါင်းကိုနောက်နေပြီ ဆရာ၊ ဪ ... မမလေး ... လာ ... လာ၊ တစ်ခါတည်း တီးဝိုင်းဆီကို ရွှေစင်လိုက်ပို့ပေးမယ်နော်"

လေးလေးမြင့်က ရွှေစင်ကို ပြုံးကြည့်ပြီး ဘာမှမပြောမပြောသေးဘဲ ထွန်းနေလင်းကိုသာ လှမ်းကြည့်လိုက်သည်။ ထွန်းနေလင်းက လေးလေးမြင့် အကြည့်ကို သဘောပေါက်ပါ၏။

"ကဲ ... ဒီလိုလုပ်စို့ ရွှေစင်၊ ဟောဒါ ကိုယ့်ငယ်ပေါင်းသူငယ်ချင်း ဗိုလ်စိုးမိုးခိုင်တဲ့၊ ကိုယ့်ကိုခင်တဲ့လူဟာ ကိုယ့်သူငယ်ချင်း ဗိုလ်စိုးမိုးခိုင်ကိုလည်း ခင်ရတဲ့သဘောရှိတယ်၊ ရွှေစင်လည်း ကိုယ့်သူငယ်ချင်းကို ဒီနေ့ကစပြီး ခင်မင်တဲ့ မိတ်ဆွေပေါ့ ဟုတ်



လား၊ ဒီမှာ သူငယ်ချင်း၊ အဲဒါ ရွှေစင်တဲ့၊ ခုနပြောသလိုပဲပေါ့ကွာ၊ ငါ့ကိုခင်တဲ့ သူငယ်ချင်းကလည်း ရွှေစင်ကို ခင်ရမယ်ပေါ့၊ အေး ... ဒါက ကသောကမြော မိတ်ဆက်ပေးတဲ့ သဘောပဲ စိုးမိုးခိုင်၊ နောက်ပြီး အေးအေးဆေးဆေးကျမှ ရွှေစင်နဲ့မင်းကို အသေးစိတ် မိတ်ဆက်ပေးရဦးမယ်၊ အခု ပရိသတ်က ငါနဲ့ပတ်သက်တဲ့ ပရိသတ်တွေချည်း ဖြစ်နေလို့ ပရိသတ်ကို ငါ နည်းနည်းပါးပါး၊ သွားထိန်းလိုက်ဦးမယ် ...

"ဪ ... ရွှေစင်ရေ၊ လေးလေးနဲ့ စိုးမိုးခိုင်ကို သီးသန့်စားပွဲ သီးသန့်နေရာ ချထားပေးလိုက်စမ်းကွယ်၊ အခုချက်ချင်း လေးလေးကို တီးဝိုင်းပို့ထားလို့ မဖြစ်သေးဘူး၊ အချိန်ကျလို့ မွေးနေ့ဖွင့်ပြီဆို လေးလေးက တီးဝိုင်းဆီ လာခဲ့ပေစေတော့၊ နို့မို့ဆိုရင် တီးဝိုင်းထဲမှာ လေးလေး ကြောင်နေမယ်၊ အနေအထိုင်ခက်နေမယ်"

ဘာမှန်းတော့ မသိ။ သို့သော် ဤမျှ လျှမ်းလျှမ်းတောက်မွေးနေ့ပါတီပွဲတစ်ခုကို ထွန်းနေလင်း ခေါင်းဆောင်ထားမှန်းတော့ ထင်ရှားနေသည်။ အမှန်တော့ ထွန်းနေလင်းသည် ဒီပွဲတွင် ပရိသတ်ထက် စောပြီး နာရီဝက်လောက် တင်ကြိုရောက်ဖို့ကောင်းမှန်း စိုးမိုးခိုင် သတိထားမိသည်။

မိမိက သူ၏အလုပ်ကို အလေးအနက်မထားဘဲ ကဝမှ အပြန်နောက်ကျရသည်ကိုလည်းကောင်း ရောက်လာပြန်တော့လည်း မိမိကို တမင်စောင့်ခေါ်ရခြင်းကြောင့် အချိန်တွေပုပ်သွားသည်ကိုလည်းကောင်း ထိုသို့သော အကြောင်းများကြောင့် ယခု ထွန်းနေလင်းခမျာ ပျာယာခတ်သွားရသည်ကို စိုးမိုးခိုင် နောင်တရမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ထွန်းနေလင်းသည် သူတစ်ယောက်တည်းပင် ပရိသတ်အလယ်သို့ ရောက်သွားတော့သည်။

ထွန်းနေလင်းအား ဝိုင်းဝန်းပြီး ဖက်လဲတကင်း နှုတ်ဆက်ကြသူများမှာ တအုံတကြွကြီးပင် ဖြစ်တော့သည်။

"လာ … မမလေး၊ လာပါ ဗိုလ်ကြီး၊ မမလေးနဲ့ဗိုလ်ကြီးအတွက် ရွှေစင် နေရာလိုက်ပြအားမယ်နော်"

ရွှေစင်ကပင် ရှေ့ဆောင်ပြီး ခေါ်သွားပေးသည်။ ရှေ့ဝိုင်းတစ်နေရာ ဖြစ်ပါ၏။ တီးဝိုင်းနှင့် မနီးမဝေးခန့် ဖြစ်သည်။ ထွန်းနေလင်းအတွက် သီးသန့်ထားသော နေရာဟု ရွှေစင်က ဆိုသည်။

"ရွှေစင့်ကို ခွင့်ပြုဦးနော် မမလေး၊ ဒီလောကမှာ ရွှေစင်က လူသစ်ဖြစ်နေတော့ ဆရာထွန်းနေလင်းနဲ့တွဲမှ လူသိများမှာမို့ပါ"

"ရပါတယ် ရွှေစင်၊ ရွှေစင် လိုက်ပြီးနှုတ်ဆက်ဦး၊ မမလေးတို့ ဒီမှာပဲ နေခဲ့ပါ့မယ်"

ရွှေစင်က စိုးမိုးခိုင်ဘက် လှည့်ပြန်သည်။

"ဩော် … ဗိုလ်ကြီးကလည်း ရွှေစင့်ကို ခွင့်ပြုပါနော်၊ ဗိုလ်ကြီးပျင်းနေရင် ကောင်တာမှာ လိုသမျှရပါတယ်"

"ဟုတ်ကဲ့ မရွှေစင်၊ ကျွန်တော် အရက်သောက်တော့ သောက်ပါတယ်၊ ဒါပေမဲ့ အရက်ကြိုက်ပါဘူး၊ နောက်တစ်ခုက ကျွန်တော်ဟာ ဗိုလ်အဆင့်ပဲ ရှိပါသေးတယ်၊ ပခုံးမှာ နှစ်ချောင်းပဲ တပ်ခွင့်ရပါသေးတယ်၊ ဗိုလ်ကြီး မဟုတ်သေးပါဘူး၊ အခုလာတာလည်း ရာထူးနဲ့ တာဝန်နဲ့ လာတာမဟုတ်လို့ ကိုစိုးမိုးခိုင်လို့ခေါ်လည်း ရပါတယ် မရွှေစင်"



ရွှေစင်သည် စိုးမိုးခိုင်ပြောပြီးနောက် ဘာဆက်ပြောရမှန်း မသိရှာဘဲ ပြုံးပြုံးကလေးပင် ကြောင်ကြည့်နေပေသည်။ ရွှေစင် စိတ်ထဲတွင် "ဘယ်လိုလူပါလိမ့်" ဟုတော့ မှတ်ထင်သွားမိသည်။

"ရွှေစင် သွားတော့မယ်နော်" ဟု ပြောပြီး ချာခနဲ လှည့်ထွက်သွားပါ၏။

စိုးမိုးခိုင်က ကုလားထိုင်တွင် ထိုင်ချရင်း ရွှေစင်ထွက်သွားရာသို့ ငေးကြည့်နေမိသည်။ ဒီကောင်မလေးသည် ရှိလှပါမှ အသက်(၁၈)နှစ် (၁၉)နှစ်မျှသာ။ ရုပ်ကလေးလည်း လှသည်၊ ထဘီရောအင်္ကျီပါ ဇာအဖြူဝတ်ဆင်ထားသည်။ အသားလေးဖြူဖြူမို့ ဇာဝတ်စုံနှင့် ဖယောင်းတိုင်ဖြူဖြူချောချောလေးသဖွယ် ကြည့်၍လှပသည်။ ရွှေစင်သည် ထွန်းနေလင်းအား ဆရာဟုလည်းခေါ်သည်။ ဒီလောကတွင် သူမသည် "လူသစ်" ဖြစ်သည်ဟုလည်း ပြောသည်။ ဧကန္တ ယခုခေတ် ရုပ်ရှင်မင်းသမီး ဖြစ်ချင်သော အမျိုးသမီးငယ်များအတိုင်း ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာကို ချဉ်းကပ်သည်မျိုးပဲ ဖြစ်ပေလိမ့်မည်ဟု စိုးမိုးခိုင် တွက်ကြည့်နေမိသည်။

"ဩော် … ကိုစိုးမိုးခိုင်၊ လေးလေးကိုတော့ အားမနာနဲ့နော်၊ ဒီမွေးနေ့ပွဲကို လေးလေး လိုက်လာတာက တာဝန်သဘောမျိုးပါ၊ ကိုစိုးမိုးခိုင် ပါမလာလည်း လေးလေး တစ်ယောက်တည်း ကျန်ခဲ့မယ်ဆိုပြီး ကိုယ်သွားချင်တဲ့ နေရာကို မသွားဘဲမနေနဲ့နော်"

စိုးမိုးခိုင်သည် ပရိသတ်ထဲတွင် ရောနှောဝင်ရောက်သွားသော ရွှေစင်ကို ကြည့်နေမိရာမှ လေးလေး၏စကားသံကြောင့် လေးလေးမြင့်ဘက်သို့ လှည့်လိုက်သည်။

"မလေးလေးမြင့် ဘာကိုဆိုလိုတာလဲဗျာ၊ ကျွန်တော်က ဘယ်သွားချင်တယ်လို့ မလေးလေးမြင့် ထင်နေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"ခုန ရွှေစင် ပြောသလို အရက်ကောင်တာဆီများ သွားချင်နေလားလို့ပါ ကိုစိုးမိုးခိုင်"

စိုးမိုးခိုင်က ပြုံးလိုက်သည်။ အရက်ကောင်တာဆီသို့လည်း မျက်လုံးတစ်ချက် ဝေ့လိုက်သည်။ အရက်ကောင်တာတွင် လူကြီးလူကောင်းတွေ တန်းစီနေကြသည်ကို တွေ့ရပါ၏။

စိုးမိုးခိုင်က ကောင်တာကို မျက်စိလွှဲလိုက်ပြီး သူ၏လက်တံအရှည်ကြီးတစ်ဖက်ကို စားပွဲအလယ်ရှိ ဘီလပ်ရည်ပုလင်းများထားရာဆီသို့ လက်လှမ်းလိုက်သည်။

"မလေးလေးမြင့် ဘာသောက်မလဲ"

"လိမ္မော်ရည်ပါ"

စိုးမိုးခိုင်က လိမ္မော်ရည်နှစ်ပုလင်း ဆွဲယူလိုက်သည်။ မှောက်ထားသော ဖန်ခွက်များကိုလှန်လိုက်သည်။ ဖောက်တံဖြင့် ပထမတစ်လုံးဖောက်ပြီး ဖန်ခွက်တစ်ဝက်လောက်ထည့်ကာ လေးလေးမြင့်ရှေ့တွင် ဖန်ခွက်ရော ပုလင်းလက်ကျန်ရော ချထားပေးလိုက်သည်။ ပြီးမှ သူ့အတွက် သူ ဖောက်ပါလေ၏။

"ကျွန်တော် အရက်မကြိုက်ပါဘူး မလေးလေးမြင့်"

"အဆန်းပဲနော်"

"ဘာကိုအဆန်းပဲနော်လို့ ပြောတာလဲဗျာ"

"စစ်ဗိုလ်ဆိုပြီး အရက်မကြိုက်လို့ပါ၊ များသောအားဖြင့် စစ်ဗိုလ်တွေ အရက်ကြိုက်တတ်သလားလို့"

စိုးမိုးခိုင်သည် ဘာမျှဆက်မပြောသေး။ ဖောက်လက်စ လိမ္မော်ရည်ပုလင်းမှ လိမ္မော်ရည်များကို ဖန်ခွက်ထဲသို့ ငှဲ့နေပေသည်။ စိုးမိုးခိုင်၏အပြုအမူ အပြောအဆိုတို့သည် တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး နိုင်လှသည်။



စကားပြောရာတွင်လည်း ရှေ့လောတကြီး ပြောတတ်ပုံမရပေ။ စိုးမိုးခိုင် တစ်ခုခု ပြန်ပြောလိမ့်မည်ဟူ၍တော့ လေးလေးမြင့် မျှော်လင့်ထားသည်။ လူနှစ်ဦးစကားပြောရာတွင် ပြောသူ၏မျက်နှာကို နားထောင်သူက ကြည့်မိနေတတ်သည်မှာ မမှတာ။ စကားပြောနေသူ ဆိုလေတော့ သူ့မျက်နှာကို နားထောင်သူက ပို၍အချိန်ကြာကြာ ကြည့်ရမိသည်။

"စစ်ဗိုလ်ဆိုတာလည်း လူသားတစ်ယောက်ပါပဲ မလေးလေးမြင့်။ အရပ်သားထဲမှာ အရက်ကြိုက်သူလည်းရှိ၊ မကြိုက်သူလည်းရှိသလို စစ်ဗိုလ်ထဲမှာလည်း အရက်ကြိုက်တဲ့လူလည်းရှိတာပဲ၊ မကြိုက်တဲ့လူလည်း ရှိတာပဲ၊ တစ်ခုတော့ ရှိတာပေါ့လေ၊ စစ်သားဘဝဆိုရာက ကြမ်းတယ်၊ ရှေ့တန်းဆိုတဲ့ နေရာတွေဟာ တောကြမ်းတယ်၊ တောင်ကြမ်းတယ်၊ ရာသီဥတုကြမ်းတယ်၊ ရောဂါဘယ ထူပြောတယ်၊ ဒီတော့လည်း ကျန်းမာရေးအတွက်လိုအပ်လို့ကို အရက်သောက်ရတာမျိုးတွေရှိတယ်။ ဟဲ ... ဟဲ ... ဟဲ"

စိုးမိုးခိုင်သည် သူ့ဟာသူပြော၊ သူ့ဟာသူ ရယ်မောလိုက်ပေသည်။ လေးလေးမြင့်သည် စိုးမိုးခိုင် ပြောသည်ကို သေချာနားထောင်ရုံမက တဟဲဟဲ ရယ်မောသည်ကို ငေးစိုက်ကြည့်နေမိသည်။

ဤနှုတ်ခမ်း၊ ဤပါးစပ်နှင့် ဤပြုံးရယ်ပုံမျိုးကို ဘာကြောင့်မှန်းတော့မသိ။ လေးလေးမြင့် ရင်ထဲတွင် သိမ့်သိမ့်လေးနွေးသွားအောင် ခံစားလိုက်ရသည်။ ထို့ကြောင့်လည်း အိမ်မှာတုန်းက ကိုထွန်းနေလင်း မိတ်ဆက်ပေးစဉ်က ကိုစိုးမိုးခိုင်၏ ဤနှုတ်ခမ်းနှင့် ဤအပြုံးကို လေးလေးမြင့် သတိလက်လွတ်ငေးမောကြည့်မိရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တုန်းကလည်း ကားမှန်ထဲတွင် ကိုစိုးမိုးခိုင်၏ တင်းကျပ်စွာစေ့ထားသော နှုတ်ခမ်းကို မြင်နေသဖြင့် လေးလေးမြင့် ရင်ထဲတွင် တစ်မျိုးခံစားရကာ မကြာခဏ ကားမှန်ထဲသို့ ကြည့်ခဲ့မိသည်။

"မြို့ပေါ်ကလူတွေက ဘတ်(စ်)ကား တွဲလောင်းခိုစီးရတာ ဒုက္ခလို့ ထင်ကြတယ်။ ဘတ်(စ်)ကားတွဲလောင်းခိုစီးရတာ ကိုယ့်အတွက် အန္တရာယ်တော့ များတယ်ဆိုတာ ကျွန်တော် ဝန်ခံပါတယ်၊ ကဲဗျာ ... တွဲလောင်းခိုမစီးဘူး၊ ကိုယ့်ဟာကိုယ် ခြေကျင်သွားမယ်ဆိုလည်း ကတ္တရာလမ်းပေါ် လျှောက်ရတာပါ။ ကျောက်ပြားပလက်ဖောင်းပေါ် လျှောက်ရတာပါ။ သိပ်ပင်ပန်းတယ် မဟုတ်ပါဘူး။ ကတ္တရာလမ်းနဲ့ ကျောက်ပြားပလက်ဖောင်းပေါ်မှာ ဘယ်မြေပွေး မြွေဟောက်မှလဲ မကိုက်ပါဘူး"

သူ ဘာကိုရည်ညွှန်းပြောနေမှန်းတော့ အမိပွာယ်မပေါက်သေး။ သို့သော် ကတ္တရာလမ်းနဲ့ ပလက်ဖောင်းပေါ်မှာ မြေပွေး မြွေဟောက် မကိုက်ပါဆိုသော စကားအတွက်မူ လေးလေးမြင့်သည် ပါးချိုင့်လေးခွက်အောင် ပြုံးလိုက်မိသည်။ ဤစစ်ဗိုလ်သည် ကြံကြံဖန်ဖန် ပြောတတ်ပေစွ။

"ရှေ့တန်းမှာဆိုရင် တောလမ်းတောင်လမ်းမှ တကယ့်တောလမ်းတောင်လမ်း။ ခြေကျင်ကြိတ်ရတာချည်းပဲ၊ တချို့နေရာဆိုရင် တောထူလွန်းလို့ ဓားကိုင်စစ်သားတွေက ရှေ့ကတောကို ခုတ်ထွင်ပြီး သွားရသေးတယ်။ လျှိုတွေမြောင်တွေ တက်ဟယ်ဆင်းဟယ် သွားရသေးတယ်။ သိပ်ရေမနက်တဲ့ ချောင်းတွေအိုင်တွေကို တစ်ခါတလေ ရင်ဘတ်လောက်ထိ ရေနက်ထဲမှာ ဖြတ်ကူးရသေးတယ် ...



"မြို့ပေါ်ကလူတွေမှာ အပေါ်အင်္ကျီ ဝတ်ထားတာ အလေးဆုံးပါ မလေးလေးမြင့်။ လက်ထဲမှာ ဖိုင်တွဲတို့၊ စာအုပ်စာတမ်းတို့ ကိုင်တာလောက်ပဲ ရှိတတ်တယ်၊ ကျွန်တော်တို့မှာ ကျောပိုးအိတ်ကြီးတွေ ပါသေးတယ်။ လက်ထဲမှာလည်း သေနတ်ကိုင်ထားရသေးတယ်။ သေနတ်ဆိုတာက ခဏလေး တဒင်္ဂကိုင်ကြည့်ရင် သိပ်မလေးပေမယ့် အဲဒီလို ခရီးကြမ်းတစ်လျှောက်လုံး ရက်ပေါင်းအများကြီး၊ နာရီပေါင်း အများကြီး ကိုင်ထားရတဲ့ အခါတော့ အဲဒီသေနတ်ကို လွှတ်တောင်ပစ်ချင်တယ် မလေးလေးမြင့်"

"မသိလို့ မေးမယ်နော်၊ စစ်သားတွေကတော့ သေနတ်ကြီးတွေ ကိုင်ရတယ် ထားပါတော့။ ကိုစိုးမိုးခိုင်တို့ကျတော့ ပစ္စတိုခါးမှာချိတ်သွားရုံပဲ မှတ်လား"

စိုးမိုးခိုင်သည် ရယ်လိုက်ပြန်သည်။

"ပစ္စတိုဆိုတာက တပ်မတော်အရာရှိတစ်ယောက်အတွက် ပါရတဲ့ အဆောင်အယောင် တစ်ခုလို့ပဲ ပြောရမှာပဲ မလေးလေးမြင့်။ တကယ့်ရှေ့တန်းတိုက်ပွဲကျတော့ ပစ္စတိုလောက်ဟာ မထိရောက်ဘူးလို့ ဆိုရမလားပဲ။ ရှေ့တန်း တကယ်တက်ပြီဟော့ဆိုရင် စစ်ဆင်ရေး ခါးမှာလည်း ပစ္စတိုချိတ်ထားရတယ်။ လက်ထဲမှာလည်း မောင်းပြန်သေနတ်တစ်လက် ကိုင်ထားရတာပဲ"

"သြော် ... သြော် ... ဒါဆိုရင် နှစ်ခုကြီးတောင် စစ်ဗိုလ်က သယ်ထားရတော့ ပိုလေးတာပေါ့နော်"

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး မလေးလေးမြင့်။ တကယ်တမ်း ပင်ပန်းတာက ရဲဘော်တွေပါ၊ စစ်သားတွေပါ၊ သင်ယူရတာတွေ၊ တောထွင်းရတာတွေနဲ့ စခန်းတစ်ထောက်နား ပြီဟော့ဆိုရင် Camp ယာယီစခန်းထိုးတာကစပြီး ထမင်းဟင်းချက်

www.burmeseclassic.com

www.burmeseclassic.com



ရတာတွေအထိ ရဲဘော်တွေ လုပ်ရတာပါ။ အရာရှိဆိုတဲ့လူက အဲဒီအခါမျိုးကျတော့ ကျကျနန အနားယူခွင့် ရပါတယ်။ အဲဒါ တွေ ထားလိုက်ပါတော့ မလေးလေးမြင့်၊ ကျွန်တော် အဓိကဆို လိုချင်တာက ဒီအကြောင်းနဲ့ ဒီဘာသာရပ်မှ မဟုတ်တာ။ စစ်ဗိုလ် တွေ စစ်သားတွေ ဘာဖြစ်လို့ အရက်သောက်ဖြစ်သွားတယ်ဆို တဲ့ အကြောင်းနဲ့ တချို့စစ်ဗိုလ်တွေ အရက်ကြိုက်တဲ့အကြောင်း မှတ်လား"

"ဟုတ်ပါတယ် ကိုစိုးမိုးခိုင်၊ ဆက်ပြောပါ၊ ကိုစိုးမိုးခိုင် ပြောတဲ့စကားတွေကြောင့် ရှေ့တန်းဆိုတာ ဘာမှန်းမသိတဲ့ လေး လေးတောင် စစ်ဗိုလ်စစ်သားတွေကို ကရုဏာစိတ် ဖြစ်လာမိ တယ်"

"ခုန ကျွန်တော်ပြောတဲ့အထဲမှာ လူသားတစ်ယောက်အနေ နဲ့ စစ်သားတွေ ဘယ်လိုပင်ပန်းတယ် ဆိုတာလောက်ပဲ မလေးလေး မြင့်။ ကျွန်တော်တို့ စိတ်ပင်ပန်းတာတွေ ဆက်ပြောပြဦးမယ် ကျွန်တော်တို့ကို ဘယ်အချိန် ဘယ်နေရာကနေပြီး ရန်သူက ချုံခိုတိုက်မလဲ။ ချောင်းမြောင်းဖစ်ခတ်မလဲဆိုတာ ကျွန်တော်တို့ မျက်လုံးအစုံက ကျီးကန်းမျက်စိလို အမြဲကြည့်နေရတယ်။ ထမင်း စားသောက်ပြီး နေ့ခင်းနေ့လယ် ထမင်းလုံးစီရင်း တစ်ရေးတ မော မှေးမယ်၊ အိပ်မက်ဆိုတာမျိုး ကျွန်တော်တို့မှာ ဘယ်တော့ မှ မရှိခဲ့ဘူး"

"ဒီကြားထဲမှာပဲ ကြမ်းတမ်းတဲ့ ခရီးရော၊ ရာသီဥတုရော ငှက်ဖျားမိမလား၊ ဝမ်းရောဂါဖြစ်မလား ဆိုတာတွေ တွေးပူရသေး တယ်၊ ခရီးသွားရင်း မြွေဆိုးအကိုက်ခံရမှာလည်း စိုးရသေးတယ် နောက်ပြီး တောထဲတောင်ထဲမှာ လူ့စိတ်အဟာရဖြေဖို့အတွက်



ရုပ်ရှင်ဆိုတာမရှိဘူး၊ ပွဲလမ်းသဘင်ဆိုတာ မရှိဘူး။ ဒီတော့လည်း လုံခြုံစိတ်ချရတဲ့နယ်မြေ စခန်းချပြီဟော့ဆိုရင် စစ်သားတွေအတွက် အပန်းဖြေအတွက်ရော ရာသီဥတုဒဏ်အတွက်ရော အရက်ကိုတော့ တစ်ခွက်တစ်ဖလား သောက်ကြရတယ် မလေးလေးမြင့် ...

"တချို့ အယူသီးတဲ့ ရဲဘော်တွေဆိုရင် အရက်ကို ကျွန် တော် ဘုရားလှူထားပါတယ်၊ မသောက်ပါရစေနဲ့ ဆိုရင်တောင် 'ဟော့ ... ရဲဘော်၊ ဒါ အရက်မဟုတ်ဘူး၊ အာယုဒီဃဆေးပါ'ဆို ပြီး ကျွန်တော်ကိုယ်တိုင် တိုက်ခဲ့ရတယ် မလေးလေးမြင့် ...

"အဲဒီတော့ ကျွန်တော်ဆိုလိုတာဟာ စစ်ဗိုလ်လည်း အရက် သောက်ချင်သောက်မယ်၊ အဲဒီလို ရှေ့တန်းမှာကြာပြီး အရက်စွဲ သွားလို့ အရက်ကြိုက်ချင်ကြိုက်မယ်၊ ဒါပေမဲ့ လိုအပ်လို့သောက် တဲ့အချိန်မှာ သောက်ပြီးအရက်ကို မကြိုက်မနှစ်သက်တဲ့အတွက် မလိုအပ်တဲ့အချိန်မှာ မသောက်ဘဲနေတဲ့ စစ်ဗိုလ်စစ်သားတွေ ခုနဲ့ဒေးပါ မလေးလေးမြင့် ...

"ဒါကြောင့် ကျွန်တော်ဟာ အရက်ကိုသောက်တော့ သောက် တယ်၊ ဒါပေမဲ့ အရက်မကြိုက်ဘူးလို့ ပြောတာပါ"

ဘုရား ... ဘုရား။ စောစောကတော့ စကားမပြောမပြော နဲ့ ... ပြောမယ့်ပြောတော့လည်း သောကြာသား အရှုံးပေးရလောက် သည်။ သူ အရက်သောက်တော့ သောက်သည်။ အရက်မကြိုက် ကြောင်း ရှင်းပြသည်မှာ ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူသတဲ့ ဆိုသလို ရှည်လျားလွန်းလှ ပါ၏။ တစ်နည်းဆိုရလျှင် ဗိုလ်စိုးမိုးခိုင်သည် သူ၏လုပ်ငန်း ရာထူးနှင့် တာဝန်အပေါ်၌ အလေးအနက်ထားကြောင်း ပေါ်လွင် လှပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တော့ လီမွှော်ရည်ခွက်ကိုယ်စီဖြင့် ခဏခေတ္တ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။ လေးလေးမြင့်၏ခွက်တွင် လီမွှော်ရည်လက်တစ်လုံးသောက် လက်ကျန်၌ ဖန်ခွက်ကို စားပွဲပေါ်သို့ ချထားလိုက်သည်။ စိုးမိုးခိုင်ကပင် လေးလေးမြင့်အတွက် ဖောက်ထားပြီးသား ပုလင်းလက်ကျန်ကို လေးလေးမြင့် ဖန်ခွက်ထဲသို့ ငှဲ့ထည့်ပေးပြန်သည်။ ဤအပြုအမူမှာ မိန်းကလေးအပေါ် တွင်ယုယမှုသဘော ပါရှိနေပါ၏။ ဒီအတွက် လေးလေးမြင့် ရင်ထဲတွင် ကျေနပ်သလို ခံစားရပြန်သည်။

"ကိုစိုးမိုးခိုင်လည်း ထပ်ထည့်ဦးလေ"

"ကုန်ပြီလေ ... နောက်တစ်ပုလင်းဖောက်သောက်ရရင် ကောင်းမလားလို့ စဉ်းစားနေတာ"

လေးလေးမြင့်က အံ့အားသင့်စွာဖြင့် သူ့ဖန်ခွက်နှင့် သူ့ပုလင်းကို လှမ်းကြည့်လိုက်သည်။ အမှန်ပင် ပုလင်းဖင်ကပ်ပင် ကျန်တော့ပြီ။ လေးလေးမြင့် ပါးချိုင့်လေးခွက်အောင် ပြုံးမိရသည်။ သူမအနေနှင့် တစ်ခဏလောက် ငြိမ်နေစဉ်မှာပင် သူသည် တစ်ပုလင်းကုန်အောင် သောက်ထားပြီးဖြစ်ဟန် တူသည်။

"ကိုစိုးမိုးခိုင် ညနေစာ ဘာမှမစားရသေးဘူးထင်တယ်"

"အမှန်ပဲ မလေးလေးမြင့်၊ ကမန်းကတန်းကြီး ထွန်းနေ့လင်း ဆွဲခေါ်လာလို့ ပါလာရတာ"

"ဪ ... ဪ ... ထင်တော့ ထင်သားပဲ၊ ရွှေစင်ရဲ့ မွေးနေ့ပွဲလိုက်လာတဲ့ ကိုစိုးမိုးခိုင်ဟာ ရွှေစင့်ဧည့်သည်တော့မဖြစ်နိုင်ပါဘူးလို့"

စိုးမိုးခိုင်၏ လက်တစ်ဖက်သည် ဘီလပ်ရည်ပုလင်းများဆီသို့ ရောက်သွားပြန်သည်။ လီမွှော်ရည်ပုလင်း မရှိတော့။ ကရင်



ဆော်ဒါနှင့် ဗင်တိုပုလင်း နှစ်လုံးစီ ကျန်နေသေးသည်။ ဗင်တို တစ်ပုလင်းကို စိုးမိုးခိုင်ဆွဲယူကာ ဖောက်တံနှင့်ဖောက်ပြီး ဖန်ခွက်ထဲ ငှဲ့လိုက်သည်။

"ဒီမွေးနေ့ပွဲဟာ မရွှေစင် ကျင်းပပေးတဲ့ပွဲလား"

"ဟုတ်တယ် ကိုစိုးမိုးခိုင်"

"အင်း ... ဘာရန်ဒီ ... ဝီစကီ ... ရမ် ... ဂျင် စတဲ့အရက် တစ်ပုလင်းတန်ဖိုးကို ဂျုံးမှုကြေးနဲ့ပဲ အားလုံးရောစွက်ဦး တစ်ပုလင်းကို သုံးဆယ့်ငါးကျပ်လောက် ထားနိုင်တယ်၊ ဒါတောင် ပြည်တွင်းဖြစ် အရက်ကိုပြောတာ ...

"အခုရောက်နေတဲ့ ပရိသတ်ကို အကန့်အသတ်မရှိ တိုက်တယ်ဆိုတော့ အနည်းဆုံး ပုလင်းနှစ်ရာထားလိုက်ဦး၊ ငွေခုနစ်ထောင်ပဲ၊ ဘီလပ်ရေဖိုးတွေ၊ ဆော်ဒါပုလင်းဖိုးတွေ၊ စားစရာတွေနဲ့ဆိုရင်တော့ ဒီပွဲဟာ ဒီတစ်ညအတွက် တစ်သောင်းအထက်မှာ ကုန်မယ် ...

"တစ်ညတည်း ငွေတစ်သောင်းကျော်ဖိုး ပါတီပွဲနှင့် ကျင်းပနိုင်တဲ့ မရွှေစင်ဟာ တကယ့်သူဌေးမလေးပဲ၊ မရွှေစင်ဟာ သိပ်ဝင်ငွေကောင်းတဲ့ ရုပ်ရှင်မင်းသမီးလား မလေးလေးမြင့်"

"မဟုတ်ပါဘူး ကိုစိုးမိုးခိုင်၊ ရွှေစင်ဟာ ရုပ်ရှင်တစ်ကားမှ မရိုက်ရသေးပါဘူး"

"ဗျာ ... ဒါနဲ့များတောင်"

စိုးမိုးခိုင် အံ့အားသင့်ပါ၏။ ဒါနဲ့များတောင်ဟု ဆိုလိုက်ပြီး စကားရပ်ထားမိပါ၏။

ယင်း ... "ဒါနဲ့များတောင်"ဟု မရှင်းမလင်း ဖြစ်နေသော အချက်ကို လေးလေးမြင့်ကပင် ဝင်၍ ဖြည့်စွက်ရှင်းပြပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေစင်ရဲ့မိဘတွေက သိပ်ချမ်းသာတယ် ကိုစိုးမိုးခိုင်၊ အဲဒီ သိပ်ချမ်းသာတဲ့မိဘတွေမှာလည်း ရွှေစင်ဆိုတဲ့ သမီးလေး တစ်ယောက်ပဲရှိတယ်၊ ရွှေစင်ဟာ ရုပ်ရှင်သိပ်ဝါသနာပါတယ်၊ ရွှေစင်ဟာ ဆယ်တန်းနှစ်ခါဖြေပြီး နှစ်ခါစလုံးကျတယ်၊ ဘယ် လောက်ချမ်းသာတဲ့ သူဌေးသမီးဖြစ်ပေမယ့် နှစ်ခါကျ ကျောင်း ထွက်စနစ်နဲ့ ရွှေစင် ကျောင်းကထွက်လိုက်ရတယ်"

"အပြင်က ဆက်ဖြေလည်း ရသားပဲ၊ ရန်ကုန်မှာ ကျူရှင် တွေ မှိုလိုပေါက်နေသားပဲဟာ"

"ရွှေစင်က စာမေးပွဲ ပြန်ဖြေဖို့ထက် ရုပ်ရှင်မင်းသမီးဖြစ် ချင်တဲ့စိတ်က လွှမ်းကဲနေတယ်လေ။ အဲဒါတွေကို လေးလေးသိ ရတာက ကိုထွန်းနေလင်း ပြန်ပြောပြလို့ပါ"

"ဒါနဲ့ပဲ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာ ထွန်းနေလင်းဆီ ချဉ်းကပ်တယ်ပေါ့၊ ဟုတ်လား ... မလေးလေးမြင့်"

"သဘောကတော့ အဲဒီသဘောမျိုးပါပဲ၊ ဒါပေမဲ့ အဲဒီလို ချဉ်း အတိအကျတော့လည်း မဟုတ်ပြန်ဘူး"

"အဲဒီစကားက ဘာကိုဆိုလိုတာလဲ မလေးမြင့်"

"ရွှေစင့်မိဘအနေနဲ့က တစ်ဦးတည်းဖြစ်နေတဲ့ သမီးရွှေစင် ရဲ့ဆန္ဒကို လိုက်လျောတယ်၊ ဒါနဲ့ပဲ ရွှေစင် ရုပ်ရှင်မင်းသမီးဖြစ် လာရေးကို ဒါရိုက်တာ ကိုထွန်းနေလင်းဆီ လာပြီးတိုင်ပင်တယ်၊ ကနေ့ခေတ်အနေနဲ့ လူငယ်ဒါရိုက်တာ ကိုထွန်းနေလင်းက ရုပ်ရှင် လောကမှာ ထိပ်တန်းပြေးနေတဲ့ ဒါရိုက်တာကိုး"

"သြော် ... သြော် ... ဒီကောင်က ဒီလောကမှာ ဒီလောက် ထိတောင် စွံနေသလား"



"ကိုယ့်ငယ်ပေါင်းသူငယ်ချင်းမို့ ကိုထွန်းနေလင်းကို ကိုစိုးမိုး ခိုင် အထင်ကြီးချင်မှ ကြီးမယ်၊ ဒါပေမဲ့ ကိုထွန်းနေလင်းဟာ အနုပညာစိတ် ကြီးမားတယ်၊ ယုံကြည်ချက် ပြင်းထန်တယ်၊ လူငယ်ပေမယ့် တည်ကြည်တယ်၊ သူ့ကိုယ်ပိုင် ငွေအရင်းအနှီးနိုင် နင်းတယ်၊ သူ့ရဲ့ပညာမာနရှိတယ် ရုပ်ရှင်လောကမှာ ဒါရိုက်တာ ထွန်းနေလင်းဟာ လက်ရှိအချိန်အထိတော့ သိပ်ကို တောက်ပနေ တဲ့ ကြယ်တစ်ပွင့်ပဲ"

"ဟုတ်လား၊ ကျွန်တော် အဲဒီလောက်အထိ ဒီကောင့်အပေါ် မှာ အထင်ကြီးမိတာ အမှန်ပဲ၊ ကျွန်တော်နဲ့ သူနဲ့ ကွဲသွားကြတာ လဲ ဆယ်တန်းအောင်ကြပြီးတဲ့နှစ်ကစပြီး ကွဲသွားကြတာကိုး။ အခု ကျွန်တော် သူ့ဆီကို ညှိသည်သဘောနဲ့ ရောက်လာတာ ရက်ပိုင်းပဲ ရှိသေးတယ်၊ နောက်ပြီး ဒီကောင်က သူ့အလုပ်နဲ့ ပတ်သက်ပြီး ဘာတစ်ခွန်းမှ ဖွဲ့ဖွဲ့နွဲ့နွဲ့လည်း ပြောလေ့မရှိဘူး၊ ဒီတော့ အခု မလေးလေးမြင့် ပြောသလောက်တောင် ကျွန်တော့် အနေနဲ့သူ့ရဲ့အခုနောက်ပိုင်း အခြေအနေမှန်ကို မသိရဘူးလေ"

"ကိုထွန်းနေလင်းဟာ လူတော်လူကောင်း တစ်ယောက်ပါ၊ ဒါကြောင့်လည်း ရွှေစင်နဲ့ မိဘတော်ဝက ကိုထွန်းနေလင်းဆီတိုင် ပင်တာပေါ့ ရွှေစင့်မိဘတွေအနေနဲ့ တစ်ဦးတည်းသော သမီးက လေး အလိုကိုလိုက်ချင်တယ်၊ ရုပ်ရှင်လောကမှာ သမီးမိန်းကလေး အတွက် ပျက်စီးသွားမှာကိုလည်း စိုးရိမ်တယ်၊ အဲဒီသဘောမျိုး ပေါ့လေ"

"ဒါနဲ့ပဲ ထွန်းနေလင်းက ရွှေစင်ကို မင်းသမီးအဖြစ် ရွေး ချယ်လိုက်ရောတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"လွယ်လွယ်နဲ့ ဈေးတာမျိုး မဟုတ်ဘူး ကိုစိုးမိုးခိုင်၊ ကိုထွန်းနေလင်းက ပထမဆုံး ရွှေစင်ကို လူကိုယ်တိုင်တွေ့တယ်၊ ရွှေစင်ရဲ့မိဘတွေကတော့ သမီးရွှေစင်ဟမင်းသမီးဖြစ်လာမယ်ဆိုရင် သူတို့ချမ်းသာသမျှထဲက ဘယ်လောက်ကုန်ကုန်ဆိုတဲ့ သဘောရှိတယ်၊ ဒါပေမဲ့ ကိုထွန်းနေလင်းက သူတို့ဘာသာ ဘယ်လောက်ချမ်းသာပြီး ငွေကြေးတွေပုံပြီး အောပလေ့စေ မင်းသမီးကောင်းတစ်လက် ဖြစ်နိုင် မဖြစ်နိုင် ရွှေစင့်ကို အကဲခတ်မယ် စမ်းသပ်ကြည့်မယ်ဆိုတဲ့ သဘောရှိတယ်"

"စမ်းသပ်ကြည့်လိုက်ရော ဆိုပါတော့ ဟုတ်ရဲ့လား မလေးလေးမြင့်"

"ဟုတ်ပါတယ် ကိုထွန်းနေလင်းက ရွှေစင့်ကို အဘက်ဘက်က စမ်းသပ်ကြည့်ပါတယ်၊ အပြင်မှာလှပေမယ့် ဖလင်မှာလှရဲ့လားဆိုတာရော အပြင်က အသံကောင်းပေမယ့် ဖလင်ထဲမှာ အသံကောင်းရဲ့လားဆိုတာရော စမ်းသပ်ကြည့်ပြီးမှ ရွှေစင်ကို ကိုထွန်းနေလင်းက ဇာတ်ဆောင်မင်းသမီးအဖြစ် လက်ခံလိုက်တာပါပဲ"

"ဒါပေမဲ့ မရွှေစင်ကို ခုနက ကြည့်မိတယ် လေးလေး၊ နည်းနည်းမပိန်ဘူးလား၊ နေခက်ပြီး ရွှေစင်ဟာ လှတော့လှပါတယ်၊ ဒါပေမဲ့ တစ်ခုခု လိုနေသလိုပဲ မှတ်လား"

"ဒါတွေကျတော့ သူတို့မိတ်ကပ်ပညာတွေနဲ့ရော ဘာတွေရော ဖန်တီးပေးနိုင်စွမ်း ရှိမှာပေါ့ ကိုစိုးမိုးခိုင်၊ ဒါရိုက်တာတစ်ယောက်မှာ သူ့ပညာပိုင်းနဲ့သူ ကြည့်ရှုခွင့်ပြုနိုင်တာတွေ ရှိတာပဲ၊ ကိုထွန်းနေလင်းဟာ ရွှေစင်ကို သေချာစမ်းသပ်ပြီးမှ လက်ခံလိုက်တာပဲ၊ အခု ကိုထွန်းနေလင်း နောက်ထပ်ရိုက်မယ့် ဇာတ်ကားမှာ ရွှေစင်ဟာ တစ်ချီတည်းနဲ့တန်းပြီး ခေါင်းဆောင်မင်းသမီး တင်



ရိုက်မှာပဲ။ အခု ရွှေစင်ရဲ့ မွေးနေ့ပါတီပွဲဟာ တကယ်တော့ရွှေစင့်ကို ကိုထွန်းနေလင်းက ရုပ်ရှင်လောကသားအလယ်မှာ ပွဲထုတ်လိုက်တဲ့ပွဲပဲ၊ ဒါကြောင့်လည်း ရွှေစင်ဟာ သူ့ပွဲမှာ တစ်သောင်းကျော်လောက် အကုန်ခံပြီး ကျင်းပတယ်လို့ ဆိုမလားဘဲ။ အခုလာသမျှ ပရိသတ်တွေဟာ ရုပ်ရှင်လောကထဲက ကိုထွန်းနေလင်းရဲ့ အပေါင်းအသင်းတွေချည်း လိုလိုပဲ ကိုစိုးမိုးခိုင်"

"ထွန်းနေလင်းက မရွှေစင်ကို နောက်ဇာတ်ကားမှာ ခေါင်းဆောင်မင်းသမီး တင်ရိုက်မယ်ဆိုတာ မရွှေစင်ရဲ့မိဘတွေ ထုတ်ပေးတဲ့ ငွေအရင်းအနှီးနဲ့လား မလေးလေးမြင့်"

လေးလေးမြင့် ခေါင်းခါပြလိုက်သည်။

"မဟုတ်ဘူး ကိုစိုးမိုးခိုင်၊ ကိုထွန်းနေလင်းက သူ့ကုမ္ပဏီပိုင် ငွေနဲ့ပဲရိုက်မှာ၊ ကိုထွန်းနေလင်းက သူ့လုပ်ငန်းနဲ့ပတ်သက်လာရင် မာနကြီးတယ် ငွေပေးခိုင်းတယ် လုပ်မယ်ဆိုတဲ့ သဘောမရှိဘူး၊ ရွှေစင်ကိုတောင် ဇာတ်ဆောင်မင်းသမီးကြေးအဖြစ် ငွေတစ်သောင်း ပေးသေးတယ်၊ သူ့အပြောအတိုင်း ပြောရရင် ရွှေစင့်မှာ ဇာတ်ဆောင်မင်းသမီး ဖြစ်နိုင်တဲ့ အရည်အချင်းရှိလို့ သူတင်ရိုက်ရဲတာတဲ့၊ အခု ပထမကားမို့ တစ်သောင်းပဲပေးတာတဲ့၊ ရွှေစင် တကယ်တော်လို့ တကယ်ပရိသတ်ရလာရင် ရွှေစင် ရောက်လာတဲ့ အဆင့်အတိုင်း သူက ဇာတ်ဆောင်ကြေးပေးရိုက်မှာပဲတဲ့"

"အင်း ... ဒီကောင့် သတ္တိရော၊ မာနရော၊ စိတ်သဘောထားရော ဘယ်ဆိုးလို့လဲ"

"ဒါကြောင့်လည်း ဒီလောကမှာ ကိုထွန်းနေလင်း အောင်မြင်နေတာပေါ့၊ ရွှေစင်ကဆိုရင် ကိုထွန်းနေလင်းကို သိပ်ကြည်ညို

www.burmeseclassic.com

www.burmeseclassic.com



ရှာတာ၊ ချွေစင်တစ်ယောက်သာ မဟုတ်ပါဘူးလေ၊ ရုပ်ရှင်လောက လူတိုင်း ကိုထွန်းနေလင်းကို တော်တော်ပဲ လေးစားကြပါတယ်”

စိုးမိုးခိုင်သည် လေးလေးမြင့်က ထွန်းနေလင်း၏ အကြောင်းကို ချီးကျူးသည့်သဘောဖြင့် ပြောပြနေသည်ကို ငေးစိုက်နားထောင်မိသည်။ ပြီး လေးလေးမြင့် ပြောပြနေစဉ်လည်း လေးလေးမြင့်ကို စိုက်ကြည့်နေမိပြန်သည်။ စိုးမိုးခိုင်၏စိတ်က မကြည့်ပါဘူးဟဲ့လို့ တင်းထားစေကာမူ မသိလွှမ်းမိုးနေချိန်၌ မဆင်မခြင် လေးလေးမြင့် မျက်နှာကိုသာ ငေးကြည့်နေမိပါ၏။

“မလေးလေးမြင့်ကိုရော ထွန်းနေလင်းက ရုပ်ရှင်ဇာတ်ဆောင်မင်းသမီးလုပ်ဖို့ မတိုက်တွန်းဘူးလား။ တကယ်တော့ မလေးလေးမြင့်ဟာ မချွေစင်လှတာထက် ပိုပြီးလှနေတာပဲ။ အရပ်အမောင်းနဲ့ ကိုယ်ခန္ဓာလည်း အချိုးအဆစ် သိပ်ပြေပြစ်တာပဲဟာ”

စစ်ဗိုလ်သည် သွယ်စိုက်မှုမရှိဘဲ တဲ့တိုးကြီးပင် ပြောချလိုက်သည်။ အခြားလူတွေကလည်း လေးလေးမြင့်အား ဤသို့ပင် မေးဖူး၊ ပြောဖူးကြပါ၏။ အခြားလူတွေ ပြောစဉ်က လေးလေးမြင့်စိတ်ထဲတွင် မိမိအား မြှောက်ပင့် ပြောလေသလားဟူ၍ ရှက်စနိုးဖြစ်ခဲ့ရပေါင်း မနည်းတော့ပြီ။ ယခု ဗိုလ်စိုးမိုးခိုင် မိမိအလှကို ချွေစင်နှင့် နှိုင်းယှဉ်ကာ တဲ့တိုးကြီး ပြောလာသောအခါ၌မူကား လေးလေးမြင့် ပြုံးရုံသာ ပြုံးပြလိုက်သည်။ အကြောင်းမူ ယခုလောက်အချိန်ကြာအောင် စိုးမိုးခိုင်အား အကဲခတ်ပြီးသည့်နောက်ဝယ် စိုးမိုးခိုင်သည် ပရိယာယ်မပါ တဲ့တိုးပြောတတ်ကြောင်းနှင့် ရင်ထဲရှိသလို ပြောတတ်ကြောင်း အကဲခတ်မိထားသောကြောင့် ဖြစ်ပါ၏။ ထို့ကြောင့်လည်း လေးလေးမြင့်က မှန်သည့်အတိုင်းပင် ရဲရဲဝံ့ဝံ့ အဖြေပေးလိုက်သည်။



“ကိုထွန်းနေလင်းက လေးလေးကို ခဏခဏတိုက်တွန်းဖူးပါတယ်၊ ဒါပေမဲ့ လေးလေးကိုယ်တိုင်က ရုပ်ရှင်မင်းသမီးအဖြစ်ကို ဝါသနာမရင့်သန်ဘူး ဆိုရမှာပေါ့။ လေးလေးငြင်းပယ်တာချည်းပဲ။ တစ်ခါတလေ ကိုထွန်းနေလင်းက သူပြောတာကို လေးလေးမလိုက်နာဘူးဆိုပြီး စိတ်တောင်ဆိုးချင်သေးတယ်၊ ဆိုးချင်လည်းဆိုးပေါ့ ကိုစိုးမိုးခိုင်၊ အရွယ်ရောက်ပြီးတဲ့ လူသားတစ်ယောက်မှာ ကိုယ့်ဆုံးဖြတ်ပိုင်ခွင့်နဲ့ ကိုယ်ပဲ၊ နဖားကြိုးထိုးခိုင်းလို့ လုပ်ရတာမျိုးတွေ ကျုံးသွင်းပြီးမှ ခိုင်းတာမျိုးတွေ၊ ကြာပွတ်ရိုက်ပြီးမှ ခိုင်းလို့လုပ်ပါတာတွေ၊ အစာရေစာကျွေးပြီး သွေးဆောင်မှုနဲ့ ခိုင်းလို့လုပ်ရတာတွေက တိရစ္ဆာန်ကိုသာ ရမှာပေါ့၊ လူဆိုတာ ကိုယ့်အသိနဲ့ကိုယ် ကိုယ့်ဝါသနာနဲ့ကိုယ်ပဲပဲ တိရစ္ဆာန်လို ကိုယ်လိုချင်တဲ့ ပုံသွင်းလို့ ဘယ်ရပါ့မလဲ၊ လေးလေးက အဲဒီလိုယုံကြည်ချက်ထားတယ်၊ ဒါကြောင့် ကိုထွန်းနေလင်း ဘယ်လောက်တိုက်တွန်း၊ တိုက်တွန်း လေးလေးက တင်းတင်းမာမာပဲ ငြင်းတယ်၊ ကြာတော့လည်း ကိုထွန်းနေလင်းကပဲ လေးလေးကို လက်လျှော့ရပါတယ်”

“ဒါပေမဲ့ မလေးလေးမြင့်ဟာ စင်မြင့်ပေါ်တက်ပြီး သီချင်းတွေဆိုဖို့တော့ ဝါသနာပါတယ် မှတ်လား”

“ဟုတ်ပါတယ် ကိုစိုးမိုးခိုင်၊ အဲဒါကိုတော့ လေးလေးသိပ်ဝါသနာပါတယ်”

“ဒါဆိုရင် ရုပ်ရှင်မင်းသမီးဘဝနဲ့ သိပ်နီးစပ်နေတာပဲ မှတ်လား”

“အဲဒီလို မဟုတ်ပါဘူး ကိုစိုးမိုးခိုင်၊ အနုပညာမှာ သီးခြားမှုတွေ ရှိပါတယ်၊ အဆိုကောင်းတိုင်း အက,ကောင်းရောတဲ့အား၊ ဆိုင်မှမဆိုင်တာ၊ အဆိုကောင်းတာက သီးခြားပညာတစ်ခုပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဆိုတတ်တိုင်း မကတတ်ပါဘူး၊ က,တတ်တိုင်းလည်း မဆိုတတ်ပါဘူး။ လေးလေးက လူတွေနားထောင်ကောင်းအောင် ဆိုတတ်ပေမယ့် လူတွေသဘောကျအောင် ဟန်အမူအရာတွေ သရုပ်ဆောင်မှုတွေ မလုပ်တတ်တာဆိုတော့ ဘယ်မှာ ဇာတ်ဆောင်ရုပ်ရှင်မင်းသမီး ဖြစ်တော့မလဲ”

လေးလေးမြင့် ပြောသည်မှာ မှန်ပါ၏။ အနုပညာဆိုသည်မှာ ကျယ်ဝန်းလှသည်။ ကိုယ်ဝါသနာပါရာနှင့် ကိုယ်အားသန်ရာ၌သာ ကျွမ်းကျင်ပေမည်။ ပန်းချီဆရာသည် စုတ်တံဖြင့် အရုပ်ရေးပါ၏။ ပန်းပုဆရာသည် ဆောက်သွားဖြင့် အရုပ်ထုပါ၏။ ပညာသည်နှစ်ဦးစလုံး အရုပ်ကို ဖော်ထုတ်ကြသော်လည်း ပန်းချီဆရာသည် ပန်းပုထုနိုင်စွမ်းမရှိ။ ပန်းပုဆရာကလည်း ပန်းချီဆွဲနိုင်မည် မရှိပါလေ။ စွယ်စုံရသူတို့ ရှိတော့ ရှိသည်။ သို့သော် ရှားပါးလှပါ၏။

လေးလေးမြင့်နှင့် စိုးမိုးခိုင်တို့တွင် ပြောစရာစကားကုန်သွားသည့်အလား ငြိမ်သက်နေစဉ်မှာပင် တီးဝိုင်းမှ တီးခတ်သံများလည်း ရုတ်တရက် တိတ်ဆိတ်သွားပေသည်။ ထို့နောက် တီးဝိုင်းစင်မြင့်မှ မိုက်ကရိုဖုန်းကိုင်ထားသော ထွန်းနေလင်း မားမားကြီး ရပ်လာတော့သည်။

“ရွှေစင်ရဲ့မွေးနေ့ကို လာရောက်ချီးမြှင့်ကြတဲ့ ပရိသတ်များခင်ဗျား”

ထွန်းနေလင်း၏ မိုက်ကရိုဖုန်းပြောသံကြောင့် ပရိသတ်သည် ငြိမ်၍နားထောင်နေပေသည်။

“ရွှေစင်ရဲ့မွေးနေ့ပွဲမှာ ရွှေစင်တစ်ယောက် အသက်ရှင်ပါစေ၊ ကျန်းမာ ချမ်းသာပါစေလို့ ဆုတောင်းပေးပြီးတဲ့နောက်



နောက်ဆက်တွဲ ရွှေစင်အတွက် ဝမ်းသာကြဖို့ ဟောဒီရွှေပရိသတ်ကြီးကို ကျွန်တော် သတင်းကောင်းတစ်ခု ပါးချင်တာကတော့ ကျွန်တော့်ရဲ့ ထွန်းနေလင်း ရုပ်ရှင်ကုမ္ပဏီကပဲ ဒါရိုက်တာ ထွန်းနေလင်း အခုရက်ပိုင်းအတွင်း ရိုက်တော့မယ့် ‘အသည်းနုနု နှလုံးရင့်ရင့်’ ဇာတ်ကားမှာ ရွှေစင်ကို ခေါင်းဆောင်မင်းသမီးအဖြစ် ကျွန်တော် ရွေးချယ်လိုက်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်ခင်ဗျာ”

တဖြောင်းဖြောင်းသော လက်ခုပ်သံတွေ ပေါ်ထွက်လာသည်။

“ရွှေစင်တဲ့ကွနော် … ရွှေစင်တဲ့”

ရေချိန်လေး ရနေပြီဖြစ်သော အမျိုးသားလူရွယ်ပိုင်းကလည်း လက်ခုပ်သံဖြင့် သြဘာပေးရုံမက နှုတ်မှအော်ဟစ်ပြီး သြဘာပေးကြပါ၏။

ထို့နောက် ထွန်းနေလင်းက ရွှေစင်အား စင်မြင့်ပေါ်သို့ ခေါ်ယူလိုက်သည်။ ဖြူဖြူလှလှ ရွှေစင်သည် စင်ပေါ်သို့ တက်လာပါ၏။ လက်ခုပ်သံများ ထွက်လာပြန်သည်။

“မိုက်တယ်ဟေ့၊ ရွှေစင် စွံမှာသေချာတယ်”

ထွန်းနေလင်းက ရွှေစင်အား မိုက်ကရိုဖုန်းပေးကာ ပရိသတ်ကို နှုတ်ဆက်စကား ပြောခိုင်းသည်။

ရွှေစင်သည် ပရိသတ်ကို ရင်ဆိုင်ရဲသူလေး ဖြစ်ပါ၏။ ပြီး ရွှေစင်၌ (Stage Fright)ခေါ် ပရိသတ်ရှေ့ စင်မြင့်ကို ထိတ်လန့်တတ်သူလေး မဟုတ်ပေ။ ဤသည်ပင်လျှင် မင်းသမီးတစ်လက် ဖြစ်လာရေး၏ လမ်းစ,ဖြစ်ပေသည်။ စင်မြင့်ကိုမကြောက်၊ ပရိသတ်ကိုမလန့်သူ ကင်မရာရှေ့တွင် ပြင်ပနဂိုသဏ္ဌာန် ဟန်အမူအရာအတိုင်း ဇာတ်ကွက်ဝင်ခန်းမှန်သရွေ့ကို မျှနိုင်ဝင်

www.burmeseclassic.com

www.burmeseclassic.com

ပြီး ပကတိ ပင်ကိုအမူအရာနှင့် သရုပ်ဆောင်နိုင်စွမ်းရှိသည်။ သရုပ်ဆောင်ရာတွင် စိတ်ဆန္ဒစောပြီး ပိုလွန်သွားလည်း ကြည့်မကောင်းတော့၊ ပိုလွန်းလျှင်လည်း ကြည့်မကောင်းတော့၊ ဒါရိုက်တာ သင်ပြသည်ကို သေချာလိုက်နာပြီး မိမိပင်ကိုဟန်လေးနှင့် အပို အလိုမရှိ ဆောင်ရွက်နိုင်သည်ဆိုလျှင် ဇာတ်ဆောင်ကောင်းတစ်ဦး ဖြစ်လာရေးအတွက် အလှမ်းမဝေးပါလေတော့။

ရွှေစင်သည် ပရိသတ်ကြီးအား နှုတ်ခွန်းဆက်စကားလေးများပြောပါ၏။ ကျေးဇူးတင်ကြောင်းလေးများ ပြောပါ၏။ သူမအား ပထမဆုံးတစ်ကားတည်းနှင့် ဇာတ်ဆောင်မင်းသမီးအဖြစ် ရွေးချယ်ခံရသည့်အတွက် ဝမ်းသာကြည်နူးရကြောင်းလည်း ပြောပါ၏။ ဆရာထွန်းနေလင်း၏ တပည့်ခံယူရသည့်အတွက် ဂုဏ်ယူကြောင်းလည်း ပြောပါ၏။ ရွှေစင်၏မိုက်ကရိုဖုန်းထဲမှ အသံသည် ကြည်လင်သည်၊ ပြတ်သားသည်၊ စကားလုံးများ ဗလုံးဗထွေးမရှိ တစ်လုံးချင်း ကွဲပြားသည်။ ရွှေစင်၏ အသံသည် Mec စားသော အသံဖြစ်ပါ၏။ ရုပ်ရှင်အသံဖမ်းရာ၌ ယင်းသို့ မိုက်ကရိုဖုန်းအသံတွင် ကြည်လင် ပြတ်သားဖို့ကလည်း အရေးကြီးလှသည်။ ထို့ကြောင့်လည်း ထွန်းနေလင်းသည် ရွှေစင်အား အဘက်ဘက်မှ စမ်းသပ်ပြီး ရွှေစင်၏ အရည်အသွေးကို လက်ခံသောကြောင့် ရွေးချယ်သည်ဟု လေးလေးမြင့် ပြောခဲ့သည်မှာ မမှားပါလေ။

ရွှေစင် နှုတ်ခွန်းဆက်နှင့် ကျေးဇူးတင်ကြောင်းတွေ ပြောဆိုပြီးစီးသွားပါ၏။ ရွှေစင်၏နုပျိုသောအလှနှင့် စကားပြောကောင်း အသံကောင်းမို့ ရွှေစင်၏နှုတ်ခွန်းဆက်အပြီး ပရိသတ်ကို လက်အုပ်ချီကန်တော့ကာ စင်ပေါ်မှ ဆင်းသွားတော့လည်း လက်ခုပ်သံတွေ ဝေဆာပြီး ကျန်ခဲ့တော့သည်။



ထွန်းနေလင်းကပင် မိုက်ကရိုဖုန်းကို ဆက်ကိုင်သည်။ ယခုအချိန်ကစပြီး ရွှေစင်၏မွေးနေ့ပွဲကို ဖွင့်လိုက်ပါပြီ။ ဤမွေးနေ့ပွဲ၏ အဖွင့်ပဏာမကို တေးသံရှင် လေးလေးမြင့်က သီဆိုဖွင့်လှစ်ပေးမည့်အကြောင်း ကြေညာလိုက်ပါလေတော့၏။

"မလေးလေးမြင့် စင်မြင့်ပေါ်သို့ကြွပါ"

လေးလေးမြင့်သည် သူမ၏လက်ကိုင်အိတ်ထဲမှ ပဝါတစ်ထည်ကို ထုတ်ယူလိုက်သည်။ ပန်းနုရောင်ပဝါလေး ဖြစ်ပါ၏။ ဇာသားကို အဖျားတွင် အမြိတ်ဖွားတွေ မျှင်ထားသည်။ အမြိတ်ဖွားတွေက နီနီရဲရဲ ဖြစ်တော့သည်။ အနုရောင်ကို အရင့်ရောင်က ဘောင်ကွပ်ပေးထားသော ဇာပဝါ၏အလှပါတည်း။

လေးလေးမြင့်က ဇာပဝါပန်းရောင်ကိုဖြန့်ပြီး ပခုံးတစ်ဝက် ကျောတစ်ဝက်လွှားရင်း ထိုင်ရာမှ ထလိုက်သည်။

"နေခဲ့ဦးနော် ကိုစိုးမိုးခိုင်၊ အလှည့်ကျလာတော့ နွားမလည်း ရုန်းရတာပဲ ဆိုသလိုပေါ့၊ လေးလေး ပဏာမတစ်ပုဒ်ဆိုပြီး ဒီကိုပဲ ပြန်လာမှာပါ"

"ရပါတယ် မလေးလေးမြင့်၊ ဘီလပ်ရည်ပုလင်းတွေ လေးငါးလုံး ကျန်သေးတာပဲ၊ ကျွန်တော် ဘီလပ်ရည်သောက်ပြီး မလေးလေးမြင့်ရဲ့ ပဏာမသီချင်းနဲ့ မြည်းမယ်လေ"

လေးလေးမြင့်က ပါးချိုင့်လေးခွက်အောင် ပြုံးပြရင်း စားပွဲမှ ထွက်ခွာသွားပါ၏။

လေးလေးမြင့်၏ နောက်ပိုင်းကျောပြင်ကို ငေးကြည့်ရင်း စိုးမိုးခိုင်သည် ဘီလပ်ရည်ပုလင်း တစ်လုံးကို လှမ်းဆွဲလိုက်ပြန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အစားပုပ်သည်ဟု ပြောချင်လည်း ပြောကြပေတော့။ စိုးမိုးခိုင်၏ဝမ်းမှာ တကျုတ်ကျုတ်မြည်နေပေပြီ။ သူ၏ခန္ဓာကိုယ်၊ သူ၏ကျန်းမာသန်စွမ်းမှုတို့သည် အချိန်ကျလျှင် အားရပါးရစားပစ်ရမှုကို ကျေနပ်သည်။ ယခုမူ နေ့ခင်းကတည်းက ကဝတွင် ဘာမျှမစားခဲ့ရသောကြောင့် စိုးမိုးခိုင်၏ ခန္ဓာကိုယ်ထဲမှ အစာအိမ်သည် အစာကိုတောင်းခံလှပြီ။ မတတ်နိုင်။ ဒီလိုပွဲမျိုးတွင် သူတို့က အချိန်ကိုက်ပြီးကျွေးမှ စားရသည်။ လောလောဆယ်မှာတော့ စားပွဲပေါ်ရှိ ဘိလပ်ရည်များကိုသာ တစ်ပုလင်းပြီးတစ်ပုလင်း သောက်ပေတော့။

လေးလေးမြင့် စင်ပေါ်သို့ ရောက်သွားချိန်တွင် လက်ခုပ်သံတွေ တဖြောင်းဖြောင်း မြည်လာသဖြင့် စိုးမိုးခိုင်သည် ဘိလပ်ရည်သောက်ရာမှ စင်မြင့်ဆီသို့ လှည့်ကြည့်လိုက်သည်။

လှလိုက်သည့် ဖြစ်ခြင်း။

လေးလေးမြင့်သည် ဇာထဘီအင်္ကျီဖြင့် မီးရောင်တွင် တောက်ပနေသည်။ အနီရောင်ဆိုသည်မှာ အဖြူနှင့် အဝါကို ထပ်ဆင့်အရောင်ထွက်အောင် ပို့နိုင်စွမ်းရှိသည်။ လေးလေးမြင့် အသားရောင်က ဖြူပြီးမှ ဝါနုသော အသားရောင်ဖြစ်သည်။ မျက်နှာ၊ လည်တိုင်၏ အဖြူအဝင်းကို မဆိုထားလင့်။ အင်္ကျီရဲရဲဇာပေါက်ကြားထဲမှ လေးလေးမြင့်၏ ခန္ဓာကိုယ်အဖြူအဝင်းကပင် ထိုးဖောက်မြင်ရသည့်နှယ် လှပနေသည်။

"ဟေး ..."

လူရွှယ်လိုက်ထဲမှ လေးလေးမြင့် စင်ပေါ်တက်လာသည်နှင့် မနေနိုင် မထိုင်နိုင် လှမ်းအော်လိုက်သော အသံဖြစ်ပါ၏။

"ဒါက ပိုပြီးတောင် မိုက်သေးတယ်"



"လှတယ်ဟေ့ ... လှတယ်ဟေ့"

"တေးသံရှင် လေးလေးမြင့်က အရမ်းမိုက်တာပဲ"

ရုပ်ရှင်လောကသားတွေထဲတွင် လူငယ်လူရွယ်တွေအများကြီး ရှိပါ၏။ သူတို့၏အတတ်ပညာပိုင်းဖြင့် သူတို့ပါဝင်နေကြသူများ ဖြစ်ကြသည်။ လေးလေးမြင့်ကလည်း တကယ်လှနေသည်။ သူတို့လေးတွေကလည်း အရက်သောက်ထားကြသည်။

အရက်ကလေး ထွေနေတော့ အတွင်းရှိအပူ မဆောင်နိုင်ဘဲ မချင့်မရဲ အသံများဖြင့် လေးလေးမြင့်၏အလှကို ထောပနာပြုကြသည်။

လေးလေးမြင့်က ပါးချိုင့်ခွက်လေးနှင့်ပြုံးပြီး ပဏာမမွေးနေ့အဖွင့် သီဆိုပါတော့၏။ တေးသားမှာ မွေးနေ့အတွက် ဆုမွန်ကောင်းတောင်းကြောင်း။ ယနေ့သည် မင်္ဂလာရှိသောနေ့ဖြစ်ကြောင်း စသည်တို့ကို မြန်မာသံစစ်စစ်ဖြင့် သီဆိုခြင်းဖြစ်ပါ၏။

စိုးမိုးခိုင်သည် ဘိလပ်ရည်သောက်ရင်း နားထောင်ရင်းဖြင့် လေးလေးမြင့် ထိုင်သွားသော နေရာ၏ စားပွဲပေါ်ရှိ ဖန်ခွက်ဘေးတွင် လက်ကိုင်ပဝါတစ်ထည်ကို တွေ့ရသည်။ လေးလေးမြင့် ကိုင်ခဲ့သော လက်ကိုင်ပဝါလေးပင် ဖြစ်ပါ၏။ ပန်းနုရောင်အောက်ခံတွင် အနီပန်းပွင့်လေးများနှင့် ဖြစ်သည်။

စိုးမိုးခိုင်သည် လက်ကိုင်ပဝါကလေးကို ကောက်ကိုင်ကြည့်သည်။ သင်းသင်းလေးမွှေးနေသော ရေမွှေးနံ့ရပါ၏။ ဘာရယ်မဟုတ် လက်ကိုင်ပဝါလေးကို ဖြန့်ကြည့်မိသည်။ ထောင့်တစ်နေရာတွင် ချည်အမည်းဖြင့် အင်္ဂလိပ်စာလုံးလေး L.L.M ဟူ၍ အတိုကောက် ထိုးထားသည်။ L.L.M မှာ လေးလေးမြင့်ပင်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် လက်ခုပ်သံတွေ ထွက်လာသည်ကို စိုးမိုးခိုင် သတိထားလိုက်မိသည်။ တီးဝိုင်းစင်မြင့်ရှိရာသို့ လှမ်းကြည့်ရာ လေးလေးမြင့် သီဆိုပြီးစီးသွားပြီး ထွန်းနေလင်းနှင့်တွဲ၍ စားပွဲဆီသို့ လာနေသည်ကို တွေ့ရသည်။ ကမန်းကတန်းပင် စိုးမိုးခိုင်သည် လက်ကိုင်ပဝါလေးကို သူ့နဂိုနေရာ ဖန်ခွက်ဘေးသို့ ပြန်ချထားလိုက်သည်။

"ဟော့ကောင်ကြီး၊ တစ်ယောက်တည်း ပျင်းနေပလား"

"ပျင်းစရာတော့ မရှိပါဘူး သူငယ်ချင်း၊ ဒါပေမဲ့ ထမင်းသိပ်ဆာတာက ခက်တယ်ကွာ"

လေးလေးမြင့်သည် သူ့နဂိုနေရာတွင် ပြန်ထိုင်ရင်း စိုးမိုးခိုင်၏ရှေ့သို့ မျက်စိရောက်သွားသည်။ ဖောက်ပြီးသား ဘီလပ်ရည် (၄)ပုလင်းတိတိ အခွံအလွတ်အတိုင်း ချထားသည်ကို တွေ့ရ၏။ ဘီလပ်ရည်(၄)ပုလင်း သောက်ပြီးသည့်တိုင်အောင် အဆာအလောင် မပျောက်သေးသော ကိုစိုးမိုးခိုင်သည် အတော်ပင် အစားပုပ်မည့် လုလင်မျိုးကြီး တစ်ဦးပါပေ။

"အခုပဲ ပလာတာနဲ့ ကြက်ကင် လာတော့မှာပါကွ၊ အစ် အစဉ်က မွေးနေ့ဖွင့်ပွဲအတွက် လေးလေး ဆိုပြီးတာနဲ့ တန်းပြီး အစားအသောက်ချပေးမယ့် အစီအစဉ်ပါ။ ခဏနေကြဦးကွာ ကိုယ်ကောင်တာခဏသွားလိုက်ဦးမယ်၊ စားကာနီး တစ်ခွက်တစ် ဖလား သွားမော့ထားဦးမှ၊ ခဏရယ်နော် လေးလေး"

"ရပါတယ် ကိုထွန်းနေလင်းသွားပါ၊ လေးလေးနဲ့ ကိုစိုးမိုးခိုင် ရှိသားပဲ"

ထွန်းနေလင်း ကောင်တာဆီသို့ ထွက်ခွာသွားပါ၏။



ထွန်းနေလင်း ပြောသည့်အတိုင်းပင် ခဏအတွင်း၌ ကြက်ကင်နှင့် ပလာတာများ လာချပေးတော့သည်။

ကြက်ကင်မှာ ကောင်လုံးကင် ဖြစ်ပါ၏။ လည်ပင်းမှ ပေါင်ရင်းထိ ရင်ဟက်တက်ကွဲ နီရဲနေအောင် ကင်ထားသည်။ တစ်စားပွဲတွင် ကြက်ကောင်လုံးကင်နှစ်ပွဲ လာချပေးသည်။ ပလာတာမှာ အချပ်ရေ အကန့်အသန့်မရှိ။ စားပွဲတွင် ဓား၊ ခက်ရင်း၊ ဇွန်းများ ချပေးထားသည်။ ကြက်သွန်ချဉ်ပွဲ၊ သရက်သီးသနပ် စသည်တို့လည်း ချထားပါ၏။

စိုးမိုးခိုင်က ထွန်းနေလင်းရှိရာ ကောင်တာသို့ လှမ်းကြည့်သည်။ အတူတူစားသောက်ရန် မျှော်မိခြင်း ဖြစ်ပါ၏။ ကိုယ်တော်ချောသည် ဖန်ခွက်ကိုကိုင်ရင်း အမျိုးသမီးကြီးတစ်ဦး အမျိုးသားတစ်ဦးနှင့် အာရိုက်နေပေပြီ။

"ကိုထွန်းနေလင်းကိုမစောင့်နဲ့ ကိုစိုးမိုးခိုင်၊ သူက သောက်မိရင် စိမ်ဆွဲသောက်လေ့ရှိတယ်၊ နောက်ပြီး အခု သူပြောနေတာက ရွှေစင်ရဲ့မိတ်တွေနဲ့ စကားလက်ဆုံ ကျနေတာဆိုတော့ တော်တော်နဲ့ ဒီကိုပြန်ရောက်လာမှာ မဟုတ်ဘူး၊ ကိုစိုးမိုးခိုင် ဆာနေပြီပဲဟာ"

"ကိုစိုးမိုးခိုင်က ဆာနေပြီပဲဟာ"ဟု ပြောစကားမှာ ကရုဏာသက်မှုများ ပါနေလေသလားဟု စိုးမိုးခိုင် စိတ်တွင် ဇဝေဇဝါ ဖြစ်သွားရပါသေးသည်။

ထို့နောက်တော့ ထွန်းနေလင်းကို မစောင့်တော့ဘဲ စတင်စားသောက်ကြသည်။

ဤသည်ပင် ဓားကိုင်မကျင်လည်သော လေးလေးမြင့်အတွက် အခက်အခဲ ဖြစ်ရတော့သည်။ ကြက်ကင်မှာ နူးနူးညံ့ညံ့

www.burmeseclassic.com



နှင့် ရွရွလေး ဖြစ်ပါ၏။ သို့သော် ကြက်ဆိုသည့်အကောင်မှာ အရိုးများသည်။ ပြီး အရိုးမာသည်။ သူ၏အရိုးအဆစ်ကို နားလည်စွာ လှီးတတ် ဖျက်တတ်မှ လွယ်ကူသည်။ လေးလေးမြင့် ဓားကိုင်လှီးတိုင်း ကြက်၏အရိုးမာပေါ်သို့ ကျနေသည်။

"ဘယ်လိုမှန်းလဲ မသိဘူး၊ ခုတ်ထစ်ပြီး အတုံးလေးတွေဆိုရင် ကောင်းမှာ"

လေးလေးမြင့် ရှက်ပြုံးကလေးဖြင့် ညည်းရှာသည်။

"ကျွန်တော် လှီးပေးမယ်နော်"

စိုးမိုးခိုင်က အသားဖတ် အတုံးလေးတွေချည်းပါအောင် ဓားဖြင့်လှီးကာ ခက်ရင်းဖြင့်ထိုးပြီး လေးလေးမြင့် ပန်းကန်ထဲသို့ ထည့်ပေးသည်။

"ကျေးဇူးပါ ကိုစိုးမိုင်၊ နို့မို့ရင် မြွေခွေးနဲ့ ငှက်ကြား ထမင်းစားဖိတ်သလို လေးလေးမှာ အခက်ကြုံနေတာ"

လေးလေးမြင့်က ပြုံးကာရယ်ကာ ကျေးဇူးတင်ကြောင်း ပြောပေသည်။ စိုးမိုးခိုင်ကလည်း ပြန်လည်ရယ်ပြုံးကာ ...

"ဆိုပါဦး မလေးလေးမြင့်၊ မြွေခွေးနဲ့ ငှက်ကြား ထမင်းစားဖိတ်တော့ ဘယ်လိုအခက်ကြုံရလို့လဲ"

"ပုံပြင်ပါ၊ အဲဒီပုံပြင်ကို ကိုစိုးမိုးကိုင် မကြားဖူးသေးလို့လား"

"ဟင့်အင်း ... မကြားသေးပါဘူး"

အမှန်တော့ ဤပုံပြင်သည် လူများစု ကြားဖူးထားသော ပုံပြင်မို့ စိုးမိုးခိုင်လို စာဖတ်ဝါသနာအိုးသည် ကြားဖူးထားပြီဖြစ်ပါ၏။ သို့တစေ ကိုယ်ကမသိဟန်၊ မကြားဘူးဟန်ဆောင်ထားပြီး လေးလေးမြင့်လို မိန်းမချောလေးက ပုံပြောသည်ကို နားထောင်



ချင်မိသောကြောင့် တစ်ခါမှ မကြားဖူးသေးကြောင်း လိမ်လိုက်သည်။

"များသောအားဖြင့်တော့ အင်္ဂလိပ်ပုံပြင်ဒဏ္ဍာရီတွေထဲမှာ မြေခွေးဆိုတဲ့ကောင်က ကောက်ကျစ်တယ်၊ စဉ်းလဲတယ်၊ တစ်ပါးသူကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်ပြီးမှ ပြက်ရယ်ပြုတတ်တယ် ကိုစိုးမိုးခိုင်"

"ငှက်ကျားကျတော့ကော"

"ငှက်ကျားကျတော့ ရိုးသားတယ်၊ တည်ငြိမ်တယ်ဆိုတဲ့ သဘောပေါ့၊ ဒါက ပုံပြင်ရဲ့သဘောပဲလေ၊ တစ်ဦးက ကောက်ကျစ်စဉ်းလဲတယ်ဆိုရင် နောက်တစ်ဦးကျတော့ ရိုးသားတည်ငြိမ်လေးရမှာပဲပေါ့"

"အင်း ... ပုံပြင်ကို ဆက်ပြောပါ မလေးလေးမြင့်"

"ပုံပြင်က တစ်နေ့မှာ မြေခွေးက ငှက်ကျားကြီးကို တွေ့ပါတယ်တဲ့၊ ငှက်ကျားကြီးရဲ့နှုတ်သီးက အရှည်ကြီးရှိနေတာကို တွေ့ပြီး ဒီငှက်ကျားကောင်ကြီးကို ငါ အလိမ္မာနည်းနဲ့ခေါ်ပြီး အရှက်ခွဲရရင် ငါ့အဖို့ သိပ်ပျော်စရာ ကောင်းတယ်လို့ တွက်တယ်တဲ့"

"အင်း"

"ဒါနဲ့ မြေခွေးဟာ ငှက်ကျားဆီကိုသွားပြီး အဆွေငှက်ကျားသင်နှင့်ကျွန်ုပ် အဆွေခင်ပွန်းဖွဲ့လိုပါတယ်၊ အဆွေခင်ပွန်းအဖြစ် တနေ့ ညနေ ကျွန်ုပ်အိမ်မှာ ညစာလာစားသောက်ပါလို့ ဖိတ်သတဲ့"

"အင်း ... မြေခွေးနဲ့ ငှက်ကျားက စကားလည်းပြောတတ်တယ်၊ သူတို့မှာ အိုးတွေအိမ်တွေနဲ့ပေါ့၊ ဟုတ်လား မလေးလေးမြင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ခက်လိုက်တာ။ ဒါဟာ ပုံပြင်ဒဏ္ဍာရီလို့ဆိုနေမှပဲဟာ၊ ပုံပြင်ဒဏ္ဍာရီဆိုတာက စာရေးသူ စိတ်ကူးပြီး ရေးချင်တာရေးတာကို ဖတ်ရတဲ့ သဘောပဲဟာ"

"ဟုတ်ပါပြီ၊ ဆက်ပြောပါ မလေးလေးမြင့်"

"ဆက်ပြောရရင် ငှက်ကျားကြီးက ရိုးရိုးသားသားကိုး။ အေး ... ကောင်းပါပြီ၊ အသင်မြေခွေးအိမ်ကို ကျုပ် ယနေ့ညနေ ညစာလာစားပါ့မယ်လို့ ပြောလိုက်တာပေါ့"

"အင်း"

စိုးမိုးခိုင်က "အင်း"လိုက်ရင်း လေးလေးမြင့် ပန်းကန်ထဲသို့လည်း ကြက်သားပေါင်သားတွေ ရင်အုပ်သားတွေ လှီးဖြတ်ပြီး ခက်ရင်းနှင့်ကလော်ကာ ထည့်ပေးပြန်သည်။

လေးလေးမြင့်သည် စိုးမိုးခိုင် "အင်း"လိုက်နေပုံကို သံသယနှစ်ခုတောင် ဖြစ်လာမိသည်။ ပထမသံသယမှာ မိမိပြောနေသော ပုံပြင်ကို စိုးမိုးခိုင်က သိလျက်သားနှင့် မသိကျိုးကျွန်ပြုနေလေသည်လားဟူ၍။

ဒုတိယသံသယမှာ ဤပွဲသို့ လာကြစဉ်က ကားပေါ်တွင် ကိုထွန်းနေလင်းသည် မိမိအား စကားတွေ အများကြီးပြောခဲ့သည်။ ထိုစဉ်က ကိုထွန်းနေလင်းက သူ၏ပြောစကားများကို မိမိက "အင်း"မလိုက်၍ အပြစ်စကား ဆိုခဲ့သည်။ ကိုထွန်းနေလင်း၏ အပြစ်တင်ချက်ကို မိမိက ပြန်ပြောခဲ့သည်။

"ဩော် ... ကိုထွန်းနေလင်းရယ်၊ အခု ပြောတာတွေဟာ လူကြီးက ကလေးကို ပုံပြောနေတာမှ မဟုတ်တာ။ ပုံပြောရင်သာ 'အင်း'လိုက်ရတာ မှတ်လား"ဟူ၍။



ယခု မိမိက စိုးမိုးခိုင်အား ပုံပြောပြနေပေပြီ။ ကားပေါ်တွင်ပြောခဲ့သော စကားတွေကြားပြီး စိုးမိုးခိုင်သည် တမင်တကာ "အင်း"လိုက်ပေးနေသည်ပဲလား။

"ဆက်ပြောလေ၊ ကျွန်တော် နားထောင်နေသားပဲဟာ"

"ညနေကျတော့ ငှက်ကျားကြီးက မြေခွေးအိမ် ရောက်သွားတယ်။ မြေခွေးက အင်မတန် အရသာရှိတဲ့ အသားစွတ်ပြုတ်အရည်သက်သက်ကို ပန်းကန်ပက်ပက်ထဲမှာထည့်ပြီး အဆွေငှက်ကျား စိတ်ရှိလက်ရှိ သုံးဆောင်ပါ၊ ဘာမှ အားမနာပါနဲ့လို့ ပေးတိုက်တယ်လေ"

လေးလေးမြင့်သည် ဆက်၍မပြောသေးခင် ကြက်သားဖတ်ကို ဝါးရင်း သွားဖြူဖြူ နှုတ်ခမ်းပန်းနုရောင် ဖွင့်ဟပြီး ပါးချိုင့်လေးပေါ်အောင် ရယ်လိုက်သေးသည်။

"ငှက်ကျားကြီးခမျာ အကျပ်ရိုက်နေတာပေါ့၊ အခု လေးလေးအကျပ်ရိုက်သလိုလေ၊ လေးလေးက ဓားနဲ့ ကြက်ကင်မလှီးတတ်သလို ငှက်ကျားကြီးရဲ့နှုတ်သီးက ချွန်ချွန်နဲ့ အရှည်ကြီး၊ ကျွေးထားတာက ပန်းကန်ပက်ပက်နဲ့ စွတ်ပြုတ်ရည်တွေ၊ အသားဆိုလည်း တစ်ဖတ်မှ မပါဘူး၊ ငှက်ကျားကြီး ဘယ်လိုမှ မစားတတ်တော့ဘူးပေါ့။ မြေခွေးကတော့ သူ့ပန်းကန်ထဲက စွတ်ပြုတ်တွေကို လျှာနဲ့လျက်စားရင်း ကျိတ်ရယ်တာပေါ့"

"အင်း"

"အဲဒါနဲ့ ငှက်ကျားကြီးဟာ ဘာမှမမြိုးရဘဲနဲ့ မိတ်ဆွေမြေခွေ ကျွေးတဲ့ စွတ်ပြုတ်အနံ့ကိုခံပြီး ကျေးဇူးတင်လှပါတယ်၊ နက်ဖြန်ကျရင် မိတ်ဆွေမြေခွေးကလည်း ကျုပ်အိမ်မှာလာပြီး စားသောက်ဖို့ ဖိတ်ကြားပါတယ်လို့ပြောပြီး ပြန်သွားရောတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

စိုးမိုးခိုင်သည် တအင်းအင်းလိုက်ရင်း လေးလေးမြင့် ပလာတာတစ်ချပ် မကုန်သေးမီ သူသည် ပလာတာလေးချပ် စားပြီးနေလေပြီ။ ကြက်ကင်တစ်ကောင်တွင် ပေါင်နှစ်ချောင်း မရှိတော့။ ရင်အုံတစ်ခြမ်း ပဲ့ထွက်သွားလေပြီ။ ရင်အုံတစ်ခြမ်းနှင့် လည်တိုင်လေးသာ ကျန်ပါတော့သည်။ လေးလေးမြင့်ကို သူက မပြတ်အောင် ကြက်ကင်ထည့်ပေးနေပေမင့် လေးလေးမြင့် စားသည်က နည်းနည်း။ သူသာလျှင် တအင်းအင်းလိုက်ရင်း စားသောက်နေသည်ပဲ ဖြစ်မည်။

"နောက်တစ်နေ့ကျတော့ မြေခွေးကလည်း ငှက်ကျားဖိတ်ထားတဲ့အတိုင်း ရဲရဲဝံ့ဝံ့ပဲ ရောက်လာတယ်။ မြေခွေးက သူ့ကိုယ်သူ အထင်ကြီးတာကိုး။ ငှက်ကျားဆိုတဲ့ သတ္တဝါမျိုးဟာ ဉာဏ်မရှိဘူး။ သူတို့မြေခွေးတွေဟာ သိပ်ဉာဏ်ရှိတယ်၊ ငှက်ကျားက ဉာဏ်ချင်းပြိုင်ပြီး သူ့ မလှည့်စားနိုင်ပါဘူး၊ ငှက်ကျားကျွေးတာတွေ ကောင်းကောင်းစားပြမယ်လို့ စိတ်ကူးသွားသတဲ့"

"အင်း ..."

"ငှက်ကျားကြီးဆီရောက်တော့ ငှက်ကျားကြီးက ကောင်းပေ့ဆိုတဲ့ ငါးတွေ ပုစွန်တွေ ချက်ပြုတ်ထားပြီး အဲဒီဟင်းလျာတွေကို ဝါးကျည်တောက်တစ်ခုစီထဲမှာ ထည့်ထားတယ်တဲ့။ ဝါးကျည်တောက်ဆိုတာ ကိုစိုးမိုးခိုင်လည်း သိသားပဲ၊ အဝကျဉ်းပြီး ရှည်မျောမျောကြီး မှတ်လား"

"ဟုတ်တာပေါ့၊ ဝါးကျည်တောက်ဆိုတာ အဝကျဉ်းပြီး ရှည်မျောမျောကြီးပဲဟာ"



"အဲဒီတော့ မြေခွေးဆိုတာက နှုတ်သီးတိုတိုလေးပဲ၊ ဝါးကျည်တောက်အဝကျဉ်းမှာပဲ နှုတ်သီးတစ်နေပြီး မစားသာပဲ ဖြစ်နေတယ်၊ ငှက်ကျားကြီးကတော့ နှုတ်သီးကလည်း ရှည်ရှည်၊ လည်ပင်းကလည်းရှည်ရှည်ဆိုတော့ ဝါးကျည်တောက်ကြီးထဲကို နှုတ်သီးနဲ့ထိုးထိုးပြီး မြိန်ရည်ရှက်ရည် စားပြရင်း၊ အဆွေမြေခွေး စားပါ၊ သုံးဆောင်ပါ၊ အားမနာပါနဲ့လို့ ပြောသတဲ့။ ဒါပေမဲ့ မြေခွေးကြီးမှာ မစားနိုင် မသုံးဆောင်နိုင်ဘဲ လက်မှိုင်ချပြီး ပြန်သွားရောတဲ့"

"အင်း"

"မအင်းနဲ့တော့လေ ကိုစိုးမိုးခိုင်၊ ပုံပြင်ဒဏ္ဍာရီက ဒီမှာတင် ပြီးရောဟာ"

"ဟုတ်လား ... ဒီမှာတင် ပြီးရောလား"ဟု ပြောရင်း စိုးမိုးခိုင်က ရယ်မောလိုက်သည်။

"ကြည့် ... ကိုစိုးမိုးခိုင်ရယ်ပုံက ဒီပုံပြင်အကြောင်းကို သိနေပြီး လေးလေးကို တမင်သက်သက် ပြောခိုင်းနေသလိုပဲ"

"မဟုတ်ပါဘူး မလေးလေးမြင့်၊ ကျွန်တော် ရယ်တာက ဒီမှာတင်ပြီးရောလို့ ပြောလို့ပါ၊ တကယ်တော့ ပုံပြင်ဒဏ္ဍာရီဆိုတာ မဖြစ်နိုင်တာတွေကို ဖြစ်နိုင်သလို ဇာတ်လမ်းလေး စိတ်ဝင်စားအောင် ဖန်တီးထားချက်ပါ။ ဒါပေမဲ့ ဒဏ္ဍာရီတိုင်းလိုလိုမှာ ရည်ရွယ်ချက်တစ်ခုခု ပါရှိတတ်ပါတယ် မလေးလေးမြင့်၊ အခု မြေခွေးနဲ့ ငှက်ကျားပုံပြင်ဟာ နိဂုံးချုပ်ရင် ဘာရည်ရွယ်ချက်တွေပါသလဲဆိုတာ ထပ်ပြီးဖြည့်စွက်ပြောမှ ဒီပုံပြင်ဒဏ္ဍာရီ ပြီးဆုံးမှာပေါ့။ အဲဒါကို မလေးလေးမြင့်က ထည့်မပြောဘဲ ဇာတ်လမ်းပြီးပြီး ပြီးပြီလို့ ပြောလို့ပါ"

www.burmeseclassic.com



"ဟင့်အင်း ... အဲဒီလောက်အထိတော့ လေးလေးက ဒီပုံပြင်ဒဏ္ဍာရီအပေါ်မှာ အဲလေးအနက် မထားမိဘူး။ အခုလောလောဆယ် လေးလေးမားကိုင်ပြီး ကြက်ကင်ကို မလှီးတတ်တာရယ်၊ ကိုစိုးမိုးခိုင်ကသာ ကြက်ကင်ကို ဖြတ်တောက် တုံးတစ်မပေးရင် လေးလေးဟာ ငှက်ကျားကြီးငတ်သလို မြေခွေးကြီးငတ်သလို မြင်ရုံ အနံ့ခံရုံခံရပြီး ဒီညစားပွဲမှာ အစားငတ်ရမယ့်ကိန်းနဲ့ဆုံသွားလို့ပြောပြတာ"

"ကျွန်တော်ကပဲ ဒီပုံပြင်ဒဏ္ဍာရီကို ဖန်တီးခဲ့သူဟာ ဘာကိုရည်ရွယ်သလဲ ဆိုတာ ထုတ်နုတ်ပြမယ် မလေးလေးမြင့်၊ ရော့ ... စားဦး မလေးလေးမြင့် ပုံပြောပြနေရတာနဲ့ အစားကောင်းကောင်း မစားရသေးဘူး၊ ကျွန်တော်တော့ ဝသွားပြီ၊ ပလာတာခြောက်ချပ်ကုန်သွားတယ်"

စိုးမိုးခိုင်သည် နှုတ်ပိုလှီးလက်စ ကြက်ကင်ပန်းကန်ကို လှမ်းကြည့်သည်။ အသားကောင်းကောင်း မကျန်တော့၊ ထို့ကြောင့် နောက်ပန်းကန်ကိုဆွဲပြီး ကြက်ကင်ပေါင်တစ်ဖက်ကို လှီးထုတ်ပြီး လေးလေးမြင့် ပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။

"အခု မလေးလေးမြင့် ပြောသွားတဲ့ ပုံပြင်ထဲမှာ ပထမရည်ရွယ်ချက်က သဘာဝချင်းမတူတဲ့ သက်ရှိသတ္တဝါနှစ်ဦးဟာ အဆွေခင်ပွန်းဖွဲ့လို့ မရနိုင်ဘူး၊ မြေခွေးရဲ့သဘာဝက နှုတ်သီးတိုတယ်၊ အစာစားတဲ့ နေရာမှာ ဟပ်ပြီးစားတဲ့သဘာဝ၊ လျှက်ပြီးစားတဲ့သဘာဝရှိတယ်၊ ဒါကြောင့် နှုတ်သီးတိုတဲ့ သတ္တဝါမ်ိဳးပန်းကန်ပက်လို မြေပြန့်တစ်လျှောက်မှာ နှုတ်သီးတော့ အနံ့ခံပြီးစားတတ်တဲ့ သတ္တဝါမျိုး၊ ငှက်ကျားဆိုတာက ချောင်းစပ်မြောင်းစပ် အင်းအိုင်လယ်ကွင်းစပ်တွေမှာစောင့်ပြီး ရေထဲကငါးတွေ



ဖားတွေ ပုစွန်တွေကို နှုတ်သီးရှည်ကြီးနဲ့ ကောက်ယူပြီး မျိုချရတဲ့ သတ္တဝါမျိုး။ အဲဒီတော့ အစားအသောက်၊ အနေအထိုင်နဲ့ စိတ်နေသဘောထားချင်း ကွာခြားနေတဲ့ သက်ရှိသတ္တဝါနှစ်ဦးဟာ အဲဆွေခင်ပွန်းဖွဲ့လို့ မရနိုင်ဘူး၊ ပေါင်းစပ်လို့ မရနိုင်ဘူးဆိုတဲ့ ရည်ရွယ်ချက် ပေးထားတာပဲ မလေးလေးမြင့်"

"အယ် ... သိပ်ကိုဟုတ်တာပဲ၊ ကိုစိုးမိုးခိုင် ပြောပြချက်ဟာ သိပ်ကိုမှန်တာပဲ လူနှစ်ဦးမှာလည်း သဘာဝချင်းမတူညီရင် အဲဆွေခင်ပွန်း ဘယ်လိုဖွဲ့ဖွဲ့ တကယ့် အဆွေခင်ပွန်း ဖြစ်လာဖို့ မလွယ်ပါဘူးနော်"

လေးလေးမြင့်သည် ထိုစကားကို ပြောပြရင်း သူမ၏မျက်လုံးအစုံသည် အရက်ဆောင်တာဆီသို့ ရောက်နေပါ၏။ စိုးမိုးခိုင်က လေးလေးမြင့် ကြည့်ရှုရာ အရက်ကောင်တာဆီသို့ လိုက်လံကြည့်လုက်မိသည်။

ကောင်တာတွင် ထွန်းနေလင်းသည် အရက်ခွက်ကို ကာရပ်နေဆဲဖြစ်ပါ၏။ စောစောက အမျိုးသမီးကြီးနှင့် အမျိုးသားကြီးတော့ ထွန်းနေလင်းအနီးတွင် မရှိတော့။ သို့သော် ထိုမိဘနှစ်ပါးနေရာတွင် ရွှေစင်သည် ရောက်နေပါ၏။

ရွှေစင်နှင့် ထွန်းနေလင်းသည် အခြား ဘယ်ကိုမှမကြည့်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စကားလက်ဆုံကျနေသည်ကို တွေ့ရပါ၏။

လေးလေးမြင့်က စိုးမိုးခိုင် ရှင်းပြသော ပထမရည်ရွယ်ချက်ကို လှိုက်လှိုက်လှဲလှဲ ထောက်ခံလိုက်သည်မှာ ထွန်းနေလင်းနှင့် သူမ၏ အဖြစ်စဉ်ကိုပင် နှိုင်းယှဉ်ကာ ထောက်ခံမှု ပြုလေသလားဟု စိုးမိုးခိုင် ထင်မိသည်။ ထွန်းနေလင်းက ရုပ်ရှင်ပညာ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ လေးလေးမြင့်က ရုပ်ရှင်လုပ်ငန်းကို စိတ်ပျက်နေသူ စိတ်မဝင်စားသူ။ ထိုသဘာဝနှစ်ခု ဆန့်ကျင်နေ၍များ လေးလေးမြင့်က စိုးမိုးခိုင့် ပြောပြချက်ကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပစ်လိုက်ခြင်းပေလား။

"နောက်ထပ် ရည်ရွယ်ချက်ကတော့ ကိုစိုးမိုးခိုင်၊ လေးလေး ပလာတာစားရတာရော၊ ကြက်ကင်စားရတာရော ခံတွင်းတွေ့ပါတယ်၊ အရသာရှိပါတယ်၊ နောက်ပြီး ကိုစိုးမိုးခိုင် ပြောပြချက်တွေလည်း စိတ်ဝင်စားပါတယ်၊ ဆက်ပြောပါ ကိုစိုးမိုးခိုင် လေးလေး ပလာတာစားရင်း ဆက်နားထောင်ချင်လို့ပါ"

စိုးမိုးခိုင်သည် မသိမသာ လူမသိ သူမသိ သူ့ဟာသူ သက်ပြင်းတစ်လုံးမှုတ်၍ ချမိတော့သည်။

"ပုံပြင်ရဲ့ဒုတိယရည်ရွယ်ချက်ကတော့ နည်းနည်းကြမ်းတယ် မလေးလေးမြင့်၊ ပုံပင်နိဒါန်းပြောတုန်းကတည်းက မလေးလေးမြင့် ပြောခဲ့တယ် မှတ်လား၊ မြေခွေးဆိုတဲ့ သတ္တဝါဟာ ကောက်ကျစ်စဉ်းလဲတယ်၊ ကောက်ကျစ်စဉ်းလဲတယ်ဆိုတဲ့အဓိပ္ပာယ်ဟာ တစ်ကိုယ်ကောင်းဆန်တယ်၊ သူတစ်ပါး ဘယ်လောက်ဒုက္ခရောက်ရောက် ငါချမ်းသာရင်ပြီးရောဆိုတဲ့ စိတ်ထားမျိုး ထားတယ်၊ အဲဒီအနက်အဓိပ္ပာယ်ကတော့ ဟုတ်ရဲ့လား မလေးလေးမြင့်"

"ဟုတ်ပါတယ် ကိုစိုးမိုးခိုင်"

"အဲ ... ငှက်ကျားကြီးကတော့ ရိုးသားတယ်၊ တည်ကြည်တယ်၊ အဲဒီအဓိပ္ပာယ်ကလည်း ရိုးသားတယ် ဆိုကတည်းက သူတစ်ဖက်သားကို မကောင်းမကြံဘူး၊ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးနေတယ်ဆိုတဲ့ အဓိပ္ပာယ် မသက်ရောက်ဘူးလား"

"ဟုတ်ကဲ့ ... သက်ရောက်ပါတယ်"



လေးလေးမြင့်သည် စောစောက ရယ်ရယ်ပြုံးပြုံးနှင့်ပြောနေသော ဗိုလ်စိုးမိုးခိုင်၏မျက်နှာသည် တစ်မုဟုတ်ခြင်း တင်းမာသယောင် ဖြစ်လာကာ စကားကို အသံပြတ်နှင့် ချက်ချင်းပြောလာခြင်းအတွက် အံ့အားသင့်သွားမိသည်။ မသိမသာ စွေစောင်းပြီး ဗိုလ်စိုးမိုးခိုင်၏မျက်နှာကို ကြည့်နေမိသည်။ သူ၏မျက်နှာသည် တင်းမာနေပြီး နှုတ်ခမ်းကို စေ့ထားပါ၏။

"လောကကြီးမှာ ရေမြွေဆိုတဲ့ သတ္တဝါဟာ မြွေပွေး မြွေဟောက်လို အဆိပ်မရှိရှာပါဘူး၊ ဒါပေမဲ့ အဲဒီရေမြွေတောင် သူ့ကို အန္တရာယ်ပြုလာတဲ့သူကို သူပြန်ကိုက်တာပဲ၊ ခွေးဆွဲသလိုပြန်ခဲတာပဲ၊ နောက်ပြီး နွားဆိုတဲ့ သတ္တဝါဟာ အင်မတန်စိတ်ရင်းကောင်းတဲ့ သတ္တဝါပါ၊ သူ့မှာ ဦးချိုသာရှိတယ်၊ အစွယ်မရှိပါဘူး၊ သူစားတာလည်း မြက်ကိုပါ၊ ဒီပြင်သတ္တဝါတွေကို အစွယ်ရှိတဲ့ ကျားခြင်္သေ့လို လိုက်ပြီးကိုက်မစားတတ်ပါဘူး၊ ဒါပေမဲ့ အဲဒီနွားတောင်မှ သူ့ကို အန္တရာယ်ပြုလာရင်တော့ သူ့ဦးချိုနဲ့ပြန်ဝှေ့ဖို့ ကြိုးစားတာပဲ မဟုတ်လား မလေးလေးမြင့်"

"ဟုတ်တာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုစိုးခိုင် ဘာတွေကို ရည်ရွယ်ပြီး ပြောနေတာလဲဟင်"

စိုးမိုးခိုင် ရယ်သွမ်းသွေးလိုက်သည်။ သို့သော် စိတ်နှလုံးကြည်နူးပြီး ရယ်ခြင်းမျိုး မဟုတ်ပါလေ။ သူ၏ရယ်မောခြင်းမှာ ခြောက်ကပ်ကပ် နိုင်လှသည်။ တမင်တကာလုပ်ပြီး ရယ်ပြခြင်းမျိုး ဖြစ်သည်ဟု လေးလေးမြင့် ထင်မိသည်။

"အဲ ... ကျွန်တော် ရည်ရွယ်ပြီး ပြောနေတာ ရေမြွေရယ်၊ နွားရယ်၊ အခု ဒဏ္ဍာရီထဲက ငှက်ကျားကြီးရယ်ဟာ သဘောထားခြင်း တူနေတာကို ရည်ရွယ်ပြောတာပါ၊ ငှက်ကျားကြီးက သူ့

www.burmeseclassic.com

www.burmeseclassic.com



ဟာသူနေရင်တော့ ရိုးရိုးသားသားကြီး တည်တည်ငြိမ်ငြိမ် သတ္တဝါကြီးပေါ့၊ ဒါပေမဲ့ မြွေခွေးက သူ့ကိုစတင်ပြီး စော်ကားလာတဲ့ အခါမှာတော့ ရိုးသားတည်ငြိမ်တဲ့ ငှက်ကျားကြီးဟာ မြွေခွေးကို အလားတူပြန်ပြီး ဂလဲ့စားချေလိုက်တယ်လေ၊ ငှက်ကျားကြီးက တူညီတဲ့ ကလဲ့စားချေလိုက်တာပဲ မှတ်လား"

လေးလေးမြင့်သည် တင်းမာလှသော ဗိုလ်စိုးမိုးခိုင်၏ မျက်နှာထားကို ထပ်မံကြည့်ပြန်သည်။ ဗိုလ်စိုးမိုးခိုင်သည် ဤဒုတိယ အချက်ကို ပြောပြရာ၌ လေးနက်လွန်းသော စကားတွေနှင့် အဘယ်ကြောင့် ဤမျှမျက်နှာထား တင်းမာသွားပါလိမ့်ဟု သူမ ဘာသာ တွေးကြည့်နေမိပါ၏။

ထို့နောက် လေးလေးမြင့်ကလည်း ရယ်မောသံလေးပြုလိုက်ပေသည်။

သူမ၏ စိတ်ရင်းမှုမှန်မှာ စိတ်ဆိုးနေသူတစ်ဦးအား စကားပြေဖြင့် နှစ်သိမ့်ပြီး စိတ်ဆိုးပြေသွားစေရန် စေတနာဖြင့် ပြောသော စကားများ ဖြစ်ပါ၏။

"အခု လေးလေးတို့ ပြောနေတာက ဒဏ္ဍာရီပုံပြင်ပဲ ကိုစိုးမိုးခိုင်၊ နောက်ပြီး တိရစ္ဆာန်လောကထဲက တိရစ္ဆာန်နှစ်ခုအကြောင်း ပြောနေတာပဲ၊ တိရစ္ဆာန်တွေမှာတော့ ကိုယ့်ကို လာထိခိုက်လို့ ပြန်ပြီးတုံ့ပြန်တဲ့ ကလဲ့စားမျိုးဆိုတာ ရှိမှာပေါ့"

"မယဉ်ကျေးသေးတဲ့ခေတ်က လူတွေဟာလည်း ဒီလိုပါပဲ မလေးလေးမြင့်၊ ကလဲ့စားချေတဲ့အမှုတွေ လူတွေပြုခဲ့ကြတယ်၊ ယဉ်ကျေးစပြုပါပြီဆိုတဲ့လူသား ခေတ်ဟောင်းမှာတောင် A tooth for A tooth An Eye for an Eye ဆိုတဲ့ တရားဥပဒေမျိုးတွေ ထားခဲ့တယ်၊ ဆိုလိုတဲ့အဓိပ္ပာယ်က သူတစ်ပါးကို သွားတစ်ချောင်းကျိုးအောင် လုပ်တဲ့လူကို သူ့သွားတစ်ချောင်းလည်း ပြန်ချိုးပစ်ရမယ်၊ သူတစ်ပါးကို မျက်စိတစ်ဖက်ကန်းအောင် လုပ်မိတဲ့လူကို သူ့မျက်စိတစ်လုံး ပြန်ဖောက်ပစ်ရမယ်ဆိုတဲ့ ဥပဒေမျိုးပဲ"



"ဒါဟာ ကလဲ့စားချေဥပဒေပဲ၊ မရက်စက်လွန်းဘူးလား ကိုစိုးမိုးခိုင်၊ လေးလေးဦးနှောက်ထဲ ကိုစိုးမိုးခိုင် ပြောရင်းနဲ့အသိဉာဏ်လေးတွေ ဝင်လာတာရှိတယ်၊ ဥပမာ — ကလေးနှစ်ယောက်ဟာ ကလေးဘာသာဘာဝ လိုက်တမ်းပြေးတမ်း ကစားကြမယ်၊ ရှေ့ကပြေးတဲ့ကလေးဟာ နောက်ကလိုက်တဲ့ကလေး မိသွားမှာစိုးလို့ တအားပြေးရင်း ချော်လဲတယ် ဆိုပါတော့၊ အဲဒီလို ချော်လဲပြီး သွားတစ်ချောင်းကျိုးသွားရင် နောက်ကလိုက်တဲ့ ကလေးကိုလည်း သွားတစ်ချောင်း ချိုးပစ်စေဆိုတဲ့ အမိန့်မျိုးချမှတ်မတဲ့လား၊ အကယ်လို့ ရှေ့ပြေးတဲ့ကလေးဟာ ချော်လဲပြီး မျက်စိတစ်ဖက် ကန်းသွားအောင် ထိခိုက်မိတယ်ဆိုတာနဲ့ နောက်ကလိုက်တဲ့ကလေးရဲ့မျက်စိတစ်ဖက် ကန်းစေရော့လား ကိုစိုးမိုးခိုင်"

"ဟိုတုန်းက မယဉ်ကျေးသေးတဲ့ လူသားဥပဒေတွေကတော့ အခု မလေးလေးမြင့် နမူနာတင်ပြတဲ့အတိုင်းပဲ မလေးလေးမြင့်၊ ဥပမာ အိမ်တစ်ဆောင်ကို လက်သမားက အခကြေးငွေယူပြီး ဆောက်ပေးတယ်၊ လက်သမားရဲ့ ပေါ့လျော့မှုကြောင့် ထုတ်ဖြစ်စေ၊ ဒိုင်းဖြစ်စေ ပြိုကျတယ်၊ အဲဒီလို ပြိုကျမှုကြောင့် အိမ်ရှင်ဟာ ဟိုဒေး ဒီငေးနဲ့ ထုတ်ပြိုကျလို့ဖြစ်စေ၊ ဒိုင်းကြောင့်ဖြစ်စေ၊ ထိခိုက်ပြီး သေသွားရင် တရားဥပဒေက အဲဒီလက်သမားလည်း သေစေအမိန့်ပဲ"

"ဒါတော့ မတရားဘူးပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မလေးလေးမြင့်၊ အဲဒီလို ဥပဒေဆုံးဖြတ်ချက်
တွေဟာ မတဲ့ရားဘူးလို့ မြင်လာတိုင်း တရားဥပဒေကို တစ်ဆင့်
ပြီးတစ်ဆင့် တရားမျှတအောင် လူသားတွေက ပြင်ဆင်လာကြ
တာဘဲ၊ ကနေ့ခေတ် ဥပဒေကျတော့ အင်မတန်ယဉ်ကျေးပြီ
သိမ်မွေ့နေပါပြီ"

"ဒါဆိုလည်း လူတွေမှာ လက်စားချေစရာ ဘာရှိတော့မှ
လဲနော်၊ ဥပဒေက ရှိနေသားပဲဟာ"

"ဘယ်ဟုတ်မလဲ၊ ရှိသေးတာပေါ့"

"ရှင်"

စိုးမိုးခိုင်က မရယ်ချင်ဘဲ ရယ်လိုက်ပြန်သည်။

"တစ်ခါတလေမှာ လူလူချင်း အနိုင်ကျင့်သွားတာ
တရားဥပဒေက ဖော်ထုတ်မပေးနိုင်တာမျိုးတွေ ရှိတတ်ပါတယ
မလေးလေးမြင့်၊ အဲဒီလူတွေဟာ တရားဥပဒေကိုပါ မျက်လှ
ပြုပြီး ကိုယ်ဖျောက်နေကြတယ်၊ ဒီလိုလူမျိုးကျတော့ ကျွန်ခဲ
ကာယကံရှင်က ဒီလိုလူမျိုး တွေ့အောင်ရှာရမယ်၊ နောက်
တရားဥပဒေလက်ထဲကို အရောက်အထား အနိုင်အမာနဲ့ အပ
မယ် ...

"ကျွန်တော် ဆိုလိုတဲ့ ကလဲ့စားချေမှုဆိုတာက အဲဒီသဘေ
ပါ မလေးလေးမြင့်၊ ဒီလိုလူမျိုးကို တရားဥပဒေက ထိုက်သင့်
အပြစ်ဒဏ်ချမှတ်ပေးရင် ပြီးရောပေါ့"

လေးလေးမြင့် ပလာတာနှစ်ချပ် ကုန်ပါ၏။ သူမ၏ပန်း
ထဲတွင် ကြက်ကင်တွေ အများကြီး ကျန်နေသေးသည်။ သူမသ
လဖက်ဆေးလက်သုတ်ပြီး စားသောက်ပွဲကို အပြီးသတ်လိုက်သ



စိုးမိုးခိုင်က ဘီလပ်ရည်နှစ်လုံး ထပ်မံဖောက်ပြီး စောစော ကကဲ့သို့ပင် ငှဲ့ထည့်ပေးသည်။ သူကိုယ်တိုင်လည်း တစ်လုံးငှဲ့ ထည့်သောက်ပါ၏။

"ကိုစိုးမိုးခိုင်ကို ကြည့်ရတာ တစ်ခုခုအပေါ်မှာ မကျေမနပ် ဖြစ်ပြီး ကလဲ့စားချေချင်နေသလိုပဲနော်"

စိုးမိုးခိုင်က ထိုစကားနှင့် ပတ်သက်ပြီး ဘာမျှဆက်မပြော တော့ဘဲ တခြားစကားသို့ လွှဲပြောင်းလိုက်သည်။

"မလေးလေးမြင့် အစားအသောက် မနည်းဘူးလား"

"မနည်းပါဘူး ကိုစိုးမိုးခိုင်၊ သာမန်မိန်းကလေးတစ်ယောက် စားသလောက် စားတာပဲ၊ အဲ ... အစားမပုပ်ဘူး ဆိုပါတော့"

"ဗျာ ... မလေးလေးမြင့် ကျွန်တော့်ကို စောင်းပြောပြီ ထင်တယ် ဟဲ ... ဟဲ၊ ကျွန်တော်ကတော့ အစားပုပ်တယ် မလေး လေးမြင့်၊ စစ်သားမို့ အစာအိမ်ပိုကျယ်သလား မသိဘူး၊ မကျယ် လည်း မခံနိုင်ဘူးလေ၊ ကျွန်တော့်ဘဝမှာ စစ်တက္ကသိုလ်ထရိန်နင် တက်တဲ့ အချိန်ကစပြီး အခုအချိန်ထိ ကိုယ်ခန္ဓာကို သိပ်အပင် ပန်းခံခိုင်းထားတော့ သူများထက် အစားပိုစားနိုင်တယ်လို့ ထင် တာပဲ"

"အဲဒီလို ဖြစ်ချင်လည်းဖြစ်မယ်၊ ဒါမှမဟုတ် သူများထက် ပိုပြီး ခန္ဓာကိုယ်ထွားကျိုင်းတာရော၊ ဗလကောင်းတာကြောင့် ခန္ဓာကိုယ်နဲ့ အချိုးညီတဲ့ အစားအသောက် ပိုစားတာလည်းဖြစ် ချင်ဖြစ်မယ်"

"ဟဲ ... ဟဲ ... ဟဲ၊ မလေးလေးမြင့် စကားက ကျွန်တော့် ကို မြှောက်တာလား၊ နှိမ်တာလားဆိုတာ ခွဲလို့တောင်မရတော့ ဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား ကိုယ့်စကားနှင့်ကိုယ် ရယ်မောနေကြစဉ်မှာပင် ထွန်းနေလင်း ရောက်လာတော့သည်။ ရွှေစင်လည်း ထွန်းနေလင်းနှင့်အတူ ပါလာပါ၏။

"ကြည့်စမ်း ... ကြည့်စမ်း။ ဒီကောင်ကြီး ငါ့တောင်မစောင့်ဘူး၊ စားသောက်ထားတာ တက်တက်ပြောင်ကာနီးရော"

"ဟ ... မင်းကိုသာ ငါစောင့်နေရင် ဒီပွဲထဲမှာတင် အစာငတ်ပြီး သေသွားတဲ့ မသာတစ်လောင်း ပေါ်သွားမှာပေါ့၊ မင်းဟာက ကြာလိုက်တာ လွန်ရောကိုးကွ"

"ဩော် ... လေးလေးလည်း စားပြီးသွားပြီနော်"

လေးလေးမြင့်က ရယ်ပြလိုက်သည်။

"ကိုစိုးမိုးခိုင် ပြောသလိုပေါ့၊ ကိုထွန်းနေလင်းကိုသာ စောင့်နေရရင် လေးလေးပါ နောက်ထပ်တစ်လောင်း ထပ်ဖြစ်သွားမယ်လေ"

ထွန်းနေလင်းက သဘောကျစွာ ရယ်လိုက်သည်။

"ဆောရီးပဲ လေးလေး၊ ကိုယ် အလုပ်ကိစ္စ စကားတွေ သိပ်ပြောနေတာနဲ့ သိပ်နောက်ကျသွားတယ်၊ ကိုယ်တို့ ပထမတုန်းကတော့ နယ်ထွက်ကားရိုက်ဖို့ အစီစဉ်ဟာ တစ်ပတ်လောက် ကြာမှ ထွက်မလို့ပါ၊ ဒါပေမဲ့ အခုပဲ ရွှေစင့်မိဘတွေနဲ့တိုင်ပင်ပြီး သန်ဘက်ခါ နယ်ထွက်ဖို့ စီစဉ်ကြရတယ်၊ ကိုယ်တို့အဖွဲ့က အသွားအပြန်ဆိုရင် ဆယ့်ငါးရက်လောက် ကြာမယ်၊ နောက်အပတ်မှထွက်ရင် ဒီလကုန်ပြီး ဟိုဘက်လဆန်းကို ရက်ကူးသွားမယ်၊ ရွှေစင့်ဖားသားကြီးက ဟိုဘက်လဆန်းရက်မှာ နိုင်ငံခြားသွားဖို့ ရှိနေတယ်၊ ရွှေစင်နဲ့အတူတူ ကားရိုက်တဲ့ဆီကို သူ့မားသားက အဖော်လိုက်ဦးမှာဆိုတော့ ဒီလထဲမှာပဲ ရွှေစင့်ဖားသား



နိုင်ငံခြားမသွားခင် ရန်ကုန်ကို ပြန်ရောက်ချင်တယ်တဲ့၊ ဒါကြောင့် ကိုယ့်အစီအစဉ်ပြောင်း ကိစ္စတွေ တိုင်ပင်နေလို့ ကြာသွားတာပါ၊ ဩော် ... ရွှေစင်၊ ကိုယ်တို့ဖို့ပလာတာနဲ့ ကြက်ကင်အသစ်ပွဲတွေ ယူခဲ့ကွာ၊ စားကြရအောင်"

"ဟုတ်ကဲ့ ဆရာ"

ရွှေစင်သည် သွက်လက်စွာပင် နေရာမှ ထွက်ခွာသွားပေသည်။ လေးလေးမြင့်က ရွှေစင်ထွက်သွားရာသို့ ငေးကြည့်နေပါ၏။

"ဒါဖြင့် ငါလည်း နက်ဖြန်ကျရင် Y.M.C.A ဖြစ်ဖြစ်၊ တခြားတည်းခိုရိပ်သာ တစ်ခုခု ရွှေ့နေမယ်လေ"

"ဘာလို့ရွှေ့ရမှာလဲ သူငယ်ချင်း၊ မင်း ဘယ်မှမရွှေ့ရပါဘူး၊ ငါ့အိမ်မှာပဲနေပါ"

"ဟ ... မင်းမရှိဘဲ ငါမနေချင်ဘူးကွာ"

"မကပ်စမ်းပါနဲ့ စိုးမိုးခိုင်၊ ငါ့အိမ်ဟာ မင်းအိမ်ပဲပေါ့ကွ၊ မင်းက ငါမရှိလို့ တခြားရွှေ့မယ်ဆိုရင် ငါ ကားရိုက်သွားဖို့ လုပ်ငန်းပြန်ဖျက်ပစ်လိုက်မယ်၊ နယ်ထွက်ရိုက်ဖို့ ရက်အကန့်အသတ်မရှိ ရွှေ့လိုက်မယ်၊ ဖြစ်တယ် သူငယ်ချင်း၊ နယ်ထွက်မရိုက်ခင် ရန်ကုန်မှာနဲ့ စတူဒီယိုထဲမှာ ရိုက်ထားနှင့်လည်း ဖြစ်တာပဲ၊ ရွှေစင့်ဖားသားကြီး နိုင်ငံခြားက ပြန်လာမှ နယ်ပြန်ထွက်ရိုက်လည်းရတယ်၊ အဘိုးကြီးက နှစ်လလောက်ကြာမှာဆိုတော့ ငါ့လုပ်ငန်း နှစ်လပိုကြာတာပဲရှိတယ်၊ ဖြစ်တယ် သူငယ်ချင်း၊ မင်းတော့ တခြားမရွှေ့နဲ့၊ ငါ့အလုပ်ကို ငါ ပြန်ရွှေ့မယ်၊ နှစ်လဆိုတာ ငါ့အတွက် မထိခိုက်ပါဘူး၊ တစ်ခါတလေ ဖလင်ထုတ်ပေးတာ စောင့်ရတာတောင် လေးငါးလ ငုတ်တုတ်ထိုင်ပြီး ကြာသေးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့ မလုပ်နဲ့ ထွန်းနေလင်း၊ မင်း ဒီလောက် မရွှေ့စေချင်ရင် ငါမရွှေ့ဘူး၊ ငါ့ကြောင့်တော့ မင်းအစီအစဉ်မပျက်နဲ့၊ မင်းအိမ်မှာပဲ ငါဆက်နေမယ်"

"အေးလေကွာ၊ မင်း အဲဒီလို လိမ္မာမှပေါ့၊ မင်းခွင့်က သုံးလတောင် ရတယ်ဆို၊ ငါ အလွန်ဆုံးကြာရင် ဆယ့်ငါးရက်ပါကွ၊ ပြန်လာတဲ့အခါ တပျော်တပါး နေကြသေးတာပေါ့၊ မင်းအတွက် မောင်ပုကို ငါ ထားခဲ့မယ်၊ မင်းပြောတဲ့ Y.M.C.A တို့ တည်းခိုခန်းတို့ဆိုတာ ငါ့အိမ်လောက် မင်းအတွက် မလွတ်လပ်ပါဘူးကွာ"

ထိုစဉ်မှာပင် ရွှေစင် ရောက်လာပါ၏။ ရွှေစင်၏နောက်ပါးတွင် ကြက်ကင်တွေ၊ ပလာတာတွေ သယ်ယူလာကြသော စားပွဲထိုးနှစ်ဦးလည်း လိုက်ပါလာ၏။

စားပြီးကြသူနှစ်ဦး ထိုင်နေကြပြီး မစားရသေးသော ထွန်းနေလင်းနှင့် ရွှေစင်က စားသောက်ရန် စားပွဲတွင် နေရာယူလိုက်ကြပေတော့သည်။

✻ ○ ✻



◄ ၈ ►

စိုးမိုးခိုင်အတွက် မောင်ပုကို ထားခဲ့မည်ဟု ဆိုသော်လည်း မောင်ပုက မနေလိုခဲ့ပေ။ မောင်ပုသည် သူ့ဆရာ ကားရိုက်ထွက်လေတိုင်း နေခဲ့ရိုးထုံးစံလည်း မရှိစဖူးပေ။ ကားရိုက်ရာတွင် လူများစုထိုင်ပြီး ကျေးမွေးသော အခန်းမျိုး၌ဖြစ်စေ၊ လူတွေလမ်းလျှောက် ဖြတ်သွားသော အခန်းမျိုး၌ဖြစ်စေ၊ မောင်ပုက ထိုအခန်းမျိုးတွင် ဝင်၍ပါချင်သည်။ ဒါရိုက်တာ၏ဆန္ဒအရ ကင်မရာမင်းက မောင်ပု ရုပ်လွှာပေါ်သို့ သာမန်ထက်ပိုပြီး သုံးလေးစက္ကန့်လောက် ရိုက်ယူထားလိုက်လျှင် မောင်ပု အကျေနပ်ကြီးကျေနပ်ပါ၏။ ဒီအခွင့်အရေးမျိုးကို မောင်ပု လက်လွှတ်မခံနိုင်။

သူ့ဆရာ ထွန်းနေလင်းကတော့ မောင်ပုအား ငေါက်ငမ်းပြီး စိုးမိုးခိုင်အတွက် ထားပစ်ခဲ့ရန် ဖွတ်လုပ်သေးသည်။ စိုးမိုးခိုင်ထပင် ထွန်းနေလင်းအား တောင်းပန်ရပါ၏။

"ငါကိုယ်တိုင်က မောင်ပုကို မလိုချင်ဘူး ထွန်းနေလင်း၊ ငါ ခွင့်နဲ့လာတုန်း ပျော်ပျော်နေချင်တယ်၊ အပြင်က တရုတ်ဆိုင်၊ ကုလားဆိုင်၊ ဗမာဆိုင်စုံအောင် ငါလျှောက်စားမယ်၊ မောင်ပု ချက်ပြုတ်ကျွေးတာလည်း ငါမစားချင်ဘူး၊ နောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ငါ့အနေနဲ့အိမ်သိပ်ကပ်မှာ မဟုတ်ဘူး၊ ကဝဘက်ကူးဖို့လည်းရှိနေသေးတယ်၊ ဒီတော့ ငါ့အတွက် မောင်ပုက လူပို့ပဲ၊ ခေါ်သွားကွာ၊ သူ့ထားခဲ့ရင် ငါသွားချင်တဲ့ဆီသွားဖို့ နောက်ဆံတင်းနေရဦးမယ်"

"အေး ... မင်းကျေနပ်ရင် ပြီးရော၊ ဒါဆိုလည်း မောင်ပုကို ငါ ခေါ်သွားမယ်၊ မင်းအတွက်မို့ မောင်ပုကို ငါထားခဲ့မယ်သာ ပြောတာပါ၊ ဒီကောင်က ငါ့အထာကို အောက်ခြေသိမ်း နားလည်နေတဲ့ကောင်ဆိုတော့ သူ မပါရင် ငါ့မှာ ကသိကအောက်လေးတွေ ဖြစ်ဦးမှာ"

စိုးမိုးခိုင် ကိုယ်တိုင်ကလည်း ယင်းအထာကို သိသောကြောင့် မောင်ပုအား တမင်ထိုးထည့်ခြင်း ဖြစ်ပါ၏။

"သြော် ... သူငယ်ချင်း၊ မင်းအားတဲ့ တစ်နေ့နေ့မှာပေါ့ကွာ၊ ယောဒီစာကို လေးလေးဆီ သွားပို့ပေးစမ်းပါ၊ ကောင်းတာကတော့ တနင်္ဂနွေနေ့ဆိုရင် လေးလေးရုံးအားရက်ပဲ၊ အဲဒီနေ့ကျမှ သွားပေးကွာ၊ အိမ်မှာ ဆီဒင်ကားရော၊ မော်တော်ဆိုင်ကယ်ရော ထားခဲ့တယ်"

"ဘာလဲကွ၊ ဆီဒင်ကားနဲ့ မော်တော်ဆိုင်ကယ် ထားခဲ့တယ်ဆိုတာ ငါ့အတွက် ရည်ရွယ်ထားခဲ့တာလား"

"မဟုတ်ပါဘူးကွ၊ ဒီလောက်ဝေးတဲ့ ခရီးသွားရမှာ ဒါတွေငါက ဘာလို့ယူသွားမလဲ၊ တမင်ထားခဲ့တာပါ၊ အေး ... ဒါပေမဲ့ မင်းကြိုက်သလိုသုံးပါ စိုးမိုးခိုင်"

"ထားပါတော့ ငါကလည်း သုံးမှာပါပဲ၊ ရန်ကုန်မှာ ကိုယ်ပိုင်ဆိုင်ကယ်လေးလောက်မှ မရှိရင် သွားရေးလာရေးက လွယ်တာမှ မဟုတ်တာ၊ အဲ ... နောက်တစ်ခုက မလေးလေးမြင့်ရဲ့စာဟာ



တနင်္ဂနွေနေ့မှ သွားပေးရင် ရတယ်နော်၊ ငါ့ကိုအားနာလို့ တနင်္ဂနွေနေ့ကျ သွားပေးလို့တော့ မပြောနဲ့၊ ငါက အလုပ်အားနေတဲ့ကောင် မင်းစာ အရေးကြီးရင် ကြီးသလို ငါသွားပေးမယ်"

"အရေးမကြီးပါဘူးကွာ၊ လောကကြီးမှာ ဖိုကမ,ကိုပေးတဲ့ မေတ္တာစာဟာ အရေးကြီးတဲ့ သာရေးနာရေး သံကြိုးစာလို ဖွင့်ဖောက်ရရင် ဘယ်မှာ အဲရသာရှိမလဲ၊ အေးဆေးဆေးဆေးအနားယူတဲ့အခါဖတ်မှ မေတ္တာတွေ တစိမ့်စိမ့်ဝင်တာကွ လေးလေးအနားယူတဲ့ တနင်္ဂနွေနေ့ကျမှ သွားပေးပါကွာ"

"အေးလေ၊ ဒါဆိုလည်း တနင်္ဂနွေနေ့ကျမှ ငါသွားပေးပါ့မယ်"

ရွှေစင်၏ မွေးနေ့ပွဲပြီးဆုံးပြီး တတိယမြောက်နေ့မှာပင် ရွှေစင်သားအမိနှင့် ဒါရိုက်တာထွန်းနေလင်းသည် မင်္ဂလာဒုံလေဆိပ်မှ လေယာဉ်ခရီးဖြင့် ဟဲဟိုးသို့ ထွက်ခွာသွားပါလေတော့သည်။

ကျန်သော စက်အဖွဲ့ ကင်မရာအဖွဲ့နှင့် ဇာတ်ပို့ဇာတ်ရံတို့သည် ထွန်းနေလင်း စီစဉ်ထားသော ဒေါ့ဂျစ်ကားများဖြင့် တစ်ရက်ကြိုကာ သွားကြသည်။ ထိုဒေါ့ဂျစ်ကားသုံးစီးအဖွဲ့အား မောင်ပုကပင် ခေါင်းဆောင်သွားရပေသည်။ ရွှေစင်နှင့်တွဲဖက်ရမည့် နာမည်ကြီးမင်းသားကတော့ ထိုနေ့ ထိုရက် ထိုအချိန်တွင် ချိန်းသောနေရာသို့ သူ့အစီအစဉ်ဖြင့် လာရောက်မည်။ သူ့အစီအစဉ်အတိုင်း လာရောက်ရသည့် ကုန်ကျစရိတ်ကိုမူ ကုမ္ပဏီပိုင်ရှင် (သို့မဟုတ်) ထုတ်လုပ်သူက ကျခံရမည် ဟူသတည်း။

ထွန်းနေလင်း ထွက်ခွာသွားသည်မှာ ကြာသပတေးနေ့ဖြစ်ပါ၏။ ကြားတစ်ရက် စိုးမိုးခိုင်သည် အိမ်မှာပင် နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စနေနေ့တွင် စိုးမိုးခိုင်သည် ဘောင်းဘီဝတ်သည်။ သားရေဂျာကင်ပေါင်းကို ပြန်ဝတ်သည်။

မော်တော်ဆိုင်ကယ်ဖြင့်ပင် ဟစသို့သွားရန် ဖြစ်ပါလေ၏။ ယခုတစ်ကြိမ်တော့ စိုးမိုးခိုင်သည် ဦးထုပ်ဆောင်းသွားရန် ရည်ရွယ်မိသည်။ နဂိုကတည်းကလည်း တပ်မတော်အရာရှိမို့ ယူနီဖောင်းသဘောအရ ဦးထုပ်ဆောင်းလေ့ရှိသည်။ ပြီး မော်တော်ဆိုင်ကယ်စီးရာတွင် ဦးထုပ်မဆောင်းပါက ခေါင်းကို လေတိုးပြီး ဆံပင်များ ဖွာလံကြသည်။ ခေါင်းပေါ် ဖုန်မှုန့်ကပ်သည်။

သို့တစေ မိမိတွင် ဘာဦးထုပ်မှ မယူပါလေခဲ့။ စိုးမိုးခိုင်သည် တာဝန်ချိန်တွင် ယူနီဖောင်းကို ကျကျနနဝတ်သည်။ တာဝန်မရှိ အနားယူချိန်ဆိုလျှင် အိမ်နေရင်း စစ်အင်္ကျီ၊ စစ်ဘောင်းဘီကိုပင် အမှတ်မထင် ဝတ်ထားလေ့မရှိ။ ယူနီဖောင်းလေးကို လေးလေးစားစားထားသည်။ အနားယူချိန်တွင် စစ်စွပ်ကျယ် အစိမ်းကိုပင် မဝတ်တတ်။ ရိုးရိုးစွပ်ကျယ်ဖြူ ရိုးရိုးရှပ်အင်္ကျီစပို့ရှပ် ချည်လုံချည် ပြင်ပချည်ဘောင်းဘီ စသည်တို့ကိုသာ ဝတ်ဆင်လေ့ရှိသည်။

ယခု ခွင့်ရက်ရှည်နှင့် လာသည်ဆိုတော့ ယူနီဖောင်းမှန်သရွေ့ မန္တလေးရှိ ဦးလေးဟန်စိန်တိုက် မိမိ၏သီးသန့်ခန်းဘီရိုထဲတွင် ကျကျနန ပရုတ်လုံးတွေ အထွေးလိုက်ဖြင့်ထည့်ကာ သော့ခတ်ထားခဲ့သည်။

ယုတ်စွအဆုံး စိုးမိုးခိုင်သည် တပ်မှရာထူးအရ ထုတ်ယူခွင့်ရှိသော ရှူးဖိနပ်ကိုသော်မှ အပြင်တွင်မစီး၊ ပြင်ပချူပ်ဆိုင်မှ သီးခြားဝယ်စီးသည်။ ဗိုလ်စိုးမိုးခိုင်သည် ဤမျှပင် မိမိရာထူး၊ မိမိတပ်မတော်၊ မိမိယူနီဖောင်းပေါ်တွင် အလေးအနက် အကြည်အညိုထားသူတစ်ဦး ဖြစ်ပါ၏။



ယခု မိမိတွင် ဦးထုပ်မရှိ။ ထွန်းနေလင်း ဦးထုပ်များရှိတတ်သည်။ သံပရာခွံဦးထုပ်လေးတွေမျိုးကို နေခံမိုးခံအဖြစ် ဒါရိုက်တာတွေ ပြင်ပရိုက်ကွင်းတွင် ဆောင်းလေ့ရှိကြသည်။

စိုးမိုးခိုင်သည် သော့မခတ်ဘဲထားသော ထွန်းနေလင်း၏ ဘီရိုကိုဖွင့်လိုက်သည်။

"အားပါးပါး"

ထွန်းနေလင်း ဘီရိုထဲတွင် ကောင်းပေ့ ညွန့်ပေ့ ဆိုသော အဝတ်အစားတွေ ပေါများလိုက်သည့်ဖြစ်ခြင်း။ လက်ကိုင်ပဝါတွေ ဘောချိတ်ထား၊ ခြေအိတ်တွေ ဘောချိတ်ထား၊ ချည်ချောလုံချည်တွေ ဘောချိတ်ထား၊ အောက်ခံစွပ်ကျယ်မျိုးတွေ ဘောချိတ်ထား။

ထွန်းနေလင်း ဝတ်သော ဘောင်းဘီ၊ ရှပ်အင်္ကျီ၊ စပို့ရှပ်၊ တိုက်ပုံအင်္ကျီ၊ ဂျာကင်၊ ကုတ်အင်္ကျီ စသည်တို့ကို ကြမ်းခင်းဈေးအားဖြင့် တစ်ခုလျှင် ငွေတစ်ရာကျပ်ပဲထားကြည့်. ဤဘီရိုတစ်ခုထဲတွင်ရှိသော အဝတ်အစားတို့သည် အနည်းဆုံး ကြမ်းခင်းဈေး သုံးသောင်းဖိုးထက်မနည်း ရှိလိမ့်မည်ဟု စိုးမိုးခိုင် တွက်ဆမိသည်။

စိုးမိုးခိုင်သည် ဦးထုပ်ရှာလို၍ ထွန်းနေလင်း၏ဘီရိုကို ဖွင့်ခြင်းသာဖြစ်သည်။

ဦးထုပ်ပေါင်းအစုံသည် မတ်တတ်ဘီရိုကြီး၏ အောက်ဆုံး ထောင့်ကပ်အံတွင် တွေ့ရသည်။ စိုးမိုးခိုင်က တစ်လုံးပြီးတစ်လုံး ဆောင်းကြည့်သည်။ မတော်ပါလေ။

ထွန်းနေလင်းက ဦးခေါင်းသေးပြီး မိမိက ဦးခေါင်းကြီးနေသည်။ နောက်ဆုံး ရှေ့က Rin အုပ်ဆောင်းပါပြီး ခေါင်းစွပ်တွင် ဦးခေါင်းအကြီးအသေးကို ကြိုးဖြင့်အလျှော့အတင်းလုပ်ပေး

www.burmeseclassic.com

www.burmeseclassic.com



နိုင်သော ဦးထုပ်တစ်လုံး တွေ့ရသည်။ စိုးမိုးခိုင် စွပ်ကြည့်သည်။ ကြိုးအလျှော့အတင်းကို မိမိဦးခေါင်းဖြင့် အံကိုက်ချည်နှောင်ကြည့်သည်။ အလောတော် အံကျ fit size ရသွားပါ၏။

ထိုဦးထုပ်ကို စိုးမိုးခိုင် ဆောင်းကြည့်ပြီး ကျေနပ်သွားမှ ပြန်အထတွင် ဘီရိုအလယ်အံတစ်ခုစွန်း၍ အသင့်တင်လျက်သား ရှိနေသော သေနတ်သေးလေးတစ်လက်ကို စိုးမိုးခိုင် တွေ့ရပြန်သည်။ သေနတ်လေးမှာ အသေးစားလေးမှ တကယ့်အသေးစားလေး ဖြစ်သည်။ အမှတ်တမဲ့ကြည့်လျှင် မီးခြစ်ပစ္စတိုသေနတ်လေးလားဟု ထင်ရသည်။ ထို့ကြောင့် စိုးမိုးခိုင်က သေနတ်သေးသေးလေးကို ကောက်ယူကြည့်မိသည်။

မီးခြစ်သေနတ်လေး မဟုတ်ပါလေ။

တကယ့်ပွိုင့်(၂၂)ကျည်ကပ်ထဲတွင် ကျည်ဆန်ငါးတောင့်ဆံ့သော သေနတ်လေး ဖြစ်နေသည်။ ယောကျ်ားကိုင် လက်ထဲတွင် အသာထားဦး၊ မိန်းကလေးလက်ထဲမှာပင် သေနတ်ကိုင်ထားလျှင် မမြင်နိုင်အောင် ပျောက်ကွယ်နေသည်။ နိုင်ငံခြားတွင် အမျိုးသမီးများ၏ ပိုက်ဆံအိတ်ထဲတွင် ထည့်ဆောင်ထားလေ့ရှိသော ပွိုင့်တူးတူးပြောင်းတိုသေနတ်လေး ဖြစ်ပါ၏။ ပစ္စတိုအမျိုးအစားဖြစ်သည်။ စိုးမိုးခိုင်က သေနတ်သေးသေးလေး၏ မဂ္ဂဇင်းကျည်ကတ်လေးကို ဆွဲယူဖွင့်ကြည့်သည်။ ကျည်ဆန်လေးတွေမှာ ကျောက်တံလုံးလောက်ရှိသည်။ ခဲဖူးထိပ်အရှည်အထိ (၂)စင်တီမီတာလောက်သာ ရှည်လျားသည်။

သေနတ်ကလေး တင်ထားသည့်အောက်တွင် လိုင်စင်စာအုပ်ရှိနေသည်။ စိုးမိုးခိုင်က လိုင်စင်စာအုပ်ကို ဖွင့်ကြည့်ပါ၏။ ယင်းပစ္စတိုပွိုင့်(၂၂)သေနတ်ကလေး၏ လိုင်စင်ဖြစ်နေသည်။ လိုင်



စင်စာအုပ်ကိုရော၊ သေနတ်လေးကိုရော ဘောင်းဘီအိတ်ထဲ ထိုးထည့်ထားလိုက်သည်။ အင်းတကော်နှင့် ထုံးကြီးကြားတွင် သံမှေးကုန်း၊ ကျွဲပိလာ၊ မိုးကွဲ၊ လသာကုန်း၊ သပြေကုန်း။ ချမ်းသာကုန်း စသည်ဖြင့် ကျေးရွာလေးတွေတော့ရှိသည်။ သို့သော် မော်တော်ကားလမ်းဘေးတွင် တချို့တလေရှိပြီး တချို့ရွာတွေမှာ တောကောင်းသော အတွင်းဘက်၌ တည်ရှိကြသည်။ ခြုံ၍ပြောရလျှင် အင်းတကော်မှ ကဝဒီဘက်ကမ်း ထုံးကြီးအဆုံးအထိ မော်တော်ကားလမ်းမှာ (၈)မိုင်သာ ရှိသော်လည်း လမ်းတွင်လူခြတ်လှပါ၏။

တချို့ကားလမ်းဘေးတွင် လယ်ကွင်းတွေဖြစ်ပြီး တချို့မှာ ကားလမ်းဘေး၌ပင် သစ်ကြီးဝါးကြီးတောတန်း ဖြစ်နေသည်။ ဤလမ်း၌ မျက်နှာစိမ်းအဖို့ လိုကာမယ်ကာ အဆောင်တစ်ခုယူသွားသင့်သည်ဟု ယူဆပြီး ပွိုင့်တူးတူးပစ္စတိုလေးကို ယူလာခြင်း ဖြစ်ပါ၏။

သိပ်တော့ အားကိုးလောက်သည်မဟုတ်။ အဝေးပစ်ဆိုလျှင် ပေတရာအကွာလောက်မှလူအား ဤသေနတ် ဤကျည်ဆန် ထိမှန်ဦးတော့ ရင်ဘတ်ဦးခေါင်းနေရာမျိုး မဟုတ်လျှင် လဲကျသိမ့်မည်မထင်။ အနီးကပ်ဆိုလျှင်မူ ဓားရှည်ဓားမြောင်ထက်ပို၍ အားကိုးနိုင်လောက်သည်။

စိုးမိုးခိုင်သည် မိမိကိုင်နေကျ ဖော်တီးဖိုက်ပစ္စတိုကြီးကို အမှတ်ရမိသည်။ မိမိပစ္စတိုကြီးကတော့ မပြောလေနှင့်။ တစ်ခါက ရေ့တန်းတွင် ရဲဘော်တွေ အနားပေးထမင်းချက်ရင်း မိမိကနယ်မြေကို လေ့လာသည့်သဘောဖြင့် တစ်ယောက်တည်း စခန်းရေစီးသံ ကြားရာသို့မှန်းပြီး တောတိုးခဲ့ဖူးသည်။

www.burmeseclassic.com



စမ်းချောင်လေးသို့ မရောက်မီမှာပင် ဖရွး၊ ဖရွးနှင့် နှာမှုတ်သံ ကြားရသည်။ မိမိက ဖျတ်ခနဲ လှမ်းကြည့်သည့်အချိန်တွင် စမ်းချောင်းဆီသို့ ရေသောက်လာသော ပြောင်တစ်ကောင်နှင့် ပက်ပင်းတိုးမိခြင်းဖြစ်သည်။ ပေနှစ်ရာခန့်ကွာပါ၏။ ပြောင်ကြီးသည် နှာမှုတ်ရင်း ခွာယက်နေသည့်အချိန်မှာပင် စိုးမိုးခိုင်က သစ်ပင်ကြီးတစ်ပင်၏ ပင်စည်နောက်သို့ ဖျတ်ခနဲဝင်လိုက်သည်။ အကြောင်းမူ မိမိလက်ထဲတွင် ကိုင်နေကျ ကာဘိုင်သေနတ်ပါမလာလေခဲ့။ ကာဘိုင်သာပါလျှင်တော့ ကျကျနနချိန်ကာ ဇက်တိုက်ပစ်သွင်းရုံသာရှိသည်။

ယခုမူ စခန်းချကာ အနီးတစ်ဝိုက်ပေပဲဆိုသည့် သဘောဖြင့် ကာဘိုင်ကို အမှတ်မထင် ထားပစ်ခဲ့မိသည်။ သို့သော် ခါးထဲတွင် ရှေ့တန်း၌ မပါမနေ ဖော်တီဖိုက်ပစ္စတိုကြီးတော့ ခါးတွင် ချိတ်ထားသည်။ မိမိစိတ်ကူးမှာ ပြေးလာသော ပြောင်ကြီးအား မှန်းဆချက် ပေအကွာအဝေးမှ ဖော်တီဖိုက်နှင့်ပစ်မည်။

ချိန်ချက် ပစ်ချက်လွဲပြီး ပြောင်ကြီး ရှေ့ဆက်တိုးလာလျှင် ယခုအကာအကွယ်ယူထားသော သစ်ပင်ပေါ် တက်မည်။ မိမိအနေနှင့် ရှည်မောင်းသောအရပ်၊ ရှည်လျားသော ခြေတံလက်တံဖြင့် လက်ခုပ်တစ်ဖောင်မီရာ သစ်ကိုင်းကို လှမ်းဆွဲပြီး တစ်ပတ်ကျွမ်းဝိုက်ပြီး တက်လျှင်ပင် ပြောင်ကြီးမမီနိုင်သော အမြင့်သစ်ပင်ကိုင်းရောက်သွားမည်။ ပင်စည်ကို ခွတက်ဖို့ ဆိုသည်ကား မလွယ်။ ပင်စည်၏ လုံးပတ်ကြီးမားသောကြောင့် ဖက်အားမရှိ။ Jungle Boot ခေါ် စစ်ဖိနပ် စီးနင်းထားခြင်းကြောင့် ခြေကုပ်အားလည်းမရှိ။ မိမိအနေနှင့် လက်လှမ်းမီရာ သစ်ကိုင်းကြီးတစ်ကိုင်းကို ရွေးချယ်ထားပြီးလည်း ဖြစ်သည်။



စစ်သားဆိုသည်မှာ ဤသို့သော တခ်နုပ္ပတ္တိဉာဏ်မျိုးလည်း ရှိရသည်။ ရန်သူနှင့် ပက်ပင်းရင်ဆိုင်ပြီဟော့ ဆိုသည်နှင့် မိမိအနိုင်ရရှိရေးကို နည်းအမျိုးမျိုးဖြင့် တွက်ရသည်။ တွက်ပြီဟော့ဆိုပါကလည်း သွေးမပူဘဲ သွေးအေးအေး တွက်ရသည့် အလေ့အကျင့်တွေရယူရသေးသည်။

စိုးမိုးခိုင် သွေးအေးလှပါ၏။

ဖရွး ... ဖရွးနှင့် ပြောင်ကြီး ခွာရုပ်ကာ ပြေးလာသည်နှင့် ပင်စည်ကွယ်ကာ ဖော်တီဖိုက်ပစ္စတိုကို ထုတ်ယူပြီးသား ဖြစ်နေသည်။ ဘာဝဲပြောပြော ပြောင်းတိုသေနတ်ဖြစ်သည့် ပစ္စတို၊ ခြောက်လုံးပြူး၊ ငါးလုံးပြူး စသည်တို့မှာ အနီးကပ်အတွက်သာ။ အဝေးပစ်အတွက်ဆိုလျှင် ပစ်ခတ်သူ၏ လက်မှန်းတည့်မှု အချိန်အဆယူမှု ပစ်ခတ်ကျွမ်းကျင်မှု အပေါ်တွင် အများကြီး တည်နေပါ၏။

စိုးမိုးခိုင်သည် ဝင်စည်ကွယ်ထားရာမှ သူ့သစ်ပင်ဆီသို့ ဦးတိုက်ပြေးလာသော ပြောင်ကြီး၏ဦးခေါင်းချိုနှစ်ခုကြားသို့ ကျကျနန ချိန်ထားသည်။ လက်တုန်ခြင်းမရှိ။ ပကတိပစ်မှတ်ကို ရွေးချယ်ထားသလို ပစ်မှတ်ကိုသာ ရှာဖွေထားသည်။ စိုးမိုးခိုင်၏ပစ်မှတ်သည် ပြောင်ကြီး၏ဦးချိုနှစ်ခုကြား နဖူးအလယ်တည့်တည့် ဖြစ်ပါ၏။ သို့တစေလည်း ကိုယ့်ဖော်တီဖိုက်သေနတ်၏ Range ကိုတွက်ရသေးသည်။ ဤကဲ့သို့သော Range တွက်ပြီးမှ သေနတ်ကို ပစ်ခတ်လိုက်ရသည်။ ဆိုသည်မှာ ကျယ်ဝန်းလှပါ၏။ သေနတ်မကိုင်သူတို့ နားလည်ရန် ခက်ခဲလှပါ၏။

စိုးမိုးခိုင်သည် ကျကျနန ချိန်ထားသည်။ ဤဖော်တီဖိုက်ပစ္စတိုကျည်ဆန်ဖြင့်ဝင် ဤသတ္တဝါသည် ဤ Range အတွင်း

www.burmeseclassic.com



ဝင်လာပြီး ဤသတ္တဝါ၏ပစ်မှတ်ကို ဤသို့ရွေးချယ်ကာ ပစ်သင့်ပြီဟု ယူဆသည်နှင့် ပင်စည်ကွယ်ရာမှ လက်ငြိမ်ငြိမ်ထားကာ ဖော်တီဖိုက်နှင့်ပင် ပြောင်ကိုပစ်လိုက်ပေတော့သည်။

ဒိုင်းခနဲ အသံနှင့်အတူ ပြောင်ကြီး၏ ရှေ့တည့်တည့်မှ ဆောင့်ကန်ခံလိုက်သည့်အလား နောက်ပြန် ဖင်ထိုင်လဲကျသွားသည်။ သို့သော် တုံးလုံးလဲကျမသွား။ ခြေလေးချောင်းကို အားပြုကာ ပြန်ထဖို့ မြေပြင်တွင် ခွာများကိုယက်ကာ ကုတ်ကာထနေသည်။ ဦးခေါင်းမှာ မငြိမ်မသက် ယမ်းခါနေသည်။

ချိုနှစ်ခုအလယ် နဖူးထိပ်မှ သွေးများနီရဲစွာ ကျလာသည်ကိုလည်း ဗိုလ်စိုးမိုးခိုင် တွေ့နေရသည်။ နောက်ထပ်ပစ်ကွင်းမှာ ခေါင်းယမ်းနေသောကြောင့် လည်တိုင်ကြီးကိုသာ ရွေးရပြီး ဒုတိယအချက် ဒိုင်းခနဲ ပစ်ချလိုက်ပြန်သည်။

သေနတ်သံနှစ်ချက်ကြောင့် စခန်းချရဲဘော်တွေ အပြေးအလွှား ရောက်လာသည်။ ရဲဘော်တွေ လက်ထဲတွင် သေနတ်ကိုယ်စီပါလာကြသည်။ သို့တစေ ရဲဘော်တွေ ရောက်လာချိန်တွင် ပြောင်ကြီးမှာ ဇီဝိန်မချုပ်သေးသော်လည်း လုံးဝပြန်လည်၍ မတ်တတ်မရပ်နိုင်တော့ သေချာသည်။ တုံးလုံးလဲကျပြီး အသက်ငင်နေလေပြီ။

ထိုညက ပြောင်သားဟင်းဖြင့် ရဲဘော်တွေ တဝတပြဲ ထမင်းမြိန်ကြပါ၏။ ပြောင်ကိုဖျက်ရာတွင် သေနတ်ဒဏ်ရာမှာ နဖူးတစ်ချက် လည်တိုင်တစ်ချက်ဖြင့် ပြောင်ကြီး ဇီဝိန်ကြွေသွားရကြောင်း တွေ့ရသည်။

ဤမျှပင် ဗိုလ်စိုးမိုးခိုင်သည် သူကိုင်နေကျ ဖော်တီဖိုက်ပစ္စတိုဖြင့်ဆိုလျှင် ကျွမ်းကျင်စွာ ပစ်နိုင်စွမ်း ရှိပါ၏။ သို့သော်



ခွင့်ရက်ရှည်ယူသည်နှင့် သူ၏ဖော်တီဖိုက်ကို တပ်ရင်းလက်နက်ရုံးသို့ စနစ်တကျ ပြန်အပ်ခဲ့သည်။

သို့ဖြင့်ပင် စိုးမိုးခိုင်သည် ကဝသို့ ဒုတိယအခေါက် ပြန်လည်ရောက်ရှိလာခဲ့ပါ၏။

ယခုတစ်ကြိမ် ကူးတို့သမ္ဗာန်ခတ်သူမှာ ကိုဖိုးထော်ပင်ဖြစ်ပါ၏။ ကူးတို့သမ္ဗာန်၏ ပဲ့ပိုင်းနေရာကို စိုးမိုးခိုင်က သူများထက်အလျှင်ဦးစွာ သွားရောက်ထိုင်ပေသည်။ ကိုဖိုးထော်သည် စိုးမိုးခိုင်အား ပေတလူ၏သူငယ်ချင်း "အပါ"အဖြစ် မှတ်မိနေသောကြောင့် အပါ သမ္ဗာန်ပေါ်သို့ တက်လာသည်နှင့် သူ၏သွားဝါဝါကြီးတို့ကိုဖြဲပြီး ပြုံးပြလိုက်သည်။

"ဘယ်လိုလဲ ကိုဖိုးထော်။ ဒီနေ့ ကိုဖိုးထော်ရဲ့ အလှည့်လား၊ ပေတလူအလှည့် ဒီနေ့ ရှိသေးလား"

"ပေတလူအလှည့် ဘယ်မှာရှိပါ့မလဲ၊ ကျုပ်တစ်ယောက်တည်း ဒိုင်ခံပြီး သမ္ဗာန်ခတ်နေရတာ လေးရက်တောင် ရှိသွားပြီ"

အပါက ပြုံးလိုက်သည်။ ပြီးခဲ့သည့်အပတ်က ပေတလူအား မိမိက ငွေငါးရာ ပေးသောကြောင့် ပေတလူသည် ဝိုင်ဖောတာ သမ္ဗာန်မခတ်တော့ပြီလားဟု တွေးမိသောကြောင့် ဖြစ်ပါ၏။

"ပေတလူ သမ္ဗာန်မခတ်တော့ဘူးလား ကိုဖိုးထော်"

"ဟာ ... ဒီကောင် ဘယ်ခတ်နိုင်မလဲ ဆေးရုံကို အချိန်မီရောက်လို့ မသေတာ"

"ဗျာ ... ကိုဖိုးထော် ဘာပြောတာလဲဟင်"

"ကိုအပါ အရင်တစ်ခေါက်လာပြီး နောက်တစ်ရက်ညမှာပဲ ဆတလူ အရိုက်ခံရတယ်လေ၊ ဓားနဲ့လည်း ထိုးသေးတယ်၊ အဲဒီ ဆတလူ လတာထဲလဲနေတာ ဘယ်သူမှ မသိကြဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦး ကိုဖိုးထော်၊ ပေတလူ ဖြစ်ပုံ အသေးစိတ် ပြောစမ်းပါဦး"

"ဒီလိုပါ အစ်ကိုပါရဲ့ ညဘက် ကူးတို့သိမ်းချိန် ရောက်နေပါပြီ၊ ထုံးကြီးဘက်ကမ်းက လူတစ်ယောက်က လှမ်းအော်နေတယ်၊ ဗျို့ ... ပေတလူ၊ တို့ကိုလာခေါ်ပါဦး၊ ဗျို့ ... ဦးလေးဖြိုင် သမ္ဗာန်လွှတ်ပေးပါဦး၊ နို့မို့ တစ်ညလုံး ကျုပ်တို့ ဒီဘက်ကမ်းမှာ သောင်တင်နေမယ်ဗျို့လို့ အော်ပြောတယ်၊ ဒီလို အလေ့အထတွေကလည်း ဖြစ်တတ်တာကိုး၊ ကဝမြို့က တချို့လူငယ်တွေဟာ ပဲခူးကိုသွားပြီး အလယ်လွန်နေတယ်၊ ပဲခူးမှာ ညမအိပ်ဘဲ ကြုံရာနဲ့ ပြန်လာပြီး အင်းတကော်ကနေ ထုံးကြီးကမ်းရောက်တဲ့အထိ ဆိုက်ကားနဲ့လည်း လာတတ်ကြတယ်၊ ခြေလျင်လည်း လာတတ်ကြတယ် ...

"အဲဒီလို အချိန်လွန်မှ ရောက်လာတဲ့လူတွေဆိုရင် ထုံးကြီးဘက်ကမ်းကနေပြီး ဦးလေးဖြိုင်ကိုလည်း လှမ်းအော်တယ်၊ ပေတလူကိုလည်း လှမ်းခေါ်တယ်၊ ကျုပ် ဖိုးထော်နာမည်တတ်ပြီးလည်း ခေါ်လေ့ရှိတာပဲ ...

"ဦးလေးဖြိုင်က သဘောကောင်းပြီး ကိုယ့်မြို့သူ မြို့သားတွေအပေါ် သံယောဇဉ်ထားတတ်တဲ့လူ ဆိုတော့ ဟဲ့ ... ဖိုးထော်သွားခေါ်လိုက်စမ်းဆိုပြီး ခိုင်းလေ့ရှိတယ်၊ အဲဒီညက ခေါ်တဲ့သူတွေကလည်း ဦးလေးဖြိုင်နဲ့ ပေတလူပဲခေါ်တယ်၊ ကျုပ်ကိုမခေါ်ပါဘူး၊ သူတို့ခေါ်လည်း ကျုပ်ကမသွားနိုင်ဘူးလေ၊ အဲဒီရက်ကကျုပ်က ငှက်ဖျားထပြီး အိပ်ရာထဲ ကွေးနေရတာကိုး"

ကိုဖိုးထော်၏ နောက်ဆုံးစကားကို ကိုအဝါခေါ် စိုးမိုး သည် Intelligence ဉာဏ်ဖြင့် ဂရုတစိုက်ပင် ထောက်လှမ်း



သော သတင်းတစ်ရပ်အဖြစ် မှတ်ယူလိုက်သည်။ ထုံးကြီးဘက်ကမ်းမှ ခေါ်ယူသူသည် ခေါ်ရိုးခေါ်စဉ်ဆိုလျှင် ဦးလေးဖြိုင်ကို ကူးတို့သူကြီးမို့ ခေါ်ရမည်။ ထို့နောက် သမ္ဗာန်ခတ်သမား ပေတလူကိုရော၊ ကိုဖိုးထော်ကိုရော ခေါ်ရမည်။ သမ္ဗာန်ခတ်သမား တစ်ဦးမရှိ တစ်ဦးရှိ သဘောမျိုး ခေါ်ရမည်။ ဤသို့ ခေါ်သူများဆိုလျှင် အလယ်ကျူးပြီး အချိန်နှောင်းမှ ကဝသို့ ပြန်ချင်သူများဟု မှတ်ယူရန် လွယ်ကူသည်။

သို့သော် ...

ထိုညက ဦးလေးဖြိုင်ကိုသာ ခေါ်သည်။ ပေတလူကိုသာ သမ္ဗာန်နှင့် ဒီဘက်ကမ်းကူးရန် ခေါ်သည်ဟု ကိုဖိုးထော်ပြောလိုက်သည်။ ထိုညက ဖိုးထော်ကို မခေါ်ခြင်းမှာ ဖိုးထော် သမ္ဗာန်မခတ်နိုင်အောင် ငှက်ဖျားမိနေသည်ကို ခေါ်သူတို့က သိနှင့်ထားသည်ဟု တွက်ဆနိုင်သည်။ ထို့ထက်မှာမူ ...

ပေတလူသာလျှင် ဟိုဘက်ကမ်းမှ ဒီဘက်ကမ်းသို့ တစ်ယောက်တည်း ခတ်လာပြီး ကြုံသည်ကို လိုချင်သောကြောင့် ဖြစ်ရမည်။

"ဒါနဲ့ပဲ ပေတလူက သွားရောတဲ့လား ကိုဖိုးထော်"

"အင်းပေါ့၊ သွားရတာပေါ့၊ ဦးလေးဖြိုင်က သွားခိုင်းတာကိုး၊ ဒါပေမဲ့ ပေတလူဟာ လာသင့်တဲ့အချိန် ပြန်မလာဘူး၊ ဦးလေးဖြိုင်က ကဝဘက်ကမ်းကနေပြီး ပေတလူကို လှမ်းခေါ်တယ်၊ ပေတလူ့ဆီက ပြန်ထူးသံ မပေးဘူး ...

"ဒါနဲ့ ငါးတောင့်ထိုးလက်နှိပ်ဓာတ်မီးနဲ့ ထုံးကြီးဘက်ကို ထိုးကြည့်တယ်။ ကူးတို့သမ္ဗာန်တော့ ကမ်းဆိပ်မှာ ကြိုးချည်လျက်နဲ့ လှမ်းတွေ့တယ်။ ပေတလူကိုတော့ အစအနတောင် ရှာလို့

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘူး၊ ဒါနဲ့ ဦးလေးဖြိုင်က အဖော်နှစ်ယောက်ခေါ်ပြီး ဘောက်တွေနဲ့ ထုံးကြီးကမ်းကူးလာတယ်။ ပေတလူကို လိုက်ရှာတော့ လတာပြင်မှာ လဲနေတယ်၊ ဒီကောင် သတိမရတော့ဘူး။ ခေါင်းလည်း ကွဲနေတယ်၊ ရင်ဘတ်မှာ ထိုးထားတဲ့ ဓားဒဏ်ရာဟာ နှစ်ချက်တောင် ...

"ကျုပ်စိတ်ထင်တော့ ပေတလူ သေပြီဆိုပြီး ပစ်ထားခဲ့တာဖြစ်မယ်။ ဒီကောင် ပေတလူလည်း ကံကောင်းပါတယ်။ ကဝမြစ်ရေက တက်နေပြီ၊ သူ့နားရောက်ဖို့ တစ်လန်လောက်လိုတော့တယ်။ ဦးလေးဖြိုင်သာ အရောက်မစောရင် ပေတလူ ရေနစ်သေမှာပဲ၊ အဲဒါ ဦးလေးဖြိုင်ကပဲ အဖော်နှစ်ယောက်နဲ့ သမ္ဗန်ပေါ်ပြန်တင်ပြီး ဘောက်တွေကို သမ္ဗာန်နဲ့ ကြိုးချည်ပြီး ပြန်ကူးလာတယ်။ ပေတလူကို ကဝဆေးရုံမှာပဲ တင်ထားတယ်"

"အခု ကိုပေတလူ ဘယ့်နှယ်နေသေးလဲဟင်၊ ကိုဖိုးထော်"

"သက်သာတယ်လို့ ပြောတာပဲ၊ ခက်တာက ပေတလူ့ကိုရဲအစောင့်နဲ့ထားတယ်၊ ဘယ်သူနဲ့မှ တွေ့ခွင့်မပေးဘူး"

"ဘာဖြစ်လို့လဲ ကိုဖိုးထော်၊ ပေတလူက ခမ်းနားလုချည်လား"

စိုးမိုးခိုင်၏စိတ်တွင် ထင်မိသည်မှာ မိမိက ပေတလူအားငွေငါးရာ ပေးခဲ့သည်။ ပေတလူသည် သူခိုးရွေရ တပြုပြုနှင့်ငွေတွေရှိကြောင်း ပြမည်ထင်သည်။ ဤတွင် အလစ်ချောင်းနေသော ဒုစရိုက်သမားတို့က ပေတလူကို မှားခေါ်ပြီး ရိုက်ယူကြမည်ဖြစ်မည်။ ပေတလူက ဒုစရိုက်ကောင်တွေနှင့် လူသိဖြစ်နေသောကြောင့် အမှုမပေါ်စေရန် ပေတလူကို အသေသတ်ကြမည်ပဲဖြစ်မည်ဟု ထင်မိသည်။



"ခမ်းနားဆို နောက်တစ်နေ့ညဘက်ကျတော့လည်း လူသုံးယောက်ဟာ ဦးလေးဖြိုင်အိမ်ပေါ်တက်ပြီး ဦးလေးဖြိုင်ကို ဓားနဲ့ထိုးသတ်ကြပြန်လို့ပေါ့ အစ်ကိုပါ"

"ဗျာ ... ဦးလေးဖြိုင်ကို ဓားနဲ့ထိုးသတ်သွားကြပြန်တယ်ဟုတ်လား၊ နို့ ဦးလေးဖြိုင်ကော ကိုဖိုးထော်"

"ပွဲချင်းပြီးပဲ ကိုအပါ"

"အာ ... ဖြစ်မှဖြစ်ရလေ"

သမ္ဗာန်ပေါ်တွင် လူလေးဦး ရောက်ရှိနေဖြပြီ။ နောက်ထပ်အမျိုးသမီးနှစ်ယောက် တောင်းရွက်ပြီး ဆင်းလာနေသည်ကို ဆက်စောင့်နေရသေးသည်။

"ဘယ်လိုသဘောလဲ ကိုဖိုးထော် ဦးလေးဖြိုင်ကို ဓားပြတိုက်တဲ့ သဘောလား"

"ဓားပြတိုက်ရအောင် ဦးလေးဖြိုင်က ဘယ်လောက်ချမ်းသာသို့လဲ၊ လက်လုပ်လက်စားတွေပဲဟာ၊ ဘာမှမရှိတဲ့လူမို့ ညဆိုအိမ်တံခါးကိုတောင် ပိတ်အိပ်တာမှ မဟုတ်တာ၊ အဲဒီလူဆိုးတွေဟာ ဒီပြင် ဘာမှမယူဘူး။ ဦးလေးဖြိုင်ရဲ့ဘုတ်အုပ်တစ်အုပ်ကိုပဲယူသွားသတဲ့"

"ဦးလေးဖြိုင်ရဲ့ ဘုတ်အုပ် ဟုတ်လား"

"ကျန်တဲ့လူတွေက အဲဒီလို ပြောတာပဲ၊ အဲဒီတော့ ရဲကလူတွေက ပေတလူကို သတ်တာရယ်၊ ဦးလေးဖြိုင်ကို သတ်တာရယ်ဟာ အဆက်အစပ်ရှိတယ်လို့ ယူဆတာရယ်၊ ပေတလူမသေနိုင်သိရင် နောက်ထပ်ကြံစည်မှာ စိုးတာရယ်ကြောင့် ရဲအစောင့်ချထားပေးထားပြီး ဘယ်သူနဲ့မှ အတွေ့မခံတာပဲ ကိုအပါ"

www.burmeseclassic.com



တောင်းရွက်လာသော အမျိုးသမီး သမ္ဘန်ပေါ်သို့ ရောက်လေပြီ။ ကိုဖိုးထော်သည် နောက်ထပ် လူမကျန်တော့ပြီမို့ သူ့သမ္ဘန်ကို ကမ်းမှခွာလေပြီ။

စိုးမိုးခိုင်မှာ ကဝဘက်ကမ်းရောက်သည်အထိ တစ်လမ်းလုံး စဉ်းစားလာမိသည်။ ဦးလေးဖြိုင်နှင့် ပေတာလူကို သတ်ခဲ့သောလူဆိုးများသည် ရိုးရိုးတန်းတန်း မဟုတ်တန်ရာ။ မိမိ ပထမအခေါက် လာခဲ့စဉ်က မိမိ,မိဘများနှင့် ဦးလေးသာဆန်း အသတ်ခံရသည့်ကိစ္စတွေကို ပေတာလူကိုလည်း ပြောပြ မေးမြန်းစုံစမ်းခဲ့သည်။

ပေတာလူမှတစ်ဆင့် ဦးလေးဖြိုင်ကိုလည်း ပြောပြ မေးမြန်းစုံစမ်းခဲ့သည်။ ဟိုတုန်းအခါ ဟိုနှင်က အင်းလေလံရရှိသည်ကို ခြေရာကောက်ခဲ့သည်။ ဦးလေးဖြိုင်က သူ့မှတ်တမ်းဘုတ်အုပ်ကြီးထဲ၌ ပြန်ကြည့်ပေးမည်ဟု ပြောထားသည်။

ယခု ဦးလေးဖြိုင်ကိုသတ်ပြီး ဘုတ်အုပ်မှတ်တမ်းယူသွားသည်။ ဖေဖေ, မေမေနှင့် ဦးလေးသာဆန်းကို သတ်ခဲ့သည့်သူများဝင် ဖြစ်နေလေသလား။ သူတို့၏ လူသတ်မှုဟောင်းနောက်သို့ မိမိလိုက်နေပြီမှန်း သိသောကြောင့် အစဖော်ပေးသည့် ပေတာလူနှင့် ဦးလေးဖြိုင်ကို ထပ်မံနှုတ်ပိတ်ခြင်းပေလား။

ပြောကြစတမ်းဆိုလျှင် ကဝမြို့သည် သေးငယ်သောမြို့တစ်မြို့ဖြစ်သည်။ ပြီး သီးခြားဆန်သောမြို့ ဖြစ်နေသည်။ ထိုအချက် နှစ်ချက်ကြောင့် ကဝသို့ လူစိမ်းဝင်လာသည်နှင့် မြို့ခံလူတွေက လူစိမ်းကို လူစိမ်းမှန်း သိသည်။ ဦးညဏ်ထိန်၏သား အပါ ရောက်လာပြီ၊ ဟိုဟိုဒီဒီ မေးသွားသည်ကို ချက်ချင်းသတင်းပျံ့နိုင်သည်။



ပေတာလူ၏ ဇီဇကိုကလည်း နှုတ်ဖွာသည်၊ လျှာရှည်သည်။ ထို့ကြောင့် ဖေဖေတို့သုံးယောက်ကို သတ်ခဲ့သောသူက သိရှိသွားကာ ပေတာလူနှင့် ဦးလေးဖြိုင်ကို နှုတ်ပိတ်သသော ကြံစည်လိုက်ခြင်း ဖြစ်နိုင်သည်။

ဆက်စပ်၍ တွေးကြည့်လျှင် မိမိပထမခေါက် လာစဉ်က နီမာလည်း ကဝသို့ ရောက်လာသည်။ နီမာသည် အပါရောက်လာမှန်းသိသည်နှင့် လက်တစ်လုံးခြား ပြန်လစ်သွားဟန်တူသည်။ အပါဖြစ်မှန်း ကူးတို့သူကြီး ဦးလေးဖြိုင်မှတစ်ဆင့် နီမာသိနိုင်သည်။ အပါ ကဝသို့ ပြန်လာကြောင်း သူမ၏ဖခင် ဦးသာအောင်အား ပြန်ပြောလိမ့်မည်။

အကယ်၍ ဖေဖေတို့ အသတ်ခံရသောနှစ်က အင်းလေလံရသွားသူသည် နီမာ၏ဖခင် ဦးသာအောင်သာ ဆိုပါက ဖေဖေတို့ကို သတ်သွားသူသည် နီမာ၏ဖခင် ဦးသာအောင်သာ ဖြစ်ရမည်။ ထို့ကြောင့် နီမာက “နင်တို့အိမ်ကို ဓားပြတိုက်လိမ့်မယ်”ဟု လူကြီးတွေ တိုင်ပင်နေသည့်စကားကိုကြားကာ အပါအား ကလေးအာဝ ပြောပြခြင်း ဖြစ်နိုင်သည်။

ပထမတစ်ခေါက် အပါ ရောက်လာသည်ဆို၍ နီမာက သူမ၏ဖခင်ဦးသာအောင်အား ပြန်ပြောလိုက်ပြီး ဦးသာအောင်က သူ့လူများလွှတ်ကာ ပေတာလူနှင့် ဦးလေးဖြိုင်ကို နှုတ်ပိတ်ခြင်းမျိုးလည်း ဖြစ်နိုင်ပါ၏။

သမ္ဘာန်သည် ကဝဘက်ကမ်းသို့ ကပ်ပြီးလေပြီ။ ရှေ့ပိုင်းက လူတွေ ဆင်းပြီးမှ စိုးမိုးခိုင်သည် နောက်ဆုံးဆင်းလာခဲ့သည်။

စိုးမိုးခိုင်သည် ပထမဦးစွာ ကဝရဲစခန်းသို့ လျှောက်လာခဲ့သည်။ အဆင်သင့်ပင် စခန်းမှူးရဲအုပ်နှင့် တွေ့ရှိပါ၏။ စိုးမိုးခိုင်

www.burmeseclassic.com

www.burmeseclassic.com



က သူ၏တပ်မတော်အရာရှိ idenity ကတ်ပြားကို စခန်းမှူးအား ထုတ်ပြပြီး မိမိကိုယ်ကို မိတ်ဆက်ရပါ၏။ ကတ်ပြားမှာ ဓာတ်ပုံပါပြီး ပလတ်စတစ်လောင်းကာ အသေပိတ်ထားသော ကတ်ပြားဖြစ်သည်။

စခန်းမှူးက ကတ်ပြားထဲမှ စိုးမိုးခိုင်၏ ဓာတ်ပုံကိုရော ရာထူးအဆင့် စသည်တို့ကိုရော သေချာ ဖတ်ကြည့်သည်။ စိုးမိုးခိုင်၏ မျက်နှာနှင့် ဓာတ်ပုံတို့ တူ့မတူ ကြည့်သေးသည်။ ပြီးမှ ...

"တွေ့ရတာ ဝမ်းသာပါတယ် ဗိုလ်စိုးမိုးခိုင်"ဟု လက်ဆွဲနှုတ်ဆက်သည်။

"ကျွန်တော်က ဒီရဲစခန်းမှာ စခန်းမှူးရဲအုပ် တာဝန်ကျ မျိုးညွန့်ပါ၊ ဗိုလ်စိုးမိုးခိုင်ကို ကျွန်တော် ဘယ်လိုအကူအညီပေးနိုင်မလဲဗျာ"

ရဲအုပ်စခန်းမှူး ကိုမျိုးညွန့်သည် စိုးမိုးခိုင်နှင့် မတိမ်းမယိမ်း အသက်အရွယ်ရှိ လူငယ်တစ်ဦး ဖြစ်ပါ၏။ တက္ကသိုလ်မှဘွဲ့ရပြီး ဖောင်ကြီးသင်တန်း ဆင်းခဲ့သူဖြစ်သည်။ ကဝသို့ စခန်းမှူးရဲအုပ်ရာထူးနှင့် ပြောင်းရွှေ့လာသည်မှာ နှစ်လပင်မပြည့်တတ်သေး။

"ကျွန်တော် ဆေးရုံရောက်နေတဲ့ ပေတလူနဲ့ တွေ့ချင်လို့ပါ၊ အဲဒါ ကိုမျိုးညွန့်တို့ ရဲအစောင့်ချထားတယ်ဆိုလို့ တွေ့ခွင့်လာတောင်းတာပါ"

"စိတ်မရှိပါနဲ့ ဗိုလ်စိုးမိုးခိုင်၊ ကိုပေတလူကို ဘာဖြစ်လို့ တွေ့ချင်တယ်ဆိုတာ ကျွန်တော်သိခွင့်ရှိမလား၊ ခုချိန်ထိ ကိုပေတလူနဲ့ ကျွန်တော်တို့ ဘယ်သူ့ကိုမှ တွေ့ခွင့်မပေးသေးပါဘူး၊ သူ့



ဦးကြီး ဆရာတော်ရှင်အာဒိစ္စ ကိုယ်တိုင်နဲ့တောင် တွေ့ခွင့်မပေးသေးပါဘူး ...

"ကိုပေတလူ အသတ်ခံရတဲ့ကိစ္စရယ်၊ ကူတို့သူကြီး ဦးဖြိုင် အသတ်ခံရတဲ့ ကိစ္စရယ်ဟာ ကွန်ပလီးကေးတစ် ရှုပ်နေတယ်လို့ ယူဆတယ်။ နောက်ပြီး ကော်နက်ရှင် ဆက်စပ်မှုရှိနေတယ်လို့လည်း ထင်တယ်၊ လူသတ်သမားဟာ ရက်စက်လွန်းနေတယ်၊ ဒါကြောင့် ဒီအမှုကို ကျွန်တော်ကိုယ်တိုင် ကိုင်ခွင့်တောင်းပြီး မပေါ်ပေါ်အောင် စစ်ချင်လို့ ကိုပေတလူကို ဘယ်သူနဲ့မှ တွေ့ခွင့်မပေးသေးတာပါ၊ ကျွန်တော် ပြောတာကို ဗိုလ်စိုးမိုးခိုင် လက်ခံပါတယ်နော်"

"ဟာ ... သိပ်ကို လက်ခံပါတယ်၊ ကောင်းပြီ ကိုမျိုးညွန့်၊ ပေတလူနဲ့ ကျွန်တော် တွေ့ချင်တဲ့အကြောင်းကို ကျွန်တော် အရှည်ကြီးပဲ ပြောပြပါ့မယ်၊ နောက်တစ်ချက်က အခု ကျွန်တော် ပြောပြတာကို ကျွန်တော်ကပဲ တရားလိုအဖြစ် တိုင်ချက်ဖွင့်တဲ့ သဘော ကိုမျိုးညွန့် လက်ခံပါလား"

"ရပါတယ် ... ဆရာကိုအုန်းမောင်ရေ၊ ခဏလောက်၊ တိုင်ချက်ရေးစရာရှိလို့"

ရဲကြပ်ကြီးအုန်းမောင် ရောက်ရှိလာသည်။ စခန်းမှူးရဲအုပ် မျိုးညွန့်၏ စားပွဲမှာပင် သုံးပွင့်ဆိုင် ထိုင်လိုက်သည်။

"ပြောရမှာတော့ အရှည်ကြီးပဲ၊ ဟိုလွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ကိစ္စကစပြီး ပြောရမှာပဲ ကိုမျိုးညွန့်"

ဗိုလ်စိုးမိုးခိုင်သည် အပါဘဝကကိစ္စတွေ ပြောပြပေသည်။ မိမိ၏မိဘများ ဓားပြသတ်ခံရသည့်ကိစ္စမှစပြီး နောက်ဆုံး ယခု ခွင့်နှင့်ရောက်လာပြီး ယခင်အပတ်က ကဝရောက်ပြီး ပေတလူ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဦးလေးဖြိုင်ကို မိမိကစုံစမ်းခဲ့ကြောင်း။ အင်းလေလေအကြောင်း၊ ဦးလေးဖြိုင်၏ မှတ်တမ်းဘုတ်အုပ်အကြောင်း စသည်တို့ပြောပြလိုက်သည်။

သို့သော် အပါခေါ် ဗိုလ်စိုးမိုးခိုင်သည် ယခုတစ်ကြိမ်၌လည်း တစ်ကွက်ချန်ထားမိပြန်လေပြီ။

ယင်းတစ်ကွက်မှာ နီမာက ဒီနေ့ ဒီညတွင် အပါတို့အိမ်အား စေ့ပြတိုက်မည့်အကြောင်း ပြောပြဖူးသည့်အချက်နှင့် ပြီးခဲ့သောအပတ်က မိမိနှင့် တစ်နေ့တည်း နီမာ ကဝသို့ရောက်လာကြောင်းဆိုသည့် အချက်ပင်ဖြစ်ပါ၏။

တစ်နာရီနီးပါးခန့် ကြာပါ၏။ စိုးမိုးခိုင်၏စကား သို့မဟုတ် တိုင်ချက် လိပ်ပတ်လည်ပြီး နိဂုံးသတ်သည်နှင့် ရဲအုပ်မျိုးညွန့်သည် စားပွဲကို လက်ဝါးနှင့် တစ်ချက်ပုတ်ရင်း ...

“သိပ်ကို တန်ဖိုးရှိတဲ့ တိုင်ချက်ပါ ဗိုလ်စိုးမိုးခိုင်၊ ကျွန်တော်တို့ ရဲတပ်ဖွဲ့ရဲ့စခန်းတိုင်းမှာ ခုနှစ်အလိုက် အမှုဟောင်းတွေ မှတ်တမ်းထိန်းသိမ်းထားတာ ရှိပါတယ်၊ ကျွန်တော်တို့ရဲကဖော်လို့ တရားခံကို တရားရုံးတင်ပြီး အမှုစီရင်ချက်ချပစ်လိုက်တဲ့ မှတ်တမ်း Record မျိုးသာ ကျွန်တော်တို့က နှစ်ကြာလာရင် ထားသိုဖို့ အခက်အခဲကြောင့် Destroy ဖျက်ဆီးမီးရှို့ပစ်လိုက်တာ...

“မဖော်သေးတဲ့အမှုတို့၊ တရားရုံးမတင်နိုင်သေးတဲ့အမှုတို့ စုံစမ်းစစ်ဆေးဆဲအမှုတို့ဆိုရင် ဘယ်အမှုထမ်း အရာထမ်းတွေ သူ့ဟာသူ နှစ်ခေ့လို့ တစ်နေရာပြောင်းသွားပါစေ မှတ်တမ်းကတော့ စခန်းပိုင်မှာ ကျန်နေစမြဲပါ ...

“ဗိုလ်စိုးမိုးခိုင်ရဲ့ မိဘများ အသတ်ခံရတဲ့ ကေ့(စ်)မှတ်တမ်းကို ကျွန်တော် ပြန်ရှာကြည့်ပါ့မယ်၊ ချက်ချင်းလက်ငင်းတော့



ရှာဖို့မလွယ်ဘူးပေါ့ဗျာ၊ ဗိုလ်စိုးမိုးခိုင် နောက်တစ်ခေါက် ကဝကို ပြန်လာရင် ကျွန်တော် အဲဒီကေ့(စ်)ဟောင်းကို ပြန်ရှာထားပြီးသားနဲ့ လေ့လာပြီးသား ဖြစ်စေရပါမယ်၊ ကျွန်တော်ကလည်း ဒီလိုဘက်မှာ ဝါသနာပါပြီး အဲဒီလို ဒုစရိုက်ကောင်တွေကို ဖော်ထုတ်ချင်တဲ့ဆန္ဒ သိပ်ပြင်းထန်လို့ကို ပြည်သူ့ရဲတပ်ဖွဲ့ကို ရအောင်ဝင်နိုင်အောင် ကြိုးစားလာတာပါ ...

“ကျွန်တော့်မိဘတွေဆိုရင် ကုန်သည်မျိုးရိုးတွေလေ၊ လူငယ်တစ်ယောက်ကို ပညာသင်ရိုးသင်စဉ်သင်ပြီး တက္ကသိုလ်ကဘွဲ့ရပြီးရင် ဂုဏ်မငယ်တော့ဘူး၊ မိဘလုပ်ငန်းပဲ ဝင်လုပ်တော့ဆိုပြီး ခိုင်းတာပေါ့၊ ဘာရမလဲ၊ ကျွန်တော်က ကျွန်တော်ဝါသနာပါတာရော၊ တိုင်းပြည်အတွက်ရော ကိုယ့်ဘာသာ လုပ်ချင်သေးတယ် ဗိုလ်စိုးမိုးခိုင်၊ ဒါကြောင့် ပြည်သူရဲ့အသက်စည်းစိမ် အိုးအိမ်ကာကွယ်ပေးနိုင်တဲ့ ပြည်သူ့ရဲတပ်ဖွဲ့ကို ဝင်ခဲ့တာ”

ဗိုလ်စိုးမိုးခိုင်သည် ကိုမျိုးညွန့်အား ဖွတ်အတင်းပင် လက်ဆွဲနှုတ်ဆက်ပြန်သည်။

“တူလိုက်လေဗျာ၊ ကျွန်တော်ကလည်း ကျွန်တော့်ဦးလေးရဲ့ လုပ်ငန်းနယ်ဝန်းကျင် သဘောအရဆိုရင် စိန်၊ ရွှေ၊ ကျောက်သံပတ္တမြားတွေကြားမှာ ကျင်လည်ဖို့ပေါ့။ ကျွန်တော် ဆယ်တန်းအောင်တော့ ရတဲ့အမှတ်ဟာ စက်မှုတက္ကသိုလ်ကို သွားနိုင်ခွင့်ရတဲ့အမှတ်ပဲ၊ ဒါပေမဲ့ ကျွန်တော်က စစ်တက္ကသိုလ်ကိုပဲလျှောက်တယ်...

“ကျွန်တော့်ဦးလေးက ကျွန်တော့်ကို သိပ်ပွမ်တာပေါ့၊ ဘယ်လောက်ပွမ်ပွမ် ကျွန်တော့်ရည်ရွယ်ချက်က တိုင်းပြည်အတွက် စစ်မှုထမ်းချင်တာကိုး။ ဒါတွေဟာ ကိုမျိုးညွန့်တို့ ကျွန်တော်တို့ အသက်ယဉ်တန်းသာ လုပ်နိုင်တာ မှတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့ ဗိုလ်စိုးမိုးခိုင်"

နှစ်ဦးသားသည် စိတ်ဓာတ်အားဖြင့်လည်း စိတ်တူသဘောတူ၊ လုပ်ငန်းကလည်း စစ်ဖက်နှင့် ရဲဘက်၊ အရွယ်ချင်းကလည်း မတိမ်းမယိမ်း၊ တစ်ခဏအတွင်းမှာပင် သူရွယ်ချင်း ရင်းနှီးခင်မင်သွားကြသည်။ ထို့ပြင် ဗိုလ်စိုးမိုးခိုင်အနေနှင့် ပေတလူကို တွေ့ချင်သည်မှာ အင်မတန် အကြောင်းခိုင်လုံနေပြီလည်း ဖြစ်ပါ၏။

"လာ ... သွားစို့ ဗိုလ်စိုးမိုးခိုင်၊ ပေတလူဆီကို ကျွန်တော်ပဲ လိုက်ပို့ပေးပါ့မယ်၊ ဗိုလ်စိုးမိုးခိုင်နဲ့ ပေတလူပြောတဲ့စကားတွေ ကျွန်တော် နားထောင်ရရင် အမှုနဲ့ အကျုံးဝင်တဲ့စကားတွေ ဖြစ်နိုင်ပါတယ်"

ကင်ပြည်သူ့ဆေးရုံသို့ နှစ်ဦးသား လျှောက်လာခဲ့ကြသည်။

မိမိမသိသေးသော ရန်သူသည် အပါကိုတော့ သိနေသည်မှာ သေချာသည်။ ထို့ကြောင့်လည်း ပေတလူနှင့် ဦးလေးဖြိုင်ကို နှုတ်ပိတ်ပစ်ခြင်းဖြစ်သည်။ ယခုလည်း ရန်သူသည် တစ်နေရာရာမှ မိမိ၏လှုပ်ရှားမှုကို အကဲခတ်နေလိမ့်မည်ဟု ထင်သည်။ မိမိအား ရန်သူသည် စစ်ဘက်အရာရှိတစ်ဦးဖြစ်နေမှန်း သိအံ့တော့မထင်။

အကြောင်းမူ ပေတလူကိုလည်းကောင်း၊ ဦးလေးဖြိုင်ကိုလည်းကောင်း မိမိ ယခု စစ်မှုထမ်းနေကြောင်း စိုးမိုးခိုင်က မပြောဘူးသောကြောင့် ဖြစ်ပါ၏။ မိမိကို သာမန်အရပ်သား ဦးညာဏ်ထိန်၏သား အပါဟုသာ သိနိုင်လောက်သည်။ ယခု မိမိက တစ်ဖန်ရောက်လာပြန်ပြီး ရဲအရာရှိတစ်ဦးနှင့်တွဲ၍ ပေတလူရှိရာ ဆေးရုံသွားကြောင်း ရန်သူက သိရှိမြင်တွေ့လျှင် ရန်သူသည် အထိတ်တလန့် ဖြစ်မည်မှာ သေချာသည်။ ထိုသို့ဆိုလျှင် ရန်သူသည် မိမိအား တစ်နည်းနည်းဖြင့် ဆက်သွယ်လာလိမ့်မည်ဟုလည်း ဗိုလ်စိုးမိုးခိုင် မှတ်ယူသည်။



ကောင်းလေစွ။ သို့မဟုတ်ပါက ရန်သူသည် ကောက်ရိုးပုံထဲက အပ်သဖွယ် ပျောက်ကွယ်နေသည်။ အရှာရ အဖွေရ ခက်ခဲနေသည်။ ရေနက်ထဲတွင် ဘယ်နေရာရှိနေမှန်း မသိသော ငါးအား ချိတ်တွင် အစာတပ်ပြီး မျှားရမည်။ ထိုအခါ ငါးသည် လာတွတ်မည်။ လာဟပ်မည်။ ထိုရောအခါ ချိတ်ကိုသုတ်ဆွဲလိုက်သည်နှင့် ငါးသည် ချိတ်၌တန်းလန်းပါလာမည်။

ကဝဆေးရုံသို့ ရောက်လာပါ၏။ ပေတလူကို ရဲနှင့်ဆေးရုံအုပ်ကြီးတို့ စီစဉ်ထားချက်အရ သီးသန့်တစ်နေရာတွင် ထားရှိပေးထားပေသည်။

"ပေတလူ"

"ဟေး ... အပါ"

ပေတလူ၏ ဦးခေါင်းတွင် ပတ်တီးစည်းထားသည်။ ရင်ဘတ်တွင်လည်း ပတ်တီးစည်းထားပါ၏။ ထို့မျှမကသေး။ ပေတလူ၏လက်တစ်ဖက်ကိုလည်း ကျောက်ပတ်တီးစည်းထားသေးသည်။ အသေရိုက်ခဲ့သောဒဏ်ချက်ကို ပေတလူက လက်ဖြင့်ကာကွယ်ရင်း လက်ဖျံရိုးအက်သွားကြောင်း တာဝန်ကျဆရာဝန်က ပြောပြ၍ သိရသည်။

ဓားဖြင့်ထိုးချက်မှာလည်း ရင်ဘတ်တစ်ချက်၊ ဗိုက်တစ်ချက်ဖြစ်သည်။ ပေတလူ ကံကောင်းသည်မှာ ဓားချက်နှစ်ချက်စလုံးသည် နှလုံး အသည်းနှင့် အရေးကြီးသော ဝမ်းတွင်းကလီစာများကို မထိုးမိသောကြောင့် အသက်မသေဟု ဆိုသည်။ ဦးခေါင်းတွင်လည်း ထိုနည်းနှင်နှင်ဖြစ်သည်။ ရိုက်ချက်သည် လေးလက်မ

www.burmeseclassic.com

www.burmeseclassic.com



ခန့် ချုပ်ယူရသော်လည်း အရေးကြီးသော ဦးနှောက်ကြောစသည်များ ပြတ်မသွားဟု သိရသည်။

ပေတလူ၏ကုသိုလ်ကံပါပေ။

ယခုမူ ပေတလူသည် ဒဏ်ရာတွေ ပျောက်ကင်းအောင် ကုသနေရသည်မှအပ ပြောနိုင်ဆိုနိုင် စားသောက်နိုင် အခြေအနေရောက်နေပေသည်။

တာဝန်ကျဆရာဝန်သည် ကိုမျိုးညွန့်ကိုယ်တိုင် ပါလာသောကြောင့်လည်းကောင်း၊ ပေတလူမှာ လူနာအနေနှင့် စိုးရိမ်ဖွယ်မရှိသောကြောင့်လည်းကောင်း စကားပြောခွင့် ပြုပေသည်။ ဆရာဝန်ကိုယ်တိုင် တခြားသို့ ထွက်သွားပေးသည်။

စိုးမိုးခိုင်က ခုတင်ခေါင်းရင်းဘက် ပေတလူ လဲလျောင်းရာမျက်နှာချင်းဆိုင်တွင် နေရာယူပြီး ခွေးခြေခုံတွင် ထိုင်လိုက်သည်။ ကိုမျိုးညွန့်က အခြားတစ်ဖက်၌ ထိုင်ပါလေ၏။

"မင်း ငါ့သတင်းကြားလို့ လာကြည့်တာလား အပါ"

"အေး ... ဒါပေမဲ့ ကဝရောက်လို့ ကူးတို့သမ္ဗာန်ပေါ်တက်မှ ကိုဖိုးထော်ပြောလို့ သိရတာ ပေတလူ၊ ငါပြောခဲ့တယ် မှတ်လား၊ နောက်အပတ်ကျမှ ငါတစ်ခေါက်လာခဲ့ဦးမယ်လို့၊ အဲဒါ အခုတစ်ခေါက် ပြန်အလာမှာ ဒီသတင်းကို ကိုဖိုးထောင်ဆီက ကြားကြားချင်း ဟောဒီ ရဲအုပ်ကိုမျိုးညွန့်ဆီသွားပြီး မင်းကိုတွေ့ခွင့်တောင်းရသေးတယ် ပေတလူ၊ ရဲအုပ်ကိုမျိုးညွန့်က ခွင့်ပြုမှ မင်းကို ငါလာပြီး တွေ့ရတာ"

ပေတလူက ပြုံးလိုက်ပေသည်။

"အေးပေါ့ကွာ၊ ငါ ခံတော့ ခံလိုက်ရတယ်၊ ဒါပေမဲ့ ငါ့ကို ဆေးရုံကရော၊ ရဲတွေကရော သိပ်ဂရုစိုက်ပါတယ် အပါ၊ ငါ့ဘဝ



မှာ ဆေးရုံက ဆရာဝန်တွေ ဆရာမတွေရော ရဲအရာရှိတွေရော အရေးတယူခံရတာ ဒီတစ်ခါပဲ ကြုံဖူးသေးတယ်ကွ၊ ငါက ဘာမဟုတ်တဲ့ ကူးတို့သမ္ဗာန်ခတ်သမား မဟုတ်လား"

"ဒါဆိုလည်း ရဲအရာရှိတွေ မေးတာတွေ၊ ဆရာဝန်မေးတာတွေကို မင်းက အမှန်အတိုင်း ပြန်ပြောပြပေါ့ ပေတလူ"

"ငါ တစ်လုံးမှ မမှန်တာ မပြောဘူး အပါ၊ ဟောဒီဆရာကိုမျိုးညွန့်မေးသမျှ ငါ အကုန်ဖြေတာပဲ။ ဆရာကိုမျိုးညွန့်က မေးတယ်၊ ဘယ်လိုစပြီး ဖြစ်လာတာလဲတဲ့၊ ငါက စပြီးဖြစ်တာတွေ ပြောပြတယ် အပါ၊ ထုံးကြီးဘက်ကမ်းက ကူးတို့သိမ်းပြီးမှ လှမ်းအော်တယ်၊ ဒီလိုပဲ အလည်ကျူးတဲ့လူတွေ လှမ်းအော်နေကျကိုး၊ ဦးလေးဖြိုင်က ငါ့ကို အဲဒီဘက်ကမ်းကလူတွေ သွားခေါ်ပေးစမ်းကွာလို့ ပြောတယ်၊ အဲဒီနေ့က ဖိုးထော် အလုပ်မဆင်းနိုင်အောင် ဖျားနေတယ်၊ ဒီတော့ ငါပဲ သမ္ဗာန်ခတ်ပြီး ဟိုဘက်ကမ်းသွားရတာပေါ့ အပါ"

"ဟိုဘက်ကမ်းရောက်တော့ကော ဘာတွေ ဖြစ်သလဲ ပေတလူ"

"လူသုံးယောက်ကွ၊ အပါ သူတို့က ငါ့ကို သိနေကြတယ်၊ လာဗျာ ကိုပေတလူ၊ အေးအေးဆေးဆေးပေါ့တဲ့၊ ကျုပ်တို့မှာ ဝဲခူးကဝယ်လာတဲ့ ခေါက်ဆွဲထုပ်တွေ ပါလာတယ်တဲ့၊ စားသောက်ပြီးမှ ဟိုဘက်ကမ်း ကူးတာပေါ့တဲ့၊ အေး ... ငါကလည်း မြို့က ခေါက်ဆွဲဆိုတော့ စားချင်တယ်ကွ၊ ဒါနဲ့ သမ္ဗာန်ကိုကြိုးချည်ပြီး အပေါ်ကို တက်သွားတယ်"

ပေတလူ၏စကားများကို စိုးမိုးခိုင်က ဆန်းစစ်ရင်း ရဲအုပ်မျိုးညွန့်အား လှမ်းကြည့်လိုက်သည်။ ရဲအုပ်မျိုးညွန့်က ဦးခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ညင်ညင်သာသာ ညိတ်ပြပေသည်။ ဆိုလိုသည့်သဘောမှာ ဤမျှပေတလူပြောပြချက်တို့ကို ကိုမျိုးညွန့်က ရယူပြီးသားဆိုသည့် သဘောပင် ဖြစ်ပါ၏။

"ထုံးကြီးဘက်ကမ်းမှာ ဈေးဆိုင်ထဲတွေ ရှိတယ်မှတ်လား။ အဲဒီတဲထဲမှာပဲ ဖယောင်းတိုင်မီးထွန်းပြီး ငါတို့ ခေါက်ဆွဲစားကြတယ် အပါ"

"ဒါဆိုရင် သူတို့မှာ ခေါက်ဆွဲကြော်ထုပ်တွေ ပါလာတာ အမှန်ပေါ့ ဟုတ်ရဲ့လား ပေတလူ"

"ဟော်ကွာ၊ ငါကိုယ်တိုင် သူတို့သုံးယောက်နဲ့အတူတူ ဝိုင်းပြီး စားခဲ့တာပဲဟာ၊ စားရင်းသောက်ရင်း သူတို့က ငါ့ကိုမေးကြတယ်၊ ဟိုတစ်နေ့က အပါ ဆိုတဲ့ မင်း ကဝကို လာတယ်မှတ်လားလို့ မေးကြတယ်၊ နောက်ပြီး အပါနဲ့ ငါနဲ့ဟာ သူငယ်ချင်းတွေ မှတ်လားလို့ မေးကြတယ်"

"အဲဒီတော့ မင်းက ဘာပြန်ပြောသလဲ ပေတလူ"

"ငါက ပြောတာပေါ့၊ အပါဟာ ငါနဲ့ ငယ်ငယ်တုန်းက သူငယ်ချင်းဖြစ်တယ်၊ အဲဒီတော့ သူတို့က အပါ ကဝကိုဘာလို့ လာတာလဲတဲ့၊ ငါက သူ့မိဘနဲ့သူ့ဦးလေးဝူကို လာကန်တော့တာလို့ ပြန်ပြောတယ်၊ နောက်ပြီး အပါက ဘာတွေမေးသွားလဲတဲ့၊ ငါကလည်း အမှန်အတိုင်း ပြောတာပါ၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က အပါတို့မိဘဆုံးတဲ့နှစ်မှာ အင်းလေလံ ဘယ်သူရသွားလဲလို့ မေးတယ်လို့ ပြောတာပေါ့၊ နောက်ပြီး အဲဒါတွေကို ငါတော့မသိဘူး ဦးလေးဖြိုင်ကို မေးမယ်ဆိုပြီး ဦးလေးဖြိုင်ကို မင်းမေးတာတွေရော ဦးလေးဖြိုင်က ပြန်ဖြေတာတွေကိုရော ငါက ပြောပြလိုက်တယ် အပါ"



စိုးမိုးခိုင်က မျိုးညွန့်ကို လှမ်းကြည့်လိုက်သည်။ ပြီး ... ပေတလူ မသိစေရန် အင်္ဂလိပ်စကားဖြင့် ပြောလိုက်ပါ၏။ အမိပွာယ်မှာ ပေတလူက ရဲကိုအစစ်ခံတဲ့နေရာမှာ အခုအတိုင်း အစစ်ခံသလားဟူ၍ ...

ကိုမျိုးညွန့်က ခေါင်းညိတ်ပြသည်။ ပြီး ကိုမျိုးညွန့်ကပင် အင်္ဂလိပ်စကားဖြင့် ပြန်ပြောပြသည်။

အမိပ္ပာယ်မှာ ပေတလူ ယခုအတိုင်း အစစ်ခံသည့်အတွက် ဦးလေးဖြိုင်ကိစ္စနှင့် သူ့ကိစ္စ တစ်နည်းတစ်ဖုံ ဆက်စပ်နေမှန်းတော့ သိသည်။ သို့သော် ဒီလိုဖြစ်လာစေတဲ့ Motive အကြောင်းကို ဘာမှမသိထားသောကြောင့် အစဉ်းစားရ ခက်ခဲနေသည်။ ယခု ဗိုလ်စိုးမိုးခိုင်က လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က မိဘများ၏ အပြတိုက် အသတ်ခံရသည့်ကိစ္စနှင့် ပြန်ဆက်စပ်ကြည့်မှ Motive ဇာတ်ကြောင်း ပီပြင်လာသည်ဟူ၍ ...

စိုးမိုးခိုင်က ပေတလူဘက်သို့ ပြန်လှည့်ပြီး မေးမြန်းရပြန်ပါ၏။

"မင်းက အမှန်တွေ ပြောပြသားပဲ ပေတလူ၊ ဒါနဲ့တောင် သူတို့က မင်းကို ဘာလို့ အသေသတ်ဖို့ ကြံစည်ခဲ့တာလဲ"

"ပြောတတ်ဘူးကွ အပါ၊ တို့ ခေါက်ဆွဲတွေ ဘာတွေ စားသောက်ပြီးမှ အဲဒီသုံးကောင်ထဲက တစ်ကောင်က ဘာမပြောညာမပြော ငါ့ပါးတစ်ဖက်ကို ကောက်ကာငင်ကာ ဖြန်းခနဲရိုက်လိုက်တယ်၊ နောက်ပြီး မေးခွန်းတစ်ခု ငါ့ကိုမေးတယ်၊ အဲဒီမေးခွန်းက အပါဆိုတဲ့ကောင် အခု ဘယ်မှာနေလဲတဲ့၊ အပါ့လိပ်စာကို ပြောပြစမ်းတဲ့"

"အဲဒီတော့ မင်းက ဘယ်လိုပြန်ဖြေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟ … မင်း လိပ်စာကို ငါက တကယ်မှမသိတာ၊ မင်းကလည်း ငါ့ကိုမှ မပြောတာ၊ ဒီတော့ ငါကမသိဘူးလို့ ဖြေတာပေါ့ အပါ၊ အဲဒီမင်းလိပ်စာကို ငါမသိကောင်းလားဆိုပြီး ငါ့ကို လှတာပြင်ထဲ ဆွဲခေါ်သွားပြီး တဲထဲက နှစ်တစ်လက်မသား ကြမ်းခင်းသစ်သားကို ချိုးယူလာပြီး ရိုက်တော့တာပဲ အပါ …

"သူတို့သုံးယောက်ထဲက နှစ်ယောက်ကရိုက်တာကွ၊ ငါ့ကို မင်းလိပ်စာတောင်းတဲ့ကောင်က ခေါင်းဆောင်ဖြစ်မယ်၊ ဘယ်လောက်ရိုက်ရိုက် ငါက မင်းလိပ်စာမသိတော့ မဖြေနိုင်ဘူး၊ နောက်ဆုံးကျမှ အဲဒီခေါင်းဆောင်လုပ်တဲ့လူဆီက ဖြောက်ခနဲ အသံကြားရပြီး သူ့လက်ထဲမှာ ဓားမြှောင်တစ်ချောင်း ကိုင်ထားတာ ငါတွေ့ရတယ်ကွ …

"သူ့လူတွေကို 'တော်ကြစမ်း' လို့ပြောပြီး ငါ့ကို ဓားနဲ့ထိုးတော့တာပဲ အပါ၊ ပထမတစ်ချက် ဓားထိုးခံရတည်းက ငါလဲသွားတယ်၊ ငါသတိမရတော့ဘူး၊ အဲဒါ ငါဖြစ်ပျက်ခဲ့သမျှတွေပဲ အပါ ငါ သတိရတော့ ဒီဆေးရုံပေါ် ငါ ပြန်ရောက်နေတာပဲ"

စိုးမိုးခိုင်က ကိုမျိုးညွန့်ကို လှမ်းကြည့်ပြန်သည်။ ကိုမျိုးညွန့်က ဦးခေါင်းကိုသာ ညင်သာစွာ ညိတ်ပြပါ၏။ အမိပ္ပာယ်မှာ ပေတလူသည် သူတွေ့ကြုံခဲ့သမျှကို အမှန်အတိုင်း ပြောနေကြောင်း ဝန်ခံသည့်သဘောပင်။

"ဒီမှာ ပေတလူ၊ အဲဒီ မင်းကို နှိပ်စက်သွားတဲ့ လူသုံးကောင်ကို မင်း မမှတ်မိဘူးလား၊ သူတို့ရုပ်ရည်တွေကို မင်းက တစ်ယောက်ချင်း ပြောပြနိုင်မလား ပေတလူ"

"တဲထဲမှာ ခေါက်ဆွဲစားတုန်းက သူတို့သုံးယောက်ကို ငါ ကြည့်မိသားပဲ၊ လူစိမ်းတွေကွ၊ ကဝမြို့ပေါ်မှာ တစ်ခါမှ ငါမတွေ့



ဖူးတဲ့လူတွေ၊ သူတို့သုံးယောက်စလုံး ဆောင်းဘီတွေ ဝတ်ထားတယ်၊ ဂျာကင်တွေ ဝတ်ထားတယ်၊ ဆံပင်တွေကလည်း အရှည်ကြီးပဲ၊ သူတို့သုံးယောက်ထဲမှာ ခေါင်းဆောင်ဖြစ်တဲ့ကောင်၊ ငါ့ကို ဓားနဲ့ထိုးတဲ့ကောင်ကတော့ နဖူးမှာ အနာရွတ်ကြီးတစ်ခုရှိတယ်။ အဲဒီနာရွက်ကြီးကို သူ့ဆံပင်တွေနဲ့ ဖုံးထားတယ်၊ ဒါပေမဲ့ ခေါက်ဆွဲစားကြရင်း သူ့နဖူးအုပ်နေတဲ့ ဆံပင်တွေကို လက်နဲ့သပ်ပြီး ဖယ်လိုက်ရင်း သူ့နဖူးက အနာရွတ်ကြီး ဖရောင်းတိုင်မီးနဲ့ ထင်းခနဲ ပေါ်လာတာကိုပဲ ငါ သတိထားလိုက်မိတယ်၊ အဲဒါတစ်ခုအလွဲရင် သူတို့သုံးယောက်က ဆင်တူလို ဖြစ်နေတာပဲ အပါ"

ဆေးရုံတွင် ပေတလူနှင့် တွေ့ခဲ့ပြီး ထိုမျှ ထိုမျှသာ သိခဲ့ရပေသည်။ နောက် အကြောင်းအချက်တစ်ခုမှာ ပေတလူသည် ဆခုအချိန်ထိ ဦးလေးဖြိုင် အသတ်ခံရပြီး သေဆုံးသွားကြောင်း မသိသေးသော အချက်ပင်ဖြစ်ပါ၏။ ထိုကိစ္စကို ကိုမျိုးညွန့်ကပင် သူ့စိတ်ကူးနှင့်သူ ပေတလူအား အသိမပေးဘဲ ထိမ်ချန်ထားသည့်သဘောဖြစ်ပါ၏။

စိုးမိုးခိုင်ကို ကူးတို့ဆိပ်အထိ ကိုမျိုးညွန့်က လိုက်ပို့သည်။ လွန်ခဲ့သော (၁၅)နှစ်က ဗိုလ်စိုးမိုးခိုင်၏မိဘများ ဓားပြတိုက်အသတ်ခံရသည့် အမှုဟောင်းကို ရှာထားလေ့လာကာ အမှုပြန်ဖွင့်မည့်အပြင် ထိုခုနှစ်သက္ကရာဇ်က အင်းလေလံ မည်သူရသွားသည်ကိုပါ ကိုမျိုးညွန့်က ဆက်လက်စုံစမ်းမည်ဟု ကတိစကားကို ဆိုက်ပေးသည်။

* ○ *

www.burmeseclassic.com



## ၉

စိုးမိုးခိုင်သည် သူ၏ဆိုင်ကယ်ကို ထုံးကြီးကမ်းမှ မောင်းထွက်ခဲ့သည်။ ရွာလယ်ကုန်းရွာ ဘုရားငုတ်တိုရွာများကို ကျော်ဖြတ်လာခဲ့ပြီ ဖြစ်ပါ၏။

ချမ်းသာကုန်းရွာ သပြေကုန်းရွာများသည် အုတ်ဖုတ်သောလုပ်ငန်းဖြင့် လမ်းဘေးတွင် အုတ်ပုံတွေ အစီအရီရှိနေသလို လူသွားလူလာလည်း ထိုနေရာတစ်ဝိုက်တွင် ပြတ်လပ်မှု မရှိပါလေ။

သို့တစေ ... ဤအင်းတကော်–ထုံးကြီးလမ်း တစ်လျှောက်သည် ဘတ်(စ်)ကားအသွားအလာ ကျဲလှသည်။ များသောအားဖြင့်ဆိုလျှင် တစ်လမ်းလုံး နေ့ခင်းကြောင်တောင် ဖြစ်သောကြောင့်လည်း လူပြတ်သည်ပဲ ဖြစ်မည်။ မနက်ပိုင်းနှင့် ညနေပိုင်းသာလျှင် ထိုလမ်းတွင် ဘတ်(စ်)ကား၊ စက်ဘီးသမား၊ ဆိုက်ကားစသည်တို့အသွားအလာ ရှိပေမည်။

လယ်ကွင်းစပ်တွေ၌လည်းကောင်း ချောင်းကူး မြောင်းကူးအစိုးရတံတားတည်ဆောက်ထားရာ တံတားစပ်၌လည်းကောင်းငါးမျှား ကွန်ပစ် လူတစ်ဦးတလေ သုံး,လေးဦးဖြစ်စေ တွေ့ရတတ်သည်မှလွဲပြီး တစ်လမ်းလုံးမှာ ခြောက်ကပ်တိတ်ဆိတ်နေပါ၏။



သပြေကုန်းရွာကို ကျော်လွန်လာပြီးနောက် လသာကုန်းရွာကို စိုးမိုးခိုင်၏ မော်တော်ဆိုင်ကယ်သည် တရိပ်ရိပ် ကျော်လွန်လာခဲ့သည်။

ထိုနောက် ကျွဲပီလာ မိုးကွဲရွာအစပ်သို့ စိုးမိုးခိုင် ဝင်လာခဲ့သည်။ ကျွဲပီလာ မိုးကွဲရွာများသည် အတွင်းကျသော ရွာများဖြစ်သည်။ လမ်းဘေးတွင် တောတန်းဖြစ်ပြီး ရွာများက တောအတွင်းတည်ထားသော ရွာများဖြစ်သည်။

ထိုအချိန်နှင့် ထိုနေရာသို့ စိုးမိုးခိုင်၏ မော်တော်ဆိုင်ကယ်မောင်းလာသည်နှင့် တောတန်းဘေးအကွယ်တွင် ရပ်ထားသောဂျစ်ကားတစ်စင်းသည် စတင်လှုပ်ရှားလာတော့သည်။

အဝေးမှမောင်းလာသော မော်တော်ဆိုင်ကယ်ကို မြင်သည်နှင့် ဂျစ်ကားပေါ်မှ လူသုံးယောက်သည် ပျာပျာသလဲ လှုပ်ရှားလိုက်တော့သည်။

မျက်နှာချင်းဆိုင်အရပ်မှ ဂျစ်ကားကို တအားမောင်းလာတော့သည်။ စောစောကတည်းက ဂျစ်ကားကိုမမြင်အောင် ဝါးရုံတောထဲတွင် ကွယ်ထားပြီး ဖြုန်းခနဲ အရှိန်ဖြင့် ထွက်လာသောအခါကျမှ စိုးမိုးခိုင်၏ဂျစ်ကားကို မြင်ရပါတော့၏။ လမ်းမှာယာဉ်နှစ်စီးရှောင်ရန် ကျဉ်းသောလမ်း ဖြစ်သည်။ ရှောင်ရမည်ဆိုနှစ်စီးစလုံး အရှိန်လျှော့ပြီးမှ လမ်းဘေးနည်းနည်းစီချကာ ရှောင်ရမည့်လမ်းမျိုး ဖြစ်ပါ၏။

ဂျစ်ကားမှာ လမ်းလယ်ကို ခွမောင်းလာရုံမက အရှိန်နှုန်းလည်း မလျှော့သည့်ပြင် နီးလာလေ စိုးမိုးခိုင်၏ လက်ယာဘက်မောင်းဘက်သို့ ဂျစ်ဦးခေါင်းတေ့ကာ မောင်းလာသည်။

www.burmeseclassic.com



ပထမတော့ စိုးမိုးခိုင်သည် အရက်မူးသူများ မောင်းလာသည်ဟု ထင်မိသည်။ သို့သော် ချက်ချင်းပင် စိုးမိုးခိုင် သတိဝင်လာသည်။ ဤဂျစ်ကားသည် မိမိကို ရန်ပြုလေပြီဟူ၍ပင် ပေတာလူက ပြောခဲ့သည်။ ရန်သူသည် အပေါ်၏လိပ်စာကို မေးမြန်းခဲ့သည်။ ယခုလည်း မိမိ ကဝ လာသည်ကို သူတို့သိရှိထားပြီး အပြန်ကို စောင့်ကာ ဤဂျစ်ကားဖြင့် မိမိအားတိုက်ရန် ကြံစည်ခြင်းဖြစ်ပေမည်။ ဆိုင်ကယ်သမားဆိုသည်မှာ အရှုံးဘက်ကချည်းဖြစ်သည်။ ခွေးကိုတိုက်မိလျှင်ပင် ဆိုင်ကယ်သမား လဲပြိုကာ အနာတရဖြစ်တတ်သည်။

မော်တော်ဆိုင်ကယ် ဆိုသည်မှာ ဘီးနှစ်ဘီးပေါ် ရပ်တည်ပြီး အကာအရံ အကိုင်အတွယ်နှင့် ကျောမှီမရှိသော ယာဉ်ဖြစ်သည်။ ဖြစ်ပြီဟောဆိုလျှင် ဆိုင်ကယ်သမားပင် မရှုမလှဖြစ်ရသည်။

ထင်သည့်အတိုင်း တည့်တည့်ကြီးပင် အရှိန်ဖြင့် ဝင်တိုက်တော့သည်။ စိုးမိုးခိုင်သည် တင်ကြိုရိပ်မိထားသူ ဖြစ်သဖြင့် အနီးကပ်ပြီး တိုက်မိကာမှ ဘေးသို့ ဆိုင်ကယ်ကို ထိုးကွေ့ချလိုက်တော့သည်။

ဘာခံနိုင်မည်နည်း။ ဆိုင်ကယ်မှာ ကျွမ်းပစ်ပြီး လဲကျတော့ စိုးမိုးခိုင်မှာ ဆိုင်ကယ်မှလွင့်ပြီး လမ်းဘေးသို့ စဉ်ကျသွားပါ၏။ လမ်းဘေးဆိုသည်မှာ မြေညီမဟုတ်။ မြေနိမ့်ဖြစ်သည့်ပြင် ချိုင့်တွေ မြောင်းတွေနှင့် ခိုးလိုးခိုးလုတွေ ဖြစ်သည်။

ဆိုင်ကယ်ပေါ်မှ လွင့်စဉ်ကျသော ဒဏ်ကို အင့်ခနဲ အဲ့ခနဲ စိုးမိုးခိုင် ခံရပေသည်။ သို့သော် စိုးမိုးခိုင် ကံကောင်းပေသည်။ ဤလမ်းတစ်လျှောက်တွင် ကတ္တရာလမ်းသာ အမာခံဖြစ်ပြီး လမ်းဘေးမြေများမှာ မြေပျော့များ ဖြစ်သည်။ ပြီး လမ်းဘေးတွင် မြက်ပင်တွေ ထူထဲစွာ ပေါက်နေတတ်သည်။



ထို့ပြင် စိုးမိုးခိုင် ဝတ်ထားသော သားရေဂျာကင်က တော်တော်ထူထဲသည်။ ကျောက်သားမြေလို အမာစားမဟုတ်သောကြောင့်လည်း ကျောအောင့် ရင်အောင့် ဖြစ်သွားရုံမှအပ စိုးမိုးခိုင်တွင် ကွဲပြဲသွားခြင်းမျိုးမရှိ။

လဲကျသွားပြီးနောက် စိုးမိုးခိုင်သည် ဂျစ်ကားကို လဲကျလျက် အနေအထားမှပင် လှမ်းကြည့်သည်။

ဂျစ်ကားသည် ဆိုင်ကယ်ကို မထိသောအခါ သူ့အရှိန်နှင့်သူ တကျိုကျို ဘရိတ်အုပ်လျက်ကပင် ပေနှစ်ရာခန့် ပါသွားသည်။ ပြီး ချက်ချင်းပင် နောက်ဂီယာ ရှေ့ဂီယာထိုးကာ လမ်းပေါ်တွင် ပြန်ကွေ့နေပေသည်။

စိုးမိုးခိုင်အား ရန်မူဖို့ ပြန်လှည့်လာဦးမည်။

စိုးမိုးခိုင်သည် ဘောင်းဘီအိတ်ထဲမှ ပစ္စတိုကို သူတို့ကွေ့နေစဉ်မှာပင် ထုတ်ယူထားလိုက်သည်။ မောင်းတင်ထားလိုက်ပြီးလည်း ဖြစ်နေသည်။ သူ၏လက်ဝါးထဲမှာပင် ပစ္စတိုလေးသည် ပျောက်ကွယ်နေသည်။

ဤနေရာတွင် တောထဲတုန်းက ပြောင်ကြီးကို ဖော်တီဖိုက်တစ်လက်တည်းနှင့် ပစ်သောဒဏ်မျိုး စိုးမိုးခိုင် ဆင်ရတော့သည်။ ချက်စိကိုသာ အလုပ်ပေးထားပြီး ခန္ဓာကိုယ်တစ်ခုလုံးက လဲကျသည့်ပုံစံအတိုင်း ငြိမ်သက်နေလိုက်သည်။ ရန်သူ၏လက်ထဲတွင် ဘယ်လိုလက်နက်မျိုး ပါလာမည်မသိ။ သူတို့တွင် အနည်းဆုံး သာတီအိပ်ခြောက်လုံးပြူးလောက် ပါလာလျှင်ပင် မိမိ၏ပွိုင့်တူးတူးပစ္စတိုလေးက အရှုံးဘက်ပေါ်နေသည်။ သာတီအိပ်သေနတ်က ယမ်းအားပိုပြင်းသည်။ ကျည်ဖူးပို၍ ကြီးမားသည်။ တော်တော်လှမ်းဝေးသော ရောက်နေပြီး ပစ်လျှင်တောင် လူကိုထိရန်ပါက မချိမဆန့် ခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူတို့ အနီးကပ်မလာမချင်း မိမိက မထရဲသေး။ ဂျစ်ကားသည် မိမိလဲကျရာနှင့် မလှမ်းမကမ်း၌ ရပ်လိုက်ပါ၏။ ကားပေါ်မှ လူသုံးဦး ဆင်းလာသည်။ ဘောင်းဘီရှည် ဆံပင်ရှည် ကိုယ်တော်များပင် ဖြစ်ပါ၏။ ပေတလူ့ ပြောပြသော ပုံစံတွေပင် ဖြစ်ပေသည်။

သူတို့သည် စိုးမိုးခိုင်၏ အခြေအနေမှန်ကို လေ့လာသလို ဖြုန်းခနဲ အောက်သို့ဆင်းမလာသေးဘဲ ကားလမ်းအစပ်တွင် တန်းစီပြီးရပ်ကာ ကြည့်လိုက်ကြသည်။

"ကျွတ် ... ကျွတ် ... ကျွတ်"

စိုးမိုးခိုင်သည် အလွန်တရာ နာကျင်ထိခိုက်သည့် အသွင်ဖြင့် လူးလဲထလိုက်သည်။ ကိုယ့်ဟာကိုယ် မဟန်နိုင်သလို ဟိုယိမ်းဒီယိမ်း အမူအရာတွေရော ရှေ့စိုက်သွားမလိုလို နောက်လန်သွားမလိုလို အမူအရာတွေရော အပြည့်ပေးထားသည်။ ပွင့်တူးတူးကိုင်ထားသော ညာဘက်လက်ဝါးကို ညာဘက်ပေါင်ပင် ကျိုးသွားသလား ထင်ရအောင် လက်ဝါးဖြင့် ညာဘက်ပေါင်ကို ထောက်အုပ်ထားရင်း ကုန်းကွကွကြီးဖြင့် လမ်းစပ်မှ လူသုံးဦးကိုမော့ကြည့်သည်။

ထိတ်လန့်ဖွယ်ကိစ္စတစ်ခု ဖြစ်လာလျှင် အနိဋ္ဌာနရုံသို့ သက်ဝင်သောသဘောတွေနှင့် ပြယုဂ်တွေက ထိတ်လန့်ဖွယ်ကို ပို၍ အားပေးအားမြှောက် ပြုပေးတတ်စမြဲဖြစ်သည်။ ယခုလက်ရှိ အခြေအနေမှာ စိုးမိုးခိုင်ကို ကြည့်လိုက်တော့လည်း အလူးအလဲ ထနေရစေကာမူ မိမိကိုယ်ကို မဟန်နိုင်တော့ကြောင်း တွေ့မြင်နေရသည်။



ထို့ပြင် ကျွမ်းပြန်ပြီး တုံးလုံးလဲကျသွားသော မော်တော်ဆိုင်ကယ်သည် ယခုအချိန်ထိ စက်သံမသေသွားဘဲ တဖုတ်ဖုတ် အသံထွက်နေသည်။ ဆိုင်ကယ်၏နောက်ဘီးမှာလည်း ဖရိုးဂီယာ မဟုတ်ဘဲ စိုးမိုးခိုင် နောက်ဆုံးသွင်းထားသောဂီယာ ဝင်နေသောကြောင့် စက်သံတဖုတ်ဖုတ်ထွက်တိုင်း နောက်ဘီးက ချာလပတ်လည်နေပေသည်။ တော်တော့်ကို အင်ဂျင်ကောင်းသော မော်တော်ဆိုင်ကယ် ဖြစ်ပါ၏။ ဤမျှ ကျွမ်းပစ်လဲသွားသော်လည်း စက်မသေ၊ ဂီယာမဖြုတ် ရှိနေသေးသည်။

လူသုံးဦးမှာ တဖုတ်ဖုတ် စက်သံမြည်ပြီး နောက်ဘီးလယ်နေသော မော်တော်ဆိုင်ကယ်ဆီသို့လည်း လှမ်းကြည့်သည်။ ကုန်းကုန်းကွကွနှင့် မရှုနိုင် မရှိက်နိုင် ဖြစ်နေသော စိုးမိုးခိုင်ကိုလည်း လှမ်းကြည့်သည်။ သူတို့အဖို့ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်နေစဉ်အတွင်း ဤမြင်ကွင်းတို့သည် အနိဋ္ဌာရုံသာ ဖြစ်နေသည် မဟုတ်ပါလား။

"ခင်ဗျားတို့ တော်တော်ဆိုးတယ်ဗျာ"

စိုးမိုးခိုင်က မချိမဆန့် အသံဖြင့် သူတို့သုံးဦးအား မော့ပြောလိုက်သည်။

"ဒီလမ်းမှာ ကားနှစ်စင်းရှောင်တာမှ မဟုတ်ဘဲ၊ မော်တော်ဆိုင်ကယ်နဲ့ဂျစ်ကား ရှောင်ကြတာ အလွတ်ကြီးပါ၊ ဒါကိုခင်ဗျားတို့က မလွတ်မကင်း မောင်းလာတော့ ကျုပ်ခံရတာပေါ့"

"အေး ... ဟုတ်တယ်အပါ၊ မလွတ်မကင်း တို့မောင်းတာ မဟုတ်ဘူး၊ မင်းကို တမင်တကာ ဂျစ်ကားနဲ့တိုက်သတ်တာ၊ ဒါနဲ့လည်း မင်းက မသေဘူးဆိုတော့ မင်းကို တို့ကဆော်ပြီး နတ်ပြည်ပို့ပေးရဦးမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အလယ်လူကပင် စိုးမိုးခိုင်အား အပါဟုခေါ်ပြီး တမင်ကား နဲ့တိုက်သတ်ကြောင်း ဖွင့်ပြောလိုက်ရင်း သူ့လူနှစ်ယောက်ကို လှည့်အမိန့်ပေးလိုက်သည်။

"တဲ ... လုပ်ကြလေကွာ၊ ခုချိန်ထိ သူဟာ စကားပြောနိုင်တယ် မှတ်လား၊ တို့လိုချင်တာက စကားမပြောနိုင်တဲ့ အပါဆိုတဲ့လူလေကွာ"

အလယ်လူ၏စကားဆုံးသည်နှင့် သူတို့သုံးဦးစလုံး လှုပ်ရှားကြတော့သည်။ သူတို့သည် ဘောင်းဘီအိတ်ကိုယ်စီနှိုက်ပြီး ဖြောက်ခနဲ ... ဖြောက်ခနဲ ... ဖြောက်ခနဲ မောင်းပြန်ဓားသုံးလက်ကို အသွားပေါ်အောင် ဖွင့်လိုက်ကြတော့သည်။

မှားလေစွ ...။

ဒါကိုပင် စိုးမိုးခိုင်က အနီးကပ်လေ့လာခြင်း ဖြစ်ခဲ့သည် မဟုတ်လား။ သူတို့သုံးဦးစလုံးသည် သေနတ်ကိုင်သူများမဟုတ်ကြ။ ပေတလူကိုလည်း ဓားစွမ်းသာပြခဲ့သည်။ ဦးလေးဖြိုင်ကိုလည်း ဓားစွမ်းဖြင့် ဇီဝိန်ချုပ်စေသည်။ ယခုလည်း ဓားသုံးလက်ဖြင့်။

စိုးမိုးခိုင်တွင် လှုနာဟန် တစ်စက်လေးမျှ မရှိတော့။ ခါးကိုမတ်လိုက်သည်။ ညာလက်ကို ဆန့်တန်းလိုက်သည်။ တန်းစီနေသော လူသုံးဦး၏အကွာအဝေးသည် အမြင့်ပိုင်းရောက်နေသောကြောင့် မော့ပစ်ရသည်ဆိုစေကာမူ ပေတစ်ရာအတွင်း အလှမ်းအကွာဖြစ်နေပေါ၏။

"ဖန်း ... ဖန်း ... ဖန်း"

ပွိုင့်တူးတူးသေနတ်လေး၏ အသံသည် ဒိုပြင်သေနတ်ကြီးတွေလို ဇာဒိန်းဒိန်း တဒိုင်းဒိုင်း အသံအော်မြည်သံ မဖြန့်နိုင်ပါလေ။



သူ၏ယမ်းအားကိုက ပျော့သောကြောင့် ဖန်းဖန်း ... ဖိန်းဖိန်းဆိုသော အသံတိုးလေးမျှသာ ထွက်ရှာနိုင်ပေသည်။

သို့သော် ...

ဗိုလ်စိုးမိုးခိုင် ပစ်လွှတ်သော ပွိုင့်တူးတူးကျည်ဆန်သုံးချက်သည် လမ်းအမြင့်ပေါ်တွင် တန်းစီရပ်နေသော လူသုံးကောင်အား တစ်ချက်စီ ထိမှန်သွားသည်တတော့ သေချာသည်။

"ဆော်ပြီဟေ့ ... ပြေး ... ပြေး"

ဘာပြောပြော မောင်းပြန်ဓားထက်တော့ ပွိုင့်တူးတူးကျည်ဆန်က ထိရောက်သွားသည်။

သုံးဦးစလုံး ချာလည်ပတ်လည် လှည့်ကာ ဂျစ်ကားဆီသို့ ထွက်ပြေးကြသည်။

ဗိုလ်စိုးမိုးခိုင်၏ ကျည်ကပ်ထဲတွင် ကျည်နှစ်တောင့်သာ ကျန်တော့သည်။ ဗိုလ်စိုးမိုးခိုင်သည် ခေါင်းဆောင်ဖြစ်သော အလယ်လူ ပြေးထွက်သွားသည့် ကျောပြင်သို့ ဖန်းခနဲ ... ဖန်းခနဲ ကျန်သော ကျည်နှစ်တောင့် ပစ်သွင်းလိုက်သည်။

ကိုယ်တော်ချောမှာ ကျောကြီးကော့ကာ ကတ္တရာလမ်းပေါ်မှာပင် ပုံလဲကျသွားပေတော့သည်။

ကျန်နှစ်ယောက်က သူတို့လူကို သူတို့ပြန်ကောက်မည်ဟု စိတ်ကူးသေးဟန် တူပါ၏။ လဲကျသွားသူ၏အနီးသို့ ပြေးကပ်သွားကြသည်။

"ဟေ့ ...မင်းတို့ကို ငါနောက်ထပ်ပစ်ရမလား" ဟု စိုးမိုးခိုင်က အော်ဟစ်ရင်း သေနတ်ကို ချိန်လိုက်သည်။ မှန်တာပြောရလျှင် စိုးမိုးခိုင်၏ ကျည်ကပ်ထဲတွင် ကျည်ဆံငါးတောင့်သာ ရှိသည်မို့ ကျည်ဆန်ကုန်လေပြီ။ တစ်တောင့်မှ မကျန်ပါလေတော့။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လက်တွေ့အားဖြင့် သုံးဦးစလုံး ခံလိုက်ရသည်။ သေနတ်ကိုတော့ သူတို့ ကြောက်စိတ်မွှန်သွားပြီ။

ထိုစဉ်မှာပင် ကလင် ... ကလင်နှင့် ထုံးကြီးဘက်မှလာသော ဆိုင်ကား၏ဘဲ(လ်)သံတွေ ကြားနေရသည်။ ဆိုက်ကားမှာ သုံးစီးဖြစ်ပါ၏။

ဘာပြောပြော အခင်းဖြစ်ပွားရာသို့ ဆိုက်ကားတွေနီးလာလျှင် ပိုမို၍သာ မလွတ်နိုင်တော့ပြီမို့တစ်ကြောင်း၊ ဆက်၍ ကိုယ့်လူကို ဖွတ်ဂျစ်ကားပေါ် တင်နေခြင်းကြောင့် အပါ၏ကျည်ဆန်တွေ နောက်ထပ် မိမိတို့ကို ထိမှန်တော့မည်တစ်ကြောင်းကြောင့် ကျန်သူနှစ်ဦးသည် သူတို့ရဲ့ခေါင်းဆောင်ကို ပစ်ခွာကာ ဂျစ်ကားပေါ်တက်ပြီး အင်းတကော်ဘက်သို့ အပြေးမောင်းထွက်သွားပေတော့သည်။

သူတို့လူကို သူတို့ ပစ်ထားခဲ့လေတော့ပြီ။

စိုးမိုးခိုင်သည် ဤပွဲ၌လည်း သူ့အသက် ကိုယ့်အသက်လုယူပြီး အနိုင်ရလိုက်ပေသည်။ လမ်းပေါ်တွင် လဲကျနေသူ၏ ဒဏ်ရာဒဏ်ချက်တွေကို စိုးမိုးခိုင် စစ်ဆေးကြည့်သည်။ မိမိပစ်လွှတ်လေသော ပွိုင့်တူးတူးကျည်ဆန်သုံးတောင့်စလုံးသည် ထိုသူအား ထိမှန်သည်ချည်း ဖြစ်တော့သည်။

ညာဘက်ပခုံးညှပ်ရိုးတွင် တစ်ချက်၊ ကျောပြင်တွင်နှစ်ချက်ဖြစ်တော့သည်။ ပခုံးညှပ်ရိုးတွင် ထိမှန်သောအချက်သည် အသက်မသေစေနိုင်။ ကျောဘက်မှဝင်သွားသော ကျည်ဆန်နှစ်တောင့်မှာမူ မသေချာ။ အသည်း,နှလုံး,ကျောက်ကပ်,စသည်တို့ကို ထွင်းဖောက်သွားလျှင် သေနိုင်စရာရှိသည်။



ဗိုလ်စိုးမိုးခိုင်သည် မှောက်လျက်သားလဲကျနေသော ရန်သူ့ခေါင်းဆောင်ကို ပက်လက်လှန်လိုက်သည်။ နဖူးပြင်တွင်အုပ်ထားသော ဆံစတွေကို ဘေးသို့သိမ်းဖယ်ပြီး ကြည့်လိုက်သည်။

နဖူးတွင် နှစ်လက်မခန့် အနာရွတ်ကြီး တွေ့ရပါ၏။

ဤခေါင်းဆောင်သူနှင့် တပည့်နှစ်ယောက်တို့သည်ပင် လျှင် ပေတလူအား ရိုက်ခဲ့သူ၊ ဓားနှင့်ထိုးခဲ့သူ။

ဤခေါင်းဆောင်သူနှင့် တပည့်နှစ်ယောက်ပင်လျှင် ဦးလေးဖြိုင်အား သတ်ခဲ့သူ။

ယုံမှားစရာ မရှိတော့ပြီ။ ဤခေါင်းဆောင်ကိုသာ ရဲတပ်ဖွဲ့က အသက်မသေဘဲ စစ်ဆေးနိုင်လျှင် အမှုမှန်သည် အားလုံးပေါ်ပေါက်နိုင်တော့မည်။

ကလင် ... ကလင်နှင့် ရောက်လာသော ဆိုက်ကားသုံးစီးမှာ ရှေ့ဆုံးဆိုက်ကားနှင့် ကဝရဲစခန်းမှူး ကိုမျိုးညွန့် ဖြစ်နေပါ၏။ နောက်ခုံတွင် ရဲကြပ်ကြီး ဆရာကိုအုန်းမောင် ဖြစ်ပေသည်။ ကျန်သောဆိုက်ကားနှစ်စီးတွင် ရဲသားများ ရိုင်ဖယ်ကိုယ်စီဖြင့် လေးယောက်ဖြစ်သည်။ စုစုပေါင်း စခန်းမှူး ရဲအုပ်မျိုးညွန့်၏ အဖွဲ့သည် ခြောက်ယောက်ပင် ဖြစ်တော့သည်။

ကိုမျိုးညွန့်သည် အနီးရောက်လာသည်နှင့် ဆိုက်ကားပေါ်မှ ဖျတ်ခနဲ ဆင်းလိုက်သည်။

"အနေးယာဉ်နဲ့ အမြန်ယာဉ်ဆိုတော့ သိပ်ပြီးအချိန်တွေ နှောင့်နှေးသွားတယ် ဗိုလ်စိုးမိုးခိုင်၊ ကျွန်တော့်စိတ်ထဲမှာ တွက်ပြီးသားပါ၊ ဗိုလ်စိုးမိုးခိုင် အပြန်လမ်းမှာ တစ်ခုခုတော့ ဖြစ်ရမယ်လို့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမျိုးညွန့်က အဲဒီလို တစ်ခုခု ဖြစ်ရမယ်လို့ ဘာလို့ တွက်သလဲဗျာ"

"ရဲဆိုတာ အမှုတစ်ခုအပေါ်မှာ အထောက်အထား အမျိုးစုံနဲ့ လေ့လာရတဲ့သူတွေပါ ဗိုလ်စိုးမိုးခိုင်၊ အဲဒီတော့ ဗိုလ်စိုးမိုးခိုင်ဟာ ပထမအခေါက်မှာ အပါဘဝနဲ့ လာစူးစမ်းတယ်၊ ဗိုလ်စိုးမိုးခိုင် စူးစမ်းသွားပြီးတဲ့နောက် ပေတလူကိုရော ဦးလေးဖြိုင်ကိုရော လူသတ်သမားဟာ သတ်ဖို့ကြိုးစားတယ်၊ အဲ ... ကံအားလျော်စွာ ပေတလူ မသေခဲ့ဘူးဗျာ၊ ဒါပေမဲ့ ဦးလေးဖြိုင် သေသွားတယ်၊ ဒါပေမဲ့ လူသတ်သမားတွေက ပေတလူကို ဗိုလ်စိုးမိုးခိုင်ရဲ့လိပ်စာကို အသေအလဲ မေးခဲ့တယ်၊ ဒါတွေကို ကျွန်တော်က စစ်ချက်အရ သိသာပြီးသားပဲ၊ ပေတလူကလည်း ဗိုလ်စိုးမိုးခိုင်ရဲ့လိပ်စာကို မသိရှာဘူး၊ ဒီတော့ အခုတစ်ကြိမ် ဗိုလ်စိုးမိုးခိုင် ကဝကိုရောက်လာတာနဲ့ ရန်သူ့အန္တရာယ်နဲ့ တွေ့နိုင်တယ်လို့ ကျွန်တော်က တွက်ထားလိုက်တယ်၊ ဒါပေမဲ့ အကြောင်းနှစ်ချက်ကြောင့် ဗိုလ်စိုးမိုးခိုင်ကို ကျွန်တော် လိုက်မပို့နိုင်ခဲ့ဘူး၊ ပထမအချက်ကတော့ ကျွန်တော့်မှာ သီးခြားမော်တော်ကား မရှိဘူး၊ ဌာနစခန်းအတွက် ပေးထားတဲ့ မော်တော်ကားတော့ ရှိပါတယ်၊ ဒါပေမဲ့ ရဲဌာနတစ်ခုမှာ အလုပ်က သိပ်များတော့ ဦးစားပေးစံနစ်နဲ့ သုံးရပြီး လူတစ်ယောက်ကို လိုက်ပို့ဖို့ ကားဆိုတာ ကျွန်တော့်မှာ မဖြစ်နိုင်ဘူး"

"ကျွန်တော် သဘောပေါက်ပါတယ် ကိုမျိုးညွန့်"

"ဒုတိယအချက်ကတော့ ဗိုလ်စိုးမိုးခိုင် ထွက်သွားသွားချင်း ယောဒီ ကျွန်တော့်လူတွေခေါ်ပြီး နောက်က ဆိုက်ကားနဲ့လိုက်လာတာပဲ၊ လမ်းမှာ ဗိုလ်စိုးမိုးခိုင် တစ်ခုခုဖြစ်ရင် ကျွန်တော်တို့ နောက်က အသင့်လိုက်လာတဲ့ သဘောရယ်၊ နောက်တစ်ချက်က



တရားခံကို ရှာဖွေတဲ့ကိစ္စမှာ ဗိုလ်စိုးမိုးခိုင်ကိုရှေ့က တယ်ကြက် သုပ်ပေးလိုက်တဲ့ သဘောရယ်ပဲ၊ ဒါကြောင့်လည်း အခုဆို ဒီကောင့်ကို ကျွန်တော်တို့ မိလိုက်ပြီ မှတ်လား"

ကိုမျိုးညွန့်က ဒဏ်ရာနှင့်လဲကျကျန်ခဲ့သော ဆံရှည်ဘောင်းဘီရှည်အား မေးဆတ်ရင်း ပြောလိုက်သည်။ ကိုမျိုးညွန့်နှင့်စကားပြောနေစဉ်မှာပင် ရဲကြပ်ကြီးကိုအုံးမောင် အမှုပြုသော ရဲသားတွက ဒဏ်ရာရဆံရှည်ဘောင်းဘီရှည်အား လက်ထိတ်ခတ်ပြီး ဆိုက်ကားပေါ်သို့ တင်နေလေပြီ။

ထိုအထဲမှ မော်တော်ဆိုင်ကယ်ကို နားလည်ဟန်တူသော ရဲသားတစ်ဦးသည် တဖုန်းဖုန်းမြည်နေသော မော်တော်ဆိုင်ကယ်ကို ဆက်သတ်ပြီး ထောင်လိုက်သည်။ လမ်းပေါ်အထိ တွန်းယူလာကာ သူ့ဆရာကိုမျိုးညွန့်အား လှမ်းပြောလိုက်သည်။

"ဆိုင်ကယ် ဘာမှမဖြစ်ဘူး ဆရာ၊ ဓာတ်ဆီတိုင်ကီကသည်း လုံးလိုက်တာ၊ ဒီလောက်တုံးလုံးကြီးလဲနေတာတောင် ဓာတ်ဆီမဖိတ်ဘူး ဆရာ"

ရဲသားကပင် ဆိုင်ကယ်ကို ဒေါက်ထောက်ပြီး လမ်းဘေးတွင် ရပ်ထားပါ၏။ စိုးမိုးခိုင်သည် သူ၏လက်ထဲမှ ပွိုင့်တူးတူး သေနတ်လေးအား ကိုမျိုးညွန့်လက်ထဲသို့အပ်လိုက်သည်။ ထို့နောက် လိုင်စင်စာအုပ်ကိုပါ ဘောင်းဘီအိတ်ထဲမှထုတ်ယူကာ ထပ်ဆင့်ဆားအပ်လိုက်ပါ၏။

"ကျွန်တော့်သေနတ်တော့ မဟုတ်ဘူး ကိုမျိုးညွန့်၊ ကျွန်တော့်သူငယ်ချင်းသေနတ်ပါ၊ သူငယ်ချင်းသေနတ်ကို ယူပြီးကိုင်လို့ ကျွန်တော့်မှာ ဥပဒေအရ အပြစ်ရှိနေရင် ကျွန်တော် အပြစ်ဒဏ်ခံဖို့ အသင့်ပါ ...

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျွန်တော့်အသက်ကို ဒီသေနတ်က ကယ်လိုက်တာပဲ၊ နို့မို့ရင် ဦးလေးဖြိုင်နောက် ကျွန်တော်လိုက်ရပြီ Self Defenge ပါ ကိုမျိုးညွန့်”

“ဟုတ်ကဲ့ ... ကျွန်တော် သဘောပေါက်ပါတယ်၊ ကိစ္စမရှိပါဘူး ကိုစိုးမိုးခိုင်၊ သေနတ်ကို လူကောင်းသူကောင်းတွေ ကိုင်ခွင့်လိုင်စင် သက်ဆိုင်ရာက ပေးထားသားပဲ၊ သေနတ်ဆိုတာ လူဆိုးလူမိုက်လက်ထဲသာ မရောက်သင့်တဲ့ပစ္စည်းပါ၊ ဒါပေမဲ့ လောလောဆယ်မှာတော့ အမှုအတွက် ဒီသေနတ်နဲ့ ဒီလိုင်စင်ကို ကျွန်တော် သိမ်းထားရပါဦးမယ် ဗိုလ်စိုးမိုးခိုင်”

“ဟုတ်ကဲ့ ... ရပါတယ် ကိုမျိုးညွန့်၊ ဒါထက် ကျွန်တော်လည်း ကဝရဲစခန်းထိ ပြန်လိုက်ခဲ့ရဦးမလား”

ကိုမျိုးညွန့်သည် ဗိုလ်စိုးမိုးခိုင်၏ မျက်နှာကို ယခုမှသေချာကြည့်ရင်း ရယ်မောလိုက်သည်။

“ဗိုလ်စိုးမိုးခိုင်ရဲ့ မျက်နှာတစ်ခြမ်းမှာ ရွံ့တွေပေနေတယ် သုတ်လိုက်ဦးလေဗျာ”

စိုးမိုးခိုင်က ပါးတစ်ခြမ်းကို စမ်းကြည့်သည်။ ဆိုင်ကယ်ပေါ်မှ လွင့်စဉ်ကျသွားစဉ်က လမ်းဘေးရွှံ့ပျော့များနှင့် မျက်နှာတစ်ခြမ်း အပ်မိသွားသည်ပဲဖြစ်မည်။ စိုးမိုးခိုင်သည် ဂျာကင်အိတ်များထဲသို့ လက်ကိုင်ပဝါရှာဖွေရင်း နှိုက်ယူလိုက်သည်။ ထိုစဉ် ကိုမျိုးညွန့်က နာရီကိုကြည့်ကာ ...

“ဗိုလ်စိုးမိုးခိုင် ကဝဘက်ကို ပြန်လိုက်မယ်ဆိုလည်း အချိန်ရှိပါသေးတယ်၊ လိုက်ရမယ့်သဘောကတော့ ဒီလူသုံးယောက်ဟာ ဂျစ်ကားနဲ့ တိုက်သတ်ဖို့ ကြိုးစားတာရယ်၊ ဓားကိုယ်စီကိုင်ပြီး သတ်ဖို့ကြိုးစားတာရယ် တိုင်ချက်ဖွင့်ရုံလောက်ပါ၊ အပြန်မှီးချုပ်



လည်း ကျွန်တော်တို့ ရဲကားနဲ့ အင်းတကော်အထိ လိုက်ပို့ပေးဖို့ ကျွန်တော် စီစဉ်ပါ့မယ်”

ဂျာကင်အိတ်ထဲမှ လက်စမ်းမိသော လက်ကိုင်ပဝါကို စိုးမိုးခိုင် နှိုက်ယူလိုက်သည်။

မိန်းမကိုင် လက်ကိုင်ပဝါကလည်းတစ်ထည် ဖြစ်နေပါ၏။

မိန်းမကိုင်လက်ကိုင်ပဝါလေးမှာ အောက်ခံ ဖြူဆွတ်ဆွတ် အနားလေးဖက်မှာ နီတျာရဲနေသော ကနုတ်ပန်းတွေ ဆင်ထားပြီး အလယ်နှင့် ဘေးတစ်ဝိုက်တွင် မကျည်းစေ့ခန့် ပိုင်းစက်စက်အနီပြောက်များ ရိုက်ထားသည်။ လက်ကိုင်ပဝါကို ထုတ်သည်နှင့် သင်းနေသော ရေမွှေးနံ့လေး ထွက်လာပါ၏။

ကိုမျိုးညွန့်သည် စစ်ဗိုလ်အရင့်မကြီးတစ်ယောက်လုံးက မိန်းကိုင်လက်ကိုင်ပဝါကလေးကို ကိုင်သည်ကို ကျိတ်၍ပြုံးမိသည်။

စိုးမိုးခိုင်ကိုယ်တိုင်လည်း နှိုက်ယူပြီး ထွက်လာသော မိန်းမကိုင်လက်ကိုင်ပဝါကလေးကို ငေးကြည့်နေမိသည်။ ဪ ... လက်စသပ်တော့ ဤလက်ကိုင်ပဝါသည် နီမာ၏လက်ကိုင်ပဝါပဲပေလား၊ ဟိုအရင်ပတ် ကဝလာစဉ်က ရှင်အာဒိစ္စကျောင်းနောက်က ဖုန်းဆိုးတောထဲသို့ ဝင်ခဲ့စဉ် ပြန်အထွက်၌ မြက်ပင်ရိုင်းတွေ ဆေါ်၌ တင်နေသော နီမာ ကျန်ခဲ့သည့် လက်ကိုင်ပဝါလေးပါတည်း။

ဘာရယ် ညာရယ် မဟုတ် စိုးမိုးခိုင်သည် လက်ကိုင်ပဝါလေးကို လက်ဆော့ ခြေဆော့ သဘောဖြင့် အနားနှစ်ဖက်ကို ဆိုင်ဖြန့် ကြည့်မိသည်။ ဤမှာပင် လက်ကိုင်ပဝါလေး၏ ထောင့်တစ်နေရာတွင် အင်္ဂလိပ်အက္ခရာစာလုံး သုံးလုံးကို ချည်အမည်းဖြင့် ထိုးထားသည်ကို လှစ်ခနဲ စိုးမိုးခိုင် တွေ့ရတော့သည်။

“L.L.M”

www.burmeseclassic.com

www.burmeseclassic.com



ထိုစာလုံးသုံးလုံးကို တွေ့သည်နှင့် စိုးမိုးခိုင်မှာ ဖျတ်ခနဲ ငိုင်သွားတော့သည်။ ဤ L.L.M ချည်မည်းထိုး လက်ကိုင်ပဝါသည် မရွှေစင်၏မွေးနေ့ပွဲ၌ တစ်ကြိမ်ကြုံခဲ့ဖူးသည်။ L.L.M သည် "လေးလေးမြင့်"၏လက်ကိုင်ပဝါ ဖြစ်ပါ၏။ မရွှေစင်၏ မွေးနေ့၌ လေးလေးမြင့် သီဆိုထွက်သွားစဉ် စားပွဲပေါ်တွင် အမှတ်တမဲ့ မေ့ကျန်ခဲ့သော လေးလေးမြင့်၏ လက်ကိုင်ပဝါတွင်လည်း L.L.M ဟု ချည်အမည်းဖြင့် ယခုလက်ကိုင်ပဝါအတိုင်း ထိုးထားသည်။ ယခုလက်ကိုင်ပဝါကို ဖုန်းဆိုးတောထဲမှ ရလာပြီး စိုးမိုးခိုင်က ဂျာကင်အိတ်ထဲ အမှတ်မထင် ထည့်ထားမိပြီး သတိမေ့လျော့နေခဲ့ခြင်းသာဖြစ်သည်။ ပြီး စိုးမိုးခိုင်၏အင်္ကျီမှာ ဂျာကင်အိတ်များကို ဇစ်ဆွဲပြီး ပိတ်ထားလေ့ရှိတတ်သည်။ လိုအပ်သော အကြောင်းမရှိလျှင် ဇစ်ပိတ်အိတ်ကို မဖွင့်မိတော့။ ယခုလက်ကိုင်ပဝါလိုအပ်လာမှ အိတ်ဖွင့်ပြီး ဟိုနှိုက်သည်နှိုက် နှိုက်ရင်းလက်ကိုင်ပဝါ ထွက်လာခြင်း ဖြစ်သည်။

စိုးမိုးခိုင်သည် ရေမွှေးနံ့မပျယ်သေးသော လက်ကိုင်ပဝါလေးကို နမ်းကြည့်သည်။

အတွေတွေပင် သင်းရနံ့ ထွက်လာသည်။

မရွှေစင်၏ မွေးနေ့ပွဲက လေးလေးမြင့် မေ့ထားသော စားပွဲပေါ်မှ လက်ကိုင်ပဝါ၏ ရေမွှေးနံ့နှင့် ယခု လက်ကိုင်ပဝါ၏ ရေမွှေးနံ့သည် တူညီသောရနံ့ဖြစ်နေမှန်း စိတ်က အလိုလို သိလာသည်။

ဒါဆိုလျှင် ...

နီမာ ဆိုသည်မှာ လေးလေးမြင့်။

လေးလေးမြင့် ဆိုသည်မှာ ... နီမာ။



သူတို့နှစ်ဦးသည် တစ်ဦးတည်းဖြစ်ကြောင်း၊ ယုံမှားဖွယ်မရှိပါလေတော့။

လေးလေးမြင့်သာလျှင် နီမာဖြစ်နေပါက စိုးမိုးခိုင်တွင် မေးစရာတွေ အများကြီး ရစေသည်။ တွေ့ချင်စရာတွေ တစ်ပုံကြီးရှိနေသည်။ နီမာ့ကို အပါက မေးစရာတွေရော တွေ့ချင်စရာတွေရော တစ်ပုံတစ်ပင်။

ယခုမူ ဗိုလ်စိုးမိုးခိုင်က မလေးလေးမြင့်အား မေးစရာတွေရော တွေ့ချင်စရာတွေရော တစ်ပုံတစ်ဝင်။

စိုးမိုးခိုင်သည် လက်ကိုင်ပဝါကို မျက်နှာရှိ ၍ တွေမသုတ်တော့ဘဲ ဂျာကင်အိတ်ထဲသို့ ပြန်ထည့်ထားလိုက်သည်။

"ကျွန်တော် ပြန်မယ် ကိုမျိုးညွန့်၊ တိုင်ချက်ဖွင့်ဖို့ကိစ္စက အခု အဖြစ်အပျက်ဟာပဲ ကျွန်တော့်ရဲ့တိုင်ချက်ပဲပေါ့၊ ကျွန်တော်လည်း ကဝကို ဒီရက်အတွင်းမှာ ပြန်ဆင်းလာပါ့မယ်၊ ကျွန်တော့်ရန်ကုန်လိပ်စာလည်း ကိုမျိုးညွန့်ယူထားပေါ့ဗျာ၊ အခုလောလောဆယ်တော့ ကျွန်တော် ရန်ကုန်ကို ချက်ချင်းပြန်ချင်လို့ပါ"

"ရပါတယ် ဗိုလ်စိုးမိုးခိုင်၊ တိုင်ချက်ဆိုတာ တယ်လီဖုန်းနဲ့ ပေးတောင် ကျွန်တော်တို့က လက်ခံရတာပါ"

"တာဝန်မသိလို့ မဟုတ်ဘူးနော် ကိုမျိုးညွန့်၊ ကျွန်တော့်မှာ ချက်ချင်းရန်ကုန်ပြန်သင့်တဲ့ အကြောင်း ပေါ်လာလို့ပါ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါ"

စိုးမိုးခိုင်သည် ရန်ကုန်တွင် သူတည်းခိုနေသော ထွန်းနေသင်း၏လိပ်စာကို ပေးလိုက်သည်။

"ဒါကလည်း ကိုမျိုးညွန့်ကို လေးစားတဲ့အနေနဲ့ ကျွန်တော်တည်းခိုတဲ့လိပ်စာကို ထပ်ဆင့်ပြော [illegible]ဘာပါ အဲဒီပွိုင့်တူးတူးပိုင်စင်

www.burmeseclassic.com

www.burmeseclassic.com



သေနတ်စာအုပ်ထဲမှာပဲ ကျွန်တော် တည်းခိုနေတဲ့ နေရပ်လိပ်စာ အပြည့်အစုံ ပါပြီးသားပါ"

"ဟုတ်ကဲ့ ... ဒါတွေအားလုံး ကျွန်တော် သိပြီးသားပါ ဗိုလ်စိုးမိုးခိုင်၊ တစ်ခုတော့ ကျွန်တော်မှာပါရစေ၊ ရာဇဝတ်မှုနဲ့ ပတ်သက်လာတဲ့ သတင်းဆိုရင် ဗိုလ်စိုးမိုးခိုင် သိသမျှနဲ့ စုံစမ်းရရှိသမျှ ကျွန်တော့်ကို သိခွင့်ပေးပါ ဗိုလ်စိုးမိုးခိုင်"

"ဟုတ်ကဲ့ ... အချိန်တန်ရင် ကိုမျိုးညွန့်ကို ကျွန်တော် အားလုံး ပြောပါ့မယ် စိတ်ချပါ"

ထိုမျှသာပြောပြီး စိုးမိုးခိုင်သည် သူ၏မော်တော်ဆိုင်ကယ်ဆီသို့ သွားပေသည်။ ဆိုင်ကယ်ကို ခွနှိုးလိုက်သည်နှင့် စက်နှိုးသွားသောကြောင့် ထိုနေရာမှ တစ်ဟုန်ထိုးပင် ထွက်ခွာလာခဲ့ပေတော့သည်။

* ○ *



## ၁၀

စိုးမိုးခိုင်သည် ပေပေရေရေနှင့် အိမ်ဝင်ပြီး အဝတ်အစားဝင် မလဲနိုင်ဘဲ အလုံ၌ဒါနလမ်းသို့ ဆိုင်ကယ်ကို မောင်းလာခဲ့သည်။

ယနေ့ စနေနေ့ဖြစ်၍ ရုံးနေ့တစ်ဝက်ဖြစ်သည်။

လေးလေးမြင့်သည် ယခုအချိန် ရုံးဆင်းပြီး အိမ်သို့ပြန်ရောက်ပေပြီဟု စိုးမိုးခိုင် တွက်ဆသည်။

လေးလေးမြင့်နှင့်ပတ်သက်၍ စိုးမိုးခိုင်၏ရင်မှာ ခံစားမှုအထွေထွေ ခံစားရပါ၏။ ပထမခံစားရမှုမှာ ... လွန်ခဲ့သော(၁၅) နှစ်ကတည်းက ကစားဖော် ကစားဖက် ခင်မင်တွယ်တာခဲ့ရသော နီမာအား ယခု လေးလေးမြင့်အဖြစ် ပြန်တွေ့ရပြီမို့ ဝမ်းသာဝမ်းနည်း ရင်ထဲတွင်ခံစားရသည်။

"ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ"

ဆိုသည့် စကားသည် ဟောင်းပေမင့် ရိုးနေပေမင့် တကယ်ခံစားရသော သူများအတွက် ဆန်းသစ်၍သာနေသည်။ တကယ်ခံစားဖူးမှလည်း ထိုစကားလေးမှာ မည်မျှမှန်ကန်ကြောင်းသိလာရသည်။ ငယ်ချစ်နီမာအား တွေ့ရတော့မည့် အပါသည် ယောကျ်ားကြီး စစ်ဗိုလ်တန်မဲ့ ရင်ခုန်အောင် ဝမ်းသာရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ ...

နီမာသည် မိမိတို့အိမ်ကို စားပြတိုက်တော့မည့်အကြောင်း တင်ကြိုသိခဲ့သည်မှာ လူကြီးတွေ ပြောစကားကို ကြားရသောကြောင့် ဖြစ်မည်။ လူကြီးတွေသည် နီမာ့အား ကလေးငယ်ဟူ၍ ကလေးရှေ့တွင် အမှတ်မထင်ပြောခဲ့သော စကားတွေ ဖြစ်ရမည်။ ယင်းလူကြီးတွေသည် မည်သူ ဖြစ်နိုင်မည်နည်း။

နီမာ၏ဖခင် ဦးသာအောင် ဖြစ်နိုင်စရာ ရှိပေ၏။

ဦးသာအောင်သည် အင်းလေလံကို အကြိတ်အနယ် ပြိုင်ဆွဲရာတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း ကူးတို့သူကြီး ဦးလေးဖြိုင်ထံမှ သိခဲ့ရသည်။ ယခု ငယ်ချစ် နီမာခေါ် လေးလေးမြင့်ကို တွေ့သည်နှင့် ဒီအကြောင်းတွေ မေးမြန်းစူးစမ်းရတော့မည်။ မမေးဘဲ စိုးမိုးခိုင် မနေနိုင်၊ ဒီအကြောင်းတွေ ခြေရာခံလို စူးစမ်းလို၍ သူသည် တပ်မှ ခွင့်ရက်ရှည်ရသည်နှင့် ဒီဒေသသို့ ပြန်ဆင်းလာခဲ့ခြင်းဖြစ်သည်။ နီမာနှင့် တွေ့ဖို့လည်း မျှော်လင့်ခဲ့သည်။ ဆင်းလာခဲ့စဉ်က နီမာ့အား မိမိ မိဘများကို စားပြတိုက်ခဲ့သူကို မေးနိုင်မည်၊ ထိုမှတစ်ဆင့် သဲလွန်စ ကောက်ယူမည်ဟုလည်း ရည်ရွယ်ခဲ့သည်။

သို့သော် မိမိ ကဝက ခွာခဲ့သည့် အချိန်မှစပြီး နီမာတို့ မိသားစုလည်း ကဝကို စွန့်ခွာသွားကြောင်း ပေတလူထံမှ သိရသည်။ သို့ဖြင့် နီမာအား ခြေရာပျောက်သွားသည်။

ယခု နီမာသည် လေးလေးမြင့် ဖြစ်နေပြီဟု ယူဆနိုင်ပေပြီ။

နီမာ့တွင် ပါးချိုင့်ရှိသလို လေးလေးမြင့်တွင် ပါးချိုင့်ရှိနေသည်။ ဖုန်းဆိုးတောထဲမှ တွေ့ခဲ့သော လက်ကိုင်ပဝါတွင် L.L.M ရေးထိုးထားသလို လေးလေးမြင့်ကိုင်သော လက်ကိုင်ပဝါတွင်လည်း L.L.M ထိုးထားသည်။ လက်ကိုင်ပဝါ နှစ်ထည်စလုံးတွင် ဆွတ်ထားသော ရေမွှေးနံ့ကလည်း တူညီသော သင်းရနံ့ဖြစ်နေသည်။ ပြီး ... လေးလေးမြင့်သည် ဝါသနာအလျှောက် တေးသံရှင်ဖြစ်နေသည်။ (၇)နှစ်သမီးအရွယ်ကတည်းက နီမာသည် တေးဆိုဝါသနာပါသည်။ ဖုန်းဆိုတောထဲတွင် တူတူပုန်းတမ်းကစားခဲ့စဉ်ကတည်းက နီမာက အပေါ်ကိုရှာရာတွင် အသံစာစာလေးဖြင့် ကာရန်တွေ နံဘေတွေ ရွတ်ဆိုပြီး တေးဆိုသည့်နှယ် အပေါ်အား အသံပေးလေ့ ရှိခဲ့သည်။ ငယ်စဉ်က ဝါသနာဆိုသည်မှာ ကြီးလေးသည်အထိ ပါစမြဲ။

ယင်းအချက်တွေကြောင့် လေးလေးမြင့်သာ နီမာဖြစ်နေရိုးမှန်လျှင် စိုးမိုးခိုင် မေးမြန်းစူးစမ်းရမည့် စကားတွေက လေးလေးမြင့်အတွက် အဖြေခက်သောစကားတွေ ဖြစ်နေတော့မည်။ စိတ်မကောင်းစရာပင်။ ထို့အတွက်တော့ စိုးမိုးခိုင်၏ ရင်ထဲ၌ ဝမ်းနည်းသလိုလို ခံစားရသည်။ မတတ်နိုင်ပါလေတော့။

လောကီကြောင်းနှင့်ကြည့်ကြည့်၊ လောကုတ္တရာကြောင်းနှင့်ကြည့်ကြည့် "မည်သူမပြု မိမိမှု"သာ ဖြစ်သည်။ "ကိုယ်ပြုကိုယ်ခံ ဒါမှမဟုတ် ကိုယ်ပြု ကိုယ်စံ"သာလျှင် ဖြစ်ပါချေတော့သည်။

စိုးမိုးခိုင် မေးမည်၊ မြန်းမည်၊ စူးစမ်းမည်။

အလုံဌာနလမ်းရှိ လေးလေးမြင့်အိမ်ရှေ့မှာပင် မော်တော်ဆိုင်ကယ်ကို ရပ်လိုက်ပါ၏။ စက်သတ်ပြီး ဒေါက်ထောက်လိုက်ပါ၏။

ထုံးစံ တိုင်းပင် ပထမတွေ့ကြည့်သူမှာ ဒေါ်လေးစောဖြစ်ပါ၏။ ပထမတော့ ဒေါ်လေးစောသည် ပေပေရေရေနှင့်



www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးခိုင်အား မမှတ်မိသလို ငေးကြည့်နေသေးသည်။ စိုးမိုးခိုင်က ဦးထုပ်ချွတ်ပြလိုက်သည်။ နေကာမျက်မှန် ချွတ်ပြလိုက်သည်။ ထိုရောအခါကျမှ ဒေါ်လေးစောက စိုးမိုးခိုင်အား မှတ်မိသွားပါ၏။ ဟိုတစ်ခါ လာစဉ်ကလည်း စိုးမိုးခိုင်သည် ကဝမှ ပြန်ရောက် ရောက်ချင်း ကပိုကရိုနှင့်ပင် ဤအိမ်သို့ လိုက်လာခဲ့သည်။ ထိုစဉ်က စပို့ရှပ်အနီ ချည်လုံချည်။

ယခု သားရေဂျာကင်နှင့် ဘောင်းဘီနှင့် ဖြစ်သည်ကလွဲပြီး ကပိုကရိုပုံစံချင်း တူသောကြောင့် ဒေါ်လေးစော အလွယ်တကူ မှတ်မိသွားခြင်း ဖြစ်နိုင်သည်။

"ဩော် ... လာ ... လာ၊ ဒီတစ်ခါတော့ မောင်ထွန်းနေလင်း မပါလာပဲကိုး"

"ဟုတ်ကဲ့ ... ဒေါ်လေးစော၊ အခု ကျွန်တော်လာတာက ထွန်းနေလင်းနဲ့ပတ်သက်တဲ့ ကိစ္စကြောင့် မဟုတ်ပါဘူး၊ မလေးလေးမြင့်ကို ကျွန်တော်က ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုနဲ့ တွေ့ချင်လို့ လာတာပါ၊ နောက်ပြီး ထွန်းနေလင်းဟာ ရှမ်းပြည်နယ်ဘက်ကို ထွက်သွားပါပြီ၊ အခု ကျွန်တော်လာတာက မလေးလေးမြင့်နဲ့ တွေ့ချင်တဲ့ သီးခြားကိစ္စတစ်ခုကြောင့်ပါ ဒေါ်လေးစော"

ဒေါ်လေးစောသည် တံခါးဖွင့်ပေးပါ၏။

စိုးမိုးခိုင်က ဖွင့်ပေးသော တံခါးမှ အထဲသို့ ဖိနပ်ချွတ်ပြီး ဧည့်ခန်းဆိုဖာကုလားထိုင်တွင် ဝင်၍ထိုင်လိုက်ပေသည်။

"ခဏစောင့်နော်၊ လေးလေး ရေချိုးနေလို့"

"ရပါတယ် ဒေါ်လေးစော၊ ဒီနေ့အဖို့ မလေးလေးမြင့်ကို ကျွန်တော်က ဘယ်လောက်ကြာကြာ စောင့်ပြီးတွေ့ချင်နေတာပါ"



"မောင်ရင်တစ်ယောက်တည်း နေတတ်ပါတယ်နော်၊ ဒေါ်လေးစော့မီးဖိုထဲမှာ လုပ်စရာရှိတာလေးတွေ လက်စသိမ်းစရာ ရှိနေသေးလို့ လေးလေးကိုလည်း မောင်ရင်ရောက်နေကြောင်း ဒေါ်လေးစော အကြောင်းကြားလိုက်ပါ့မယ်"

"ဟုတ်ကဲ့၊ ကျွန်တော် တစ်ယောက်တည်း နေတတ်ပါတယ် ဒေါ်လေးစော"

ဒေါ်လေးစော အထဲသို့ ပြန်ဝင်သွားသည်။ စိုးမိုးခိုင်သည် တစ်ဦးတည်းပင် ဧည့်ခန်းထဲတွင် ထိုင်၍ကျန်ခဲ့သည်။

ထိုစဉ်မှာပင် ရေချိုးခန်းဆီမှ လေးလေးမြင့် သီချင်းဆိုသံ သဲ့သဲ့လေး ကြားရသည်။ ရေလောင်းသံတွေနှင့် ရောထွေးထွက်လာသော အသံဖြစ်ပေမင့် နဂိုကတည်းက အသံကြည်သူမို့ သဲ့သဲ့လေး ကြားရစေကာမူ တေးသားစကားလုံးတွေကို ပီပီသသ ကြားရသည်။

စိုးမိုးခိုင်သည် လေးလေးမြင့် သီဆိုနေသော တေးသားကို နားစိုက်ထောင်ရင်း ဆတ်ခနဲပင် ထိုင်ရာမှ မတ်တတ်ရပ်လိုက်သည်။ အကြောင်းမူ လေးလေးမြင့် သီဆိုသော တေးသားသည်...

"ယား ... အပါ၊ နင် ဘယ်မှာလဲဟာ"

"အသံပြန်ပေးပါ အပါ၊ နီမာ မရှာတတ်တော့လို့ပါ"

"နီမာ ခေါင်းမူးလာပြီကွာ"

"အေးနော် ဒါပဲ အပါ"

"ငြိမ်နေတာကြရင်တော့ နီမာ အိမ်ပြန်ပြေးတော့မှာ"

ဟိုက်ခနဲနေအောင် စိုးမိုးခိုင် အံ့ဩရပါ၏။ ဆတ်ခနဲ မတ်တတ်ရပ်နေရာမှ လေးလေးမြင့် သီဆိုနေရာ ရေချိုးခန်းဆီသို့ ပြေးသွားချင်စိတ် ပေါက်လာမိသည်။ ဒီတေးသံကြောင့် ရင်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း တလှပ်လှပ် ခံစားရသည်။ ဘာပဲပြောပြော လေးလေးမြင့်ဆိုသည့် မိန်းမချောလေးသည် လွန်ခဲ့သော (၁၅)နှစ်က နီမာဖြစ်ကြောင်း ထင်ရှားလေပြီ။ သေချာလေပြီ မဟုတ်ပါလား။

အပါ၏ငယ်ချစ် နီမာမှ နီမာအစစ်။

တွေတွေကြီး စိုးမိုးခိုင် ရပ်နေစဉ်မှာပင် ရေချိုးခန်းတံခါး ကန့်လန့်ဖြုတ်သံ ကြားရသည်။

စိုးမိုးခိုင်သည် သင့်သည် မသင့်သည်နှင့် တော်သည်မတော်သည်ကို မစဉ်းစားတော့။ ရေချိုးခန်းဆီသို့ ခြေလှမ်းရှဲကြီးများဖြင့် ရောက်သွားသည်။ ပက်ပင်းကို ဆုံမိကြပါ၏။

လေးလေးမြင့်သည် ထဘီရေလျှားကို ပခုံးမှနေပြီး မွေးပွ အဝါရောင် မျက်နှာသုတ်ပဝါကြီးခြုံပြီး ထွက်လာသည်။

"အယ် ... ကြည့်စမ်း ကိုစိုးမိုးခိုင်၊ တကယ်ဆိုရင် ဧည့်ခန်းကပဲ ထိုင်စောင့်နေဦးပေါ့၊ လေးလေး အဝတ်လဲပြီး လာတွေ့မှာပေါ့"

"ဟုတ်တယ်၊ တကယ်ဆိုရင် လေးလေးမြင့်ကိုသာ စိုးမိုးခိုင်ဆိုတဲ့လူက လာတွေ့ရင် ဧည့်ခန်းကပဲ ထိုင်စောင့်နေသင့်တယ်။ အခုတော့ လေးလေးမြင့်ကို စိုးမိုးခိုင် လာတွေ့တာ မဟုတ်ဘူး"

"ဘာတွေပြောနေတာလဲ ကိုစိုးမိုးခိုင်"

စိုးမိုးခိုင်သည် ဘာတွေပြောနေတာလဲဟူသော နီမာ၏မေးခွန်းကိုနှုတ်ဖြင့်မဖြေသေးဘဲ ဂျိခနဲ ဖိခနဲ သားရေဂျာကင်ဇစ်ကို လည်ပင်းမှ အောက်နားအထိ ဆွဲချလိုက်သည်။ ပြီး ဂျာကင်ကို ချွတ်ကာ ကြမ်းပြင်သို့ ပုံချထားလိုက်သည်။ အတွင်းရှပ်အင်္ကျီမှ ကြယ်သီးတွေကိုဖြုတ်ကာ ရင်ဘတ်ဟပြဖြစ်အောင် ပြလိုက်သည်။



"တွေ့လား ... နီမာ၊ အခု ကိုယ်လာတွေ့တာဟာ အပါဆိုတဲ့လူက နီမာဆိုတဲ့ မိန်းကလေးကို လာတွေ့တာ၊ ဒီမှာ ... နီမာ၊ ကိုယ့်ရင်ဘတ်က မွေးရာပါ အမှတ်ကြီးကို နီမာ မမှတ်မိတော့ဘူးလားဟင်"

လေးလေးမြင့်သည် မှင်သက်မိနေသည်။ ကြက်သေ သေနေသည်။ သူမ၏လှပ်ရှန်းတောက်ပသော မျက်ဝန်းအိမ်မှ မျက်နက်မည်းမည်းလေးနှစ်လုံးသည် စိုးမိုးခိုင်၏ ရင်ဘတ်မှ မွေးရာပါအမှတ်ကြီးကို ငေးကြည့်နေသည်။

သို့ကြည့်ရင်းက လေးလေးမြင့်၏ မျက်ဝန်းအိမ်ထဲမှ မျက်ရည်တို့သည် ရစ်ဝိုင်းလာသည်။ ရစ်ဝိုင်းလာရာမှ မျက်ရည်စက်တို့သည် ပါးပြင်ထက်သို့ လိမ့်ဆင်းလာသည်။ ရေချိုးပြီးစမျက်နှာတွင် ကပ်နေသေးသော ရေသီးရေပေါက်လေးတွေနှင့် ကျမျက်ရည်ပုလဲဥတို့မှာ ရောထွေးသွားကာ စိန်ပွင့် ပုလဲပွင့်လေးတွေသဖွယ် တောက်ပစွာ ရှိနေကြသည်။

"အပါ ... အပါရယ်"

"နီမာ ... နီမာ"

နီမာက အပါရင်ဘတ်မှ အမှတ်ကြီးကို သူမ၏လက်ညှိုးလေးတစ်ဖက်ဖြင့် ထောက်လိုက်သည်။ တြိဂံသဏ္ဌာန်ရှိနေသော အမည်းမှတ်ကို သုံးမြှောင့်အနေအထားအလိုက် လက်ညှိုးထိပ်လေးနှင့် ဝေ့ဝိုက်နေသေးသည်။ ပြီးမှ ...

"အို ... အပါရယ်"ဟု ပြောပြောဆိုဆို အပါ၏လက်မောင်းကြီးနှစ်ဖက်ကို သူမ၏လက်ဝါးလေးတစ်ဖက်တစ်ချက်ဖြင့် ဆုပ်ကိုင်လိုက်သည်။ မျက်ရည်စက်လက် မျက်နှာလေးနှင့် မြင့်မားစွာရှိနေသော အပါ၏မျက်နှာကို မော့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပါခေါ် စိုးမိုးခိုင်သည်လည်း သူ့စိတ်ကိုသူ မထိန်းနိုင်ပါလေတော့။

နီမာ ... နီမာဟု နှုတ်မှ ဗလုံးဗထွေးရွတ်ရင်း နီမာ၏ ကိုယ်လုံးလေးကို သူ၏လက်နှစ်ဖက်ဖြင့် မြွေကြီးလင်းမြွေပတ်သလို ရစ်ပတ်လိုက်သည်။ ပြီး လေးလေးမြင့်၏ တစ်ကိုယ်လုံးကို သူ့ရင်ခွင်ထဲသို့ ဆွဲယူထည့်ထားလိုက်ပါ၏။

လေးလေးမြင့်သည် ငြင်းရ၊ ဖယ်ရ၊ ရုန်းရမှန်း မသိတော့၊ အလိုက်သင့်ပါသွားကာ စိုးမိုးခိုင်၏လက်ဝဲရင်အုံရှိ တြိဂံအမည်းမှတ်တွင် မျက်နှာအပ်ထားမိတော့သည်။

ဒါပဲ ဖြစ်ပါ၏။

အချစ်ဆိုသည်မှာ ဒါပဲဖြစ်ပါ၏။ ဒီလိုပုံစံမျိုးလည်း ဖြစ်တတ်ပါ၏။ အချစ်ဆိုသည်မှာ နှလုံးသားရေးရာ။

"ချစ်ပါရစေ ... အသနားခံသော်လည်း ငြင်းပယ်တယ်"

ဆိုပြီး ဒူးထောက်တောင်းခံတိုင်းလည်း ချစ်ခြင်းမေတ္တာကို ရော့အင့်ဟု ပေး၍မရစကောင်း။ နှလုံးသားက မပါလေတော့ မပေးနိုင်၊ ဒါကိုပင် ဂုဏ်ကြီးသည်၊ မာနကြီးသည်ဟု အပြစ်တင်လိုလျှင်လည်း တင်လိုက်ပါတော့ မတတ်နိုင်ပါ။

ချစ်ခြင်းမေတ္တာသည် နှလုံးသားရေးရာ။

အိမ်ထောင်ဖက် ရွေးချယ်ခြင်းသည် ဦးနှောက်ရေးရာ။

ပဒုမမင်းသား၏ ကြင်ယာတော်သည် မင်းပြစ်မင်းဒဏ်သင့်ပြီး ဘာမျှလုပ်ကိုင်မစားနိုင်သော ပေါင်တိုကို ချစ်ခင်မိဖူးသည်၊ သနားကြင်နာဖူးသည်။ ဒါက နှလုံးသားရေးရာဖြစ်သည်။ နှလုံးသား၏ ချစ်ခြင်းမေတ္တာက လွှမ်းမိုးလာသောအခါ အမှားအမှန်ကို မဝေခွဲနိုင်အောင် မှုန်တော့သည်။



ယခုလည်း လေးလေးမြင့်နှင့် စိုးမိုးခိုင်တို့ မှုန်သွားကြလေပြီ။ နှလုံးသားတွင် ဖြစ်ပေါ်သော ချစ်ခြင်းမေတ္တာက သူတို့နှစ်ဦးစလုံးအား လွှမ်းမိုးလိုက်လေပြီ။

ငယ်ချစ်မှ ငယ်ချစ်အစစ်။

မိုးလင်းသည်နှင့် နီမာရေ ... အပါရေဆိုပြီး တပူးတွဲတွဲနေခဲ့လေသော ငယ်ချစ်၊ အသက်အရွယ် ငယ်လွန်းသေးသောကြောင့် လိင်စိတ်နှင့် ပတ်သက်ပြီး မပါဝင်ခဲ့စေကာမူ သိပ်ကိုနုနယ်သော သူတို့ကိုယ်စီ၏ နှလုံးသားထဲတွင် အပါကဆိုလျှင် နီမာဆိုမှ နီမာ။

"နီမာကဆိုလျှင် အပါဆိုမှ အပါ"ဟူ၍ ...။

ချစ်တတ်သော နှလုံးသားကိုယ်စီတွင် ကလေးဘဝကတည်းက ချစ်နေကြခဲ့သည်။

ယခု ... နီမာက အပါမှန်း သိလိုက်ရပြီ။

ယခု ... အပါက နီမာမှန်း သိလိုက်ရပြီ။

ဗိုနှင့်မ ဝါယာနှစ်ချောင်းသည် ပလတ်စတစ်အုပ်ခါ နှစ်ချောင်းပူးလိမ်ပြီး လိုအပ်သောနေရာ အရှည်အဝေးအထိ အခွန့်ရှင်စွာ ဆွဲခေါ်သွားသေမင့် ဝါယာတစ်ပင်၏ အတွင်းသား ကြေးနီချောင်းလေးများက ပလတ်စတစ်အုပ်ထားသောကြောင့် ပူးလိမ်နေစေကာမူ တစ်ဦးကိုတစ်ဦး မသိကြသေး။

ဗိုနှင့်မ ပလတ်စတစ်အတွင်းမှ ကြေးနီချောင်းလေးများ တစ်နေရာတွင် ထိတွေ့လိုက်သည်နှင့် ဖျတ်ခနဲ မီးအလင်းရောင်သည် ထွက်လာရမည်။ ဒါမှမဟုတ် တိုင်းပြည်ပျက်နိုင်လောက်သော ဗုံးပေါက်ကွဲမှုကြီး ဖြစ်လာရပေမည်။

ယခု ...

www.burmeseclassic.com

www.burmeseclassic.com



ဖိုနှင့်မ ကြေးနီကြိုးလေးကို ထိတွေ့လိုက်ပေပြီ အခွန့်ရှည်စွာ ပူးလိမ်ထားသော ဖိုနှင့်မတို့၏ လျှပ်စစ်တို့ထိတွေ့လိုက်ပေပြီ။

နီမာနှင့် အပါ တွေ့ကြလေပြီ။

"ချစ်သမျှကို မြင့်မိုရ်ရွှေတောင်လုံးသာပလေး"ဟု ဗိုက တွန်ကြူးပြီး မ,အပေါ်တွင် ချစ်ကြောင်းဖော်ပြနေစရာ မလိုပါ ဘဲလျက် တစ်ဦး၏ရင်ခွင်ထဲသို့ တစ်ဦးသည် အလိုလိုပင် နှလုံးသား၏ စေ့ဆော်ချက် မြှောက်ထိုးပင့်ကော် ပြုချက်ကြောင့် ဝင်မိလိုက်ကြသည်။

ငယ်ငယ်ထဲကချစ်သည်၊ ကိုယ်စီကိုယ်င နှသောနှလုံးသားထဲမှာကတည်းက နီမာ၏နှလုံးသားတွင် "အပါ"က ကမ္ပည်းထိုးထားပြီးသား မဟုတ်ပါလား။

အပါ၏နှလုံးသားတွင်လည်း "နီမာ"ဟု ကမ္ပည်းထိုးထားပြီးသား မဟုတ်ပါလား။

"နီမာ"

"အပါ"

"ကိုယ်တို့ရေ့လျှောက်ပြီး ဘာလုပ်ကြရမှာလဲ နီမာ"

"အဲဒါ နီမာ မသိဘူး အပါ၊ နီမာလေ အပါနဲ့ ကဝမှာ ကွဲသွားပြီးကတည်းက အပါ့ကိုပဲ ပြန်တွေ့ချင်နေတယ်၊ အပါနဲ့ နီမာမသေခင် တစ်နေ့နေ့မှာ တွေ့ဆုံဖို့ စိတ်တွေပဲ နီမာ့မှာ ရှိနေတယ်၊ ကြည့်စမ်း ... အခု အပါ့ကို နီမာ ပြန်တွေ့ရပြီ ဝမ်းသာလိုက်တာ၊ နီမာအခုကျတဲ့ မျက်ရည်တွေဟာ အပါ့ကို ပြန်တွေ့ရပြီး ဝမ်းသာလွန်းလို့ကျတဲ့ မျက်ရည်တွေပါ ... အပါ"



"ကိုယ်လည်း နီမာ့ကို တွေ့ချင်တာမှ အရမ်းကို တွေ့ချင်တာပါ၊ ထွန်းနေလင်းနဲ့ ပထမအခေါက် ဒီအိမ်ရောက်ပြီး လေးလေး ဆိုတဲ့ မိန်းကလေးရဲ့ပါးက ပါးချိုင့်လေးကို ငေးကြည့်မိပြီးတောင် နီမာ့ကို သတိရပါသေးတယ်"

"ဟုတ်တယ် အပါ၊ လေးလေးစိတ်ထဲမှာ ဗိုလ်စိုးမိုးခိုင် ဆိုတဲ့လူရဲ့ နှုတ်ခမ်းအနေအထားတွေ၊ ရယ်ပုံပြုံးပုံတွေနဲ့ မျက်ခုံးမျက်လုံးတွေကို တွေ့ပြီးတဲ့နောက် Instinct ဆိုတဲ့ အလိုလိုသိစိတ်က နှိုးဆော်သလားမသိဘူး၊ အဲဒီနေ့က အပါ့ကို သတိရမိတာပဲ၊ မော်တော်ကားရဲ့ နောက်ကြည့်မှန်ထဲမှာ ပေါ်နေတဲ့ ဗိုလ်စိုးမိုးခိုင်ကိုပဲ လေးလေး ကြည့်နေမိတယ်။ အဲဒီတုန်းက ဗိုလ်စိုးမိုးခိုင်က မှန်ကိုဆွဲဂျည့်ပြီး နေရာရွှေ့လိုက်တော့ လေးလေးစိတ်ထဲမှာ ဝမ်းနည်းသွားလိုက်တာလေ"

"အို ... နီမာရယ် ... လေးလေးရယ်"

အခန်း၀ စကြီလမ်း မတ်တတ်ကြီးမှာပင် ပွေ့ဖက်ထားမိကြသည်မှာ မည်မျှကြာသွားသည် မသိတော့။

"လေးလေးရေ အအေးမိသွားမယ်၊ အဝတ်အစားတွေ ဝတ်လိုက်ပါဦးလားကွယ်"

ဒေါ်လေးစော ပြောလိုက်သောအသံ ဖြစ်ပါ၏။ ဒေါ်လေးစောကိုတော့ မမြင်ရပေ။ ထမင်းစားခန်းမှ လှမ်းပြောသည်ပဲ ဖြစ်ချိမ့်မည်။ ဒေါ်လေးစောကတော့ လေးလေးမြင့်နှင့် ဗိုလ်စိုးမိုးခိုင်၏အဖြစ်ကို မြင်ပေလိမ့်မည်။ လေးလေးမြင့်အနေနှင့် ထဘီရင်လျားဖြင့် တွေ့ဆုံနေသည်ကို အမြင်မတော်သောကြောင့် လူကြီးပီသစွာ သတိပေးစကား လှမ်းပြောခြင်း ဖြစ်တန်ရာသည်။ ဒေါ်လေးစော၏ အသံကြားမှပင် စိုးမိုးခိုင်နှင့် လေးလေးမြင့်တို့ ခွာလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ ... အပါ့ကို မမျှော်လင့်ဘဲ တွေ့ရလို့ ဝမ်းသာပြီး မွှန်ထူသွားလိုက်တာ လေးလေး ဣန္ဒြေမရှိသလိုတောင် ဖြစ်သွားပြီ၊ အပါ အိမ်ရှေ့ဧည့်ခန်းက စောင့်နော်၊ လေးလေး အဝတ်အစားလဲပြီး ချက်ချင်းလာခဲ့မှာပါ ... နော်"

"အင်း"

ဗိုလ်စိုးမိုးခိုင်သည် လှေချင်းခွဲကာ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

"ဒီမယ်လေ ... အပါ"

စိုးမိုးခိုင် သမင်လည်ပြန် လှည့်ကြည့်ပြန်သည်။ လေးလေးမြင့်က ကြမ်းပေါ်မှ ဂျာကင်ကို ကောက်ယူကာ စိုးမိုးခိုင်ထံသို့ လာပေးရင်း ယခုမှ စိုးမိုးခိုင်တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ်လေး ကြည့်မိရင်း"

"အပါ့တစ်ကိုယ်လုံး ပေရေနေတာပဲ၊ မျက်နှာနဲ့ ဆံပင်မှာလည်း ရွှံ့ခြောက်တွေ ကပ်နေသလိုပဲ၊ အပါ ဘာဖြစ်လာတာလဲ ဟင်"

"အဝတ်လဲဦး နီမာ၊ နောက်ပြီးမှ ဧည့်ခန်းထဲမှာ အေးအေးဆေးဆေး စကားပြောရအောင်၊ ကိုယ်ဖြစ်ခဲ့ရတာတွေရော အခုဖြစ်ပျက်လာတာရော အားလုံး ပြောပြမယ် စိတ်ချ"

စိုးမိုးခိုင်သည် ဂျာကင်ကို တွဲလောင်းပင် ဆွဲလာသည်။ ဆိုဖာတစ်ခုတွင် ဂျာကင်ကိုတင်ထားပြီး ရုပ်အင်္ကျီကြယ်သီးများ ပြန်တပ်သည်။ အင်္ကျီအနားစများကို ဘောင်းဘီ ခါးပတ်မဖြုတ်ကြယ်သီးမဖြုတ်ဘဲ ဝမ်းဗိုက်ကိုရှုပ်ပြီး သွင်းထည့်လိုက်သည်။ ပြီးမှ ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ကျောမှီပေါ်တွင် ခေါင်းမှေးပြီး ယခု နီမာနှင့် ပြန်တွေ့ရသည့်အပိုင်းကို စဉ်းစားမိတော့သည်။



မိမိလက်ရှိ အခြေအနေသည် အညာသားငြိမ်းမောင် ဒူးရင်းသီးမှည့် စားမိသလို ဖြစ်နေပါ၏။

တစ်ကြိမ်က မိမိတပ်စုထဲတွင် တကယ့် အညာကျေးလက်တောရွာမှ စစ်ထဲဝင်လာသော ရဲဘော်တစ်ယောက်ဖြစ်သူ ငြိမ်းမောင်ဆိုသူကို ဗိုလ်စိုးမိုးခိုင် သတိရမိသည်။ အညာသား ငြိမ်းမောင်သည် ကြက်,ဝက်,ဆိတ်,အမဲ စသည်ကို သားချိတ်ထား၊ ဖွတ်သား, ပဒတ်သား, မြွေသားမကျန် အားလုံးစားဖူးသည်။

သို့သော် ရဲဘော်ငြိမ်းမောင်၏ တစ်သက်နှင့်တစ်ကိုယ် ဒူးရင်းသီးတစ်ခါမျှ မစားဘူးရှာပေ။ တပ်ထဲမှာဆိုသည်က လူစုံလှသည်။ အောက်သား မြေလတ်သား စသည်တို့လည်း အများအပြားပါဝင်ကြသည်။ လူများစုက လောကကြီးတွင် အရသာအရှိဆုံးအသီးသည် ဒူးရင်းသီးဖြစ်ကြောင်းနှင့် ဒူးရင်းသီးကိုကြိုက်နှစ်သက်ကြကြောင်း အမွှန်းစကားတွေ ဆိုကြသည်။

တပ်စိတ်၊ တစ်စု၊ တစ်ခွဲ စသည်ဖြင့် ရှေ့တန်းသို့ရောက်နေချိန်တွင် နယ်မြေအေးချမ်းပြီး တိုက်ပွဲတွေ မတိုက်ရသော နားချိန်တွင် ရဲဘော်အချင်းချင်း ဝိုင်းဖွဲ့ကာ ရောက်တတ်ရာရာ စကားလက်ဆုံကျတတ်သည်။ တစ်ခါတလေ ခင်သန်းနုတို့ ချိုပြုံးတို့ နွဲ့နွဲ့မူတို့ ကျော်ဟိန်းတို့ ဇော်ဝမ်းတို့ ကောလိပ်ဂျင်နေဝင်းတို့ စသည်ဖြင့်လည်း ပြောကြသည်။

တစ်ခါတစ်ရံကျတော့ မိမိတို့ ဘယ်လိုဘယ်ဝါ အစားကောင်း အသောက်ကောင်းတွေ စားဖူးခဲ့ကြောင်းလည်း အနိုင်ယူစကား အကြွားစကားတွေဖြင့် အချင်းချင်း ပြောကြသည်။ ငြင်းခုန်ကြသည်။ အနိုင်ယူတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်စကားပိုင်းဖြစ်ဖြစ် ရဲဘော်ငြိမ်းမောင်သည် အာဘောင် အာရင်းသန်စွာဖြင့် အနိုင်ယူလေ့ရှိသည်။ ရုပ်ရှင်မင်းသား မင်းသမီးအကြောင်းပြောလျှင်လည်း ရဲဘော်ငြိမ်းမောင် ဘယ်ဇာတ်ကားတွင် ဘယ်မင်းသမီးက ကောင်းသည်။ ဟိုဇာတ်ကားကျတော့လည်း ဘယ်မင်းသား သရုပ်ဆောင်သွားသည်မှာ ပရိသတ်ရင်ထဲတွင် ဘယ်လိုခံစားလိုက်သည် စသည်ဖြင့် ရဲဘော်ငြိမ်းမောင်က အကိုးအကားစုံလင်စွာဖြင့် ပြောတတ်သည်။ အချက်ကျကျတင်ပြတတ်သည်။ ထိုရောအခါ ကျန်သောရဲဘော်တွေမှာ ပါးစပ်အဟောင်းသားနှင့် ငြိမ်းမောင်၏ တင်စားချက်တွေကို ခေါင်းတညိတ်ညိတ် ဝန်ခံလိုက်ရသည်။ ရဲဘော်ငြိမ်းမောင် နိုင်သောပွဲပင်။

ရှေ့တန်းစစ်မျက်နှာ တိုက်ခိုက်ကြရာတွင်လည်း ရဲဘော်ငြိမ်းမောင်ကို မယှဉ်လေနှင့်။ သူသည် တပ်ရင်းအမျိုးမျိုးတွင် စစ်သက်တမ်းအရ မကြာခဏ ပြောင်းရွှေ့ဖူးသည်။ တပ်စိတ်တစ်ခွဲ တစ်စုတွင် အပြောင်းအလွဲဖြင့် ငြိမ်းမောင် လိုက်ရသည်မှာ အဆန်းမဟုတ်။ တစ်ခုတော့ ရှိသည်။ ငြိမ်းမောင်သည် တပ်မတော်တွင် သိပ်ကိုသစ္စာရှိသည်။ သူ အသေခံတိုက်ခဲ့သည့် တကယ့် ခဲရာခဲဆစ် တိုက်ပွဲတွေ မနည်းပါလေတော့။ သို့ဖြင့် သူ၏စစ်သက်တမ်း၊ သူ၏တိုက်ရည်ခိုက်ရည်တို့အရ သူ၏လက်မောင်းတွင် အရစ်နှစ်ရစ်အထိ သက်ဆိုင်ရာတွေက ရာထူးတက်ပေးခဲ့သည်။

သို့သော် ငြိမ်းမောင်လက်မှ အရစ်သည် ကြာကြာမခံ တစ်ရစ်ပြီးတစ်ရစ် ပြန်ပြုတ်ထွက်သွားသည်။ ငြိမ်းမောင်၏ဗိုက်လည်း ဆိုးသည်။ တစ်ရစ်လည်းမမက်၊ နှစ်ရစ်လည်းမမက်၊ အရာခံဗိုလ်လည်း မမက်၊ ဗိုလ်ဖြစ်ဖို့လည်း မမက်။



အဲ ... ငြိမ်းမောင်သည် ခဏခဏရမ်းပြီး ခဏခဏအရစ်ပြုတ်သည်။ နောက်ဆုံး ဗိုလ်စိုးမိုးခိုင် တပ်စုထဲ ရောက်လာသောအခါ၌ ရဲဘော်ရိုးရိုးအဆင့်သာ ရှိပါ၏။

ရဲဘော်ငြိမ်းမောင်ကလည်းကြေညာသည်။ "ငါ့သာဂျင်လည်း မဖြစ်ချင်ဘူးကွ။ ဗိုလ်လည်း မဖြစ်ချင်ဘူးကွ။ ရာထူးအဆင့်ကြီးလာလေ တာဝန်တွေရော စီမံခန့်ခွဲရတာတွေရော ရှုပ်ပွေနေတာပဲ။ ရဲဘော် ဆိုတာက အမိန့်နာခံပြီး တိုက်ဆိုတိုက်၊ မတိုက်နဲ့ဆိုရင် အိပ်လိုက်ရုံပဲ၊ ငါ့ပညာအရည်အချင်း ငါ့ဦးနှောက်နဲ့ တာဝန်ရှိတဲ့ အရစ်တွေ အပွင့်တွေ မလိုချင်ပါဘူးကွာ"

ထို့ကြောင့်လည်း ရဲဘော်ငြိမ်းမောင်သည် ယခုထက်တိုင် ရဲဘော်ငြိမ်းမောင်ပဲ ဖြစ်နေဝါ၏။

စစ်သက်ဝါရင့်သူပီပီ ရဲဘော်ငြိမ်းမောင်သည် သူ၏အတွေ့အခေါ် အယူအဆ သူ၏လက်တွေ့ကျင့်သုံးသော တိုက်ပွဲအမျိုးမျိုးတွင် သူသာလျှင် ရဲဘော်ချင်းအတူတူ၌ အနိုင်ယူသောစကားတွေ ပြောဆိုသွားနိုင်ခဲ့သည်။

အဲ ... ရဲဘော်ငြိမ်းမောင် တစ်ယောက် အများတကာက ဒူးရင်းသီးသာလျှင် အရသာအရှိဆုံး ပြောလာလျှင် ပါးစပ်အဟောင်းသားနှင့် နှုတ်ဆိတ်နေရရှာသည်။ သူ တစ်ခါမျှ ဒူးရင်းသီးမစားဘူးပဲကိုး။

တစ်နေ့သော် ဗိုလ်စိုးမိုးခိုင်ကိုယ်တိုင် တပ်ရင်းသို့ တာဝန်ဖြင့် ခေတ္တပြန်ရသည်။ Escort အစောင့်အဖြစ် ရဲဘော်ငြိမ်းမောင်ကိုလည်း ခေါ်ဆောင်သွားသည်။ တပ်ရင်းရှိရာမြို့တွင် တာဝန်ကိစ္စပြီး၍ အချိန်အားလည်းရသည်နှင့် ထိုမြို့ဈေးသို့ ဝင်ကြရာ ကြိုကြိုကြိုက်ကြိုက် ဒူးရင်းသီး ရောင်းနေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးလျှင် နှစ်ဆယ်ပင် ပေး၏။ ဗိုလ်စိုးမိုးခိုင်ကပင် တစ်လုံး ဝယ်ပြီး ရဲဘော်ငြိမ်းမောင်ကို ကျွေးသည်။ ပြီး ... ရှေ့တန်းပြန် လာခဲ့ကြသည်။

ရဲဘော်ငြိမ်းမောင်ကလည်း ရဲဘော်အချင်းချင်း စကားဝိုင်း တွင် မိမိလည်း ဒူးရင်းသီးစားဖူးကြောင်း ကြွားဝါပါလေတော့၏။

"ဟော့ ... ငါလည်း ဒူးရင်းသီး စားခဲ့ဖူးပါပြီကွ၊ ဒူးရင်းသီး ဟာ အဖိုးလည်းတန်တယ်၊ အနှစ်တွေကလည်း ပျစ်ခဲနေတာပဲ၊ မလိုင်ဖတ်ကြီးတွေ ကျနေတာပဲ၊ အရသာကျတော့ ချိုရုံမကဘူး ဆိမ့်အီသွားတာပဲ၊ ဒါပေမဲ့ကွာ ဒူးရင်းသီးဟာ အီးစော်နံလှတယ်" ဟူသတည်း။

ထိုရောအခါ အခြားရဲဘော်တွေ ရဲဘော်ငြိမ်းမောင်အား ကလော်ထုတ်ကြပါ၏။ မအေပေး၊ ခွေးသား၊ အညာသား ဒူးရင်း သီးဆိုတာ အီးစော်နံသတဲ့။ ထွီ ... တို့စားဖို့တောင် စိတ်ပျက်ရ မလို ဖြစ်သွားပြီ"ဟု ပြောကြသည်။

ယခုလည်း စိုးမိုးခိုင်၏ အခြေအနေမှာ ရဲဘော်ငြိမ်းမောင် ဒူးရင်းသီးကို ဓာတ်ခွဲပြသလို အခြေအနေ ဖြစ်နေပါ၏။ လေးလေး မြင့်သည် ငယ်ချစ်နီမာ ဖြစ်နေသည်။ သူမက နီမာ၊ မိမိက အပါ ဟု သိသည်နှင့် ချစ်စကားတစ်လုံးမဆိုဘဲ ကိုယ်စီကိုယ်င နှလုံး သားပေါက်ကွဲပြီး အတွင်းရှိ အပမဆောင်နိုင် တစ်ဦးကိုတစ်ဦး ချစ်လျက်ရှိကြောင်း အပွေ့အပိုက်ဖြင့် သက်သေထူလိုက်သည်။

အဖြစ်မှာ ပစ်ရမည်ကလည်း အဆီနှင့်ဝင်းဝင်း။ စားရမည် ကလည်း သဲနှင့်ရှပ်ရှပ် ဖြစ်နေသည်။

နီမာ၏ဖခင် ဦးသာအောင်သာ မိမိ၏မိဘများကို သတ် ဖြတ်သွားသူ ဖြစ်နေလျှင် ခက်သည်။



နောက်တစ်ချက် ရှိသေးသည်က လေးလေးမြင့်သည် ချစ် စွာသောသူငယ်ချင်း ရွှေကောက်တင်မြှောက်မည့် သတို့သမီး လောင်း ဖြစ်နေသည်။ ခက်ပါဘိခြင်း။

စိုးမိုးခိုင် ခြေဆန့် လက်ဆန့်ဖြင့် သက်ပြင်းကြီးတစ်လုံး ကို ပူးခနဲနေအောင် မှုတ်ထုတ်လိုက်မိသည်။

"အပါ ဘာဖြစ်နေလဲဟင်၊ အပါ့ကိုကြည့်ရတာ တစ်မျိုး ကြီးပဲ၊ လေးလေး အပါ့ကိုကြည့်နေတာ ကြာလှပြီ၊ အပါက မျက်ဖြူကြီးလှန်ပြီး တစ်နေရာတည်းကိုပဲ စိုက်ကြည့်နေတယ်။ နောက်ပြီး သက်ပြင်းကြီးချတယ် ဘာဖြစ်လို့လဲ အပါ"

လေးလေးမြင့် ပြောလေမှ စိုးမိုးခိုင်သည် ကမန်းကတန်း ဆိုဖာတွင် တည့်မတ်စွာ ပြန်ထိုင်လိုက်သည်။ မလေးလေးမြင့် ရှိရာသို့လည်း မျက်စိရောက်သွားသည်။

မိန်းကလေး၏သဘာဝမှာ ကိုယ့်ချစ်သူရှေ့တွင် လှသည် ထက် ပိုလှအောင် ပြုပြင်ပြီး ပြသခြင်းသည်မှာ ဓမ္မတာ။ လေး လေးမြင့်၏ နှုတ်ဝင်းဝါသော အသားတွင် မိတ်ကပ်ပါးပါးလေး ဝင် ဆောင်းထားသေးသည်။ နှုတ်ခမ်းကိုလည်း ပန်းနုရောင်ဖျော့ ဖျော့လေးပင် ဆိုးထားသေးသည်။ အဝတ်အထည် ဝတ်ဆင်ထား သည်မှာလည်း အိမ်နေရင်း ဝတ်ဆင်သော အဝတ်အစား ဆိုပေမင့် သစ်လွင်တောက်ပနေသည်။ ဘလောက်စ်အဝါနု တက်ထရွန်လေး ကို ထူထူထဲထဲ ဝတ်ထားပြီး အဝါပုပ် လေယာဉ်မောင်ထဘီကို ဝတ်ထားသည်။ ဆံကေသာကို နောက်တွဲတစ်ပတ်လျှိုထုံးထားပြီး မြင်းမြီးဖွာလံကျဲ အဖျားပိုင်းကို ပခုံးမှဝေ့တင်ပြီး ရင်ညွှန့်ပေါ်သို့ ဖုံးထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးခိုင်သည် လေးလေးမြင့်၏ ပကတိပင်ကိုအလှတွေကို ခဏငေးကြည့်ပြီး ထိုင်လျက်သားကပင် သူ၏လက်တံရှည်ကြီးတစ်ဖက် ကမ်းလိုက်သည်။ လေးလေးမြင့်ကလည်း အလိုက်သင့်ပင် ကမ်းလင့်သော စိုးမိုးခိုင်၏ လက်ဝါးထဲသို့ သူမ၏လက်ဝါးလေးတစ်ဖက်ကို ထည့်လိုက်သည်။ စိုးမိုးခိုင်က လေးလေးမြင့်၏ နူးညံ့သော လက်ဝါးလေးကို ဆုပ်ကိုင်ပြီး ညင်သာစွာပင် သူ၏သေား ဆိုဖာနေရာလွတ်တွင် ထိုင်ခိုင်းသည်။ လေးလေးမြင့်၏အငြင်းအဆန်နှင့် ဟန်လုပ်မှုမရှိဘဲ စိုးမိုးခိုင်၏ဘေးတွင် ဝင်ထိုင်လိုက်ပါ၏။

"ပြောစမ်း အပါ၊ အပါ ဘာတွေဖြစ်လာလဲ၊ တစ်ကိုယ်လုံးလည်း ရွှံ့တွေနဲ့ ပေကျံလို့၊ နောက်ပြီး အပါ့ကိုကြည့်ရတာ ရင်ထဲမှာ ပြဿနာတွေ ဖြစ်နေသလိုပဲ"

"ဟုတ်တယ် နီမာ၊ ကိုယ့်ရင်ထဲမှာ ပြဿနာတွေ ပလုံစီနေတယ်၊ ရင်ထဲက နားလည်ပြီးသားအတိုင်း စကားအဖြစ်ထုတ်ပြောရရင်တော့ နီမာ့ကို ငယ်ငယ်လေးတည်းက ချစ်ခဲ့တာပဲ။ အခု တွေ့တော့လည်း နီမာမှန်း သိတာနဲ့ အရမ်းချစ်မိပြန်ပါရော နီမာ၊ နှလုံးသားထဲမှာကိုက ငယ်ငယ်လေးတည်းက ချစ်လာခဲ့ရတဲ့ နီမာ့ကို ဘယ်လိုပုဂ္ဂိုလ်ကဖြစ်ဖြစ်၊ ဘယ်လိုအကြောင်းအရာတွေကဖြစ်ဖြစ် မချစ်ရဘူးလို့ တားမြစ်ပေမယ့် ကိုယ့်နှလုံးသားကနေကိုမနေနိုင်ဘူး၊ ဟောဒါ နီမာမှန်း သိတာနဲ့ ကိုယ်ကချစ်မှာပဲ။ အရမ်းချစ်မှာပဲ သိလား၊ နီမာ ... ကိုယ်ဟာ စစ်သားပါ၊ စကားတွေ သွယ်ဝိုက်ပြီး မပြောတတ်ဘူး၊ ရင်ထဲမှာရှိသလိုပဲ ပြောတတ်တယ်"



"အင်းလေ အပါ၊ လေးလေးကလည်း အပါနဲ့အတူတူပဲဟာ၊ ဗိုလ်စိုးမိုးခိုင်ကို အပါမှန်း သိတာနဲ့ လေးလေးရဲ့နှလုံးသားက နဂိုကရှာဖွေနေတဲ့ အပါကို တွေ့ပြီဟော့ဆိုပြီး အို ... ပြောရမှာရှက်စရာ အပါ၊ နို့မို့ရင်လား လေးလေးခန္ဓာကိုယ်ကို ဘယ်လိုလူမျိုးမှ လက်ဖျားနဲ့ အတို့မခံခဲ့သေးပါဘူး အပါ၊ အိုကွယ် ... မိန်းကလေးဆိုတော့ အပြောရခက်တယ်၊ လေးလေးနှလုံးသားဟာ အပါရဲ့နှလုံးသားက ဖြစ်ပေါ်လာတဲ့အတိုင်း ဝုန်းခနဲဖြစ်တာရော တစိမ့်စိမ့်ဖြစ်နေတာရော အတူတူပဲဆိုရင် အပါ သဘောပေါက်တော့ပေါ့၊ ဟုတ်လား"

"ကိုယ် သဘောပေါက်ပါတယ် နီမာ။ ဒါပေမဲ့ ကိုယ့်ရင်ထဲမှာ နီမာနဲ့ ပတ်သက်ပြီး မတင်မကျကိစ္စတွေ ရှိနေခဲ့တယ်၊ ဆယ့်ငါးနှစ်လုံးလုံး မတင်မကျ ဖြစ်ခဲ့ရတဲ့ ကိစ္စတွေပါ နီမာ"

"ပြောလေ အပါ၊ ဘာတွေ မတင်မကျ ဖြစ်တာလဲ"

"ကိုယ် မေးမယ် နီမာ၊ ဟိုလွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က ကိုယ်နဲ့ နီမာနဲ့ ကဝမှာ အတူတူနေခဲ့ရတဲ့ အကြောင်းကို နီမာ သတိပြန်ရနိုင်မလား"

လေးလေးမြင့်က တွေတွေလေး စဉ်းစားပါ၏။

"အဲဒီတုန်းက လေးလေးနဲ့ အပါ့ရဲ့အကြောင်းတွေ ဆိုရင်တော့ လေးလေး အကုန်အမှတ်ရတယ်၊ အပါနဲ့ ပတ်သက်တာဆိုရင် လေးလေး ဘာတစ်ခုမှ ခုချိန်ထိ မမေ့ခဲ့သေးဘူး၊ အပါနဲ့ အတူတူကစားခဲ့တာတွေ၊ သပြေသီးကောက်ခဲ့တာတွေ အပါတို့ရဲ့ အိမ်နောက်ဖေးက ဖုန်းဆိုးတောကြီးထဲမှာ တူတူပုန်းတမ်းကစားခဲ့တာတွေ၊ အို ... အပါရယ်၊ အပါနဲ့ ပတ်သက်တာမှန်သမျှ လေးလေးရင်ထဲမှာ အကုန် မှတ်လည်းမှတ်မိတယ်၊ ပွဲလမ်းပြီး

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျန်ခဲ့တယ်၊ အခု အပါက အဲဒီ ကလေးဘဝတုန်းက အကြောင်းတွေ ဘာပြန်မေးမလဲ၊ လေးလေး မှတ်မိပါတယ် အပါ၊ ကုန်ကုန်ပြောရရင် အပါက ဖုန်းဆိုးတောထဲဝင်သွားရင် ပျောက်သွားရော၊ လေးလေးက အပါကိုတွေ့အောင် ရှာမတတ်တော့ဘူး၊ အဲဒီအခါတုန်းက အပါကို ဖုန်းဆိုးတောထဲက ထွက်လာဖို့ အော်ပြောခဲ့တယ်၊ အဲဒီ အော်ပြောခဲ့တာတွေဟာ အခုဆိုရင် လေးလေးရဲ့ ကိုယ်ပိုင်သီချင်းလေးတောင် ဖြစ်နေပါတယ် အပါ၊ လေးလေး သိပ်အသက်ငယ်စဉ်ကတည်းက ဖုန်းဆိုးတောထဲ ဝင်သွားပြီး ချက်ချင်းထွက်မလာတဲ့ အပါကို ဒီသီချင်းလို စကားလုံးတွေနဲ့ ရှာဖွေခဲ့တယ်။ အဲဒီနောက်ကျတော့လည်း အပါကို သတိရတိုင်း ဒီသီချင်းကိုပဲ လေးလေး ဆိုနေကျပါ၊ လေးလေး ဘယ်လောက်ထိ ဒီသီချင်းကို ကိုယ့်ဟာကိုယ် အိမ်ထဲမှာ ဆိုမိသလဲဆိုရင် ဒေါ်လေးစောတောင် ဒီသီချင်းကို အလွတ်ရနေပါတယ် အပါ”

“ဟုတ်တယ် နီမာ၊ ဒီသီချင်းကို နီမာ ရေချိုးခန်းထဲမှာ ဆိုနေသံကြားလို့လည်း ကိုယ်ဟာ နီမာ့ကို နီမာမှန်း သေချာသွားတာပါ။ ကိုယ်ထပ်မေးဦးမယ် နီမာ၊ သေချာစဉ်းစားပြီးမှ နီမာ ဖြေနော်၊ ကိုယ်တို့အိမ်ကို ဓားပြတိုက်မယ့်ညက နီမာနဲ့ ကိုယ်နဲ့ဟာ ကစားရင်း ကိုယ်တို့အိမ်ကို ဒီညမှာ ဓားပြတိုက်လိမ့်မယ်လို့ နီမာပြောခဲ့တယ်၊ အဲဒီနီမာပြောခဲ့တဲ့ စကားကို မှတ်မိရဲ့လား နီမာ”

လေးလေးမြင့်သည် လွန်ခဲ့သော (၁၅)နှစ် မိမိ၏အသက် (၇)နှစ်သမီးက ကိစ္စတစ်ခုကို ပြန်စဉ်းစားသည့်နှယ် တစ်အောင့်ဖြစ်ခဏကြာအောင် စဉ်းစားနေပါသေးသည်။ ပြီးမှ ...



“ဟုတ်ပြီ အပါ၊ လေးလေး မှတ်မိသွားပြီ”

“ဒါဆိုရင် ကိုယ်တို့အိမ်ကို အဲဒီညကျရင် ဓားပြတိုက်မယ်မှန်း နီမာ ဘယ်လိုသိထားသလဲ၊ နီမာရဲ့ဖေဖေ ဦးသာအောင်တို့ ပြောစကားတွေကြားပြီး နီမာ သိခဲ့တာ မှုတ်ဖူးလား”

“ဟင့်အင်း”

“ဘယ်လိုဟင့်အင်းလဲ နီမာ၊ ဦးသာအောင်တို့ ပြောစကား မဟုတ်ရင် နီမာက ဘယ်လိုတင်ကြိုပြီး သိနေလဲ နီမာ”

“နေဦး အပါ၊ အခု နီမာ စဉ်းစားနေတယ်၊ အဲဒီနေ့က လေးလေးက အပါတို့အိမ်ရှေ့မှာ ရစ်သီ ... ရစ်သီလုပ်ပြီး အပါ ထွက်အလာကို စောင့်နေသေးတယ်၊ အပါက ထွက်မလာဘူး၊ အဲဒီတုန်းမှာ ငတူးရောက်လာတယ်”

“ငတူး ... ဘယ်ကငတူးလဲ နီမာ”

“ငတူးဆိုတာ ငတူးပေါ့ အပါ၊ အဲဒီတုန်းက လေးလေးက ကျောင်းမှာ နှစ်တန်း မှုတ်လား၊ အပါက လေးတန်းရောက်နေတော့ ငတူးကို အပါ မသိဘူး၊ ငတူးကလည်း လေးလေးနဲ့ အတန်းတူနှစ်တန်းကကောင်လေး။ လေးလေးက အပါထွက်အလာကို စောင့်နေတုန်း ငတူးက ရောက်လာတယ်၊ ငတူးက လေးလေးကို ပြောတယ်၊ မနေ့က မိုးရွာထားလို့တဲ့ အစိုးရဆန်ဂိုဒေါင်ပျက်ကြီးဘေးမှာ ရေစီးချောင်းက ပိုက်ဆံတွေပေါ်လာတယ်တဲ့၊ အဲဒါ သူသွားရှာပြီး ကောက်မလို့တဲ့၊ နင်လည်း လိုက်ခဲ့ပါလားဆိုတာနဲ့ အပါကိုမစောင့်တော့ဘဲ လေးလေး ငတူးနဲ့အတူတူ လိုက်သွားတယ် အပါ၊ ဟိုကျတော့ ရေစီးချောင်းမှာ ပိုက်ဆံရှာကြရင်း ငတူးက ပြောတယ်၊ ဒီည အပါတို့အိမ်မှာ ဓားပြတိုက်လိမ့်မယ်၊ ဓားပြဆိုတာ သိပ်ကြောက်စရာ ကောင်းတာတဲ့၊ ဓားပြဆိုတာ

www.burmeseclassic.com



မျက်နှာကို အိုးမဲတွေ ထုံးတွေ သုတ်ထားတာတဲ့၊ သရဲခြောက်သလို သူတို့က အိမ်ပေါ်ကို တိတ်တိတ်လေး ရောက်လာကြတာတဲ့”

“ဟုတ်ပြီ … နီမာ၊ အဲဒီ တွေးဆိုတာ ဘယ်သူ့သားလဲ၊ သူ့မိဘတွေက ဘယ်သူတွေလဲ”

“အဲဒါကို လေးလေးလည်း ဘယ်မှာသိပါ့မလဲ အပါ၊ တွေးဆိုတာ တွေးလို့ပဲ လေးလေး သိခဲ့တာပေါ့၊ တွေးပြောတဲ့စကားအတိုင်း အပါတို့အိမ်ကိုဝင်ပြီး အဲဒီညက ဓားပြတိုက်တယ်၊ လေးလေးရဲ့ဖေဖေတို့က အပါတို့အိမ် ဓားပြတိုက်ခံရတာကို လူကြီးတွေ ပြောနေတုန်း လေးလေးကလည်း ဝင်ပြောမိတယ်၊ တွေးက ဒီအိမ်ကို ဒီညမှာ ဓားပြတိုက်လိမ့်မယ်လို့ ပြောတဲ့အကြောင်းလည်း ပြောမိရော လေးလေးဖေဖေက မိုးလင်းတာနဲ့ လေးလေးကိုခေါ်ပြီး ပဲခူးဟိုဘက် သနပ်ပင်မြို့ကို ပို့ထားလိုက်တာပဲ အပါ၊ နောက်တော့ ဖေဖေတို့ကိုယ်တိုင် တစ်အိမ်သားလုံး ကဝအိမ်ကိုရောင်းပြီး သနပ်ပင်မှာ အိမ်ဝယ်လိုက်တယ်”

ရှင်းပါပြီ။ ဖေဖေတို့ကိစ္စတွင် နီမာ၏မိဘများ ပယောဂမပါကြောင်း ရှင်းပါလေပြီ။

သို့သော် … တွေးဆိုသည်မှာ မည်သူနည်း။

တွေး၏မိဘများ အကြံအစည်ဖြင့် ဖေဖေ၊ မေမေနှင့် ဦးလေးသာဆန်းကို သတ်သွားခြင်း ဖြစ်ရမည်။ ထိုစဉ်က ကလေးအချင်းချင်းသာ တစ်ယောက်ကိုတစ်ယောက် သိကြပေမင့် ကလေး၏မိဘများကို ကလေးတွေက အမည်နာမဖြင့် မသိနိုင်ရှာ။ သို့တစေ ကလေး၏မိဘလူကြီးတွေကတော့ ကလေးတွေ၏နာမည်ကို လူကြီးချင်းပတ်သက်ပြီး ဦးဉာဏ်ထိန်၏သားသည် အပါ။



ဦးသာအောင်၏ သမီးသည် နီမာ စသည်ဖြင့် သိနေကြပေမည်။ ထို့ကြောင့် ဓားပြခေါင်းဆောင်သည် အပါ၏အမည်ကို သိထားလေသည်။

အလားတူပင် နီမာ၏ဖခင် ဦးသာအောင်ကလည်း တွေး၏ဖေဖေ ဆိုသည်မှာ မည်သူမည်ဝါမှန်း သိနှင့်ထားပေမည်။ ထို့ကြောင့်လည်း တွေး၏ပေါက်ကြားစကားအရ သမီးလေးနီမာနှင့် မိမိတို့မိသားစု၏ တွေး၏ဖခင်က အန္တရာယ်ပေးမည်စိုးသောကြောင့် ပထမဦးစွာ နီမာအား ဆွေမျိုးများရှိရာ သနပ်ပင်သို့ပို့ထားခြင်း ဖြစ်တန်ရာသည်။

စိုးမိုးခိုင်အနေနှင့် တွေးဆိုသော ကောင်လေး၏ မိဘမျိုးရိုးအစဉ်အဆက်ကို နောက်တစ်ဆင့် လိုက်လံစုံစမ်းရဦးမည်သာ ဖြစ်ပါ၏။

ဘာပဲပြောပြော ဤကိစ္စတွင် နီမာ၏မိဘများ၏ပယောဂ မပါလေသောကြောင့် စိုးမိုးခိုင် ဝမ်းသာသွားရပါ၏။ ယခုအတိုင်း ဆိုလျှင် နီမာ၏ဖခင် ဦးသာအောင် ကိုယ်တိုင် ဖေဖေ မေမေနှင့် ဦးလေးသာဆန်းတို့အား ဓားပြများ သတ်သွားမှုတွင် ဘယ်သူဘယ်ဝါဟု သိရှိနေပြီး တွေးမှတစ်ဆင့် သမီးနီမာ သိရှိလာသောအကြောင်းကိုထောက်ကာ နီမာကို ချက်ချင်း တခြားသို့ပို့ပစ်သည်။

သူတို့ကိုယ်တိုင်လည်း သနပ်ပင်သို့ ရွှေ့ပြောင်းပြေးမှန်း သေချာပါတော့၏။

“အခု နီမာရဲ့ဖေဖေဦးသာအောင်နဲ့ မိသားစုကော သနပ်ပင်မှာပဲလားဟင်၊ ကိုယ်တို့ နီမာရဲ့ဖေဖေဦးသာအောင်ကို သွားတွေ့ကြစို့လား”

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရော မေမေရော ဆုံးသွားကြပြီ အပါ၊ လေးလေး စက်မှုတက္ကသိုလ်ရောက်တဲ့ ဒုတိယနှစ်မှာ ဖေဖေဆုံးခဲ့တယ်။ စတုတ္ထနှစ်မှာ မေမေ ဆုံးခဲ့တယ်၊ လေးလေးကို ဖေဖေရဲ့ညီမက ကျောင်းဆက်ထားတယ်၊ လေးလေး R.I.T က ဗိသုကာအတတ်ပညာနဲ့ ဘွဲ့ရပြီး ရန်ကုန်မှာလာပြီး အလုပ်,လုပ်နေတာ၊ ခုထက်ထိပဲ၊ ဒေါ်လေးစောကတော့ ဖေဖေနဲ့ နှစ်ဝမ်းကွဲတော်တဲ့ မောင်နှမပါ၊ လေးလေးနဲ့ဆိုတော့ သုံးဝမ်းကွဲအဒေါ်ပေါ့၊ လေးလေး ဆောက်လုပ်ရေးရုံးမှာ အလုပ်ရပြီးတဲ့နောက် သနပ်ပင်ကအိမ်ကို ရောင်းပစ်ပြီး ဒီအလုံဌာနလမ်းက အခုအိမ်လေးကိုဝယ်ပြီး ဒေါ်လေးစောနဲ့အတူတူ နေခဲ့တာပဲ အပါ"

"ဒါဆိုလည်း ကိုယ့်အနေနဲ့ တွေးကို ခြေရာခံရမှာပေါ့၊ တွေးကို ခြေရာခံမိတာနဲ့ အဖြစ်အပျက်အမှန်တွေ ဖြစ်ပေါ်လာရမှာပဲ"

"အဲဒီ အဖြစ်မှန်တွေဆိုတာ အပါ ဘာကိုရည်ညွှန်းပြောနေတာလဲ အပါ"

စိုးမိုးခိုင်က ဖြစ်ကြောင်းကုန်စင်ကို ဇာတ်လှန်ဇာတ်လှောသဘောဖြင့် လွန်ခဲ့သော(၁၅)နှစ်ခန့်က ကိစ္စမှစပြီး ယခုနောက်ဆုံးရောက်ရှိနေသော အခြေအနေကို ပြောပြလိုက်ပေသည်။

ပထမတစ်ခေါက်က ပေတလူနှင့် ဦးလေးဖြိုင် ခံလိုက်ရသောကိစ္စ။ ယင်း ပထမတစ်ခေါက်ကပင် ဖုန်းဆိုးတောထဲမှ L.L.M ဟု အတိုကောက် ထိုးထားသော လေးလေးမြင့်၏လက်ကိုင်ပဝါတွေ့လာသည့်ကိစ္စ။

ထိုမှတစ်ဆင့် ယခုအခေါက်တွင် မိမိကို ယနေ့ပင် လုပ်ကြံခံရသည့်ကိစ္စ။ ထိုအခါကျမှ ဂျာကင်အိတ်ထဲတွင် ထည့်ထားခဲ့သော L.L.M လက်ကိုင်ပဝါ ပြန်ပေါ်လာသောကိစ္စ။ ယခု ဤအိမ်ရောက်သောအခါ နီမာ ငယ်ငယ်က ဖုန်းဆိုးတောထဲတွင် အပါ့ကိုရှာဖွေရင်း နီမာ အော်ဟစ်ခဲ့သည့်ကိစ္စကို အကြောင်းပြုပြီး နီမာ ဖြစ်မှန်းသိသောကိစ္စတို့ကို စိုးမိုးခိုင်က မနားမနေပင် ဆက်တိုက်ကြီး ရှင်းပြလိုက်ပါ၏။

"ဒါဆိုရင်း အပါ၊ အပါ ငယ်ငယ်ကတည်းက သံသယဖြစ်ခဲ့တဲ့ လေးလေးရဲ့ဖေဖေ့အပေါ်မှာ သံသယကင်းပြီပေါ့ ဟုတ်လား"

"ကင်းသွားပါပြီ နီမာ၊ ဒါပေမဲ့ တွေးဆိုတဲ့လူနဲ့ သူ့မိဘကိုတော့ ကိုယ် ခြေရာကောက်ရမှာပေါ့"

"ဓါဆို ပြီးရော၊ လေးလေးအပေါ်မှာ သံသယတွေ မရှိဘူးဆိုရင် ပြီးရောပဲ၊ ကျန်တဲ့အပိုင်းက အပါ့ဘာသာ ဆက်လုပ်တဲ့အပိုင်း မဟုတ်လား အပါ"

"ဟုတ်တော့ ဟုတ်ပါတယ် နီမာ၊ ဒါပေမဲ့"

စိုးမိုးခိုင်သည် ဒါပေမဲ့တွင် စကားထစ်နေသည်။ ဆက်၍ မပြောသာဘဲ ဖြစ်နေသည်။

"ဒါပေမဲ့ ဘာဖြစ်လဲ အပါ၊ ဆက်ပြောလေ"

"ဩော် ... နီမာဆိုတဲ့ မိန်းကလေးဟာ အခုလတ်တလော အခြေအနေမှာ ကိုယ်သိပ်ခင်တဲ့ သူငယ်ချင်း ထွန်းနေလင်းရဲ့ သတို့သမီးလောင်း လေးလေးမြင့် ဖြစ်နေသေးတာကိုပါ ကိုယ်က ထည့်တွက်လို့ပါ နီမာ"

"ဘာဆိုင်လဲ"ဟု လေးလေးမြင့်သည် နှုတ်မှထွက်သွားစေကာမူ ပြောပြီးသည်နှင့် ငိုင်သွားပါ၏။

တွေဝေသွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပင် ဒေါ်လေးစောအ၏အသံ ထွက်လာပြန်သည်။ လူကိုယ်တိုင် ထွက်လာခြင်းတော့ မဟုတ်ပါပေ။

"လေးလေးရေ ... ထမင်းပွဲ အသင့်ပဲနော်၊ ဒေါ်လေးစော ဥပုသ်ယူထားတယ်၊ ထမင်းပွဲမှာ နှစ်ယောက်စာ ပြင်ထားတယ်နော်"

"ဟုတ်ကဲ့ပါ ဒေါ်လေးစော"

လေးလေးမြင့်က စိုးမိုးခိုင်ကို လှမ်းကြည့်သည်။

"ဒီလိုလုပ်စို့ အပါ၊ အပါ့တစ်ကိုယ်လုံး ပေရေနေတာပဲ၊ အပါ ရေချိုးလိုက်လေ"

"ဟာ ... ဘယ်ဖြစ်မလဲ နီမာ၊ ကိုယ့်မှာ အဝတ်အစား အပိုမှ မပါတာ"

"အဲဒါတော့ ဒုက္ခပဲ၊ လေးလေးတို့အိမ်မှာ ယောကျ်ားအသုံး အဆောင်ဆိုရင် ဘာမှမရှိဘူး၊ ဪ ... ဪ ... နေဦး အပါ၊ အိမ်မှာ ဖေဖေ့ဝတ်စုံတစ်ချို့ လေးလေး အမှတ်တရ သိမ်းထားတာရှိတယ်၊ ကွယ်လွန်သွားသူရဲ့အဝတ်မို့ အပါ အယူသီးပြီး မဝတ်ရင်တော့ မပြောတတ်ဘူးလေ"

"ကိုယ် ဘာအယူမှ မသီးပါဘူး၊ နီမာ ကိုယ်တိုင် ကိုယ့်ဖေဖေပစ္စည်းဆိုပြီး အမြတ်တနိုးထားတာမို့ ကိုယ့်ကိုပေးဝတ်တာတောင် ကျေးဇူးတင်ရဦးမှာပါ"

"ဒါဆိုရင် ထတော့၊ ရေမိုးချိုး အပါ၊ ပြီးရင် ထမင်းစားကြမယ်၊ ထမင်းစားရင်း လေးလေးက အပါ့ကို ပြောစရာရှိတာတွေ ပြောပြမယ်၊ မိန်းမသားမို့ လေးလေးအဖို့ ပြောရခက်တဲ့စကားတွေမျိုးတော့ ဖြစ်မယ် အပါ၊ ဒါပေမဲ့ အပါ့ကိုတော့ လေးလေး ပြောပါ့မယ်"



ဗိုလ်စိုးမိုးခိုင်သည် မငြင်းပါလေ၊ နေရာမှထသည်။ သူ၏ ရှပ်အင်္ကျီကို ချွတ်သည်။

လေးလေးမြင့် သွက်လက်စွာ ထွက်ခွာသွားပြီး တအောင့်အတွင်းမှာပင် ယောကျ်ားလုံချည်နှစ်ထည် ယူလာသည်။

"ရော့ အပါ၊ ဒါက ဝတ်ပြီးချိုးဖို့ ချိုးပြီးရင် ဟောဒါကို ခဏလဲလိုက်ပေါ့နော်"

စိုးမိုးခိုင် ရေချိုးခန်းထဲ ဝင်သည်အထိ လေးလေးမြင့်က ရေချိုးခန်းတံခါးဝအထိ လိုက်ပို့သည်။ ရေချိုးခန်းတံခါးပိတ်ပြီးမှ လေးလေးမြင့် ပြန်ထွက်သွားသည်။

အမှန်တော့ ရေချိုးခန်းမှာ လုံလုံလဲလဲ ရှိပါ၏။ သန့်သန့်ပြန့်ပြန့်ပြန့် ရှိရုံမက ကာဘော်လစ်ဆီနံ့လေးများ သင်းနေသည်။ ရေလောင်းအိမ်သာနှင့် တွဲထားသည်။ အိမ်သာကြွေခွက်မှာလည်း ဖြူဆွတ်သန့်စင်လျက်ရှိသည်။

နီမာရော ဒေါ်လေးစောရော အလွန်ပင် အနေအထိုင် သန့်ပြန့်ကြောင်း စိုးမိုးခိုင် သတိထားမိသည်။

တကယ်တော့ တပ်ထဲမှာ လူပျိုလိုင်းတွင် စိုးမိုးခိုင် ရေချိုးလျှင် (ပြောရစေတော့) ဘာရေလဲမှမပါဘဲ ချိုးပစ်လိုက်သည်။ ရေချိုးခန်းကလည်း လုံသည်။ နေရသည်ကလည်း လူပျိုယောကျ်ားသား အရာရှိတွေချည်း ဖြစ်သည်။

ဒီလိုရေချိုးရမှလည်း အားရပါးရရှိသည်။ သို့သော် ယခု ရောက်ရှိနေသော နေရာက ဒေါ်လေးစောနှင့် နီမာ နှစ်ဦးမိန်းမသားတွေနေသော အိမ်၏ရေချိုးခန်း ဖြစ်နေသည်။

လေးလေးမြင့် ပေးလိုက်သည့်အတိုင်း ပထမလုံချည်ကို ဆောင်းဘီချွတ်ပြီး လဲလှယ်သည်။ လုံချည်မှ သင်းနေသော

www.burmeseclassic.com

www.burmeseclassic.com



ပရုတ်နံ့လေး ထွက်လာသည်။ ဩော် ... နီမာသည် အမြတ်တနိုး သိမ်းဆည်းထားသော ဖခင်၏အဝတ်အစားများကို မိမိအားထုတ်ပေးရှာလေပါလားဟု စိုးမိုးခိုင်၏ ရင်ထဲတွင် တစ်မျိုးတစ်မည်ခံစားလိုက်ရပြန်ပါ၏။

နီမာ့အလိုကျပင် ပထမလုံချည်ကို ရေလဲလုပ်သည်။ စည်ပိုင်းထဲမှရေတွေကို တဗွမ်းဗွမ်းခပ်ပြီး ချိုးရုံမက ဦးခေါင်းတစ်ခုလုံး ရာဝါရေပန်းအောက်ထိုးခံကာ ဆပ်ပြာဖြင့် ခေါင်းလျှော်ပစ်လိုက်သေးသည်။

စိုးမိုးခိုင်၏အကျင့်မှာ ရေချိုးလျှင် တစ်ကိုယ်လုံး ရင်ထဲဝမ်းထဲအထိ အအေးဓာတ်ဝင်ပြီး စိမ့်အေးသွားမှလေမှ ကျေနပ်တတ်သည်။ နောက်ပြီး ရေချိုးတိုင်း ခေါင်းကိုလောင်းချိုးသည်။ ဆပ်ပြာဖြင့် ခေါင်းလျှော်လေ့ရှိသည်။

မိနစ်လေးဆယ်ခန့်ပင် ကြာသည်ထင်၏။

ကျေနပ်အားရအောင် ရေချိုးပြီးမှ စိုးမိုးခိုင်သည် နောက်လုံချည်တစ်ထည်ကို လဲသည်။ ရေလဲလုံချည်ကိုချွတ်ပြီး လိမ်ညှစ်ခါ ရေချိုးခန်းတန်းတစ်ခုတွင် လှမ်းလိုက်သည်။ နောက်ထပ်လဲသောလုံချည်မှာလည်း ပရုတ်နံ့တသင်းသင်းပင်။ သို့သော် ကိုယ်တွင်ကပ်နေသော ရေသီးရေပေါက်များကြောင့် လုံချည်မှာ ရေစိုရေကပ် ဖြစ်သွားပြန်သည်။

ရေချိုးပြီး လုံချည်လဲပြီး ရေချိုးခန်းတံခါး ဖွင့်လိုက်သည်နှင့် ...

"အဲဗျာ ... နီမာ စောင့်နေတယ် ဟုတ်လား"

"စောင့်နေတာပေါ့ အပါ၊ အပါ ရေချိုးတာကလည်း တကတဲ ကြာလိုက်တာ"



"ဟုတ်တယ် နီမာ၊ ကိုယ်တို့ဘဝက တစ်နေ့လုံး ပင်ပန်းခဲ့ရတဲ့ အလုပ်တွေကိုချည်း လုပ်ရတဲ့ စစ်သားဘဝ မှုတ်လား။ တစ်ခါတလေ အဲဒီလိုရေချိုးဖို့ အချိန်မရလို့ လေးငါးဆယ်ရက်အထိ ယူနီဖောင်းဝတ်စုံနဲ့ နေခဲ့ရတာတွေ အများကြီးပါ၊ ဒီတော့လည်း ရေချိုးခွင့်ရတာနဲ့ အားရပါးရ ချိုးပစ်တဲ့အကျင့် ပါနေတယ်"

"အင်းပါ ... ရော့၊ မျက်နှာသုတ်ပဝါ သုတ်လိုက်ဦး၊ တော်ကြာ အအေးမိပြီး ဖျားသွားလို့ ဟုတ်ပေ့ ဖြစ်နေဦးမယ် အပါ"

လေးလေးမြင့်ပေးသော မွေးပွမျက်နှာသုတ်ပဝါကြီးမှာ အဝါရောင်ပင် ဖြစ်ပါ၏။ စောစောက လေးလေးမြင့်ပခုံးတွင် လွှမ်းခဲ့သော မျက်နှာသုတ်ပဝါပင် ဖြစ်ပါ၏။ လေးလေးမြင့်ပေးသော မျက်နှာသုတ်ပဝါကို စိုးမိုးခိုင်က လိုလိုလားလားပင် လက်ခံယူကာ တစ်ကိုယ်လုံး မသုတ်သေးမီ အားရပါးရကြီးပင် မျက်နှာသုတ်ပဝါကို လုံးထွေးပြီး ရှူရှိုက်လိုက်သည်။

"ဒါက ဘာဖြစ်နေတာလဲ အပါ"

"မျက်နှာသုတ်ပဝါကို နမ်းကြည့်နေတာလေ"

"ကြည့် ... ဘာမှန်းလဲ မသိဘူး၊ ဒီမျက်နှာသုတ်ပဝါကို နမ်းနေတော့ကော ဘာထူးမှာလဲ၊ လေးကအအေးမိမှာစိုးလို့ လွယ်လွယ်ကူကူ ဒီမျက်နှာသုတ်ပဝါကိုပဲ ယူပြီးပေးမိတာ"

"ဘာဟုတ်မလဲ နီမာ၊ ဒီမျက်နှာသုတ်ပဝါဟာ နီမာရဲ့ မျက်နှာသုတ်ပဝါပဲဟာ၊ နီမာ ခုနတုန်းက ခြုံပြီးထွက်လာတဲ့ မျက်နှာသုတ်ပဝါ မှုတ်လား၊ ဒီမျက်နှာသုတ်ပဝါထဲမှာ နီမာ့ရဲ့ ကိုယ်နံ့လေးတွေ ပါနေမှာ သေချာတယ်၊ ဒါကြောင့် ကိုယ်က နီမာ့ရဲ့ကိုယ်နံ့လေးကို ဒီမျက်နှာသုတ်ပဝါမှာ ရှာကြည့်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့် ... ဘာမှန်းလဲ မသိဘူး၊ အပါပြောတာတွေကို လေးလေး ရှက်တယ် အပါ"

လေးလေးမြင့်က စိုးမိုးခိုင်ကို မျက်စောင်းထိုးပါ၏။ မျက်စောင်းထိုးစေကာမူ နှုတ်ကလေးမှာ ပြုံးနေပြီး ပါးချိုင့်လေးခွက်ဝင်နေသည်။

"ရော့ ... ပြီးရင် ဒီလုံချည် ထပ်လဲလိုက်နော်၊ အခုဝတ်ထားတဲ့လုံချည်က ရေစိုသွားပြီ၊ အအေးမိနေဦးမယ် အပါ"

"လွှန်လုံချည်လား နီမာ၊ ရေတစ်ခါချိုးရင် လုံချည်သုံးထည်တောင် လဲရသတဲ့လား"

"ကဲပါ ... လေးလေး အခန်းထဲက မှန်တင်ခုံပေါ်မှာ စွပ်ကျယ်လည်း တင်ထားတယ်၊ အဲဒီအပေါ်မှာ ဘော်ဒီပေါင်ဒါရှိတယ်။ ခေါင်းလိမ်းဆီတော့ မရှိဘူး၊ လေးလေးက အုန်းဆီပဲသုံးတာမို့ အုန်းဆီပဲရှိတယ်၊ အဝတ်အစားလဲပြီးရင် ထမင်းစားခန်းကို လာခဲ့ အပါ၊ လေးလေး ဒီကစောင့်နေမယ်"

လေးလေးမြင့်သည် စောင့်ထိန်းနိုင်သော မိန်းကလေးဖြစ်ကြောင်း ထင်ရှားပါ၏။ သူမ၏အိပ်ခန်းထဲသို့ စိုးမိုးခိုင်အား လွှတ်ပြီး မှန်တင်ခုံတွင် ပြုပြင်ဝတ်စားစေသော်လည်း သူမကိုယ်တိုင် မလိုက်လာပါလေတော့ စောစောက ရေချိုးခန်းရှေ့တွင် မျက်နှာသုတ်ပဝါခြုံ၍ ထဘီရင်လျားနှင့် ထွက်လာစဉ်က ဖြန်းခနဲ အပါမှန်းသိရပြီး နှလုံးသားပေါက်ကွဲမှုကြောင့် မထိန်းသိမ်းနိုင်ဘဲ ဖက်လှဲတကင်း ဖြစ်သွားစေကာမူ ယခုတော့ သူမကိုယ်ကို တည်တည်ငြိမ်ငြိမ်လေး ထိန်းသိမ်းနိုင်စွမ်း ရှိနေပါ၏။

ပရုတ်နံ့သင်းသော လက်ဇကာစွပ်ကျယ်နှင့် ချည်ချောလုံချည်ခြောက်ခြောက်သွေ့သွေ့ကို စိုးမိုးခိုင် ဝတ်ဆင်သည်။ ဦးခေါင်း



ဆံပင်ကို မျက်နှာသုတ်ပဝါဖြင့် ပွတ်တိုက်ပြီး အုန်းဆီထည့်သည်။ ခေါင်းဖြီးသည်။ ဘော်ဒီပေါင်ဒါကို စွပ်ကျယ်လည်ပင်းပေါက်မှ ရင်ဘတ်သို့ လောင်းချပြီး ချိုင်းနှစ်ဖက်ပွတ်ကာ လက်ဝါးနှစ်ဖက်တွင်ကပ်နေသော ပေါင်ဒါမှုန့်များအား လက်ခုပ်တီးသလို တီးခတ်ရိုက်ထုတ်ပြီးမှ ထမင်းစားခန်းသို့ ဝင်လာခဲ့သည်။

"လာ ... အပါ၊ ရွှေစင့်မွေးနေ့ပွဲတုန်းက အစားပုပ်သလို တအားစားနော်၊ ဒါမှ လေးလေး ကျေနပ်မှာ"

နှစ်ဦးသား ထမင်းစားပွဲတွင် ထိုင်ကြသည်။ ထမင်းဝိုင်းမှာ စားချင့်စဖွယ်လေး ဖြစ်ပါ၏။ ဝက်သားကို ဆီရောင်ဝါဝါလေးဖြင့် ပြုတ်ကြော်လုပ်ထားသည်။ ငါးရွှငါးပိကောင် တုံးတစ်ခါ ငရုတ်သီးဖြင့် ဆီအင့်အင့်လေး ကြော်ထားသည်။ ဘူးရွက်အညွန့်ကလေးများကို အရည်ကျဲဟင်းချိုချက်ခါ ငရုတ်ကောင်းနံ့လေးများ သင်းနေစေသည်။ ငါးပိရေချိုထဲတွင် ကြက်သွန်ဖြူနှင့် ချင်းထောင်းထည့်ထားသည်။ တို့စရာမှာ ဟင်းဂလာချဉ်ပတ်ဖြစ်ပါ၏။

"ကဲ ... ကိုယ်စားပြီ နီမာ၊ ဒီထမင်းစားပွဲဟာ မြေခွေးနဲ့ ငှက်ကျား ဖိတ်တာမျိုးမှ မဟုတ်တာ၊ ကိုယ် အားရပါးရ စားတော့မယ်၊ ဩော် ... ထမင်းလောက်ပါ့မလား နီမာ၊ စောစောက ဒေါ်လေးစော ပြောသွားပါတယ်၊ သူ ဥပုသ်ယူထားသတဲ့၊ ဒါဆိုရင် လေးလေးတစ်ယောက်စာ စားဖို့ချက်တဲ့ထမင်း ဖြစ်နေမလား"

"ဟိုမှာကြည့်ပါ အပါ"

လေးလေးမြင့်က မီးဖိုခုံပေါ်ရှိ ရေနံဆီမီးဖိုလေးကို ညွှန်ပြသည်။ မီးဖိုပေါ်တွင် ဒန်အိုးတစ်လုံး တည်ထားလျက်သားရှိသည်ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အပါ ရေချိုးခန်း ဝင်ကတည်းက လေးလေး နောက်ထပ် ဆန်နို့ဆီဘူးနှစ်လုံး တည်ထားပါတယ်၊ အပါ အစားပုပ်မှန်းသိလို့၊ အပါ ရေချိုးတာ အကြာကြီးပဲဟာ၊ အဲဒီထမင်းအိုး နပ်သွားပြီပေါ့၊ ဝအောင်စားပေတော့ အပါ”

စိုးမိုးခိုင်သည် စတင်စားပေတော့သည်။ ဆာလည်း ဆာနေပြီ ဖြစ်ပါ၏။ ကဝမှာကတည်းက ဘာတစ်ခုမှ မစားမသောက်ရသေးဘဲကိုး။ လေးလေးမြင့်ကလည်း အတူပင် ဝင်စားသည်။ သို့သော် လေးလေးမြင့်မှာ စိုးမိုးခိုင်၏ပန်းကန်ထဲသို့ ဝက်သားဟင်း ထည့်ပေးရသည်နှင့် ဘူးညွန့်ဖတ်လေးတွေကို ဆည်ထည့်ပေးရသည်နှင့် ဟင်းဂလာချဉ်ဖတ်မှ အရွက်လေးတွေချည့် ဖြုတ်ခွေ့ပေးရသည်နှင့် အလုပ်ရှုပ်နေသောကြောင့် ထမင်း ကောင်းကောင်းပင် မစားသေး။

“စားလေ နီမာ၊ ကိုယ့်ထဲချည်း ထည့်ပေးနေပြီး နီမာက မစားတော့ဘူးလား၊ စားလည်းစားပါ နီမာ၊ နောက်ပြီး ပြောစရာရှိရတာလည်း ဆက်ပြောပါ၊ ကိုယ် နားထောင်ချင်လှပြီ”

“လေးလေး ဘာပြောရမှာလဲ အပါ”

“ဟောဗျာ ... နီမာပဲ ပြောတယ်မှတ်လား၊ ထမင်းစားရင်း ပြောစရာရှိတာ ပြောပြမယ်၊ အပြောရခက်တဲ့ စကားမျိုး ဖြစ်ပေမယ့် ကိုယ့်ကိုတော့ ပြောပြပါမယ်ဆိုတဲ့ စကားလေ”

“သြော် ... အဲဒါလား”

လေးလေးမြင့်က သူ့ထမင်းကို သူ ဆက်စားနေသည်။ တော်တော်နှင့် ပြောစရာရှိသည်ကို မပြောသေး။

“ပြောလေ နီမာ”



“ပြောမယ် အပါ၊ လေးလေးအနေနဲ့ မိန်းမသားဆိုတော့ ပြောရမှာ ခပ်ခက်ခက်ပဲ၊ ဒါပေမဲ့ အပါ့ကိုတော့ လေးလေး မရှက်တော့ပါဘူး၊ အမှန်အတိုင်းပြောပြမယ်၊ ပြောရမယ့် အဓိက အကြောင်းကတော့ ကိုထွန်းနေလင်းနဲ့ လေးလေးရဲ့ကိစ္စပါ”

စိုးမိုးခိုင်သည် ဒုတိယမြောက် ထမင်းပန်းကန်ထည့်ရန် ထမင်းကြွေခွက်ကို လှမ်းကိုင်ရာမှ လက်တွန့်သွားပေသည်။ ဆုတ်ဆိုင်းသွားသေသည်။

“ထမင်းဆက်ထည့်ပါ အပါ၊ လေးလေး ပြောပြမယ့်စကားတွေက အပါပဲ ဝမ်းသာရမယ့် စကားမျိုး ဖြစ်မှာပါ”

စိုးမိုးခိုင်က ထမင်းဆက်ထည့်သည်။ ဆက်၍စားသည်။

“ကိုထွန်းနေလင်းဟာ လူတော်လူကောင်း တစ်ယောက်ပါ အပါ၊ လေးလေးကိုလည်း သူ တကယ်ခင်မင်ပုံရတယ်၊ မေတ္တာရှိပုံလည်းရတယ်၊ လက်ထပ်ဖို့အထိလည်း ရည်ရွယ်ပုံရတယ်”

“ပုံရတယ် ... ပုံရတယ် မဟုတ်ဘူး နီမာ၊ ထွန်းနေလင်းဟာ နီမာဆိုတဲ့ မလေးလေးမြင့်ကို ခင်မင်တဲ့အကြောင်း၊ မေတ္တာရှိတဲ့အကြောင်း၊ လက်ထပ်ချင်တဲ့အကြောင်းတွေ ဖွင့်ပြောပြီးသားမှတ်လား နီမာ”

“မှန်တယ် အပါ၊ အဲဒီလိုပဲ ကိုထွန်းနေလင်းက လေးလေးကို ဖွင့်ပြောပြီးသားပါ။ ယောကျ်ားသားတစ်ဦးက ဒီလိုဖွင့်ပြောတိုင်း နီမာက လက်ခံမတဲ့လား အပါ၊ ဖွင့်ပြောတဲ့ ယောကျ်ားရဲ့အရိပ်အကဲတွေကို ခတ်ရသေးတာပေါ့၊ ဒါကြောင့်လည်း ကိုထွန်းနေလင်းအနေနဲ့ လေးလေးကို ခင်မင်ပုံရတယ်၊ မေတ္တာရှိပုံရတယ်စတဲ့ ရတယ်ဆိုတဲ့ အထိလောက်သော လေးလေးက အကဲခတ်ထားမိတာမို့ လေးလေးအနေနဲ့ ကိုထွန်းနေလင်း ဘယ်လောက် ဖွင့်ပြောပြော ‘ပုံရတယ်’ဆိုတဲ့ အကဲခတ်အဆင့်ပဲ ရှိသေးတယ်”

www.burmeseclassic.com

www.burmeseclassic.com



"လေးလေး ဘာကိုဆိုလိုတာလဲဟင်"

စိုးမိုးခိုင်က စကားပြောခဲ့ရာတစ်လျှောက်တွင် ငယ်နာမည် နီမာဟုသာ ပြောခဲ့သော်လည်း နီမာသည် ယင်းတစ်လျှောက်လုံး မှာပင် သူမကိုယ်ကို နီမာဟု တစ်လုံးမျှ မပြောတော့ဘဲ 'လေးလေး' ဟုသာ ပြောခဲ့သည်။ ဒီတော့လည်း စိုးမိုးခိုင် ကိုယ်တိုင်က ပြော ပါများလာသောအခါ နီမာ၏အမည်ကို မသုံးတော့ဘဲ 'လေးလေး' ဟုပင် ပြန်ခေါ်လိုက်ပါတော့၏။ သို့သော် လေးလေးမြင့်သည် အပါ၏ငယ်နာမည်အတိုင်း အပါဟုပင် စကားသုံးနှုန်းသွားပါ လေ၏။

"လေးလေး ဆိုလိုတာက ရှင်းနေတာပဲ အပါ၊ ကိုထွန်းနေ လင်းကို အဘက်ဘက်က အကဲခတ်ပြီး သူဟာ လေးလေးအတွက် အိမ်ထောင်ဖက် အဖြစ်နဲ့ဆိုရင် မဆိုးပါဘူးလို့ပဲ သဘောထား လိုက်တယ်"

"လေးလေး အယူအဆသဘောထားဟာ မှန်ကန်တာပေါ့၊ ဒီကောင် ထွန်းနေလင်းဟာ စိတ်သဘောထား ကောင်းတယ်၊ အကျင့်စာရိတ္တ မဆိုးဘူး၊ ဥစ္စာပစ္စည်းရှာဖွေရာမှာလည်း ထက်မြက် တယ်၊ နဂိုကတည်းက ချမ်းသာတယ်၊ ဒီကောင်ဟာ လေးလေးနဲ့ သာဆိုရင် ဆင်စီးပြီး မြင်းရံတဲ့"

"တော်စမ်းပါ အပါ"

"ဘာလို့ တော်ရမှာလဲ လေးလေး"

"တော်သင့်လို့ တော်ရမှာပဲ အပါ၊ ဘယ်လောက်ပဲ ဆင် တွေစီးစီး၊ မြင်တွေရံရံ လေးလေး နှလုံးသားကမှ ကိုထွန်းနေလင်း ကို ချစ်လို့မရတာပဲဟာ"



"ကိုယ်မေးပါရစေ လေးလေး၊ တကယ်လို့သာ အပါဆိုတဲ့ ကိုယ်ဟာ ဘွားခနဲ ပေါ်ပေါက်မလာရင် လေးလေးဟာ ထွန်းနေ လင်းကို တစ်နေ့မဟုတ် တစ်နေ့မှာ လက်ထပ်မှာပဲ မှတ်လား လေးလေး"

"မသိဘူး၊ အဲဒါကို လေးလေး မသိဘူး၊ လေးလေးသိတာ က ကိုထွန်းနေလင်းကို လေးလေးအနေနဲ့ ချစ်တယ်လည်း မပြော သေးဘူး၊ ခါးတယ်လည်း မပြောသေးဘူး၊ အဲဒီအချိန်မှာ အခု အပါနဲ့တွေ့တယ်၊ အပါနဲ့ တွေ့လိုက်တာနဲ့ ကိုထွန်းနေလင်းဆိုတဲ့ လူရဲ့အကြောင်းတွေ၊ လေးလေးရဲ့ခေါင်းထဲမှာ ဘာမှမရှိတော့ဘူး၊ ခက်လိုက်တာနော်၊ လေးလေး ဘာပြောရမှန်း မသိတော့ဘူး၊ ဒီမယ် အပါ၊ လေးလေးကို အပါ မချစ်ဘူးဆိုရင် ထွက်သွားတော့၊ ခုချက်ချင်း ထွက်သွားတော့၊ နောက်ထပ် ဘယ်တော့မှလဲ ပြန်မ လာနဲ့တော့ ဒါပဲ အပါ၊ လေးလေး ပြောတတ်တာ ဒါပဲရှိတယ်၊ ဒီအရွယ်အထိ လေးလေး လင်မယူသေးတာဟာ တစ်နေ့နေ့ကျရင် အပါ့ကို ပြန်တွေ့ရနိုးနဲ့ မျှော်ကိုးခဲ့လို့ပဲ၊ နို့မို့ရင်လား၊ ဟွန်း ... အသက်ဆယ့်ခြောက်နှစ် မပြည့်ခင်ကတည်းက လင်ယူလိုက်ပြီ မှတ်ထားပါ အပါ"

လေးလေးမြင့်သည် ပြောလည်းပြောသည်။ ငိုလည်းငိုသည်။ လေးလေးမြင့် ပြောစကားတွေသည် မိန်းမသားမို့ ထိန်းသိမ်းပြော ရှုံးသာရှိပါ၏။ အမိပ္ပာယ်မှန် အဖြေမှန်ကား (၇)နှစ်သမီးကတည်း က ချစ်ခဲ့ရသော အပါ့ကို စောင့်မျှော်နေသည်ဟုသာ အဓိပ္ပာယ် သက်ရောက်သည်။ အပါ့ကိုသာ မမျှော်ကိုး မစောင့်စားလျှင် သူမ၏အလှအပ သိပ်တတ်ကြွခဲ့သည့် အသက်(၁၆)နှစ်အရွယ်က တည်းက ဆင်စီးမြင်းရံ တတ်စွမ်းနိုင်သည့် ယောကျ်ားတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ယူဖြစ်ခဲ့မည်။ ယခု နှစ်ဦးသား ပြန်ဆုံကြလေမှ ထွန်းနေလင်းကိုယူလျှင် သင့်တော်သည်ဟူသော ခွင်စီးမြင်းရဲ့ တရားမချပါလေနှင့်ဟု အမိဗ္ဗာယ်သက်ရောက်နေပါတော့၏။

အစားပုပ်ကြီး အစားမစားနိုင်ပါလေတော့။ ထွန်းနေလင်း ကိုစွမှာ ဦးခေါင်းထဲတွင် ရှိနေသေးသော်လည်း လောလောဆယ်၌ ချစ်စွာသော လေးလေး ငိုယိုနေသည်ကို မကြည့်ရက်နိုင်ပါလေ တော့။ လက်ဆေးလိုက်သည်။ လက်သုတ်လိုက်သည်။ ပြီး ... ထိုင်ရာမှထကာ လေးလေးမြင့် ရှိရာသို့ လျှောက်သွားပြီး ကျော ဘက်မှ ပွေ့ပိုက်ထားလိုက်သည်။

ပါးချင်းအပ်ထားမိသည်။

"မငိုပါနဲ့ လေးလေးရယ်၊ လေးလေးရဲ့စိတ်ထဲမှာ ငယ်ငယ် က ချစ်ခဲ့တဲ့ အပါ့ကို မျှော်ကိုးသလို ကိုယ့်ရင်ထဲမှာလည်း ငယ် ငယ်ကတည်းက ချစ်ရတဲ့ လေးလေးကို ဆယ့်ငါးနှစ်လုံးလုံး တမ်းတနေခဲ့တာပါ၊ ရင်ထဲမှာ အပြည့်အသိပ် ချစ်ခဲ့ရတာပါ၊ လေးလေးကို ငယ်ချစ် နီမာမှန်းသိတာနဲ့ ကိုယ် အိမ်ဝင်ပြီးအဝတ် အစား မလဲနိုင်ဘဲ တန်းပြေးလာတာ ကြည့်ပါ"

"တန်းပြေးလာမှာပေါ့၊ လေးလေးရဲ့မိဘဟာ အပါရဲ့မိဘ ကို သတ်ခဲ့တယ်လို့ ထင်နေတာကိုး၊ အဲဒါကို ရှုးစမ်းချင်လို့ပြေး လာတာ မှတ်လား"

"အဲဒါကို မငြင်းဘူး လေးလေး၊ ဒါပေမဲ့ အဲဒီကိစ္စက တခြား၊ ရင်ထဲက ချစ်နေတာက တခြားပါ၊ ဒါကြောင့်လည်း ဖုန်းဆိုးတောထဲမှာ တူတူပုန်းတမ်း စကားတုန်းက လေးလေးဆို တဲ့ သီချင်းသံလည်းကြားရော ကိုယ် မထိန်းနိုင် မသိမ်းနိုင်နဲ့ ရေချိုးခန်းဆီ ပြေးလာခဲ့မိတာပေါ့၊ ချစ်တယ် လေးလေး၊ ကိုယ်



လေးလေးကို အသည်းတနင့် ရင်တနင့် ချစ်ခဲ့တာပါ၊ ဒါကြောင့် လည်း ခုချိန် ဘုရားပေးပေး ကျမ်းပေးပေး ကိုယ်ဒီအရွယ်ထိ ချစ်သူတစ်ယောက်မှ မထားခဲ့ပါဘူး ယုံပါ၊ မန္တလေးက ဦးလေး ဟန်စိန်ကဆိုရင် ကိုယ့်ကို သူတို့သဘောကျနေတဲ့ မိန်းကလေး သုံးလေးဦးထဲက တစ်ဦးဦးနဲ့ လက်ထပ်ဖို့ အမြဲတိုက်တွန်းလေ့ ရှိတယ်၊ ကိုယ်က နီမာ့ကို ရှာချင်သေးလို့ လက်ကိုမခံခဲ့ပါဘူး လေးလေး၊ အချစ်ချင်း ပြိုင်စတမ်းဆိုရင် လေးလေးကမှ ထွန်း နေလင်းကို မတင်မကျ ဖြစ်နေသေးတယ်၊ ကိုယ်က အပြတ်ပါ၊ ဘယ်မိန်းကလေးနဲ့မှကို စိတ်မဝင်စားဘဲ နီမာ့ကို ရှာနေခဲ့သူပါ လေးလေး"

"အဲဒီလိုတော့ မပြောနဲ့ အပါ"

လေးလေးမြင့်သည် လက်ဆေး လက်သုတ်ပြီး ထိုင်ရာမှ ထ,လိုက်သည်။ စိုးမိုးခိုင်က အပွေ့အပိုက်ကို လျှော့ပေးရုံမှလွဲ ပြီး မလွှတ်ဘဲ လက်နှစ်ဖက်ကို စကောဝိုင်းလို ချဲ့ပေးလိုက်သည်။ လေးလေးမြင့် မတ်တတ်ရပ်သည်။ စကောဝိုင်းကြားမှာပင် လေး လေးမြင့်သည် စိုးမိုးခိုင်နှင့် မျက်နှာချင်း ဆိုင်လိုက်သည်။

"လေးလေးတို့က မိန်းမသားပါ၊ အရွယ်ရောက်လာတာနဲ့ ယောက်ျားသားတွေရဲ့ ချစ်ပါရစေ ကြိုက်ပါရစေ တောင်းခံမှုကို ခံရကြစမြဲပါ။ ရုပ်ချော ရုပ်လှ မိန်းကလေးဆိုရင် တောင်းခံတဲ့ ယောက်ျားလေးဦးရေက ပိုပြီးတောင် များသေးတယ်၊ အင်မတန် ရိုးတဲ့ ဥပမာကိုပဲ ပြောမယ် အပါ၊ ပန်းလေးတစ်ပွင့် ပွင့်လာရင် ပျားပိတုန်း လိပ်ပြာဝဲတာ နားတာမျိုးပဲ ဆိုပါတော့၊ ဒီတော့လည်း ကိုထွန်းနေလင်းလို ပျားပိတုန်းလိပ်ပြာမျိုး လေးလေးမှာ အခဲခံ ရတာမျိုးပါ အပါ၊ အရေးကြီးတာက မိန်းကလေးကိုယ်တိုင်က

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားတတ်ဖို့ပါ၊ နှလုံးသားရှိတတ်ဖို့ပါ၊ လာပြောတိုင်းသာ 'အင်း' ခံတယ်ဆိုရင် လေးလေးကို အပြစ်တင်ပေါ့၊ မှတ်ထားပါ အပါ၊ အခုအရွယ်ထိ လေးလေး ဘယ်အမျိုးသားကိုမှ အင်းမခံခဲ့သေးဘူး၊ ရှင်းရှင်းပြောရရင် ယောကျ်ားသားတစ်ယောက်က လက်ကိုင်တာမျိုးတောင် လေးလေး မခံဖူးဘူး၊ တစ်ခါတလေ နေထိုင်မကောင်းရင်တောင် အမျိုးသမီး ဆရာဝန်မှာပဲ စမ်းသပ်တယ်၊ ကုသတယ်၊ အဲဒီလောက် လေးလေး စောင့်စည်းပါတယ်၊ အဲ ... အခု အပါနဲ့ မြန်းခနဲ ပြန်တွေ့ပြီး မြန်းခနဲ ပေါက်ကွဲသွားလို့သာ လေးလေး အလိုလို လိုက်လျောမိသား ဖြစ်သွားရတာပါ အပါ၊ လေးလေးကို အညာလွယ်လိုက်တာလို့ ထင်ပြီး ကိုထွန်းနေလင်းနဲ့ သံသယစိတ်မျိုးတော့ မထင်လိုက်ပါနဲ့၊ ရှင်းသမှ သိပ်ရှင်းတယ်၊ ကင်းသမှ သိပ်ကင်းတယ် အပါ"

"ဟုတ်ပါပြီ လေးလေးရယ်၊ ကိုယ် လေးလေးကိုသိပ်ယုံပါတယ်၊ ကိုယ်နဲ့လေးလေးဟာ အပါနဲ့ နီမာ ကလေးဘဝတည်းက တစ်ယောက်အသည်းပေါ်မှာ တစ်ယောက် မှတ်တိုင်စိုက်ခဲ့တာ မှတ်လား၊ ကိုယ် လေးလေးကို ချစ်တာမှ အရမ်းကြီးကို ချစ်တာပဲ၊ တစ်ခုပဲရှိတယ် ဟိုကောင် ထွန်းနေလင်းကို ကိုယ့်အနေနဲ့ ဘယ်လိုရှင်းပြရမလဲ မသိဘူး၊ လေးလေးက သူ့ကိုလက်မခံပေမယ့် သူက လေးလေးကို မျှော်လင့်ထားတဲ့လူ မှတ်လား၊ ကိုယ် သိပ်ခင်မင်တဲ့ သူငယ်ချင်းအပေါ် သစ္စာဖောက်ရာများ ရောက်နေမလားလို့ပါ"

"ဒီမယ် အပါ၊ သစ္စာဖောက်တယ်ဆိုတာက သစ္စာပြုပြီးသား စုံတွဲကို ကိုယ်က ကြားဖြတ်ပြီး သွေးဆောင်ဖြားယောင်းလုယူတာမျိုးမှ သစ္စာဖောက်တယ်လို့ ဆိုနိုင်တာပါ၊ အခု ...



ကိုထွန်းနေလင်းနဲ့ လေးလေးကို ဘာသစ္စာပြုထားတာမှ မရှိတာပဲဟာ၊ ဒီလောက်ကြီးတောင် မိန်းမသားဖြစ်တဲ့ လေးလေးက ပြောလာရတာ လေးလေးရှက်တယ် အပါ"

"ကိုယ် သဘောပေါက်တယ် လေးလေး၊ ကိုယ်တို့နှစ်ယောက်လုံးဟာ ငယ်ငယ်က ချစ်ခဲ့တဲ့ အချစ်တွေ ပေါက်ကွဲတာပါ၊ အဓိက အဖြေကတော့ အဲဒါပဲ လေးလေး"

စိုးမိုးခိုင်သည် လေးလေးအား ကျစ်ကျစ်ပါအောင် ပွေ့ဖက်ရန် ဟန်ပြင်ပါ၏။ ယခုတစ်ကြိမ်တော့ လေးလေးမြင့်က ဟန့်တားစကား ဆိုလိုက်ပေသည်။

"ဟင့်အင်း အပါ၊ စောစောကပဲ ပေါက်ကွဲကြပြီ မှတ်လား၊ အခုဆိုရင် အပါကလည်း လေးလေးကို ချစ်တယ်၊ လေးလေးကလည်း အပါကို ချစ်တယ်ဆိုတာ ကိုယ်အမူရာရော နှုတ်ကဖွင့်ပြောတာတော့ ပြည့်စုံသွားပြီပေါ့၊ တကယ် ချစ်ကြတယ်ဆိုတာလည်း ယုံကြည်သွားကြပြီ၊ ဒီတော့ လေးလေးနဲ့အပါ ရှေ့ရေးကို ဘယ်လိုလုပ်ကြမယ်ဆိုတာပဲ ဆွေးနွေးစို့လား၊ နောက်ပြီး လေးလေးရဲ့ဆန္ဒက ချစ်သူဖြစ်လာရင် လက်မထပ်ခင်မှာ နှလုံးသားနဲ့စိတ်နဲ့ပဲ ချစ်နေချင်တယ်၊ ဒါမှ အချစ်ဟာ ပိုလေးနက်တယ်၊ လက်ထပ်တဲ့နေ့ကျမှ သန့်စင်တဲ့ အပျိုဘဝကို စွန့်လွှတ်ချင်တယ် အပါ"

"အား ... သိပ်ကိုမှန်တဲ့ စကားပါ လေးလေး၊ ကိုယ်လည်း လူရမ်းကားတစ်ဦး မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျားဆိုတဲ့ သတ္တဝါဟာ ချစ်မိရင်လည်း လက်သည်းနဲ့ကုတ်ပြီး ပုတ်ချင်တဲ့ မလေ့စရိုက်မျိုးပါ၊ လေးလေးကို ချစ်လွန်းလို့ အလိုလိုဖြစ်လာတဲ့ ပွေ့ဖိုက်မှုမျိုးတွေပါ၊ ဒါပေမဲ့ လေးလေးပြောတာ မှန်တယ်၊ တစ်နေ့ကျရင် ကိုယ့်ချစ်သူဟာ လက်ထပ်ပြီးတာနဲ့ ကိုယ့်ရင်ခွင်ထဲ ဝင်

www.burmeseclassic.com

www.burmeseclassic.com



လာမှာပဲဟာ အဲဒီလို လက်ထပ်နေ့ကျမှပဲ ကိုယ်ကလည်း ကိုယ့်ရဲ့ သန့်စင်တဲ့ လူပျိုဘဝကို စွန့်လွှတ်မယ်၊ လေးလေးရဲ့ဝါဒအတိုင်း လေ"

"ကဲ ... ဒါဆိုပြီးရော ထမင်းဆက်စားဦး အပါ၊ ထမင်း တစ်ပန်းကန်ပဲ ကုန်သေးတာပဲဟာ"

"တော်ပြီ လေးလေး"

"ဘာလို့ တော်ရမှာလဲ၊ အပါ သိပ်စားနိုင်မှန်း လေးလေး သိနေသားပဲဟာ"

"ကိုယ် ပြောမယ် လေးလေး၊ လူသားတွေဟာ နှလုံးသားနဲ့ ပတ်သက်လာရင် ရင်ခုန်တတ်ကြတယ်၊ ရင်ခုန်နှုန်းမြန်လာတယ်ဆိုတာ သွေးမန်နှလုံးသွေးတိုးတာထက် ပိုလာတတ်တာမို့ ရင်အလိုလိုပြည့်ပြီး အစားအသောက် မစားနိုင်ဘဲ ဖြစ်သွားတတ်တာပဲ၊ ခြုံပြောရရင် သိပ်ဝမ်းသာတဲ့လူဖြစ်ဖြစ်၊ သိပ်ဝမ်းနည်းတဲ့ လူဖြစ်ဖြစ် မစားနိုင် မသောက်နိုင် ဖြစ်သွားတဲ့သဘောပါ၊ အခု လေးလေးနဲ့ ဖြုန်းခနဲလည်း ပြန်တွေ့ရတယ်၊ လေးလေးရဲ့အချစ် မေတ္တာကိုလည်း ရလိုက်တယ်ဆိုတော့ ကိုယ် ဘယ်မှာစားနိုင် တော့မလဲ"

"ဒါဆိုရင် အပါ ဝမ်းနည်းသွားလို့ ဖြစ်မှာပေါ့ ဟုတ်လား"

"ဟော ... ကြည့်၊ ပြောင်းပြန်ပြောတယ်၊ ဟုတ်တယ် ဟုတ်တယ်၊ သိပ်ချော သိပ်လှတဲ့ ငယ်ငယ်တည်းက သိပ်ချစ်ရတဲ့ လေးလေးရဲ့အချစ်ကို ရယူနိုင်လို့ ကိုယ် သိပ်ဝမ်းနည်းသွားတယ်၊ ဟောဒီလိုကို ဝမ်းနည်းသွားတယ် သိလား"

ပြောပြောဆိုဆို စိုးမိုးခိုင်သည် လေးလေးမြင့်အား မွေ့မိ မြန်ကာ ယခုတစ်ခါတော့ တစ်ဆင့်ကဲပြီး လေးလေးမြင့် ပါးပြင်



ဖြူဝင်းဝင်းသို့ သူ၏နှာတံနှာခေါင်းကိုမြှုပ်ခါ ကျောက်ပြင်ထက်၌ သနပ်ခါးသွေးသလို ဘယ်ညာယိမ်းနွဲ့ပြီး လူးလှိမ့်နေမိပါ၏။

"ဟွန်း ... တော်တော့ အပါရာ၊ ဆိတ်ကွယ်ရာအရပ်မှာ ဖိုနဲ့မ ချစ်သူနှစ်ဦးဟာ အကြာကြီး မနေအပ်ဘူးတဲ့"

"နေမိရင်ကော ဘာဖြစ်မှာမို့လဲ လေးလေး"

"သွားစမ်းပါ အပါရယ်၊ အိမ်ရှေ့ဧည့်ခန်းမှာ သွားစောင့် နေစမ်းပါ၊ လေးလေး လိုက်လာခဲ့မယ်"

ဒီတစ်ခါတော့ တကယ်ပင် လေးလေးမြင့်သည် သူမ၏ လက်ဝါးဖြူဖြူလေးနှင့် စိုးမိုးခိုင်အား အတင်းတွန်းထုတ်ပစ်တော့ သည်။

စိုးမိုးခိုင်ကလည်း ချစ်သူဘဝတွင် ချစ်သင်္ကေတ ဤမျှ လောက် ထားမိလျှင်ပင် လုံလောက်ပြီဟု ယူဆပြီး အပြင်ခန်းသို့ ထွက်ခဲ့ပါ၏။ ဆိုဖာတွင် ပြန်၍အေးဆေးစွာထိုင်ရင်း လေးလေး မြင့် ပြန်ထွက်အလာကို စောင့်နေပါ၏။

ဒေါ်လေးစောက ဦးပုသိန်နှင့် ဆိုပေမင့် ထမင်းစားခန်းမှ စိုးမိုးခိုင်သွားမှန်း သိသိချင်း ထမင်းစားခန်းသို့ ဝင်ရောက်လာ သည်။ လေးလေးမြင့်အား ဧည့်ခန်းသို့သွားရန် ဖွတ်နှင်လွှတ်သည်။ လေးလေးမြင့်ကလည်း ဦးပုသိန်ကြီးနှင့် ဒေါ်လေးစောအား အနား ယူရန်ပြောသည်။ သို့သော် မရ။

"ဒေါ်လေးစောဟာ အပျိုကြီး ဖြစ်နေပေမယ့် နောက်ပြီး ဦးပုသိန်ယူထားပေမယ့် ငယ်ရာကကြီးလာသူပါ လေးလေး၊ သွား သွား ... လေးလေးတို့မှာ တစ်စက္ကန့် တစ်မိနစ်ဟာ တန်ဖိုးရှိနေ တဲ့အချိန်၊ ဒီအလုပ်တွေကလည်း ဒေါ်လေးစော လုပ်နေကျအလုပ် တွေပါ၊ ဦးပုသိန်ဆိုတာကလည်း တစ်လမှာ လဆန်းလဆုတ်ရှစ်

www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့နဲ့ လပြည့် လကွယ်ရက်တွေမှာသာ စောင့်တာမို့ တစ်လမှာ လေးရက်စောင့်တဲ့ဥပုသ်ပါ ထူးပြီး ဒေါ်လေးစောမှာ ပင်ပန်းတယ် မရှိပါဘူးကွယ် ... သွား ... သွား"

ဒေါ်လေးစောက အကြောင်းပြချက် အမျိုးမျိုးဖြင့် တိုက်တွန်းပြီး လွှတ်လိုက်သောကြောင့် လေးလေးမြင့်သည် အပြင်သို့ ထွက်လာခဲ့ပါ၏။

"အပါ ပျင်းနေပလား"

"ထုံးစံမှမရှိတာပဲ လေးလေး"

"ဘာထုံးစံမှ မရှိတာလဲ အပါ၊ လေးလေး မေးတာက အပါ တစ်ယောက်တည်း ထိုင်နေရလို့ ပျင်းနေပလားလို့ မေးတာပဲဟာ"

"အဲဒါကိုပဲ ပြောတာပေါ့ လေးလေး၊ ကိုယ့်ချစ်သူကိုထိုင်စောင့်နေရတာ ဘယ်မှာ ပျင်းတယ်လို့ ရှိမလဲ"

လေးလေးမြင့်သည် ကျေနပ်စွာ ပါးချိုင့်လေး ခွက်သွားအောင် ပြုံးလိုက်ပါ၏။

"အပါက စစ်မိုလ်ဆိုပေမယ့် စိတ္တဗေဒအပိုင်းမှာလည်း တော်တော်လိုက်စား ကျွမ်းကျင်ပုံ ရတယ်နော်"

"အဲဒါ လေးလေးက ဘာကိုညွှန်းပြောတာလဲ"

လေးလေးမြင့်သည် အပါနှင်တော့ ယှဉ်မထိုင်။ မျက်နှာချင်းဆိုင် ဆိုဖာတွင် ထိုင်လိုက်သည်။

"ဩော် ... အပါ စကားတစ်ခွန်း ပြောလိုက်တိုင်း တစ်ဖက်သားစိတ်ကို ကြည်နူးသွားအောင် ကျေနပ်သွားအောင် ပြောတတ်လွန်းလို့ပါ၊ လေးလေးဆိုရင် အပါ ဘာပြောလိုက် ပြောလိုက်ရင်ထဲမှာ ကျေနပ်ပြီး ကြည်နူးသွားရလို့ပါ"



"ရင်ထဲက ဖြစ်လာတဲ့ စစ်မှန်တဲ့စကားကို ပြောလိုက်ရင် ချစ်သူချင်း ကျေနပ်ကြည်နူးစမြဲပေါ့ လေးလေး၊ ချစ်မေတ္တာကို အရင်းတည်ပြီးမှ ပြောမိတာကိုး၊ ကဲပါ လေးလေးရာ၊ ကိုယ်တို့ ချစ်ကြပြီပဲဟာ။ သကြားမင်းဆင်းဖျက်လည်း မပျက်နိုင်ပါဘူး၊ အဲဒီတော့ ကိုယ်တို့ရှေ့ရေးကို စဉ်းစားကြရအောင်၊ လက်ထပ်ဖို့ ကိစ္စ တိုင်ပင်ကြရအောင်

"သိပ်မမြန်လွန်းနေဘူးလား အပါ"

"မြန်တယ်ဆိုတာ လေးလေးက ဘာကိုဆိုလိုချင်တာလဲ"

"ခုတွေ့ ... ခုကြိုက် ... ခုလက်ထပ် ဆိုတာမျိုး ဖြစ်နေမှာစိုးလို့ပါ"

"ဒီလိုမပြောသင့်ပါဘူး လေးလေး၊ လေးလေးစကားဟာ မှားနေပါတယ်၊ လေးလေး ခုနစ်နှစ်သမီးမတိုင်မီ ကလေးဘဝထဲက ကိုယ်ကိုးနှစ်သားမတိုင်ခင် ဘဝကတည်းက ကဝမှာ အတူတူ နေလာကြတာပါ၊ လေးလေး ခုနစ်နှစ်၊ ကိုယ် ကိုးနှစ်သားကျမှ ကွဲသွားကြတာပါ၊ အဲဒီထဲက ကိုယ်နဲ့လေးလေးဟာ တွေ့ကြပြီးသားပါ၊ ကလေးမို့ ချစ်တယ် ကြိုက်တယ် မပြောတတ်ပေမယ့် ချစ်တဲ့ကြိုက်တဲ့ နှလုံးသားထဲမှာ အပြန်အလှန် စွဲမြဲခိုင်မာပြီးသားပါ၊ အဲဒီနောက် ဆယ့်ငါးနှစ်လုံးလုံး ချစ်သူမရှာ အိမ်ထောင်မပြုနဲ့ နေခဲ့ကြတာပါ၊ ဒါတွေကိုပြန်တွက်ရင် ကိုယ်နဲ့လေးလေး လက်ထပ်ဖို့ကိစ္စဟာ ခုတွေ့ ခုကြိုက် ခုလက်ထပ် မဟုတ်ပါဘူး လေးလေး၊ စကားပုံတောင် ရှိပါသေးတယ်၊ 'ငယ်ချစ် အနှစ်တစ်ရာ မမေ့သာတဲ့၊ ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ကောင်းတဲ့' လေးလေး၊ ကိုယ်တို့နှစ်ဦးအတွက် အနှစ်တစ်ရာကိစ္စပါ၊ နောက်ထပ် အနှစ်တစ်သောင်းကိစ္စပဲ လေးလေး"

www.burmeseclassic.com

www.burmeseclassic.com

"ကြည့် ... လေးလေး ဘာပြန်ပြောရမှန်းတောင် မသိတော့ဘူး၊ တကယ်ပဲ အပါဟာ စကားတတ်တယ်၊ စစ်ဗိုလ်လုပ်ဖို့ မကောင်းဘူး၊ စာရေးဆရာလုပ်ဖို့ ကောင်းတယ်၊ အပါ ပြောပြလိုက်ရင် လေးလေး စိတ်ထဲမှာ သူပြောတာတွေ ဟုတ်နေပါလား၊ မှန်နေပါလားလို့ပဲ အလိုလို ဝန်ခံနေမိရတော့တယ်၊ ဒါပေမဲ့ အဝါ"

"ပြောပါ လေးလေး"

"အခု အပါ ပြောသမျှတွေဟာ လေးလေးနဲ့ အပါနဲ့ နှစ်ယောက်တည်း သဘောပေါက်တဲ့ကိစ္စပဲ၊ ဆောပတ်ဝန်းကျင် အမြင်နဲ့ဆိုရင် လေးလေးဟာ ခုမြင် ... ခုကြိုက် ... ခုလက်ထပ် လို့ပဲ မြင်ကြမှာပေါ့ အပါ"

"ပတ်ဝန်းကျင် ဆိုတာကတော့ ပြောချင်လည်း ပြောမှာပဲ လေးလေး၊ တချို့များဆိုရင် ကိုယ့်ထမင်းထုပ်နဲ့ကိုယ် တစ်အိမ်တက်ဆင်း အတင်းပြောလေ့ ရှိသေးတာပဲ၊ သူများအကြောင်း မကောင်းပြောရရင် ပြီးရောဆိုတဲ့သဘောနဲ့ အတင်းလျှောက်ပြောတဲ့သဘောပါ၊ သူတို့ပြောနိုင်လှရင် ခုနစ်ရက်ပေါ့၊ အရှေ့ခုနစ်အိမ်၊ အနောက်နှစ်အိမ်၊ တောင်ခုနစ်အိမ်၊ မြောက်ခုနစ်အိမ်ထိမပြောရုံပဲပေါ့ ...

"တော်ကြာ သူ့ဟာသူ မောပြီးမပြောနိုင်တော့ဘဲ ရပ်သွားမှာပါ လေးလေး၊ နောက်တစ်ချက်က ကိုယ်ဟာ တပ်မတော်အရာရှိတစ်ယောက် ဖြစ်နေတယ်၊ ကိုယ်နှစ်သက်တဲ့ အမျိုးသမီးကို လက်ထပ်ဖို့ကိစ္စအတွက် တပ်ရင်းမှူးဆီမှာ ခွင့်ပန်ရတယ်၊ အဲဒီတော့ အဲဒီလို ခွင့်ပန်တာတွေ အမိန့်ကျတာတွေ စောင့်ရင်းနဲ့ပဲ အချိန်ဟာ သိပ်စောတယ်လို့ မဆိုနိုင်ပါဘူး လေးလေး၊



ဒီတော့ ကိုယ်နဲ့လေးလေး လက်ထပ်ဖို့ လေးလေး သဘောတူညီချက်ဟာသာ အဓိကပါ"

"ဒါဆိုလည်း အပါ့သဘောပဲလေ၊ လေးလေးနဲ့ အပါရဲ့ လက်ထပ်ဖို့ကိစ္စက ခဲယဉ်းတာမှလည်း မဟုတ်တာ၊ အရွယ်ရောက်ပြီးသားလည်း ဖြစ်နေကြတယ်၊ ကိုယ်စီကိုင. ပညာလည်းပြည့်စုံနေကြတယ်၊ ကိုယ်စီကိုယ်ငမှာလည်း အလုပ်အကိုင်တွေ ရှိနေကြတယ်၊ ကန့်ကွက်မယ်၊ ထောက်ခံမယ်ဆိုတဲ့ မိဘတွေလည်း မရှိကြတော့ပဲဟာ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ် အပါ၊ အခု အပါရဲ့ မိဘတွေနဲ့ ပတ်သက်တဲ့ အမှုကိစ္စက တန်းလန်းကြီးရှိနေသေးတယ် မှတ်လား"

စိုးမိုးခိုင်က ခေါင်းညိတ်ပြသည်။ ပြီး တခဏ စဉ်းစားသေးသည်။

"အဲဒါနဲ့ ပတ်သက်ပြီး ကိုယ်လုပ်ချင်တာ တစ်ခုရှိသေးတယ် လေးလေး၊ ကိုယ် ပြောခဲ့ပြီနော်၊ ရဲအုပ်ကိုမျိုးညွန့်ဆီမှာ ဖေဖေ, မေမေနဲ့ ဦးလေးသာဆန်းတို့ အသတ်ခံရတဲ့ကိစ္စအတွက် အမှုဟောင်းပြန်ဖွင့်ထားခဲ့ပြီလို့၊ ဒါပေမဲ့ ကိုယ်တို့အိမ်ကို ဓားပြတိုက်မယ့်အကြောင်း လေးလေးက တင်ကြိုသိနေတယ်ဆိုတဲ့အချက်ကို ဟိုလွှန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကလည်း ရဲကို ဖွင့်မပြောခဲ့ဘူး၊ အခု ရဲအုပ်ကိုမျိုးညွန့်ကိုလည်း ဖွင့်မပြောပြဘူး၊ ကိုယ်,ကိုယ်တိုင် လေးလေးကိုတွေ့အောင်ရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်ရယ်၊ လေးလေးနဲ့တွေ့မှ ဒီအကြောင်းကို မေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ရယ် ထားခဲ့တယ်၊ အဓိက ဒီလိုထိမ်ချန်ထားမိတာဟာ ကလေးဘဝကတည်းက ကိုယ်ဖွင့်ပြောလိုက်ရင် ရဲတွေက လေးလေးကို ဒုက္ခပေးမှာစိုးတဲ့ စိတ်ကြောင့်ပဲ"

www.burmeseclassic.com

www.burmeseclassic.com


"ယုံပါတယ် အပါရယ်၊ ကလေးဘဝတည်းက အပါဟာ လေးလေးကို ညာတာခဲ့တာတွေ၊ ကြင်နာခဲ့တာတွေကို ကြီးလာလေ နားလည်လေမို့လည်း လေးလေးက အပါ့ကို စောင့်နေမိတာပဲ ပေါ့"

"အခု လေးလေးနဲ့ ကိုယ်တွေ့ပြီလေ၊ ဖေဖေတို့ အသတ်ခံရတဲ့ကိစ္စမှာ လေးလေး ရှင်းပြလို့လည်း ရှင်းသွားပြီ၊ ဒီတော့ လေးလေးနဲ့ကိုယ် နက်ဖြန် ကဝသွားကြစို့လား၊ ထွန်းနေလင်းက သူ့ဆီဒင်ကားလေး ထားခဲ့ပါတယ်၊ နောက်ပြီး နက်ဖြန်တနင်္ဂနွေ ရနေ့ဆိုတော့ လေးလေးလည်း အားတဲ့နေ့ပဲ"

"အပါ ခေါ်ရင်တော့ လေးလေးက လိုက်မှာပဲပေါ့ အပါ၊ ဒါပေမဲ့ လေးလေးကို ဘာဖြစ်လို့ ကဝ လိုက်စေချင်တယ်ဆိုတာ ပြောဦးလေ"

"လေးလေးနဲ့ ကိုယ် ချစ်သူချင်း စုံတွဲသွားချင်တာက ပထမ အချက်ပေါ့၊ ဒုတိယအချက်ကတော့ ရဲအုပ်ကိုမျိုးညွန့်ကို ကိုယ်က ဖွင့်ပြောချင်တယ်၊ ဟိုတုန်းက ကိုယ်တို့အိမ်ကို ဓားပြတိုက်မယ့်အကြောင်း ဝတ္ထုဆီကတစ်ဆင့် ကြားပြီး လေးလေးသိထားခဲ့တယ် ဆိုတဲ့အကြောင်းလေ၊ ဒါမှ ရဲအနေနဲ့ ဝတ္ထုဆိုတဲ့လူကို ခြေရာကောက်နိုင်မယ်၊ ဝတ္ထုရဲ့မိဘတွေ ဘယ်သူဘယ်ဝါဆိုတာ ရှာဖွေနိုင်မယ်၊ အဲ ... အမှုသဘောအရ ဆိုရင်တော့ ကိုယ်က တရားလိုဖြစ်ပြီး လေးလေးက တရားလိုပြသက်သေ ဖြစ်မယ်"

"ရပါတယ် အပါ၊ ဒါဆိုလည်း နက်ဖြန် လေးလေးနဲ့ အပါနဲ့ ကဝ သွားကြမယ်လေ"

* ⚬ *

## ၁၁

ဆိုရိုးစကား ရှိခဲ့ပါ၏။

ပညာရှိများက လေ့လာမှတ်သားပြီးမှ ထားခဲ့သော ဆိုရိုးစကားလည်း ဖြစ်ပါ၏။

လူသားတစ်ယောက်တွင် အပျော်ဆုံးနေ့ (၃)နေ့ရှိသည်ဟူ၍ပင်။

ရှင်လိုင်ပြန်သောနေ့။

ထောင်မှထွက်ရသောနေ့။

မင်္ဂလာဆောင်သောနေ့။

ယင်း အပျော်ဆုံး (၃)နေ့ဆိုသည်မှာ ဘယ်သူမှ မငြင်းနိုင်အောင် မှန်ကန်သောနေ့များ ဖြစ်ကြပါ၏။ သို့တစေ ပညာရှိများသည် "ပညာရှိ သတိဖြစ်ခဲ့"ဆိုသလို အခြားအပျော်ဆုံးနေ့တစ်နေ့ကို မေ့လျော့ထားခဲ့ဟန်တူသည်။

ပညာရှိများ သတိမေ့ခဲ့သောနေ့မှာ မိမိချစ်လှစွာသော ချစ်သူထံမှ ချစ်ခွင့်ပန်၍ ရသောနေ့ပင် ဖြစ်ပါ၏။

စိုးမိုးခိုင်သည် ရှင်လိုင်ပြန်သောနေ့တော့ ကြုံဖူးခဲ့ပါ၏။ မန္တလေးသို့ ရောက်သည်နှင့် ဦးလေးဟန်စိန်သည် တူတော်မောင်

www.burmeseclassic.com

www.burmeseclassic.com



အပါအား ချက်ချင်းပင် ရှင်ပြုပေးသည်။ ခုနစ်ရက်တိတိ အပါ သက်နိုးစည်းပြီး ကိုရင်ဘဝဖြင့် နေခဲ့ရသည်။ ရှစ်ရက်မြောက်နေ့တွင် အပါသည် ရှင်လိင်ပြန်ရပါ၏။ ကိုရင်ဘဝမှ လူထွက်ခဲ့ရပါ၏။ ကလေးဘဝဆိုတော့ ဦးလေးဟန်စိန်က ရှင်ပြုရမည်ဆို ပြုလိုက်သည်။ ကိုရင်ထွက် ဆိုတော့လည်း ထွက်လိုက်သည်။ ရှင်ဘဝ ဝတ်စဉ်ကလည်း ပျော်သည် မပျော်သည် မဟုတ်။ ရှင်ဘဝမှ ထွက်လိုက်တော့လည်း ပျော်သည် မပျော်သည် မဟုတ်။ စိုးမိုးခိုင်သည် ရှင်လိပ်ပြန်သောနေ့ကို အပျော်ဆုံးနေ့တစ်နေ့ဟူ၍ မခံစားတတ်ပါလေခဲ့။

ပြီး ... စိုးမိုးခိုင်သည် ထောင်မကျဘူးပါလေ။ ထို့ကြောင့် ထောင်မှထွက်လာသောနေ့ကို အပျော်ဆုံးနေ့ဟူ၍လည်း စိုးမိုးခိုင် မမျှော်မှန်းတတ်။

ပြီး ... စိုးမိုးခိုင်ခမျာ တစ်ကြိမ်တစ်ခါမျှ မင်္ဂလာမဆောင်ဘူးသေးသော လူပျိုစစ်စစ်ဖြစ်သည်။ မင်္ဂလာဆောင်ဖို့ဝေးစွ။ ချစ်သူတစ်ဦးတလေပင် မထားဘူးစခဲ့။ စိုးမိုးခိုင်၏ ဘဝတွင် ဆယ်တန်းအောင်ရန် ကျောင်းစာနှင့် နပန်းလုံးခဲ့သည်။ ဆယ်တန်းကို နှစ်ချင်းပေါက် အမှတ်ကောင်းစွာဖြင့် အောင်ခဲ့သည်။ မိမိစိတ်အားထက်သန်ရာ စစ်တက္ကသိုလ်သို့ လျှောက်ထားပြီး အောင်မြင်စွာ ဝင်ခွင့်ရခဲ့သည်။ စစ်တက္ကသိုလ်ဆိုသည်မှာ ပေါ့ပေါ့လေးမဟုတ်။ အခြားတက္ကသိုလ်များက မိမိရရှိသော အဓိကဘာသာရပ်ပေါ်တွင် မနက်ကျောင်းတက်၊ ညနေကျောင်းဆင်းဖြင့် အကျီခေါက်ရိုးမကျိုးဘဲ တစ်နှစ်တစ်တန်းအောင်လျှင် ဘွဲ့ရသွားသည်။ ကျောင်းတက်ချိန်မှလွဲပြီး အခြားအချိန်များတွင် ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိသည်။



စစ်တက္ကသိုလ်တွင် အခြားတက္ကသိုလ်များနှင့် ကန်းတူဘွဲ့ညီစာပေတွေကို သင်အံကျက်မှတ်ရသည်။ ထိုကြားထဲကပင် စစ်ပညာကို သင်ကြားရသည်။ လက်တွေ့ဆင်းရသည်။ အလွန်ခက်ခဲနက်နဲသော သေနင်္ဂဗျူဟာတွေ သင်ကြားရသည်။ အိပ်ချိန်မှလွဲပြီး ကျန်သော နာရီတိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်း သင်ကြားလေ့လာမှတ်သားမှုတွေ ပြုနေရသည်။ စစ်တက္ကသိုလ်တွင် ရှရှလေး ဆံပင်ရှည်ထားကာ ဘဲလ်ဘော့တွန် ဘောင်းဘီရှည်ဖြင့် ကျောင်းတက်ခွင့်မရှိ။ ဘဲမြီးသာသာ ဆံပင်ထားရသည်။

"ဒီနေ့ ငါ ပျင်းပါတယ်ကွာ၊ ကလပ်(စ်)ကို ဘန့်(ခ်)လုပ်ပြီး မြို့ထဲ ရုပ်ရှင်သွားကြည့်လိုက်ဦးမယ်"ဆိုတာမျိုး လုံးဝမရ။

ဒီတော့လည်း စစ်တက္ကသိုလ်ကျောင်းသားဘဝတွင် အဘယ်မှာလည်း ချစ်သူထားခွင့်၊ ရည်းစားထားခွင့် ရနိုင်ပါတော့နည်း။ သီတင်းတစ်ပတ်လျှင် တစ်ကြိမ်မျိုး၊ နှစ်ကြိမ်မျိုး၊ အားလပ်ခွင့်လေးတွေတော့ ရတတ်သည်။ ထိုအားလပ်ခွင့် ရက်မျိုးလေးတွေတွင် တချို့တလေသော စစ်တက္ကသိုလ် ကျောင်းသားတို့သည် မြို့ထဲထွက်ပြီး ကိုယ့်ဟာကိုယ် စိတ်ကြိုက်လုပ်လာခဲ့သည်များတော့ ရှိတတ်ပါသည်။ သို့သော် အချိန်တန်လျှင် ခြံဝင်နွားလေးများသဖွယ် စစ်တက္ကသိုလ်၏ ကျောင်းစည်းကမ်း၊ ကျောင်းဥပဒေအတိုင်း နေရာမှန်ကန်စွာ ရှိနေရသည်။

ဗိုလ်လောင်းစိုးမိုးခိုင်သည် နဂိုကတည်းက ဦးလေးဟန်စိန်မှလွဲပြီး တခြားဘာသံယောဇဉ်မှ မရှိသူပီပီ။ မြို့ထဲမထွက်၊ တစ်နေရာရာသို့ တယ်လီဖုန်းဆက်စရာမရှိ။ မေမြို့ထွက်ပစ္စည်းများဖြစ်သော မက်မန်းသီး၊ မက်မန်းယို၊ နေကြာစေ့လှော်၊ မေမြို့ပန်းမလုံ အထွေထွေ စသည်တို့ကို လူကြုံပေးစရာ တစ်ဦးတလေမျှမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဒီဘဝမျိုးဖြင့် စစ်တက္ကသိုလ်တွင် လေးနှစ်ကြာပြီး ကျောင်းဆင်းလာသောအခါ ဒုဗိုလ်စိုးမိုးခိုင် ဖြစ်လာခဲ့သည်။

ဒုဗိုလ်စိုးမိုးခိုင်သည် ကျေရာတာဝန်အတိုင်း ထမ်းဆောင်သည်။ ရှေ့တန်းရောက်သွားသည်။

ရှေ့တန်းသည် တိုင်းပြည်အတွက် အမွန်အမြတ်ဆုံးနေရာဟု စိုးမိုးခိုင် ယူဆသည်။ စိုးမိုးခိုင် ကိုယ်တိုင်က ရှေ့တန်းနှစ်သက်သည်။

ဝါသနာကြောင့်ရော၊ တိုက်ရည်ခိုက်ရည်ကြောင့်ရော၊ တိုင်းပြည်ပြည်အပေါ် စေတနာထားသည့် အပိုင်းကြောင့်ရော ဒုဗိုလ်ဘဝမှ ဗိုလ်ဖြစ်လာပြီးနောက်ပိုင်းအထိ စိုးမိုးခိုင်က ရှေ့တန်းမှာပင်တိုက်သည်၊ ခိုက်သည်၊ ပျော်မွေ့ခဲ့သည်။

ဒီတော့လည်း ဗိုလ်စိုးမိုးခိုင်တွင် အဘယ်မှာလျှင် ချစ်သူရှာခွင့် ရပါလေမည်နည်း။

နောက်ဆုံး တပ်ရင်းမှူးကိုယ်တိုင်ကပင် "ဟော့ ... ဗိုလ်စိုးမိုးခိုင်၊ ခင်းခဏာတာဖြုတ် အနားယူစမ်း၊ မင်း နားခွင့်မယူချင်ရင် တပ်ရုံးမှာပဲ တပ်ရေးဗိုလ်ဖြစ်ဖြစ်၊ တပ်ထောက်ဗိုလ်ဖြစ်ဖြစ် ငါပြန်ခေါ်ထားမယ်၊ ရှိုင်းရှိုင်းပြောရရင် တို့တပ်မတော်သားဆိုတာ ထမ်းပိုးကောင်းတိုင်း အတင်းခိုင်းတဲ့ ထုံးစံမရှိဘူး။ သူ့အလှည့်နဲ့သူပဲကွ"

တပ်ရင်းမှူး၏ ငဲ့ညှာသောစကားအရပင် စိုးမိုးခိုင်သည် ခွင့်ယူခဲ့သည်။ ရသင့်ရထိုက်သောခွင့်အရ တပ်ရင်းမှူးက စိုးမိုးခိုင်အား ခွင့်(၃)လပေးလိုက်သည်။ စစ်မတိုက်ရဘဲ တပ်ရင်းရုံးတွင်ရေး,ထောက်တာဝန်မျိုး ထမ်းဆောင်ရမည်ကိုတော့ ဗိုလ်စိုးမိုးခိုင်သည် ပျင်းရိမိသည်။ တစ်နည်းဆိုသော် ဗိုလ်စိုးမိုးခိုင်သည် တိုင်းပြည်၏ရန်သူများကို တိုက်ချင် ခိုက်ချင်သည်။ တပ်ရင်းရုံးတွင် ရုံးသဘောဆန်သော တပ်ရေး, တပ်ထောက်လုပ်ငန်းကို မလုပ်လို။ စစ်တပ်တွင် မလုပ်လို ဆိုသည်မှာ ရှိတော့မရှိစကောင်း။



စစ်တပ်ဆိုသည်မှာ အမိန့်သာဖြစ်သည်။ မိမိ၏ဆန္ဒအရ မလုပ်လိုဟု ဆိုနိုင်သည်။ ထို့ကြောင့်လည်း တစ်ချက်ခုတ် နှစ်ချက်ပြတ် ခွင့်(၃)လယူလိုက်ခြင်း ဖြစ်သည်။ ခွင့်စေလျှင် ရှေ့တန်းပြန်ဝင်မည်။ ခွင့်(၃)လအတွင်း ဦးလေးဖာန်စိန်၏ ဆန္ဒအရရော မိမိ၏ဆန္ဒအရရော ဖေဖေ,မေမေနှင့် ဦးလေးသာဆန်း၏ အမှုဟောင်းကို ပြန်ဖော်ဖို့ ကြိုးစားမည်။ နီမာ့ကို ရှာမည်။

ထို့ကြောင့်လည်း ပညာရှိများ၏ ဆိုရိုးစကား အပျော်ဆုံး (၃)နေ့ဆိုသည်ကို စိုးမိုးခိုင် မခံစားဘူးသေး။ ယခု စိုးမိုးခိုင်အတွက် အပျော်ဆုံးနေ့တစ်နေ့အဖြစ် သတ်မှတ်ရသည်မှာ ချစ်စွာသော "လေးလေး"၏အချစ်ကို ရယူလိုက်သော ဤနေ့ပါတည်း။

ညက(၁၁)နာရီထိ လေးလေးမြင့်အိမ်တွင် စကားပြောခဲ့သည်။ ညှော်ခန်းထဲဝယ် ချစ်ကြောင်း ခင်ကြောင်းနှင့် အပွေ့အပိုက်တွေ မပါ,ပါလေတော့။ ငယ်စဉ်က အကြောင်းတွေသာ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ခဲ့သည်။

ချစ်သူအား လက်ဖျားလေးနဲ့ပင် မတို့ဘဲ နေရစေကာမူ ချစ်သူ၏မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး စကားပြောရသည်မှာ ကြည်နူးရသည်။ ရင်ထဲတွင် သိမ့်သိမ့်လေး ခံစားရသည်၊ နှစ်ဦးသား အချိန်နာရီတွေ ဘယ်လိုကုန်သွားမှန်းပင် မသိလိုက်တော့။

ည(၁၁)နာရီကို တိုင်ကပ်နာရီကြီးက တဒေါင်ဒေါင်ထိုးလေမှ ဒေါ်လေးစောသည် ထုံးစံအတိုင်း လူမမြင်ရဘဲ အသံထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



“လေးလေးရေ... သိပ်ညဥ့်နက်ရင် မကောင်းဘူးထင်တယ်”

လေးလေးမြင့်က ပြုံးပြီး အားနာသော မျက်နှာလေးနှင့် စိုးမိုးခိုင်အား ကြည့်သည်။

“ဒေါ်လေးစောက လေးလေးအပေါ်မှာ သိပ်စိုးရိမ်တတ်တယ် အပါ၊ အိမ်နီးချင်းတွေက လေးလေးကို သွားပုပ်လေလွင့် ပြောမှာမျိုး စိုးရိမ်တတ်တယ်”

ထိုမျှလောက်ဆိုလျှင် စိုးမိုးခိုင်အနေနှင့် ပြန်သင့်ပြီဆိုသည်ကို အလိုလို နားလည်ရပါ၏။ ဟုတ်လည်း ဟုတ်ပေသည်။ ရန်ကုန်မြို့လို မြို့ကြီးဝယ် သီးခြားလမ်း၊ သီးခြားခြံ၊ သီးခြား တိုက်အိမ်ကြီးများနှင့်နေသော သီးသန့်ရပ်ကွက်တွေမှလွဲပြီး အခြား အလယ်အလတ်ရပ်ကွက်၌ နေထိုင်သူတို့သည် အထူးဂရုစိုက်ရ သည်။

ဆိုကြပါစို့။

ရန်ကုန်မြို့လယ် အရှေ့ပိုင်း အနောက်ပိုင်း စသည်တို့၏ လမ်းအသွယ်သွယ် တိုက်ခန်းအသီးသီးတွင် နေထိုင်သူတို့၌ ကိုယ့် တိုက်ခန်းအတွင်း ဘာဖြစ်နေနေ ပတ်ဝန်းကျင်က ဂရုစိုက်လေ့ မရှိ။

အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ကမာရွတ်၊ သမိုင်း၊ ကျောက်မြောင်း စသည့် ဗမာရပ်ကွက်တွင် အိမ်ကလည်း လုံးချင်း အိမ်လေးတွေ ဖြစ်ကြသည်။ အိမ်ချင်းဘေးတိုက်လည်း အလွန် နီးကပ်သည်။ များသောအားဖြင့် ပျဉ်ထောင်အိမ်များ ဖြစ်တတ် ၍ ဟိုဘက်သည်ဘက်မှ မိသားစုစကားပြောလျှင်ပင် ကြားရတတ် သည်။ ညဘက် ကိုယ့်အိမ်ထဲ မီးထွန်းထားလျှင် တံခါးမပိတ်ရ သေးလျှင် လမ်းပေါ်မှကြည့်က အိမ်တွင်းရှိ လူရောပစ္စည်းပါရှိ



သောဂရော ထင်းနေအောင် မြင်ရတတ်သော ဗမာဆန်ဆန်ဆောက် သည့် အိမ်မျိုးတွေ ဖြစ်သည်။

ဒီတော့လည်း သူတစိမ်း ညဉ့်လာသည်လာလျှင် အိမ်နီး နားချင်း ပတ်ဝန်းကျင်က အလိုလိုပင် မြင်တွေ့နေရသည်။ ဒေါ်လေးစောနှင့် လေးလေးမြင့် မိန်းမသားနှစ်ဦးတည်းနေသော အိမ်မို့ သိပ်ညဥ့်နက်သည်အထိ သူစိမ်းအမျိုးသားညဉ့်သည် ရှိနေ လျှင် လေးလေးမြင့်၏ ဂုဏ်သိက္ခာကို ထိခိုက်မည်စိုး၍ ဒေါ်လေး စောက သတိပေးခြင်း ဖြစ်ပါ၏။

ဒေါ်လေးစောသည် လေးလေးမြင့်၏ တကယ့်အဖော် ကောင်း အဖော်မွန် ဖြစ်ရုံသာမက လူကြီးပီသသော အုပ်ထိန်းသူ ပါပေ။

စိုးမိုးခိုင်က သူ့အင်္ကျီဘောင်းဘီကို ပြန်ဝတ်မည်ပြုသည်။ လေးလေးမြင့်က ယင်းအင်္ကျီနဲ့ ဘောင်းဘီကို လျှော်ဖွတ်မီးပူတိုက် ပေးရန် ထားခဲ့စေသည်။

စွပ်ကျယ်ပေါ်တွင် သရေဂျာကင်ကို ထပ်ဝတ်သည်။ ပြီး... ဂျာကင်အိတ်ထဲမှ L.L.M လက်ကိုင်ပဝါလေးကို စိုးမိုးခိုင်ထုတ် ယူပြီး ပြန်ပြလိုက်သည်။

“ဒါလေးတော့ ကိုယ်ယူထားမယ်နော် လေးလေး၊ ဒီလက် ကိုင်ပဝါလေး ကိုယ်ဘယ်ကရခဲ့တာဆိုတာ လေးလေး မှတ်မိမှာ ပေါ့”

“ဖုန်းဆိုးတောထဲကပေါ့ အပါ၊ အဲဒီနေ့က အပါ့ကိုသတိ ရပြီး လေးလေး ဖုန်းဆိုးတောထဲ ဝင်မိတာ၊ တောက သိပ်နက် နေတော့ ကြောက်ပြီး အတင်းပြန်တိုးထွက်အလာမှာ လက်ကိုင် ပဝါကျန်ခဲ့တာ”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အဲဒီနေ့က ဖုန်းဆိုးတောထဲမှာ လေးလေး ဟို သီချင်းဆိုသေးလား"

"ဘယ်သီချင်းလဲ အပါ"

လေချွန်သံကိုပင် သီချင်းတစ်ပုဒ်ဆုံးအောင် မချွန်တတ်သော စစ်ဗိုလ်စိုးမိုးခိုင်က အသံနေ အသံထားဖြင့် ဆိုပြလိုက်၏။

"ဟေး ... အဝါ၊ နင် ဘယ်မှာလဲဟာ"

"အသံပြန်ပေးပါ အပါ၊ နီမာ မရှာတတ်တော့လို့ပါ"

မင်းသားဇေ ဆဇော်ဟဲဖို့ နောက်ဆက်တွဲအဖုဒ်ကို ပါးစပ်ပြင်လိုက်သည်။ ထိုစဉ်မှာပင် ...

"တော်ပါတော့ အပါရယ်၊ အပါ့အသံက သီချင်းဆိုသံနဲ့လည်း မတူဘူး၊ စစ်ထဲမှာ သတိ ဘယ်လှည့်၊ ညာလှည့်၊ သက်သာ၊ ချီတက်လို့ အမိန့်ပေးသံမျိုး ထွက်နေတယ်"

"အင်းပါ ... ကိုယ့်အသံက အဲဒီလိုဖြစ်ချင်လည်း ဖြစ်မှာပေါ့ လေးလေး၊ ဒါပေမဲ့ ကိုယ်သီချင်းတာက အဲဒီသီချင်းလေးကို လေးလေး ဖုန်းဆိုးတောထဲမှာ ဆိုမိသေးသလားလို့ပါ"

"မိုးချုပ်ပြီ အပါ၊ ပြန်တော့နော်"

"ကိုယ်မေးတာ ဖြေဦးလေ"

"ဩော် ... အပါရယ်၊ အဲဒီသီချင်းဟာ လေးလေးရဲ့ ကိုယ်ပိုင်သီချင်းပဲဟာ၊ အပါ့ကို သတိရတိုင်း ဆိုမိတာပေါ့၊ ဒါပေမဲ့ အပါ မရှိမှန်း သိနေတော့ ဖုန်းဆိုးတောထဲမှာ တိုးတိုးလေးပဲ ဆိုမိခဲ့တာပါ"

"ဒါဆိုရင် နက်ဖြန်ကာကျရင် ကဝမှာ ကိုယ်နဲ့လေးလေး ဖုန်းဆိုးတောထဲမှာ တူတူဖုန်းဆမ်း ကစားဦးမယ်၊ ထုံးစံအတိုင်း ကိုယ်က ဖုန်းဆိုးတောထဲ ဝင်သွားမှာပဲ၊ လေးလေး လိုက်ရှာလို့



မတွေ့ရင် အဲဒီသီချင်းကိုပဲ ကိုယ်ကြားနိုင်လောက်အောင် အော်ပြီး ဆိုပြရမယ်နော်၊ ဒါမှ ကိုယ်ထွက်လာခဲ့မှာ သိလား"

"အပါရယ် ... ကလေးကလား သိပ်မဆန်နေဘူးလား"

"ချစ်ခြင်းမေတ္တာမှာ ကလေးကလား ဆန်တယ်လို့ မရှိစကောင်းပါဘူး လေးလေး၊ ချစ်သူနှစ်ဦးဆိုတာ ပတ်ဝန်းကျင်ရှေ့မှာ ဆင်ခြင်ရပေမယ့် ဆိတ်ကွယ်ရာမှာဆိုရင် ထိန်းသိမ်းသင့်တာ ထိန်းသိမ်းပြီး အသေးအဖွဲလောက်တော့ ချစ်မေတ္တာသဘောကို ပြသင့်ပါတယ်၊ ဖုန်းဆိုးတောထဲကျရင် သီချင်းဆိုပြမယ် မဟုတ်လား လေးလေး"

အပါသည် အပါသာ ဖြစ်ပါ၏။ ယယ်ငယ်တုန်းကတည်းက အပါသည် တခြားလူအပေါ်၌တော့ မသိ။ နီမာ့အပေါ်၌ဆိုလျှင် နွဲ့ဆိုး ဆိုးချင်သည်။ ယခုလည်း ငယ်ကျင့်မပျောက်သေး။ လေးလေးအပေါ်တွင် နွဲ့ဆိုးဟန်လေးတွေ ပြနေပြန်သည်။ အပါ နွဲ့ဆိုးဖြင့် အနိုင်ယူလေတိုင်း ငယ်ငယ်ကတည်းက လေးလေးခမျာ လိုက်လျောရစမြဲ။

ယခုလည်း လေးလေးမြင့်သည် အပါ့အား အပြုံးလေးဖြင့် ခေါင်းညိတ်ပြလိုက်ပေတော့သည်။

ထိုရောအခါကျမှ အပါသည် ရယ်ကာမောကာဖြင့် နှုတ်ဆက်ဆင်းသွားတော့သည်။

လေးလေးမြင့်က သံဆန်ခါတံခါးဝအထိ လိုက်ပို့ရင်း စိုးမိုးခိုင့် မော်တော်ဆိုင်ကယ် စက်နှိုးပြီး လက်ပြကာ မောင်းထွက်သွားသည်အထိ စောင့်ကြည့်နေရှာပေသည်။

ဩော် ... လေးလေးမြင့်အဖို့ အပါနှင့် ပြန်လည်တွေ့ဆုံပြီး ပြန်လည်ချစ်ခင်ရခြင်းသည် လဆုတ်ပက္ခ လကွယ်ညကမှောင်

www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းကို ကျော်လွန်ပြီး လမင်းထိန်ထိန်သာသလေ့ ဆိုသော လပြည့်ဝန်းကြီးကို တွေ့ရသည်နှင့် ဘာထူးလေတော့သနည်း။

စိုးမိုးခိုင်အဖို့လည်း ထိုနည်းနှင်နှင်ပင် ထွန်းနေလင်းပြော သလို ...

"မင်းက တောထဲတောင်ထဲမှာ စစ်ပဲတိုက်နေတဲ့ အရိုင်းဖြစ်နေတယ်။ ဒီတော့ ယဉ်တာလေးတွေ နုတာလေးတွေကို တစ်ခါတလေ မင်းကို မြင်စေချင်တယ်"ဟု ပြောခဲ့သည်။

ရွှေစင်၏မွေးနေ့ပွဲသို့ တမင်တကာ ခေါ်သွားခဲ့သည်။

တွေ့ရပါ၏။ မြို့ကြီးပြကြီး မွေးနေ့ပါတီပွဲ၏ ယဉ်တာတွေ နုတာတွေ စိုးမိုးခိုင် တွေ့ရပါ၏။

ထိုအထဲတွင် အယဉ်ဆုံး၊ အနုဆုံး၊ အသိမ်မွေ့ဆုံးနှင့် ဝမ်းအသာရဆုံးကား ချစ်လှစွာသော ပျောက်ဆုံးနေသည့် ငယ်ချစ်နီမာကို လေးလေးမြင့်အဖြစ် ပြန်လည်တွေ့ဆုံရခြင်းပါတည်း။

မော်တော်ဆိုင်ကယ်သည် ညလေအေးကို ထွင်းဖောက်ကာ မောင်းလာရင်းကပင် ထွန်းနေလင်း၏ခြံရှေ့သို့ ရောက်လာသည်။

ထိုစဉ်မှာပင် ...

စစ်သား၏မျက်စိသည် မြင်တွေ့သမျှကို စူးရှစွာ ကြည့်တတ်သော အကျင့်ကြောင့် ဖျတ်ကနဲ မြင်တွေ့လိုက်ရသော အကြောင်းအရာတစ်ခုပေါ်၌ စိုးမိုးခိုင် သတိထားမှု ပြုလိုက်သည်။

ယင်းသတိထားချက်မှာ မိမိသည် မနက်ပိုင်းက ကဝသို့ ထွက်ခွာခဲ့သည်။ တစ်အိမ်လုံးရှိ လျှပ်စစ်မီးများကို ပိတ်ထားသည်။ ယခု မိမိတည်းခိုနေသော ထွန်းနေလင်း၏ တစ်ထပ်တိုက်လေး ထဲတွင် မီးများလင်းနေသည်ကို အဝေးမှပင် သတိထားလိုက်မိ သည်။



အဘယ်ကြောင့် မိမိသော့ပိတ်ထွက်လာသော အိမ်အတွင်း၌ မီးရောင်လင်းနေရသနည်း။ မိမိကိုယ်တိုင် မေ့လျော့ပြီး ညက ထွန်းထားသော မီးတစ်လုံးလုံးအား မပိတ်မိဘဲ ရှိခဲ့လေသလား ဟူ၍ပင် ဇဝေဇဝါ ဖြစ်ရသည်။

ဇဝေဇဝါ မဖြစ်ပါလေနှင့်။

အိမ်ရှေ့မှ ခြံဝင်းထဲသို့ ဆိုင်ကယ်ဝင်လာသည်နှင့် အိမ်ထဲ မီးများသည် ဖျတ်ခနဲပိတ်ပြီး မှောင်သွားသည်ကို စိုးမိုးခိုင် ဒုတိယ အကြိမ် သတိထားမိပြန်သည်။

စစ်တိုက်ရာတွင် မျက်မြင်ကိုယ်တွေ့ကို မဆိုထားလင့်။ လေတိုက်လေအောက်ကို နားစွင့်ရင်းပင် ရန်သူ ဘယ်အရပ်မှာရှိ သည်ကို အကဲခတ်ရသည်။ တစ်ခါတစ်ရံ အမဲလိုက်သူများလို လေတိုက်လေအောက် အနံ့ခံပြီး ရန်သူရှိရာအရပ်ကို ခန့်မှန်းရ သည်။

ယခုကိစ္စက ရှင်းနေသည်။

စောစောက အိမ်ထဲတွင် မီးဖွင့်ထားပြီး မိမိမော်တော်ဆိုင် ကယ်၏ တဖုတ်ဖုတ်သံဖြင့် ခြံထဲချိုးကွေ့မှ အိမ်ထဲမီးကို မှိတ်ပစ် လိုက်သည်။ အဓိပ္ပာယ်မှာ အိမ်တွင်း၌ ရန်သူရောက်နေသည်ပင်။ ဤအိမ်တံခါးသော့တူ ယူသွားသူမှာ ထွန်းနေလင်းသာ ဖြစ်သည်။ ထွန်းနေလင်း ပြန်ရောက်နေသည် ဆိုပါကလည်း စိုးမိုးခိုင်ဝင် လာသည်နှင့် မီးပိတ်ပစ်စရာ အကြောင်းမရှိ။

ရန်သူတစ်ဦးဦးသည် အိမ်ထဲသို့ သူ့နည်းသူ့ဟန်ဖြင့် တံခါးဖွင့်ဝင်နိုင်ပြီး မိမိပြန်အလာကို စောင့်စားနေခြင်းသာဖြစ်မည်။

ဤသို့ ဖြစ်နိုင်စရာလည်း အများကြီးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမူ ယနေ့ မိမိ ကဝမှ ပြန်လာစဉ် လမ်းတွင် မိမိအား ဂျစ်ကားနှင့် တိုက်သတ်ဖို့ ရန်သူက ကြံစည်ခဲ့သည်။ မအောင်မြင်ရုံမက မိမိကပင် ရန်သူတစ်ဦးလည်း ကျကျန်ခဲ့ပြီး ကျန်နှစ်ဦး ခွေးပြေးဝက်ပြေးဖြစ်အောင် ဖန်တီးလိုက်သည်။

ထို့ကြောင့် ရန်သူသည် မကျေနပ်ပွဲ ထပ်မံဆင်နွှဲရန် မိမိနေထိုင်တည်းခိုသော နေရပ်လိပ်စာကို စုံစမ်းကာ မိမိအားစောင့်မျှော်နေခြင်းမျိုး ဖြစ်နိုင်သည်။

စိုးမိုးခိုင်သည် တစ်ခဏချင်း ဘာလုပ်ရမည်ကို စဉ်းစားတော့သည်။ တကယ်လုပ်သင့်သည်မှာ မော်တော်ဆိုင်ကယ်ကို ပြန်ကွေ့ပြီး ဤရပ်ကွက်၌ ဤဒေသရှိ အနီးဆုံးရဲစခန်းသို့ သွားရောက်ပြီး ဤအကြောင်းတွေ ပြောပြကာ ရဲအကူအညီဖြင့် ပြန်လာပြီး အိမ်တွင်းရောက်ရန်သူကို ဖမ်းဆီးဖို့ပင် ဖြစ်၏။

သို့သော် ရန်သူသည် ဤမျှမတုံးတန်ရာ။

စိုးမိုးခိုင်သည် အိမ်ထဲဝင်တော့ဘဲ ပြန်ကွေ့သွားသည်နှင့် တစ်စုံတစ်ရာ အကူအညီတောင်းခံရန် ထွက်သွားမှန်း သူတို့ရိပ်မိပြီး စိုးမိုးခိုင်တို့ ပြန်မလာမီ သူတို့က ပြန်လည်၍ ဤအတွင်းမှ ထွက်ခွာသွားမည်မှာ သေချာသည်။ ထိုရောအခါ သက်ဆိုင်ရာတွေ ခေါ်လာပြီးမှ အိမ်တွင် ဘာမျှမရှိတော့လျှင် မိမိသာလျှင် တပ်မတော်အရာရှိတစ်ဦး ဖြစ်ပါလျက် သတ္တိကြောင်သည်ဟု အထင်သေးခံရဦးမယ်။

နောက်တစ်ချက်မှာ တပ်မတော်အရာရှိ ဆိုသည်မှာ ဘယ်သောအခါမျှ ရန်သူကို တိုက်ခိုက်ရာတွင် အလဲမလဲ အရှုံးပေးခြင်းမရှိစမြဲဖြစ်သည်။



လက်နက်ချ အရှုံးပေးခြင်းတော့မပြု။ သူသေသေ ကိုယ်သေသေ တိုက်ခိုက်ရန် စိတ်ဓာတ်အပြည့်အဝရှိသည်။ ဘုရင့်နောင် ဖောင်ဖျက်ပစ်သည့်မှုကို လက်ခံသည်။

အခါတစ်ပါး၌ ဘုရင့်နောင်ဦးစီးသောတပ်သည် ရန်သူကို တိုက်ခိုက်ဖို့အတွက် မြစ်ကိုကူးရန် ဖောင်ဖွဲ့ပြီး သူ့၌ပါရှိသော ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်အားလုံးကို တစ်ဖက်ကမ်းသို့ ဖောင်ဖြင့်ကူးစေသည်။ ဟိုဘက်ကမ်းသို့ ရောက်သည်နှင့် ဖောင်တွေအားလုံးကို ဘုရင့်နောင်သည် ဖျက်ဆီးပစ်ခဲ့ မြစ်တွင်ဖောင်ပျက်များ မျောသွားစေတော့သည်။

ပြီး ... ဘုရင့်နောင်က ဩဝါဒပေးသည်။

စစ်ဝိုက်ရာတွင် နောက်ပြန်ဆုတ်ပေးဖို့ အခွင့်အရေးရှိနေလျှင် ဆင်တပ်၊ မြင်းတပ်၊ စစ်မက်တပ်သားတို့သည် ကိုယ့်ဘက်မှ စစ်ရေး မက်ရေး နိမ့်ကျသည်နှင့် နောက်ဆုတ်ပြေးတော့မည်။ ယခုမည်မျှပင် နောက်ဆုတ်ဆုတ် မြစ်ခံနေသောကြောင့် ဟိုဘက်ကမ်းသို့ ပြန်လည်မကူးနိုင်မှတော့ပြီ၊ ဒီတော့ အားလုံးသောစစ်သည်ရဲမက်များသည် အသေအလဲ တိုက်ရမည်။ တိုက်ပွဲအောင်လျှင် အောင်၊ အနိုင်ရလျှင်ရ၊ မအောင်မြင် အနိုင်မရလျှင် ဤတိုက်ပွဲတွင် အားလုံးသည် ရန်သူ့လက်ချက်ဖြင့် သေရမည်။

ဤပွဲသည် အားလုံး တိုင်းပြည်အတွက် အသေခံပွဲပါတည်း။ ဘုရင့်နောင်သည် ထိုပွဲတွင် အနိုင်ရခဲ့ဖူးသည်။

စိုးမိုးခိုင်သည် ဘုရင့်နောင်ထုံးကို နှလုံးမူသည်။ ပြန်လှည့်ပြီး အကူအညီတောင်းနေလျှင် ရန်သူလွတ်ထွက်သွားမည်။ ရန်သူကို အလွတ်မပေးချင်။ ငါးမျှားချိတ်တွင် လာဟပ်သောငါးကို အမိဖမ်းချင်သည်။ မိလျှင်မိ မမိ၍ ကိုယ်ခံရတော့ကော ဘာအရေး

www.burmeseclassic.com



နည်း။ ကိုယ်တိုင်က စစ်သားမဟုတ်ပါလေလား။ မြားတစ်စင်းလေးတစ်ချောင်းနှင့်ပင် ရန်သူကို ခုခံတိုက်ခိုက်ရမည်မှာ ဗမာ့တပ်မတော်၏ စိတ်ဓာတ်ဖြစ်သည်။ တိုက်ခိုက်ရေးအောင်မြင်ရေးကိုမူ ကိုယ်၏ဉာဏ်စွမ်း ကိုယ်၏ကာယစွမ်းတို့ဖြင့် စွမ်းဆောင်ရမည်။

စိုးမိုးခိုင်သည် ဂူခြေမပျက်ပင် မော်တော်ဆိုင်ကယ်ကို ခြံထဲသို့ မောင်းဝင်လာခဲ့သည်။ ဆက်လက်၍ မော်တော်ဆိုင်ကယ်ကို ကားဂိုဒေါင်ထဲအထိ ဆက်မောင်းခဲ့သည်။

ဤသည်မှာလည်း အတွင်း၌ရောက်နေသော ရန်သူ့အပေါ်တွင် နည်းပရိယာယ်ဆင်ရခြင်း ဖြစ်ပါ၏။ ရပ်ရိုးရပ်စဉ် ရပ်လျှင် ဆိုင်ကယ်ကို အိမ်ရှေ့ပေါ်တီကိုအောက်၌သာ ရပ်ရမည်။ သို့သော် ညဉ့်နက်မှ ပြန်လာသူ ဖြစ်သောကြောင့် ဆိုင်ကယ်ကို အိမ်ရှေ့ပေါ်တီကိုအောက်၌ မထားတော့ဘဲ ဂိုဒေါင်ထဲ တန်းသွင်းသည်မှာ တစ်ဖက်မှကြည့်လျှင် သဘာဝကျနေပေသည်။ အိပ်ချိန်တန်၍ ပြန်လာသူမို့ နောက်ထပ် ထွက်စရာမရှိတော့ပြီဆိုပြီး ဂိုဒေါင်သွင်းသဘော သက်ရောက်နေပေသည်။

စိုးမိုးခိုင်သည် ဂိုဒေါင်ထဲရောက်ပြီးမှ အတွင်းရန်သူကို ရင်ဆိုင်ရန် လက်နက်ကိရိယာရှာမိသည်။ ကားဂိုဒေါင်ထဲတွင် သေနတ်မရှိ။ ဓားမရှိ။

ထိုရောအခါ စိုးမိုးခိုင်က ရှည်လျားသော ကားပြင့်ဝက်အူလှည့်ကြီးတစ်ချောင်းကို ခါးတွင်ထိုးလိုက်သည်။ အလေးချိန်စီးလှသော စပါနာကြီးတစ်ချောင်းကိုလည်း ရွေးယူလိုက်သည်။ ထိုစပါနာကြီးမှာ ၅/၈ B.S.W "၁၁/၁၆ B.S.F. အင်္ဂလန်လုပ်ကြီးဖြစ်သည်။ ထိုစပါနာဖြင့် လူတစ်ယောက်၏ ဦးခေါင်းကိုထိထိ



မိမိရိုက်နိုင်လျှင် တစ်ချက်တည်းဖြင့် ခွေကျသွားနိုင်သည်။ ထိုစပါနာကိုလည်း ခါးတွင် ထိုးထားပါ၏။

ကိစ္စမရှိ ...။

ပြောင်လို အကောင်ကြီးကိုပင် ဖော်တီဖိုက်ပစ္စတိုဖြင့် အသေပစ်နိုင်ခဲ့သော မိမိ၏အရည်အချင်းကို စိုးမိုးခိုင်သည် မိမိဘာသာယုံကြည်သည်။

တိုက်ပွဲတစ်ခုတွင် အရေးကြီးသည်မှာ ရန်သူ့ကို ကိုယ်က မမြင်မတွေ့ရဘဲ အလစ်၌ တိုက်ခိုက်ခံရသည်ကိုသာ စိုးမိုးခိုင် စိုးရိမ်သည်။

ရန်သူက မိမိကို တိုက်ခိုက်မည်မှန်း တင်ကြိုသိထားလျှင် စိုးမိုးခိုင်သည် လက်ထဲတွင် အပ်တစ်ချောင်းကိုင်၍ တိုက်ခိုက်ရန် အဆင်သင့် ဖြစ်နေတတ်သည်။

ရန်သူနှင့် ယှဉ်ပြိုင်ပြီဟုဆိုလျှင် သူ့ပရိယာယ်၊ ကိုယ့်ပရိယာယ် ပြိုင်ဆိုင်မှုပင် မဟုတ်ပါလား။

စိုးမိုးခိုင်သည် ဝက်အူလှည့်နှင့် စပါနာအကြီးကြီးကို ခါးညှပ်ပြီး ဂျာကင်ဖုံးဝတ်ပြီးနောက် သူ၏ဂျာကင်အိတ်ထဲ၌ အဝတ်ပိုအဝတ်စကို ရှာဖွေကြည့်မိသည်။

အဝတ်ပို အဝတ်စအဖြစ် L.L.M ထိုးထားသော လေးလေးမြင့်၏လက်ကိုင်ပဝါသာလျှင် ယခုလောလောဆယ် ထွက်လာပေသည်။

စိတ်ထဲတွင် နှမြောမိသည်။ သို့သော် မတတ်နိုင်ပါလေတော့။ လေးလေးမြင့်၏ လက်ကိုင်ပဝါကိုပင် မော်တော်ဆိုင်ကယ်တိုင်ကီဖုံးဖွင့်ကာ တိုင်ကီထဲမှ ဓာတ်ဆီများနှင့် နင့်နေအောင်လူးကာ ကိုင်ပဝါကို ဓာတ်ဆီများ စိုရွှဲသွားသည်အထိ နှစ်မြှုပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တော့ စိုးမိုးခိုင်သည် အိမ်ဆီသို့ ခြေလှမ်းမပျက် ချဉ်းကပ်လာသည်။ ရန်သူသည် ဘယ်နှဦးမှန်းမသိ။ ဘာလက်နက်မျိုးတွေ ကိုင်ဆောင်ထားမှန်းမသိ။

ဣန္ဒြေမပျက်ပင် တံခါးသော့ပေါက်ထဲသို့ သော့တံကိုထိုးသွင်းလိုက်သည်။ တစ်ချိန်တည်း၌ပင် ခါးတွင်ဆီဆွတ်ထားသော လက်ကိုင်ပဝါကို ထုတ်ယူလိုက်ပြီး ခါးတွင်ဆီမီးခြစ်ကိုလည်း အသင့်ဆောင်ထားသည်။ သော့တံနှင့် ဂျက်ခနဲ သော့ကျအောင် ဖွင့်သည်နှင့် တံခါးရွက်ကို ခြေနှင့်တအားဆောင့်ကန်ရုံမက တစ်ဖက်သို့ တံခါးရွက် ပြားကပ်သွားအောင်အထိ စိုးမိုးခိုင်က သူ၏ ဗလဖြင့် ဖိထားလိုက်သည်။

"အား"

စိုးမိုးခိုင် တွက်ခြေမှန်သွားသည်။ အထဲမှ ရန်သူတစ်ဦးဦးသည် စိုးမိုးခိုင် ဝင်အလာကို တံခါးဘေးမှ စောင့်နေလိမ့်မည်ဟု စိုးမိုးခိုင် တင်ကြိုတွက်ဆသည်။ တံခါးကို ဆောင့်ကန်ကတည်းက ထိုရန်သူကို တံခါးရွက်က ရိုက်မိသည်။ တံခါးရွက် ဆက်ဖိထားသောအခါ ရန်သူကိုယ်တော်ချောမှ အုတ်နံရံနှင့် တံခါးရွက်ကြားတွင် ညပ်နေပါတော့သည်။

စိုးမိုးခိုင်သည် ခါးတွင်ဆီဆွတ် လက်ကိုင်ပဝါကို ခါးတွင်မီးခြစ်ဖြင့် ဖျတ်ခနဲ မီးရှို့လိုက်သည်။ ဟုန်းခနဲ မီးတောက်လာသည်နှင့် ထိုအလင်းရောင်ဖြင့် အိမ်ထဲသို့ ကြည့်လိုက်သည်။

ရန်သူနှစ်ဦး ထပ်မံတွေ့ရသည်။

ရှေ့တည့်တည့်တွင် တစ်ယောက်၊ လက်ဝဲဘက်တွင်တစ်ယောက်။ ရှေ့တည့်တည့်မှလူ၏ လက်ထဲတွင် သေနတ်ကိုင်ထားသည်။



ဘာမပြော ညာမပြော စိုးမိုးခိုင်သည် မီးဟုန်းဟုန်းတောက်နေသော လက်ကိုင်ပဝါကို ရှေ့တည့်တည့် သေနတ်ကိုင်လူဆီသို့ ပစ်သွင်းလိုက်သည်။

"ဒိုင်း"

ထိုလူကလည်း စိုးမိုးခိုင် ဝင်လာသည်နှင့် သေနတ်နှင့်ပစ်ရန် အသင့်ရှိနေပုံရသည်။ သို့သော် သေနတ်သည် စိုးမိုးခိုင်အား လွှဲချော်တွက်ထားပုံရ၏။ စိုးမိုးခိုင်သည် မိမိအိမ်သို့ လာနေကျထုံးစံအတိုင်း နမော်နမဲ့ဖြင့် အေးအေးစွာ တံခါးသော့ဖွင့်လာမည်ဟု ထင်ကြေးထားပုံရသည်။

စိုးမိုးခိုင်က လျှပ်တစ်ပြက်အတွင်း တံခါးဆောင့်ကန်ပြီး ဖိထားသည့်အတွက် ကိုယ့်ဘက်တော်သားတစ်ဦး အားခနဲဖြစ်ကာ အထိနာသွားသည်ရော အထဲရောက်သည်နှင့် ဟုန်းဟုန်းတောက်မီးတောက် ဖြစ်ပေါ်လာရသည်ကို အံ့အားသင့် ကြက်သေ,သေနေစဉ် မိမိထံသို့ မီးတောက်တစ်ခု စွတ်ဝင်သည်ရောကြောင့် ပျာယာခတ်သွားကာ ဒိုင်းခနဲပစ်သော်လည်း ပစ်ချက်မှာ တခြားသို့ရောက်သွားပေသည်။

ခါးတွင်ဆီဆွတ် လက်ကိုင်ပဝါ၏ မီးတောက်ကို သေနတ်သမားရှောင်ရှားနေစဉ်မှာပင် စိုးမိုးခိုင်သည် ထိုလက်ကိုင်ပဝါမီး အလင်းရောင်ဖြင့် ခါးထဲမှ စပါနာကို ဆွဲထုတ်ကာ လက်ဝဲရန်သူဆီသို့ ဗိုးခနဲနေအောင် ပေါက်ထည့်လိုက်ပြန်သည်။

ဒုတ်ခနဲ ထိမိသံနှင့် အားခနဲ အော်သံကြားရပြန်သည်။ စပါနာသည် မျက်နှာ၊ ဦးခေါင်း စသည့်ချက်ကောင်းတော့ ထိဟန်မတူ။ ရန်သူ၏ရင်ဘတ်ကို ထိဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ ရန်သူသုံးဦးလုံး ပုံပျက်ပန်းပျက် ဖြစ်နေစဉ်မှာပင် စိုးမိုးခိုင်သည် မီးခလုတ်ကို လျင်မြန်စွာဖွင့်ကာ ကိုယ်ခန္ဓာကို ကြမ်းပြင်တွင် လှူးလှိမ့်ရင်း ဧည့်ခန်း၏ရှိုးကေ့စ်အနေအထားတို့ကို စိုးမိုးခိုင် ကျွမ်းကျင်ပြီးသား ဖြစ်သည်။

သို့တစေ ...

ရန်သူသုံးဦးသည် တဒင်္ဂမျှသာ ပုံပျက်ပန်းပျက် ဖြစ်ရသည်။ ရုတ်ရာရက် မမျှော်လင့်သော စိုးမိုးခိုင်၏တိုက်ခိုက်မှုကြောင့်သာ ဟန်ပျက်သွားသည်။ စိုးမိုးခိုင် ရှိုးကေ့စ်နောက်အကွယ် ရောက်သွားသောအချိန်တွင် သူတို့သုံးဦးလုံးသည် မားမားမတ်မတ် ပြန်၍ရပ်နိုင်လေပြီ။

အမိကအကျဆုံးလူသည် သေနတ်ကိုင်သူ ဖြစ်ပါ၏။ ထိုလူသည် အသက်ငါးဆယ်ခန့်ရှိနေသော လူကြီးတစ်ဦး ဖြစ်ပေသည်။ ထောင်ထောင်မောင်းမောင်းနှင့် အသားညိုမောင်းသည်။ ဆံပင်တွေမှာ တစ်ခေါင်းလုံး ဖြူနေသည်။ ရှမ်းဘောင်းဘီအနက်ရောင်ပွပွကြီးကိုဝတ်ထားပြီး မီးခိုးရောင် ကော်လာပျောက် လည်ဝိုင်းရှပ်အင်္ကျီလက်ရှည်ကို ဝတ်ထားသည်။

ကျန်နှစ်ယောက်မှာ ယနေ့ညနေပိုင်း ထုံးကြီးလမ်းတွင် စိုးမိုးခိုင်အား ဂျစ်ကားဖြင့် တိုက်သတ်ရန် ကြံရွယ်ခဲ့သူ သုံးဦးအနက်မှ နှစ်ဦးဖြစ်နေသည်။ သူတို့နှစ်ဦးစလုံးအား စိုးမိုးခိုင်သည် ပွိုင့်တူးတူးသေနတ်ဖြင့် တစ်ချက်စီပစ်ခဲ့သည်။ သို့သော် အထိနာဟန်မတူခဲ့ပါလေ။

ပွိုင့်တူးတူးပစ္စတိုသေနတ်၏ စွမ်းအင်မှာ တော့ပစ်မဟုတ်ဘဲ အကွာအဝေးပစ် ဖြစ်ခဲ့ရသည်မို့ သူတို့နှစ်ဦးစလုံး လေသေနတ်မှန်သလောက်ပင် ဖြစ်သွားဟန်တူသည်။ သူတို့ တရကြမ်းဂျစ်ကား



မောင်းပြေးသွားသည်မှာ ရဲအုပ်ကိုမျိုးညွန့်တို့အဖွဲ့ ရောက်လာသည်အတွက်သာ ဖြစ်ရမည်။

သူတို့သုံးယောက်တွင် ရှမ်းဘောင်းဘီဝတ် ပုဂ္ဂိုလ်ကြီးတစ်ဦးတည်း၌သာ သေနတ်ပါရှိသည်။ ကျန်နှစ်ဦးလက်ထဲတွင် မောင်းပြန်ဓားပင် မကိုင်ပါလေတော့။ ရွှေတိဂုံဘုရားစောင်းတန်းတွင် ရောင်းချတတ်သော ဗမာလုပ် ဓားမြောင်တစ်ချောင်း ကိုယ်စီသာ ကိုင်ဆောင်ထားကြသည်။

သူတို့နှစ်ဦးလုံးကို ကြည့်ရသည်မှာ စိုးမိုးခိုင်ပစ်ခဲ့သော ပွိုင့်တူးတူးသေနတ်ဒဏ်ရာကိုပင် ကုသခဲ့ရသေးဟန်မတူ။ ထိုကြားထဲကပင် စိုးမိုးခိုင်က ရောက်ရောက်ချင်း တစ်ဦးကို တံခါးရွက်ဖြင့်ရိုက်ပြီး ညှပ်လိုက်သည်။ နောက်တစ်ဦးကို စပါနာနှင့်ပေါက်ထည့်ထားသည်။ ဒဏ်ရာဒဏ်ချက် အတွေတွေဖြင့် သူတို့နှစ်ဦးစလုံး မျှော့စီ ပျော့နဲ့အမူအရာတွေ ရှိနေကြသည်။

ဒါက ရှိုးကေ့စ်ကြားမှ ချောင်းကြည့်ပြီး စိုးမိုးခိုင် မြင်တွေ့အကဲခတ်ရသမျှ အခြေအနေတွေ ဖြစ်ပါ၏။ ထိုလူသုံးဦးတွင် စိုးမိုးခိုင် သတိထားစရာ အကောင်းဆုံးလူမှာ သေနတ်ကိုင် ရှမ်းဘောင်းဘီနှင့် ပုဂ္ဂိုလ်ကြီးသာ ဖြစ်ပါ၏။ သူ့ကိုကြည့်ရသည်မှာ စိုးမိုးခိုင်အား သေနတ်ဖြင့်ထိအောင် ပစ်နိုင်ရေးကို အလွန်စိတ်အားထက်သန်နေပုံရသည်။ သူ၏မျက်လုံးများသည် အသက်အရွယ်နှင့်မလိုက်အောင် တောက်ပနေသည်။

ထိုပုဂ္ဂိုလ်ကြီးသည် ပထမတော့ စိုးမိုးခိုင်တွင် သေနတ်များပါလေမည်လားဟု မဝံ့မရဲ ရှိပုံရသည်။ ထို့နောက် စိုးမိုးခိုင်၏ တိုက်ခိုက်ပုံစံများသည် စိုးမိုးခိုင်၏သေနတ် မပါကြောင်း ထင်ရှားသည့်အတွက် ထိုပုဂ္ဂိုလ်ကြီးက သေနတ်ကိုင်ပြီး ရဲရဲတင်းတင်းပင်

www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးခိုင် အကာအကွယ်ယူထားသော ရှိုးကေ့စ်အဝသို့ ရပ်လိုက်သည်။ ထောင့်ကွယ်တွင် နံရံကျောကပ်ထားသော စိုးမိုးခိုင်ဆီအားတွေ့ရှိပြီး သေနတ်ကို သူ့လက်ဖြင့် တန်းနေအောင် ချိန်လိုက်သည်။

စိုးမိုးခိုင် အဖြစ်မျိုးကို မျှော်လင့်ထားပြီးသား ဖြစ်သည်။ ထို့ကြောင့်လည်း တောင်ဆုတ်ခန့်ရှည်သော ဝက်အူလှည့်ကြီးကို ခါးကြားမှထုတ်ပြီး ထိပ်ဖျားအစွန်းကို တွဲလွဲချကိုင်ကာ စောင့်နေလိုက်သည်။ ပုဂ္ဂိုလ်ကြီးက သေနတ်ကိုင်လက်ကို ဆန့်တန်းလိုက်သည်နှင့် စိုးမိုးခိုင်က ဝက်အူလှည့်ရှည်ကြီးကို ဗိုခနဲ ထိုလူကြီးထံသို့ ပစ်ပေါက်လိုက်ပြန်ပါ၏။

"အား"

"ဒိုင်း"

လူကြီး၏ပခုံးပြင်တွင် ဝက်အူလှည့်၏ထိပ်ဖျားက ဝင်စိုက်လိုက်သည်။ သို့သော် ဝက်အူလှည့်၏ အရှည်အလျားကရော အရိုးလက်ကိုင်၏ အလေးချိန်ကြောင့်ရော တန်းလန်းကြီးစိုက်မနေပါလေ။ အင်းခနဲ ဇင်စိုက်ပြီး ဖတ်ခနဲ ဝက်အူလှည့်ရှည်ကြီး ပြုတ်ကျသွားသည်။ တစ်ချိန်တည်းမှာပင် စိုးမိုးခိုင်က နံရံမှလျှောချကာ ဖင်ထိုင်ပစ်လိုက်သည်။ ထို့ကြောင့်လည်း ပုဂ္ဂိုလ်ကြီး၏ "အား"ခနဲ အော်ပြီးမှ ဒိုင်းခနဲ ပစ်လိုက်သော ကျည်ဆန်သည် ဒုတိယမို့ ပစ်ချက်လွဲကာ အုတ်နံရံထဲသို့ စိုက်ဝင်သွားပြီး စိုးမိုးခိုင် လွတ်မြောက်သွားပြန်ပါ၏။

စိုးမိုးခိုင်သည် တစ်ကိုယ်လုံးတွင် ဟိုစမ်း ဒီစမ်း စမ်းကြည့်သည်။ ထပ်မံခုခံတိုက်ခိုက်ရန် လက်နက်ရှာဖွေကြည့်ခြင်း ဖြစ်ပါ၏။ ဘာဆို ဘာမျှမရှိပါလေတော့။



"ဟဲ ... ဟဲ ... ဟဲ ... မင်းအစွမ်း ဒါအကုန်ပဲမှတ်လားအပါ"

အပါဟူ၍ ထိုလူကြီးက သိနေသောကြောင့် စိုးမိုးခိုင်က ထိုလူကြီးကို မော့ကြည့်မိသည်။

ယခုမှ ထိုလူကြီး၏ စကားပြောသံ ထွက်လာသည်မို့ထို လူကြီး၏အသံကို အပါ ကြားဖူးသလိုလို ရှိလာသည်။

"ဟိုခွေးသားလေး အပါကို လိုက်ဖမ်းစမ်း"

ဖေဖေ၊ မေမေနှင့် ဦးလေးသာဆန်းကို ပစ်သတ်ခဲ့သော သေနတ်ကိုင်ဓားပြဗိုလ်ကြီး၏ အသံဖြစ်မှန်း ချက်ချင်း စိုးမိုးခိုင် မှတ်မိလာသည်။ ထိုစဉ်က မျက်နှာကို ထုံးတစ်ခြမ်း အိုးမဲတစ်ခြမ်း သုတ်ပြီး ဖေဖေ၊ မေမေ၊ ဦးလေးသာဆန်းကို ရက်စက်စွာ သတ်ခဲ့သော ဓားပြဗိုလ်အား ယခု စိုးမိုးခိုင် ပက်ပင်းတွေ့ရပါပြီ။

ဟို ... လွန်ခဲ့သော (၁၅)နှစ် အတိတ်ကာလကလည်း ...

ကျွန်တော် ဆိုသော အပါ ...

ကျွန်တော် ဆိုသော စိုးမိုးခိုင်။

သည်သူ၏ သေနတ်။ သူ၏ကျည်ဆန်၊ သူ၏ပစ်မှတ်ကြား ဝယ် ပြားပြားဝပ်ခဲ့ရဖူးပါ၏။

ယခု ပစ္စုပ္ပန်ကာလကျတော့လည်း နောက်ဆုံး၌ ကျွန်တော်ဆိုသော အပါ၊ ကျွန်တော်ဆိုသော စိုးမိုးခိုင်သည် ဤလူဆိုးဓားပြကြီး၏ သေနတ်ပြောင်းဝမှာပင် မလှုပ်မရှက် ရပ်တည်နေရပြန်လေပြီကော။

"ကဲ ... အပါ၊ မင်း ဗုဒ္ဓတရားကို ယုံကြည်တယ် ဆိုရင်တော့ ဘုရား,တရား,သံဃာကို အာရုံပြုပေတော့၊ ငါကတော့ အမှုပေါင်းတွေ မပေါ်အောင် လူတွေသတ်ရမှာပဲကွ၊ ပေတလူ ကိုလည်း ငါ သတ်ခဲ့တယ်၊ ဒါပေမဲ့ ပေတလူက အရှုံးကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ သတ္တဝါမျိုးပဲ၊ နောက်တစ်ဆင့် ကူတို့သူကြီး ဦးဖြိုင်ကိုလည်း ငါ သတ်ခဲ့တယ်၊ ဦးဖြိုင်ကို ငါ မသတ်ချင်ပါဘူး၊ ဦးဖြိုင်ဟာ ငါ့ရဲ့မိတ်ဆွေတစ်ဦးပါ၊ ဒါပေမဲ့ လူဆိုတာ အတ္တသမားပေမာ နတ္ထိတဲ့ကွ အပါ၊ ပါဠိတွေ ငါရွတ်တာ မှားချင်မှားမယ်၊ ငါက ဘာသာရေးမှာလည်း သိပ်လေးလေးနက်နက် မလိုက်စားရသေးဘူး အပါ၊ ဆိုလိုချင်တာကတော့ ငါ့အသက်တစ်ချောင်းရှင်ရေးအတွက် ဘယ်သူ့ကို ငါသတ်ရ သတ်ရ သတ်မယ်ကွာ၊ ငါမသေရင် ပြီးရောပဲ၊ အဲဒီတော့ မင်းလည်း ဘုရားတရားသာအောက်မေ့တော့ အပါ၊ မင်းက လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က အမူကို လာဖော်တဲ့ တရားလိုကိုးကွ၊ အေး ... တရားဥပဒေသဘောအရ တရားလိုမရှိတော့ဘူးရင် တရားခံလည်း မရှိဘူးပေါ့ကွာ၊ ဒါကြောင့် ငါ တရားခံမဖြစ်အောင် တရားလိုဖြစ်နေတဲ့ မင်းသေလိုက်တော့ အပါ"

ထိုလူကြီး လက်ဆန့်တန်းလိုက်သည်။

"ဒိုင်း"

သေနတ်သံ ထွက်လာသော်လည်း စိုးမိုးခိုင်မှာ ဘာမျှထိခိုက်နာကျင်သော ဝေဒနာ မခံစားရ။ သေနတ်သံနှင့် ချာလပတ်လည်သွားသူမှာ ထိုသေနတ်ကိုင် ပုဂ္ဂိုလ်ကြီးသာလျှင် တွေ့ရတော့သူ့လက်ထဲမှ သေနတ်သည်လည်း ဘေးသို့လွင့်စဉ်ကျသွားသည်ကို စိုးမိုးခိုင် အံ့သြစွာ တွေ့လိုက်ရပါ၏။ ပုဂ္ဂိုလ်ကြီး၏လက်မောင်းမှ သွေးများဖြာခနဲ ထွက်လာပေတော့သည်။

"ဘယ်လိုလဲ ဦးမြဘူး၊ နောက်ဆုံးတော့ ရာဇဝတ်ဘေးပြေးမလွတ်ဘူး မှတ်လား၊ သူတို့အားလုံးကို လက်ထိတ်ခတ်လိုက်ဟော့"



ခွပ်ဒေါင်းသဖွယ် ယူနီဖောင်းအပြည့်နှင့် ဝင်လာသူမှာ ရဲအုပ်မျိုးညွန့် ဖြစ်ပါ၏။ အတော်မြန်ပြီး အတော်လက်ဖြောင့်သူပါပေ။ ကိုမျိုးညွန့် လက်ထဲတွင် သေနတ်ကိုင်ထားသည်။ တစ်စက္ကန့်၊ နှစ်စက္ကန့်မျှသာ ကိုမျိုးညွန့် ပစ်ခတ်မှု နောက်ကျလျှင် ထိုလူကြီးသေနတ်ပြောင်းသည် စိုးမိုးခိုင် ရင်ဝသို့ တေ့ချိန်ထားသည်မို့ စိုးမိုးခိုင် ပွဲချင်းပြီး ကြွလောက်သည်။ ကိုမျိုးညွန့်က ပစ်ပြန်တော့လည်း သေနတ်ကိုင်ထားသော ထိုလူကြီး၏လက်မောင်းကို တည့်မတ်စွာ ပစ်နိုင်ခြင်း ဖြစ်ပါ၏။

ရဲကြပ်၊ ရဲသားအားလုံးသည် မိနစ်ပိုင်းအတွင်းမှာပင် လူဆိုးသုံးဦးကို လက်ထိတ်ခတ်ပြီးသား ဖြစ်နေသည်။

"အချိန်မီ လိုက်လာတာပဲ ကိုမျိုးညွန့်၊ ကျွန်တော့်အသက်ဟာ ခင်ဗျားကယ်လိုက်တဲ့ အသက်ပဲ ရှိပါတော့တယ်ဗျာ"

စိုးမိုးခိုင်က ဝမ်းသာအားရပင် ကိုမျိုးညွန့်၏ပခုံးကိုဖက်ရင်း လက်ဆွဲနှုတ်ဆက်ကာ အားရပါးရကြီး ကျေးဇူးတင်ပစ်လိုက်ပါ၏။

"ဗိုလ်စိုးမိုးခိုင် ကျေးဇူးတင်တဲ့အတွက် ကျွန်တော် ဂုဏ်ယူပါတယ်၊ ဒါပေမဲ့ အခု ကျွန်တော် ဆောင်ရွက်တာတွေဟာ တာဝန်နဲ့ ဝတ္တရားပါ၊ ကျွန်တော်တို့ ရဲအဖွဲ့အစည်းဆိုတာ ပြည်သူရဲ့အသက်စည်းစိမ်နဲ့ အိုးအိမ်လုံခြုံရေးကို ကာကွယ်ပေးရတဲ့ အဖွဲ့အစည်း မှတ်လား"

"သိပ်ဟုတ်တာပေါ့ ကိုမျိုးညွန့်၊ ဒါထက် ကိုမျိုးညွန့် ဒီကို ဒီလို အချိန်မီရောက်လာပြီး ကျွန်တော့်ကို ကယ်နိုင်တာလဲ"

ကိုမျိုးညွန့်က အကျိုးအကြောင်း မဖြေသေးမီ မေးခွန်းတစ်ခုကို ကြားဖြတ်မေးလိုက်သည်။

www.burmeseclassic.com



"စိုးမိုးခိုင်ရဲ့ဆိုင်ကယ်နဲ့ ကျွန်တော်သွားချင်တဲ့ဆီကို ပြန်ပို့ပေးနိုင်မလားဟင်"

"ဟာ ... သိပ်ပို့မေးတာပေါ့"

"ဒါဆိုရင် ခဏလေးနော်၊ ကျွန်တော့်မှာ ရဲဂျစ်ကားပါလာတယ်၊ ဦးမြဘူး လက်မောင်းမှာ ကျွန်တော်ပစ်လိုက်တဲ့ သေနတ်ဒဏ်ရာကြောင့် သွေးသိပ်ထွက်နေတယ်၊ အချိန်မီ ဆေးရုံပို့ဖို့လိုတယ်၊ သူဟာ ဘယ်လောက်ပဲ လူတွေသတ်သတ် ဒီကိစ္စကို တရားရုံးက သူ့ကို အပြစ်ဒဏ်ပေးပါလိမ့်မယ်၊ ကျွန်တော့်တာဝန်က ဒဏ်ရာရတရားခံဆိုရင် ဆေးရုံကို အချိန်မီပို့ပေးရမှာပါ။ နောက်ပြီး ဒီနယ်မြေနဲ့ ပတ်သက်တဲ့ရဲကို ကျွန်တော်တို့ဆက်သွယ်ပြီး လုပ်ကိုင်စရာတွေ ရှိပါသေးတယ်၊ ဒီတော့ သူတို့အားလုံးကို ဆေးရုံကိစ္စနဲ့ သက်ဆိုင်ရာ နယ်မြေရဲစခန်းကိစ္စတွေကို ကျွန်တော့်ရဲကြပ်ကြီး ဆရာအုန်းမောင်က ဆောင်ရွက်သွားနိုင်ပါတယ်။ ကျွန်တော်က ဗိုလ်စိုးမိုးခိုင်ကို ဒီအမှုအကြောင်း ရှင်းပြနေတုန်း သူတို့ကို လွှတ်လိုက်ချင်လို့ပါ"

"ရပါတယ်၊ ကိုမျိုးညွန့်ကို ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

ကိုမျိုးညွန့်သည် ရဲကြပ်ကြီး ဆရာကိုအုန်းမောင်အား ပြုဆောင်ဖွယ် ကိစ္စအဝဝကို မှာကြားသည်။ ကိစ္စတွေပြီးလျှင် ဤနယ်မြေရဲစခန်းသို့ မိမိလိုက်ပါလာမည် စသည်တို့ကို မှာကြား၏။ သူ၏ရဲဂျစ်ကားဖြင့် တရားခံသုံးဦးစလုံးကို တင်ဆောင်ကာ လွှတ်လိုက်ပါ၏။

ပြီးမှ ဧည့်ခန်းဆိုဖာတွင် ကိုယ်စီထိုင်ကြသည်။ ကိုမျိုးညွန့်က ဤအမှုကို ဤမျှမြန်ဆန်စွာ ပေါ်ပေါက်ရေးအတွက် သူ၏လုပ်ဆောင်ချက်ရတွေကို ရှင်းပြသည်။



"ထုံးကြီး အင်းတကော်လမ်းရဲ့ ကျွဲပီလာ၊ မိုးကွဲရွာနားမှာ ဗိုလ်စိုးမိုးခိုင်ကို ဂျစ်ကားနဲ့တိုက်သတ်ဖို့ ကြံရွယ်တဲ့ လူသုံးယောက်ထဲက ဗိုလ်စိုးမိုးခိုင်ရဲ့ သေနတ်ပစ်ချက် သုံးချက်ကြောင့် မပြေးနိုင်ဘဲ ကျန်ခဲ့တဲ့လူကို ကျွန်တော် ကဝဆေးရုံကြီးကို ယူသွားတယ်လေ၊ ဟိုကျတော့ ဆရာဝန်နဲ့ တိုင်ပင်ပြီး ဒဏ်ရာဒဏ်ချက်တွေ စစ်ဆေးကြည့်တယ်၊ မသေနိုင်ပါဘူး၊ လုံးဝမသေနိုင်ဘူးဆိုတဲ့ အဖြေ ဆရာဝန်က မှတ်ချက်ပေးတယ်၊ အဲဒီမှာတင် အဲဒီကောင်ကို ကျွန်တော် ဖိစစ်တာပဲ၊ ဘာလို့ ဖိစစ်လဲ သိလား"

"ပြောပါ ကိုမျိုးညွန့်၊ ရဲလုပ်ငန်းနဲ့ ရဲအတွေးအခေါ်ဆိုတာ တခြားလူက ဘာသိနိုင်မလဲ"

"အဲဒါ အမှန်ပဲ၊ ကျွန်တော့်အတွေးအခေါ်က ဂျစ်ကားနဲ့ ဗိုလ်စိုးမိုးခိုင်ကို တိုက်သတ်ဖို့ ကြိုးစားတဲ့ လူသုံးယောက်ဟာ ဦးလေးဖြိုင်နဲ့ ပေတလူကို သတ်ခဲ့တဲ့လူတွေပဲလို့ ယာယီယူဆထားလိုက်တယ်၊ ဒါဆိုရင် လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က ဗိုလ်စိုးမိုးခိုင်ရဲ့ဖေဖေ၊ မေမေ၊ ဦးလေးသာဆန်းကို သတ်ခဲ့တဲ့အမှုနဲ့ ပတ်သက်ရမယ်၊ အမှုဟောင်းပေါ်မှာစိုးလို့ အမှုဟောင်းကို ဖော်ပေးနိုင်တဲ့ ဦးလေးဖြိုင်နဲ့ ပေတလူကို သတ်တာပဲလို့ ကွင်းဆက်ထားတယ်၊ ဒါပေမဲ့ ဒီကွင်းဆက်က ခိုင်မာမှုအထောက်အထား မပေးနိုင်သေးဘူး၊ ပထမဆုံး ပေတလူကိုခေါ်ပြီး ဗိုလ်စိုးမိုးခိုင်လက်ချက်နဲ့ကျန်ခဲ့တဲ့ကောင်ကိုပြတယ်၊ ပေတလူက ဒီလူဟာ သူ့ကိုဓားနဲ့ထိုးခဲ့တဲ့ သုံးယောက်ထဲက ခေါင်းဆောင်လို့ ထွက်ဆိုတယ်၊ ဒီလူ့ဆံပင်ရှည်ကြီးတွေ နောက်ကိုသပ်ဖယ်လိုက်ရင် ပေါ်လာတဲ့ အနာရွတ်ကို ပေတလူက သေချာမှတ်မိနေတာကိုး"

www.burmeseclassic.com



"ကျွန်တော်ပြောမယ်နော် ကိုမျိုးညွန့်၊ ပေတာလူက အဲဒီလို မမှတ်မိတောင်မှ ဒီလူသုံးယောက်ဟာ ကျွန်တော့်ကို ဂျစ်ကားနဲ့ တိုက်သတ်တဲ့အကြောင်း အမှုဖွင့်တဲ့သဘော ပြောပြီးသားပဲ၊ ပေတာလူနဲ့ ထပ်ပြီးဆန်းစစ်ရာ လိုသေးသလား"

"ဗိုလ်စိုးမိုးခိုင်ကို ဂျစ်ကားနဲ့ တိုက်သတ်ပါတယ်လို့ မြင်တဲ့သက်သေ ဘယ်မှာလဲ ဗိုလ်စိုးမိုးခိုင်၊ သူတို့ကပြန်ပြီး ရုံးတော်ကျရင် လျှောက်လဲချက်တင်မယ်၊ မော်တော်ဆိုင်ကယ်တစ်စီး လမ်းဘေးမှာ လဲကျနေတာရော၊ လူတစ်ယောက် လဲကျနေတာရောတွေ့လို့ သူတို့က အကူအညီပေးဖို့ ဆင်းအကြည့်မှာ ဗိုလ်စိုးမိုးခိုင်က သူတို့ကို သေနတ်နဲ့ပစ်တာပါဆိုရင် ဗိုလ်စိုးမိုးခိုင် ဘယ်လိုပြန်ဖြေမလဲ၊ ရဲဆိုတာ အဲဒါပဲ ဗိုလ်စိုးမိုးခိုင်၊ အမှုတစ်ခုဖြစ်လာရင် အမှုမှန်ဖြစ်လာဖို့ ရဲက ဆောင်ကျဉ်းရတာတွေ အများကြီးပါ၊ ကျွန်တော်ကိုယ်တိုင်က ဗိုလ်စိုးမိုးခိုင် ပြောပြချက်ကို ယုံကြည်တယ်၊ ဒီလူ သုံးယောက်ဟာလည်း ဗိုလ်စိုးမိုးခိုင်ကို အပျောက်ရှင်းပစ်ရမယ့် Motive သူတို့မှာရှိမှန်း သဘောပေါက်တယ်၊ ဒါပေမဲ့ အမှုတစ်ခုမှာ ရဲက စွဲချက်ဘယ်လိုတင်တင် တရားသူကြီးက သက်သေတွေကို စစ်ဆေးပြီးမှ အမှုကို စီရင်ချက်ချတာပါ၊ ဒီတော့ ကျွန်တော့်စိတ်ထဲက ဘယ်လိုယုံကြည်ကြည် တရားဥပဒေက အဆုံးအဖြတ် ပေးဖို့ကျတော့ သက်သေအထောက်အထား လုံလောက်ဖို့ လိုတယ် ဗိုလ်စိုးမိုးခိုင်"

"ဟုတ်ကဲ့၊ တရားဥပဒေတွေကို ကျွန်တော် နားမလည်ပေမယ့် ကိုမျိုးညွန့် ပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်"



"ဒါကြောင့်လည်း ပေတာလူကို ကျွန်တော်က လူပြတန်းစီစနစ်နဲ့ ဗိုလ်စိုးမိုးခိုင် ပစ်ခဲ့တဲ့အကောင်ကို ပြရတာပေါ့၊ ပေတာလူက ထွက်ဆိုတယ်၊ ဒီတစ်ချက်ကပဲ ပေတာလူရဲ့ထွက်ချက်နဲ့ ကျွန်တော်က သူ့ကို အကွက်တစ်ကွက် မိထားလိုက်ပြီ ဆိုပါတော့ ဗိုလ်စိုးမိုးခိုင်"

"ဟုတ်ကဲ့၊ ဆက်ပြော ကိုမျိုးညွန့်"

"အဲဒီနောက်မှာတော့ တရားခံကို တစ်ကွက်နင်းမိလာတာနဲ့ ကျွန်တော်က ဖိစစ်တာပေါ့၊ နောက်ဆုံး အဲဒီကောင်က သူ့ကိုယ်သူ ဝန်ခံလာတယ်။ သူဟာ ငယ်နာမည် 'ငတူး'ပါတဲ့၊ ကြီးနာမည်ကတော့ စိန်မြသန်းတဲ့"

"ငယ်နာမည် 'ငတူး'ဟုတ်လား၊ ဒါဆိုရင် သိပ်ကိုသေချာသွားတာပေါ့"

"ဘာကို သေချာသွားတာလဲ ဗိုလ်စိုးမိုးခိုင်"

စိုးမိုးခိုင်က ငယ်စဉ်က နီမာ၊ ယခု လေးလေးမြင့်၏ ငတူးနှင့် ပတ်သက်ခဲ့သော အကြောင်းတွေကို 'ယခုမှပင် အားလုံးစုံအောင် ဖွင့်ပြောပြလိုက်ပေတော့သည်။

"ဒါဆိုရင် သက်သေပိုင်းက ပိုပြီးခိုင်မာသွားတာပေါ့ ဗိုလ်စိုးမိုးခိုင်၊ ငယ်နာမည် နီမာ၊ အခု လေးလေးမြင့်ဟာ ဒီအမှုမှာ ခိုင်မာတဲ့ သက်သေတစ်ဦး ထပ်ဖြစ်လာတာပေါ့"

"ငယ်နာမည် ငတူးဆိုတဲ့ စိန်မြသန်းကကော ဘာတွေပြောသေးလဲ ကိုမျိုးညွန့်"

"ပေတာလူက သူ့ကို ကျကျနန မှတ်မိပြီဆိုတာနဲ့ ငတူးဟာ စိတ်ဓာတ်ကျသွားတယ်၊ သူ့မှာကလည်း ဗိုလ်စိုးမိုးခိုင် ပစ်ထားတဲ့ ဒဏ်ရာသုံးချက်နဲ့မှတ်လား၊ နောက်ဆုံး သူ့အသက်ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်အောင်ပြန်ကုပေးပါ၊ သူ ဖြောင့်ချက်ပေးပါမယ်ဆိုပြီး ဖြောင့်ချက်ပေးပါတယ်”

“သူ့ဖြောင့်ချက်ကကော”

“သူ့ဖြောင့်ချက်က သူ့အဖေဟာ ဦးမြဘူးပါတဲ့၊ သူငယ်ငယ်ကကိုစ္စတွေတော့ သူဘာမှ မမှတ်မိပါဘူးတဲ့၊ သူတို့ဟာ ကဝကနေပြီး ပဲခူး သွန်းဘုရားလမ်း၊ အိမ်နံပါတ်(...)ကိုဝယ်ပြီး ပြောင်းနေတာ ဆယ်နှစ်လောက် ရှိပါပြီတဲ့၊ ငတူးဟာ ဆယ်တန်းတောင် မအောင်ဘဲ ပဲခူးမှာပဲ လမ်းသရဲလိုနေတာမို့ သူ့အဖေ ဦးမြဘူးက အိမ်ကနှင်ချတယ်တဲ့၊ အဲဒီမှာတင် ငတူးဟာ ရန်ကုန်ကို သူ့ဟာသူလွှင့်ပြီး ရန်ကုန်ကလူဆိုးတွေနဲ့ ပေါင်းဖက်မိတယ်တဲ့၊ လွန်ခဲ့တဲ့ အပတ်က သူ့အဖေ ဦးမြဘူးက သူ့ကိုပြန်ခေါ်ပြီး မိသားစုကိစ္စ ကာကွယ်ရေးတစ်ခုခုကြောင့် သမ္မာန်ခတ်သမားပေတလူကို သူပြောတဲ့ပုံစံအတိုင်း ငတူးရဲ့အဖွဲ့အစည်းနဲ့ ဖြောင်ခိုင်းတယ်တဲ့၊ သူတို့က ပေတလူကို ဖြောင်ပြီးတဲ့နောက် ဦးလေးဖြိုင်ကိုလည်း ဆက်ပြီးဖြောင်ပေးဖို့ ငတူးရဲ့အဖေ ဦးမြဘူးက အမိန့်ပေးတယ်တဲ့ ...

“ဦးမြဘူး အမိန့်အတိုင်း သူတို့အဖွဲ့က ဦးလေးဖြိုင်ကို ဖြောင်ပြီး ဦးလေးဖြိုင်ရဲ့စာအုပ်ကြီးတစ်အုပ်ကို ယူခဲ့တယ်တဲ့။ အဲဒီစာအုပ်ကိုလည်း ဦးမြဘူး လက်ထဲပဲ အပ်ခဲ့တယ်တဲ့၊ အဲဒီနောက် ဒီနေ့ကျတော့ အပါဆိုတဲ့လူကို ထပ်ဖြောင်ခိုင်းတာပဲတဲ့၊ အပါကို ဖြောင်ဖို့ကြိုးစားရင်း ငတူးဟာ အပါရဲ့သေနတ်ကျည်ဆန်တွေ ထိမှန်ပြီး လဲကျကျန်ခဲ့တာပါတဲ့၊ ဦးမြဘူးဟာ သူတို့ကိုခိုင်းသလောက် တန်ဖိုးငွေကြေးပေးပြီး ခိုင်းတယ်တဲ့၊ ဘာဖြစ်လို့ ဦးမြဘူးက ခိုင်းမှန်းတော့ ငတူးအနေနဲ့ သေချာမသိပါဘူးတဲ့”



“ဟုတ်ပါ့မလား ကိုမျိုးညွန့်၊ ငတူးဆိုတဲ့ စိန်မြသန်းဟာ ငယ်ငယ်တုန်းက ကျွန်တော့်မိဘအိမ်ကို ဓားပြတိုက်တော့မယ်ဆိုတာ နီမာ့ကို ကြိုပြောခဲ့တာပဲ၊ ဒါကို သူ့အနေနဲ့ ငယ်ငယ်တုန်းကကိစ္စ ဘာမှမသိပါဘူးဆိုတာ ဟုတ်နိုင်ပါ့မလား”

ကိုမျိုးညွန့်က ပခုံးတွန့်ပြသည်။

“အဲဒီအချက်က အခု ဗိုလ်စိုးမိုးခိုင် ပြောပြမှ ကျွန်တော်တို့ရဲက သိရတဲ့အချက်ကိုး၊ ဒီအချက်အတွက် ငတူးဆိုတဲ့ စိန်မြသန်းကို ကျွန်တော်က ဆက်ပြီးစစ်မေးရဦးမှာပေါ့၊ ဟိုတုန်းက ဗိုလ်စိုးမိုးခိုင်ရဲ့ အပါဘဝကတည်းက သက်ဆိုင်ရာရဲကို နီမာဆိုတဲ့ကောင်မလေးက ဒီလိုတင်ကြိုဖွင့်ပြောပါတယ်ဆိုရင် အဲဒီကတည်းက ဦးမြဘူးကို ကွိခနဲနေအောင် ဖမ်းပြီပေါ့၊ အဲဒီတုန်းက အပါဟာ တကယ့်အမှုမှာ အရေးကြီးတဲ့ အချက်တစ်ချက်ကို ထိမ်ချန်လိုက်လို့ အမှုဟာ စုံစမ်းထောက်လှမ်းမရသောအမှုဆိုပြီး Pending Case အဖြစ် ဆယ့်ငါးနှစ်လုံးလုံး ကြာသွားတာပေါ့၊ ကျွန်တော်ကတော့ ဗိုလ်စိုးမိုးခိုင် ပြန်သွားပြီးတဲ့နောက် အဲဒီ Pending Case ကို ပြန်လေ့လာတယ်၊ နောက်ပြီး သက်ဆိုင်ရာတွေမှာ အဲဒီလွန်ခဲ့တဲ့ ဆယ့်ငါးနှစ် ဗိုလ်စိုးမိုးခိုင် မိဘတွေနဲ့ ဦးလေးသာဆန်းဓားပြသတ်လို့ သေတဲ့နှစ်နဲ့တိုက်ဆိုင်ပြီး အင်းလေလံကို အဲဒီနှစ်က ဘယ်သူရခဲ့သလဲဆိုတဲ့ Record မှတ်တမ်းတွေ လိုက်ကြည့်တယ်၊ အဲဒီနှစ်မှာ အင်းလေလံကို ပြိုင်ဘက်မရှိ ဆွဲနိုင်တဲ့လူဟာ ဦးမြဘူးလို့ အဖြေထွက်လာတယ်၊ အဲဒီတော့မှ ငတူးထွက်ဆိုချက်ရော အဲဒီ Record မှတ်တမ်းအရရော တရားခံအစစ်ဟာဦးမြဘူးလို့ ကျွန်တော် သတ်မှတ်လိုက်တယ်၊ နောက်ဆက်တွဲ ကျွန်တော်တွေးတာက ဦးမြဘူးအနေနဲ့ နောက်ဆုံးသတ်စရာလူဟာ အပါဆိုတဲ့ ဗိုလ်စိုးမိုးခိုင်ကိုပဲ မှတ်လား ...

www.burmeseclassic.com

www.burmeseclassic.com



"အပါဆိုတဲ့ ဗိုလ်စိုးမိုးခိုင်ဟာ တကယ့်တရားလို ဖြစ်နေတော့ အပါသာ သေသွားရင် အမှုမှာ တရားလိုမရှိတော့ဘူး၊ အမှုတစ်ခုမှာ တရားလိုဆိုတာမရှိရင် တရားခံဟာ သူ့ဘာသာ ကွယ်ပျောက်သွားနိုင်တယ်လေ၊ ဒါကြောင့် ဗိုလ်စိုးမိုးခိုင်ကို ဂျစ်ကားနဲ့တိုက်ပြီးသတ်ဖို့ ကြံစည်တယ်"

"အဲဒါ မအောင်မြင်ရင် ဗိုလ်စိုးမိုးခိုင်ကို ဆက်ပြီးကြံစည်မှာပဲလို့ ကျွန်တော် တွေးတယ်၊ နောက်ဆုံး တရားလိုကို ဦးမြဘူးအတွက် ဖြောင့်ပစ်ဖို့ သိပ်လိုနေပြီကိုး၊ ဒါကြောင့် ငတူးကို စစ်မေးပြီး အဖြေထွက်တာနဲ့ ဗိုလ်စိုးမိုးခိုင်ပေးတဲ့ လိပ်စာအတိုင်း ကျွန်တော် လိုက်လာတာ၊ ဒီရောက်တော့ ကျွန်တော် ထင်တဲ့အတိုင်းပဲ ဗိုလ်စိုးမိုးခိုင်ကို ဦးမြဘူးတို့အဖွဲ့က စီးမိနေပြီ"

"တကယ့် အချိန်မီပါပဲ ကိုမျိုးညွန့်၊ ခင်ဗျားသာ နောက်ကျရင် ကျွန်တော်တော့ ကြွပြီ"

"အဲဒီလောက်လည်း မဟုတ်ပါဘူး၊ ကျွန်တော်ရောက်တဲ့အချိန်မှာ ဦးမြဘူးက စကားတွေ ပြောနေတာကို ကျွန်တော်အားလုံး ကြားရပါသေးတယ် ဗိုလ်စိုးမိုးခိုင်၊ ဗိုလ်စိုးမိုးခိုင်ကတော့ ရှီးကော့စ်တွယ်နေလို့ ကျွန်တော် မတွေ့ရဘူး၊ ဦးမြဘူး ပြောတာတွေကို ကျွန်တော်နားထောင်ချင်လို့ တမင်ကွယ်ပြီး နားထောင်နေတာပါ၊ တရားခံရဲ့ဖြောင့်ဆိုချက်အမှန်ကို သိချင်လို့ တမင်စောင့်ပြီး နားထောင်နေတာပါ၊ သူ့လက်ဦးမှာတော့ ဘယ်ခံမလဲ၊ သူလက်ဆန့်ပြီး သေနတ်နဲ့ချိန်မှ ကျွန်တော်က မလွဲသာမရှောင်သာ သူ့လက်မောင်းကို ပစ်ထည့်ရတာပါ"

ဘယ်လိုဖြစ်ဖြစ် ကိုမျိုးညွန့်လို မျိုးချစ်စိတ်ရှိပြီး တာဝန်ကို နေ့ညမရွေး ထမ်းဆောင်သော ရဲအရာရှိအား စိုးမိုးခိုင်သည်



လေးစားမိပါ၏။ ကိုမျိုးညွန့်သည် တစ်ညအတွင်းမှာပင် လွန်ခဲ့သော (၁၅)နှစ်က အမှုဟောင်းကို ဖော်နိုင်ခဲ့သည်။

ထိုမျှသာမကသေး။ ပေတာလူနှင့် ဦးလေးဖြိုင်ကို ဆက်တိုက်အသတ်ခံရမှုတွင် ကွင်းဆက်တစ်ခုခု ရှိရမည်ဟု တွေးခေါ်ကာ ပေတာလူကို ဘယ်သူနှင့်မျှ အတွေ့မခံဘဲ ထားခဲ့သည်။ ထို့ပြင် မိမိ ကဝမှပြန်လာသည့် အချိန်တွင် ကိုမျိုးညွန့်၏ အတွေးအခေါ် အရ မိမိကို တယ်ကြက်အဖြစ် အသုံးပြုပြီးနောက်မှ ဆိုက်ကားဖြင့် လိုက်လာခဲ့သည်။ ထို့နောက် ငတူးကို စစ်ဆေးပြီး အမှုပေါ်လာသည်နှင့် မိမိအတွက် ညတွင်းချင်း ဦးမြဘူးက ကြံစည်တော့မည်ဟု တွေးခေါ်ပြီး ချက်ချင်းလိုက်လာကာ အချိန်မီ အကာအကွယ်ပေးသွားသည်။

တာဝန်ကျေပွန်ပေစွ။

"ကဲ ... ကျွန်တော်က ကဝမြို့နယ်ကရဲ၊ ဒီနယ်မြေထဲကို ဝင်ပြီး ဆောင်ရွက်တဲ့အတွက် သူ့သက်ဆိုင်ရာ နယ်မြေစခန်းကို ဝင်ပြီး ရှင်းပြရဦးမယ်၊ နားလည်မှု ယူရဦးမယ်၊ တရားဝင်ဖြစ်အောင် လုပ်ဆောင်ရဦးမယ်၊ ကျွန်တော့်ကို နယ်မြေရဲစခန်းလိုက်ပို့ပေတော့ ဗိုလ်စိုးမိုးခိုင်၊ နောက်ပြီး ဗိုလ်စိုးမိုးခိုင်ရော ဒေါ်လေးလေးမြင့်ရော နက်ဖြန်ကျရင် ကဝကို လာခဲ့ဦးဗျာ၊ မလေးလေးမြင့်က ဒီအမှုမှာ သက်သေကောင်းတစ်ဦး ဖြစ်နေတယ်မှတ်လား"

"စိတ်ချ ကိုမျိုးညွန့်၊ ကျွန်တော်နဲ့ လေးလေးလည်း ... အဲလေ ... မလေးလေးမြင့်ကလည်း နက်ဖြန်တနင်္ဂနွေနေ့မှာ ကိုမျိုးညွန့်ဆီလာပြီး ငယ်ငယ်တုန်းက ငတူးပြောခဲ့တာတွေ လာပြောပြဖို့ နဂိုကတည်းက အစီအစဉ် ရှိပါတယ်။ တစ်ခုပဲ ရှိတယ် ခေါ့ ကိုမျိုးညွန့်၊ နက်ဖြန် တနင်္ဂနွေနေ့မို့ ကိုမျိုးညွန့်ရဲ့ အားလပ်

www.burmeseclassic.com

www.burmeseclassic.com



ရက်မှာ လာပြီးအနှောင့်အယှက်ပေးသလို ဖြစ်နေမလားဆိုတာကိုသာ ...”

ကိုမျိုးညွန့်က လက်ဝါးကို ကာလည်းပြသည်။ ခါလည်းပြသည်။

“နီး ... နီး ... ဗိုလ်စိုးမိုးခိုင်၊ ရဲဆိုတာ နှစ်ဆယ့်လေးနာရီတာဝန်ရှိတယ်၊ ရဲမှာ စနေ,တနင်္ဂနွေဆိုတဲ့ အားလပ်ရက်မရှိဘူး၊ ဥပုသ်နေ့မှာ ဥပုသ်စောင့်ဖို့တောင် ရက်အားမရှိလို့ ရဲတွေသေရင် ငရဲလားမှာတောင် စိုးရသေးတယ်”

“ဘယ်ဟုတ်မလဲ ကိုမျိုးညွန့်၊ ရဲတွေသေရင် ကောင်းကင်ဘုံမှာ နတ်သားတွေ ဒါရိုက်ဟတ် တန်းဖြစ်မှာ၊ ဘာလို့လဲဆိုတော့ ရဲဆိုတာ ကောင်းသူကိုကယ်တင်ပြီး မကောင်းသူကို ပယ်ရှားပစ်တဲ့အလုပ်ကို နေ့စဉ် လုပ်ပေးရတာပဲဟာ၊ နေ့တိုင်း ကုသိုလ်ရတဲ့ အလုပ်ပါ”

ကိုမျိုးညွန့်က စိုးမိုးခိုင်၏ နောက်ဆုံးစကားကို ကျေနပ်အားရစွာဖြင့် ရယ်မောလိုက်ပေတော့သည်။

“ကဲ ... ဗိုလ်စိုးမိုးခိုင် ပြောသလို နတ်ပြည်ရောက်မှာက သေပြီးမှ ရောက်မှာပဲဗျာ၊ အခုလောလောဆယ်တော့ ကျွန်တော့်ကို ဒီနယ်မြေ ရဲစခန်းသာ ပို့ပေးပါတော့”

စိုးမိုးခိုင်သည် အိမ်တံခါးကို သော့ပိတ်ပြီး ကားဂိုဒေါင်ထဲမှ မော်တော်ဆိုင်ကယ်ကို ပြန်ထုတ်သည်။ ကိုမျိုးညွန့်အား သူ သွားလိုသော နယ်မြေရဲစခန်းသို့ ပို့ဆောင်ပေးလိုက်တော့သည်။

ကိုမျိုးညွန့်ကို ပို့ပေးခဲ့ပြီးနောက် ပြန်လာလမ်းတွင် စိုးမိုးခိုင်သည် ရဲ၏တာဝန်ဝတ္တရားနှင့် ဆောင်ရွက်မှုတွေကို အတွေးပေါက်ရသည်။



ရဲဆိုသည်မှာ မိမိတို့ တပ်မတော်နှင့် ဘာထူးလေတော့သနည်း။ မိမိတို့ ရှေ့တန်းတွင် တိုက်ခိုက်နေစဉ် စနေ,တနင်္ဂနွေဆိုသည်မှာ မရှိစကောင်း။ ဥပုသ်နေ့ ဆိုသည်မှာ မရှိစကောင်း။ နေ့စဉ် နေ့တိုင်း (၂၄)နာရီတွင် အလှည့်ဖြင့် ကင်းစောင့်သည်။ အလှည့်ဖြင့် တိုက်ခိုက်သည်။

ရန်သူဆိုသည်မှာ မိစ္ဆာတွေဖြစ်သည်။

မိစ္ဆာတွေကို နေ့စဉ်ဖြိုခွင်းရင်းဖြင့် မိမိတို့တပ်မတော်အရာရှိ၊ အကြပ်၊ တပ်သားတွေမှာလည်း ကုသိုလ်ရနေသည်။ ရဲဘော်မသေ သေသော်ငရဲမလား ဆိုသည့်စကားမှာ ထိုမိစ္ဆာတွေကို နှိမ်နင်းပေးနေသော ကုသိုလ်ကြောင့် ဖြစ်ရမည်။

ရဲမှာလည်း ထိုနည်းနှင်နှင်ဝင်။

အချိန်ရှိသလောက် ဒုစရိုက်ကောင်တွေ နှိမ်နင်းနေရသည်။ ဒုစရိုက်ကောင် ဆိုသည်မှာလည်း မိစ္ဆာတွေပင် မဟုတ်လား။ ထို့ကြောင့် ရဲဘော်တွေ သေသော်လည်း ငရဲမလားဘဲ၊ နတ်ပြည်ရောက်သလို ရဲတွေသေလျှင်လည်း ငရဲမလားဘဲ နတ်ပြည်ပင်ရောက်ရလေမည်တည်း။

* ❂ *

www.burmeseclassic.com

www.burmeseclassic.com



၁၂

"ဟော ... အိမ်ထဲတွင် မီးလင်းနေပြန်ပြီ"

စိုးမိုးနိုင်သည် ကိုမျိုးညွန့်အား လိုက်ပို့ပြီး အပြန်တွင် အဝေးကတည်းက မိမိအိမ်ထဲ၌ မီးလင်းနေသည်ကို တွေ့ရပြန်သည်။ ဒီတစ်ခါတော့ မှတ်မှတ်ရရပင် မီးအားလုံး ပိတ်ထားပါလျက် ယခု မီးလင်းနေသည်ကို တွေ့ရပြန်သည်။ စိုးမိုးနိုင်က ခြံထဲသို့ ဝင်လာသည်အထိ အိမ်ထဲမှမီးသည် မှိတ်မသွား။ ထို့ပြင် တိုက်ရှေ့တည့်တည့်တွင် လင့်ရိဘာကားတစ်စီး ရပ်ထားသေးသည်။

အိမ်တံခါးလည်း ဖွင့်ထားသည်။ ပြတင်းပေါက်တွေလည်း ဖွင့်ထားသည်။ လူဆိုးသူခိုးတော့ မဟုတ်နိုင်ပြီ။ ထွန်းနေလင်း ပြန်ရောက်လာသည်ပဲ ဖြစ်မည်။

မော်တော်ဆိုင်ကယ်ကို ဒေါက်ထောက်ပြီး အိမ်ထဲသို့ စိုးမိုးနိုင် ဝင်လာသည်။

ထင်တဲ့အတိုင်းပင် ထွန်းနေလင်း ရောက်နေပါ၏။ ထွန်းနေလင်းသည် ဆိုဖာတွင်ထိုင်ကာ ပို့စကတ်ရှယ် ဓာတ်ပုံတစ်ထပ်ကြီးကို တစ်ခုပြီးတစ်ခု ကြည့်နေသည်။ သူရိုက်ခဲ့သော ဓာတ်ကားထဲမှ ဓာတ်ပုံများကို ပြန်ဆန်းစစ်နေဟန်တူ၏။ စိုးမိုးနိုင် ဝင်ရောက်



လာသောအခါ ထွန်းနေလင်းသည် ဓာတ်ပုံများကို စားပွဲပေါ် အထပ်လိုက်ပစ်ချရင်း နေရာမှထကာ သူငယ်ချင်းကို နှုတ်ဆက်သည်။

"ဟော့ကောင်ကြီး ... မိုးချုပ်လှပြီ၊ ဘယ်လျှောက်လိမ့်နေတလဲ၊ အိမ်မှာကော ဘာတွေဖြစ်နေလဲ သူငယ်ချင်း၊ ရှိုးကေ့စ်ဘောမှာ သွေးတွေလည်းတွေ့တယ်၊ စပါနာတွေရော၊ ဝက်အူလှည့်တွေရော ဟိုတစ်ချောင်း ဒီတစ်ချောင်းနဲ့၊ ပြီးတော့ ဒါလေးလည်း ငါ တွေ့သေးတယ် စိုးမိုးနိုင်"

ထွန်းနေလင်းက သူ၏ဘောင်းဘီအိတ်ထဲမှ မီးမလောင်ဘဲ ကျန်သော လက်ကိုင်ပဝါ အပိုင်းအစလေးကို ဖြန့်ပြသည်။ ဖြန့်ပြသော လက်ကိုင်ပဝါလေးထောင့်တွင် L.L.M ဟု ချည်အမည်းလေးထိုးထားသည်လည်း ရှိနေပါ၏။

"အေး ... ဖြစ်တာတွေ ပြောရရင်တော့ အရှည်ကြီးပဲ သူငယ်ချင်း၊ အဲဒါတွေမပြောခင် မင်းကော ဘာလို့ပြန်လာတာလဲ ထွန်းနေလင်း၊ ဒီလောက် ရက်တိုတိုနဲ့ မင်း ပြန်လာမယ်လို့ ငါ မထင်ဘူး"

ထွန်းနေလင်းက ပခုံးတွန့်ပြလိုက်သည်။

"မပြောနဲ့တော့ သူငယ်ချင်း၊ ကောင်ကြီးကို ဗဟိုစခန်းထားပြီး ငါ ကားရိုက်နေတာပဲ၊ ခက်တာက ရွှေစင့်အဘွားလေ၊ ကားရိုက်တဲ့နောက်ကို တကောက်ကောက် လိုက်တယ်၊ ရှမ်းပြည်တောင်ပေါ်ရာသီဥတုကလည်း မင်းသိသားမှတ်လား၊ ဒီကြားထဲ ရှခင်းကောင်းတဲ့ တောထူတဲ့ အပိုင်းတွေ သွားရိုက်တော့ ရာသီဥတုက သိပ်အေးတယ်၊ ပြီးတော့ အဘွားကြီးက အစားမဆင်ခြင်ဘူးလေကွာ၊ ရောက်ရာအရပ်မှာ တွေ့ကရာတွေ စားတယ်၊

www.burmeseclassic.com



ရေပြောင်းမြေပြောင်းကွာ၊ ဟိုကရာသီဥတုကလည်း ကြမ်းတယ်၊ အစားအသောက်တွေလည်း မှားတယ်၊ မနေ့ညကစပြီး အဘွားကြီး ဖျားပါလေရော၊ ရွှေစင်လည်း မျက်စိမျက်နှာတွေ ပျက်လို့ပေါ့၊ ငါက တောင်ကြီးဆေးရုံတက်ဖို့ ပြောပါတယ်၊ ဒါပေမဲ့ အဘွားကြီးက သူ့ယောကျ်ားရွှေ့မှာပဲ သေမယ်လို့ ပြောတယ်၊ ရွှေစင်လည်း တစ်ငိုတည်း ငိုနေတယ်လေ၊ ဒါနဲ့ ဒီလင်းရိုဗာကို ဆွဲလာပြီး နောက်မှာ လေလုံမိုးလုံပိတ်၊ အိပ်ရာကျကျနနခင်းပြီး လမ်းအတွက် သူငယ်ချင်းဆရာဝန်တစ်ယောက် ခေါ်လာပြီး ငါပြန်လာတာပဲ သူငယ်ချင်း"

"မရွှေစင်ကကော"

"ရွှေစင်လည်း ပြန်လိုက်လာတာပေါ့။ ရွှေစင်နဲ့ ငါနဲ့ကရှေ့မှာထိုင်မောင်းလာပြီး ဆရာဝန်နဲ့ အဘွားကြီးကတော့ နောက်ကလိုက်လာတယ်လေ"

"အဘွားကြီး အခြေအနေကကော စိုးရိမ်စရာရှိလား"

"အလကားပါကွာ။ ပဲခူးရောက်တော့ သူ့အဖျားက နော်မယ်လ် သာသာလေး ရှိတော့တယ်၊ အမှန်တော့ သူတို့က သိပ်နေတယ်မှတ်လား၊ တိုက်ထဲက အိမ်ပြင်ထွက်ရင်တော့ နှာစေးချောင်းဆိုး ဖြစ်ချင်နေတာ၊ တောင်ပေါ်ရာသီဥတုနဲ့ ရေပြောင်းမြေပြောင်း အစားမှားရောဂါပါ၊ တစ်ရက် နှစ်ရက်ဆိုရင် အဘွားကြီး ပြန်ကောင်းသွားမှာပဲ သူငယ်ချင်း"

"ဒါနဲ့များတောင် မင်းမှာ တောင်ကြီးနဲ့ရန်ကုန်ကို ကားတောက်လျှောက်မောင်းပို့ရတာ ပင်ပန်းလှပါလား သူငယ်ချင်း၊ အလုပ်ပျက် အကိုင်ပျက်လည်း ဖြစ်သေးတယ်၊ တကယ်ဆို မောင်ပုနဲ့ လွှတ်လိုက်လှည်း ရသားပဲ"



ထွန်းနေလင်းသည် ပခုံးတွန့်ပြပြန်၏။ ပြီးငါးသုံးလုံးစီးကရက်ဘူးကိုထုတ်ခါ တစ်လိပ်ညှိပြီး စီးရက်ဘူးကို စိုးမိုးခိုင်ထံပစ်ပေးလိုက်သည်။ စိုးမိုးခိုင်က စီးကရက်ဘူးကို ဖမ်းယူလိုက်သည်။ သို့သော် တစ်လိပ်တလေမျှ ညှိမသောက်ဘဲ စား ပေါ်ရှိ ဓာတ်ပုံများအောက်တွင် ချထားလိုက်ရင်း ဓာတ်ပုံတွေဆီသို့ မျက်စိရောက်သွားသည်။

စားပွဲပေါ်တွင် ပြန့်နေသော ဓာတ်ပုံလေးငါးပုံသည် ရွှေစင်၏ပုံများချည်း ဖြစ်နေကြောင်း အမှတ်မထင် တွေ့ရပါ၏။ ထိုအထဲတွင် ရွှေစင်နှင့် ထွန်းနေလင်း တွဲရိုက်ထားသောပုံက သုံးပုံခန့်ရှိနေပေသည်။ နောက်ထပ် တစ်ထပ်ကြီး ဓာတ်ပုံတွေကတော့ သူ့အထပ်နှင့်သူ စားပွဲပေါ်ရှိနေသည်မို့ ဘယ်လိုပုံတွေမှန်းမသိနိုင်ပါလေ။ ထွန်းနေလင်းကပင် ,ဆက်လက်၍ ပြောပြန်သည်။

"မောင်ပုနဲ့ လွှတ်လို့မရဘူး သူငယ်ချင်း၊ အရေးကြီးတာက ရွှေစင် မှတ်လား၊ ရွှေစင်ကို ငါက မေးသေးတယ်၊ ကားဆက်ရိုက်ဦးမှာလားလို့၊ ရွှေစင်က ရိုက်မှာပေါ့တဲ့၊ မေမေ့ကို ရန်ကုန်ပို့ပြီး မေမေသက်သာတာနဲ့ ရွှေစင် ရှမ်းပြည်နယ်ပြန်လိုက်ပြီး ဆက်ရိုက်မယ်တဲ့၊ နောက်ပြီး ငါကိုယ်တိုင်ပဲ ရန်ကုန်ကို ရွှေစင်နဲ့အတူတူ လိုက်ပို့ပေးပါတဲ့၊ ပြီးတော့ ငါနဲ့အတူတူပဲ ရှမ်းပြည်နယ်ကို ကားရိုက်ဖို့ ပြန်လိုက်ချင်လို့ပါတဲ့၊ ဒီတော့လည်း မောင်ပုနဲ့ ဘယ်ဖြစ်ပါတော့မလဲ၊ ငါကိုယ်တိုင် လိုက်လာရတာပဲ စိုးမိုးခိုင်၊ အေး ... ငါပြန်လာတာတော့ အဲဒါကြောင့်ပဲ၊ ငါမရှိတုန်း မင်းဒီမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ပြောပြဦးလေကွာ"

"ပြောရမှာတော့ သိပ်ရှည်တယ် ထွန်းနေလင်း၊ မင်းခရီးမပန်းသေးဘူး၊ မအိပ်ချင်သေးဘူးဆိုရင် ငါပြောပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါမပင်ပန်းပါဘူး၊ အိပ်လည်းမအိပ်ချင်ပါဘူး၊ နောက်ပြီး ရွှေစင်ဆီက ငါ့ဆီကို ဖုန်းဆက်မှာကို ငါစောင့်ရဦးမှာပါ၊ အဘွားကြီး သူ့အိမ်ရောက်ပြီး သူတို့မိသားစုဆရာဝန်နဲ့ ကုသပြီး အခြေအနေကို ရွှေစင်က ငါ့ဆီကို ဖုန်းပြန်ဆက်မယ်တဲ့၊ အဲဒီ ရွှေစင်ရဲ့ဖုန်းကို ငါက စောင့်ရဦးမှာပါ၊ ပြောပါ သူငယ်ချင်း"

နှစ်ဦးသား ဆိုဖာကိုယ်စီတွင် ထိုင်လိုက်ကြသည်။ စိုးမိုးခိုင်က သူ၏ဂျာကင်အိတ်ထဲမှ ဒူးယားစီးကရက်ကို ထုတ်ယူကာ မီးညှိရှူဖွာလိုက်သည်။ ဒါကို ထွန်းနေလင်းက သတိထားကြည့်မိပြီး ရယ်ကာမောကာ ပြောလိုက်သည်။

"ဟော့ကောင် ... စိုးမိုးခိုင်၊ ခုနကတည်းက မင်းကို ငါး သုံးလုံးစီးကရက် သောက်စေချင်လို့ ဘူးလှမ်းပေးတယ်၊ မင်းက ငါးသုံးလုံးဘူးကို စားပွဲပေါ်တင်ထားပြီး မင်းဒူးယားဘူးကိုပဲ အစ ယူသောက်တယ်၊ ငါးသုံးလုံးဟာ ဒူးယားထက် ပိုကောင်းပါ တယ်ကွ"

"အေး ... ငါးသုံးလုံးဟာ ဒူးယားထက်ကောင်းချင်လည်း ကောင်းမယ်ပေါ့ ထွန်းနေလင်း၊ ဒါပေမဲ့ ငါက ဒူးယားကိုပဲ သောက်နေကျမို့ ဒူးယားကိုပဲ ခင်တွယ်တယ်၊ ငါက တစ်ခုတည်း ကိုပဲ စွဲစွဲမြဲမြဲ ထားတယ်လေကွာ၊ ဒူးယားမရှိရင် ငါက ဒီပြင် ဘာဆေးလိပ်ကိုမှ သောက်လေ့မရှိဘူး သူငယ်ချင်း"

ထိုသည့်နောက်တော့ ... စိုးမိုးခိုင်သည် မိမိ ရန်ကုန်ရောက်ရှိလာသည်မှာ လွန်ခဲ့သော(၁၅)နှစ်က သူ၏မိဘများနှင့် ဦးလေးသာဆန်း မားပြတိုက်အသတ်ခံရသည့်ကိစ္စကို ပြန်လှန်စုံစမ်းပြီး တရားဥပဒေရှေ့မှောက်သို့ တင်ပြရန် ရည်ရွယ်ပြီး ရောက်လာသည်ကအစ မိမိ ကဝသို့ ရောက်သွားပြီး ခြေရာခံခဲ့သည်များကို



ပြောပြသည်။ မိမိ၏ငယ်နာမည်မှာ "အပါ"ဖြစ်ကြောင်းနှင့် သမ္မာန်သမား ပေတလူက မိမိ"အပါ"မှန်းသိကာ ကူညီခဲ့ပုံတွေ။

ထိုမှတစ်ဆင့် အပါ ဆိုသော မိမိ ကဝသို့ရောက်ပြီးမှ ပေတလူနှင့် ဦးလေးဖြိုးင်အား ရန်သူကသတ်ဖို့ ကြိုးစားခဲ့ပုံတွေ၊ ကူးတို့သူကြီး ဦးလေးဖြိုးင် သေသွားရပုံတွေ။

မိမိတွင် နီမာဆိုသော ငယ်ချစ်သူငယ်ချင်းရှိပြီး နီမာက မိမိအိမ် မားပြတိုက်မည့် အကြောင်း တင်ကြိုသိခဲ့ပုံတွေ၊ ထို့ကြောင့် နီမာ့အား မိမိက ယခု လိုက်လံရှာဖွေပုံတွေ၊ နောက်ဆုံး ရန်သူသည် ရဲအုပ်ကိုမျိုးညွန့်၏ ထောက်လှမ်းချက်ဖြင့် ဦးမြဘူးမှန်း ပေါ်ပေါက်လာပုံတွေ၊ ယနေ့၏ ဦးမြဘူးတို့ ရောက်လာပြီး မိမိတို့လုပ်ကြံရာတွင် မိမိက စပါးနှာတွေ၊ ဝက်အူလှည့်တွေဖြင့် ခုခံပုံတွေ၊ ထိုအခိုက်မှာပင် ရဲအုပ်ကိုမျိုးညွန့်နှင့်အဖွဲ့ ရောက်လာပုံ တွေကို စီကာစဉ်ကာ စိုးမိုးခိုင်က ထွန်းနေလင်းအား ပြောပြလိုက် ပါ၏။ သို့သော် ...

စိုးမိုးခိုင်သည် ... နီမာသည် လေးလေးမြင့် ဖြစ်နေကြောင်း အကွက်တစ်ကွက်ကို ချန်ခဲ့ပြန်လေပြီ။

အကြောင်းမှု သူငယ်ချင်း ထွန်းနေလင်းအား ထိုအကြောင်း ဖွင့်ပြောရန် ဝန်လေးနေသောကြောင့် ဖြစ်ပါ၏။

ထွန်းနေလင်းသည် လေးလေးမြင့်အား သူ၏သတို့သမီး အဖြစ် ရည်ရွယ်ထားမှန်း သိနေသောကြောင့် ဖြစ်ပါ၏။ လေးလေးမြင့်သည် အပါ၏ငယ်ချစ်အဖြစ် ဖွင့်ပြောလိုက်လျှင်ပင် မိမိသည် ထွန်းနေလင်းလက်မှ လေးလေးမြင့်အား လုယူရာ၊ ခြားယောင်းယူရာ ရောက်သည်ဟု သူငယ်ချင်းထွန်းနေလင်း အထင်လွဲသွားမည်ကို သိပ်စိုးရိမ်မိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးကွ၊ မင်း ဖြစ်လာခဲ့ပုံတွေဟာ ရုပ်ရှင်ရိုက်ဖို့တောင် ဇာတ်လမ်းတစ်ခုလို ဖြစ်နေပြီး ဒါပေမဲ့ မင်းပြောတဲ့အထဲမှာ နောက်ဆုံး ဦးမြဘူးကို ရင်ဆိုင်တိုက်ခိုက်တဲ့ပွဲမှာ အိမ်ထဲကိုဝင် ဝင်ချင်း ဟောဒီလက်ကိုင်ပဝါကို ဓာတ်ဆီဆွတ်ပြီး အလင်းရောင် ရဖို့ရော ဦးမြဘူးဆီ ပစ်ပေါက်တဲ့ တိုက်ကွက်အနေနဲ့ရော အသုံး ပြုခဲ့တယ်လို့ ဆိုတယ်နော်၊ ဒါပေမဲ့ ဒီလက်ကိုင်ပဝါဟာ မိန်းမ ကိုင်လက်ကိုင်ပဝါလေးဖြစ်ပြီး ထောင့်စွန်းမှာလည်း L.L.M လို့ ချည်အမည်းနဲ့ ရေးထိုး ..."

"ကလင် ... ကလင် ... ကလင်"

ညှော်ခန်းထောင်မှ တယ်လီဖုန်းသည် ထွန်းနေလင်းစကား မဆုံးမီပင် ည၏တိတ်ဆိတ်မှုကို ထွင်းဖောက်ကာ ကျယ်လောင် စွာ မြည်တီးလိုက်ပေတော့သည်။

"ဟောကွ ... ရွှေစင့်ဆီကဖုန်း ဖြစ်မယ်"

ထွန်းနေလင်း ကပျာကယာပင် တယ်လီဖုန်းဆီသို့ ပြေးသွား သည်။ ကောက်ကာငင်ကာပင် ရဆီဗာကိုယူကိုင်ကာ ဟဲလိုဟု အသံပေးလိုက်သည်။ တစ်ဖက်မှအသံသည် ဤမှာဘက်မှ အသံ ပေးလိုက်သည်နှင့် ...

"လေးလေးပါ အပါ၊ လေးလေး အိပ်လို့ကို မရဘူး၊ လေး လေးလိုပဲ အပါလည်း အိပ်မရဘူး ဖြစ်နေမလားလို့၊ အပါ့ကို သတိရပြီး လေးလေး ဆက်လိုက်တာ အပါ"

"ခဏလေးနော် လေးလေး"

ထွန်းနေလင်းက "ခဏလေးနော် လေးလေး"ဟု ပြန်ပြော သံကြားသည်နှင့် စိုးမိုးခိုင်သည် ဆိုဖာမှ ခေါင်းထောင်လိုက်သည်။



ထွန်းနေလင်းထံ လှမ်းကြည့်လိုက်သည်။ ထွန်းနေလင်းက တည် ငြိမ်စွာပင် စိုးမိုးခိုင်အား ခေါင်းညိတ်ပြလိုက်ရင်း တယ်လီဖုန်း ပြောခွက်ကို လက်ဝါးဖြင့် အုပ်ထားလိုက်သည်။

"မင်းဆီလာတဲ့ဖုန်းပဲ သူငယ်ချင်း"

စိုးမိုးခိုင် အပြေးထလာသည်။ ထွန်းနေလင်းက ညင်သာစွာ ပင် ဖုန်းရဆီဗာကို စိုးမိုးခိုင်လက်ထဲသို့ ပေးအပ်လိုက်ပေသည်။

"ဟုတ်ကဲ့ စိုးမိုးခိုင်ပါ၊ အမိန့်ရှိပါ"

"ဘာဟုတ်ကဲ့လဲ၊ ဘာစိုးမိုးခိုင်လဲ၊ ဘာအမိန့်ရှိပါလဲ၊ လေးလေးပါ အပါ၊ အပါ ဘာဖြစ်နေလဲ၊ လေးလေး အိပ်လို့ကို မရဘူး၊ အပါ့ကို သတိရနေလို့"

"ခုန ဖုန်းကောက်ကိုင်တာ ကိုယ်မဟုတ်ဘူး လေးလေး၊ ထွန်းနေလင်း ကိုင်တာ၊ ထွန်းနေလင်း အခု ပြန်ရောက်နေတယ်"

"အယ် ... ဒါဆိုရင် အခု လေးလေး ဆက်လိုက်တာနဲ့ သူလေးတို့အကြောင်း သိသွားလောက်ပြီပေါ့နော် အပါ"

"အဲဒီလိုပဲ ထင်တာပဲ လေးလေး"

"ကောင်းတယ်၊ မသိလည်း သိအောင်ပြောရမယ့် အတူတူ အခုလို သူ့ဟာသူသိသွားတာ ပိုကောင်းတယ် အပါ"

"ဟုတ်တော့ ဟုတ်တယ် လေးလေး၊ ဒါပေမဲ့ ကိုယ့်အနေနဲ့ သိပ်ချစ်ကြတဲ့ သူငယ်ချင်းအပေါ်မှာ သစ္စာမဲ့မိလေပြီလားဆိုတဲ့ မသိုးမသန့်စိတ် ဝင်မိတယ်"

"ဒါတော့ အပါရယ်၊ ကိုထွန်းနေလင်း သဘောပေါက် နားလည်တဲ့အထိ ရှင်းပြရမှာပေါ့ မှတ်ဘူးလား၊ အပါ ရှင်းပြရ ခက်နေရင် လေးလေးကိုယ်တိုင် ရှင်းပြမှာပါ၊ လေးလေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းနေလင်း အခြေအနေကလည်း ရှင်းပြလို့ရတဲ့ အခြေအနေပါ အပါ”

“ကဲပါလေ၊ လေးလေး အိပ်ပျော်အောင်သာ အိပ်လိုက်ပါတော့၊ ကိုယ်ကပဲ ဒီကောင့်ကို အစအဆုံး ရှင်းပြပါ့မယ်၊ ဖွတ်နိုက်ပါ လေးလေး”

“ဖွတ်နိုက်ပါ အပါ”

စိုးမိုးခိုင်သည် တယ်လီဖုန်းကို ဖြည်းညင်းစွာ ပြန်ချသည်။ ပြီး တစ်လှမ်းချင်းပင် ဧည့်ခန်းဆီသို့ ပြန်လာပြီး ဆိုဖာပေါ်တွင် ထိုင်ချလိုက်သည်။ ထွန်းနေလင်းအား ဘယ်လိုအစဖျိုးပြီး ဖြေရှင်းရမည်ကို စဉ်းစားရင်း ငိုင်နေမိသည်။

“ဟဲ ... ဟဲ ... ဟဲ၊ သိပ်မစဉ်းစားနဲ့ သူငယ်ချင်း၊ မင်း ရူးသွားမယ်၊ ဒီမှာကြည့်ပါ စိုးမိုးခိုင်”

ထွန်းနေလင်းက မီးတစ်ပိုင်းတစ်စ လောင်ထားသော လက်ကိုင်ပဝါလေးကို ပြန်ထုတ်ပြသည်။

“ဒီလက်ကိုင်ပဝါဟာ လေးလေးရဲ့ လက်ကိုင်ပဝါမှန်း ငါက မြင်ရုံနဲ့သိတယ်၊ အဲဒီတော့ ငါမေးစရာ တစ်ခုပဲရှိတော့တယ်”

“မေးပါ သူငယ်ချင်း”

“လေးလေးမြင့် ဆိုတာ မင်းနဲ့ငယ်ငယ်က သိပ်ပြီးခင်ခဲ့တဲ့ ကလေးသူငယ်ချင်း ‘နီမာ’ ဟုတ်နေတယ် မှတ်လား စိုးမိုးခိုင်”

“ဟုတ်တယ်”

ထွန်းနေလင်းက သူ၏ဦးခေါင်းကို တညိတ်ညိတ် ဆပ်ပြန်ပါသေး၏။



“ဒါဆိုရင် ရှင်းသားပဲ သူငယ်ချင်း၊ နီမာဟာ လေးလေးမြင့်၊ လေးလေးမြင့်ဆိုတာက နီမာပဲ၊ အပါနဲ့ နီမာဟာ ငယ်ချစ်တွေပဲပေါ့ သူငယ်ချင်း”

“ဟုတ်တော့ ဟုတ်တယ် ထွန်းနေလင်း၊ ဒါပေမဲ့ ငါနဲ့နီမာ ဆယ့်ငါးနှစ်လုံး ကွဲကွာသွားတဲ့အချိန်မှာ မင်းနဲ့ လေးလေးမြင့် အခြေအနေက ...”

“တော်တော့ သူငယ်ချင်း၊ အဲဒါလည်း ထည့်မတွက်နဲ့၊ ငါကသာ လေးလေးမြင့်ကို အိမ်ထောင်ဘက်အဖြစ် ရည်မှန်းခဲ့တာ လေးလေးမြင့်က ငါ့ကို အင်းမလှုပ် အဲမလှုပ် ဖြစ်နေရာက အပါဆိုတဲ့ မင်းနဲ့လည်း ပြန်တွေ့ရော အင်မတန်ကူကြွေကြီးခဲ့တဲ့ လေးလေးမြင့်ဟာ အပါနဲ့ကျတော့ ရင်ထဲခံတတ်ခံတွေ ဘွားခနဲပေါ်လာတယ်၊ စောစောက တယ်လီဖုန်း နားထောင်ရုံနဲ့ ဒီအချက်ကို ငါ အကဲခတ်မိတယ်၊ လေးလေးမြင့်ဟာ ငါ့အပေါ်မှာ ကူကြွေတွေ ကြီးခဲ့သလောက် အပါဆိုတဲ့ မင်းနဲ့ ပြန်တွေ့တော့ သူ့ခများ ဟန်မဆောင်နိုင်တဲ့ အခြေအနေရောက်နေမှန်း ငါ အကဲခတ်မိပါတယ်၊ ဒီမှာ သူငယ်ချင်း နှလုံးသားမေတ္တာဆိုတာ ဓားပြတိုက်ယူသလိုလည်း တိုက်ယူပြီးလည်း မရနိုင်ပါဘူး ...

“အေး ... ရတော့ ရတယ်ပေါ့ကွာ၊ ကိုယ်လိုချင်တဲ့ ရယူမှုကို အနုနည်း အကြမ်းနည်းနဲ့ ရယူလို့ ရယူလိုက်တာဟာ ခန္ဓာကိုယ်ကိုသာ ရယူလို့ရမယ်၊ သူ့အသည်းနှလုံးက ဖြစ်ပေါ်တဲ့ မေတ္တာတရားကိုတော့ ရယူနိုင်စွမ်း မရှိပါဘူး ...

“ဒါပေမဲ့ စိုးမိုးခိုင် ... ငါက အနုပညာသမားတစ်ယောက်ပါ၊ ငါဖန်တီးလိုက်တဲ့ အနုပညာကို ပရိသတ်က လက်ခံလာမှ

www.burmeseclassic.com



ငါ့လုပ်ငန်း အောင်မြင်တာပါ၊ အဲဒီတော့ အသည်းနှလုံးအကြောင်းကို ငါ သိပ်နားလည်တယ်ပေါ့ကွာ၊ ဒီတော့ ငါတ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်သတ်မှတ်ထားတဲ့ လေးလေးမြင့် ဆိုတာ နှချိန်ကစပြီး ငါက လက်မြှောက်တယ် ...

"လေးလေးမြင့်ကမှ ငါ့ကိုမချစ်ဘဲဟာ ငါက သူ့ကိုဆက်ချစ်နေဖို့လည်း မရှိတော့ဘူးကွာ၊ ဒီတော့ မင်းရဲ့နီမာနဲ့ မင်းဘာသာ လုပ်စရာရှိတာသာ ဆက်လုပ်၊ ငါကတော့ ဒီကိစ္စမှာ မဆီရေးလေးရယ်တဲ့ အို ... မဆိုင်ဘဲ စိုးမိုးခိုင်"

"မင်း တကယ်ပြောနေတာလား ထွန်းနေလင်း"

ထွန်းနေလင်းက လက်ဆယ်ချောင်း ထောင်ပြသည်။

"တကယ်မဟုတ်ဘူး သူငယ်ချင်း ဆယ်ကယ်၊ ဆယ်ကယ်"

"ကလင် ... ကလင် ... ကလင် ..."

တယ်လီဖုန်းသံသည် ဝင်ရောက်လာပြန်သည်။ အိမ်ရှင်ဖြစ်သော ထွန်းနေလင်းကပင် ဖုန်းကိုသွားရောက်နားထောင်ပါလေ၏။ ထွန်းနေလင်းသည် ဖုန်းပြောရာမှာ အစွမ်းကုန် ပြုံးသွားပေတော့သည်။

"ဟုတ်လား၊ ဒါဆိုရင် အိမ်လည်းရောက်ရော ရွှေစင်ရဲ့ ဖေဖေနဲ့လည်းတွေ့ရာ အဘွားကြီးရဲ့အဖျားတွေ ပြဒါးတိုင်မှာ တစ်ချက်မှ မတက်တော့ဘူးပေါ့ ... ဟုတ်လား"

အခြားတစ်ဖက်မှ ရွှေစင် ပြောကြားသည်ကိုတော့ ထွန်းနေလင်းမှလွဲပြီး မည်သူကြားနိုင်ပါအံ့နည်း။

ထွန်းနေလင်း၏ပါးစပ်ကြီးသည် ပြုံသည်ထက်ပြုံကာ အစွမ်းကုန် ရယ်မောနေပေသည်။



"ဒါဆို သိပ်ကောင်းတာပေါ့ ရွှေစင်၊ ဆရာ့မှာလည်း ကားရိုက်လက်စကြီး မှတ်လား၊ ရှမ်းပြည်နယ်ကို ရွှေစင်မပါဘဲ ဘယ်လိုပြန်သွားရမလဲ၊ ရိုက်စရာအခန်းတွေက ရွှေစင့်အခန်းတွေ အများကြီးမှတ်လား"

တစ်ဖက်မှ ရွှေစင်သည် ဘာတွေပြောမှန်း ဘေးလူမကြားနိုင်။ တယ်လီဖုန်းမေကိုး။ သို့သော် ထွန်းနေလင်း၏ မျက်နှာသည် တစ်ဖက်မှ စကားပြောသည်ကို နားထောင်ရင်း သကြားပေါ်တွင် သကာလောင်းထားသလို မျက်နှာချိုမြနေသည်ကိုတော့ စိုးမိုးခိုင်က သတိထားမိပေသည်။

"ဒါဆိုရင် သန်ဘက်ခါ ဆရာတို့ ရှမ်းပြည် ပြန်တက်မယ်လေ၊ ဇာတ်ကားဆက်ရိုက်ကြဖို့ပဲပေါ့"

တစ်ဖက်က ရွှေစင် တစ်ခုခုတော့ ပြောလိုက်ပေမည်။ ထိုစကားကို ထွန်းနေလင်းက ပြန်၍ဖြေရှင်းလိုက်ပါ၏။

"သြော် ... ရွှေစင်ရယ်၊ ဆရာ့ကို ယုံကြည်စိတ်ထားရင်လည်း သန်ဘက်ခါ ရွှေစင်တစ်ယောက်တည်းပဲ လိုက်ခဲ့ပေါ့။ ဇာတ်ကားကရိုက်လို့မှ မပြီးသေးတာ ဒါမှ ဆရာ့ကို မယုံကြည်ဘူးဆိုလည်း ရွှေစင် မလိုက်နဲ့တော့လေ၊ ဒီဇာတ်ကို ဆရာဖျက်ပစ်လိုက်မယ်"

ထိုရောအခါဝယ် စိုးမိုးခိုင်သည် အထပ်လိုက်ရှိနေသော စားပွဲပေါ်မှ ဇာတ်ပုံတွေကို ကောက်ကာယူကာ ကြည့်မိသည်။ ရွှေစင်၏ Stay Post အနေအထားတွေကို ရုပ်သေပုံအမျိုးမျိုးရိုက်ထားသော ပုံများကိုသာ တွေ့နေရပါ၏။

ထိုစဉ်မှာပင် ထွန်းနေလင်း ဆက်ပြောသော ဖုန်းသံကို စိုးမိုးခိုင် ကြားရပြန်တော့သည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ဒါဆိုလည်း ပြီးရော၊ သန်ဘက်ခါ ဆရာနဲ့ ရွှေစင်တို့ ရှမ်းပြည်ဘက်ကို လင်းရိုဗာနဲ့ပဲ ပြန်တက်ကြမယ်၊ ဓာတ်ကား ပြီးအောင်ရိုက်မယ်၊ ဟုတ်လား"

ထွန်းနေလင်းသည် ဖုန်းကို ပြန်ချထားလိုက်သည်။ သူ စောင့်မျှော်သော ရွှေစင်၏ထံမှ ဖုန်းပြန်ကြားချက်လည်း ရပြီးသည်မို့ ကျေနပ်သွားဟန် တူပါလေ၏။

* ○ *



## ၁၂

တနင်္ဂနွေနေ့ ဖြစ်ပါ၏။

စိုးမိုးခိုင်သည် ဆီဒင်ကားအနီကလေးကို မောင်းထွက်လာခဲ့သည်။

အလုံ ဌာနလမ်းထဲသို့ မောင်းဝင်လာခဲ့သည်။

လေးလေးမြင့်သည် အဆင်သင့်ဖြင့် စောင့်နေပါ၏။

မော်တော်ကားဆိုက်သည်နှင့် လေးလေးမြင့်က အိမ်ပေါ်မှဆင်းကာ စိုးမိုးခိုင်၏ဘေးတွင် တံခါးဖွင့်ပြီး ဝင်ထိုင်ခဲ့သည်။

စိုးမိုးခိုင်က ဆီဒင်ကားလေးကို မောင်းလာခဲ့သည်။ ရန်ကုန် နယ်မြေစွန်း ထောက်ကြံ့ကျော်သည်နှင့် လေးလေးမြင့်၏ပခုံး တစ်ဖက်ကိုဖက်ကာ ဘေးယှဉ်တွဲမောင်းလာခဲ့သည်။

ဤမှာဘက်ကမ်း ထုံးကြီးတွင် မော်တော်ကားထားခဲ့ကာ ကဝေဘုတ်ကမ်းသို့ ကူးခဲ့ကြသည်။

ကဝေဘက်စခန်းတွင် ရဲအုပ်ကိုမျိုးညွန့်က ဗိုလ်စိုးမိုးခိုင်နှင့် လေးလေးမြင့်အား ကြိုဆိုနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကိုမျိုးညွန့်ရေ၊ လေးလေးက ကဝရောက်ရောက်ချင်း ဟိုတုန်းက ဖုန်းဆိုးတောထဲ သွားချင်လို့တဲ့၊ ပြီးမှ ကိုမျိုးညွန့်ရဲ့ ရဲဌာနကို ကျွန်တော်တို့ လာခဲ့မယ်နော်"

"ရတယ် ဗိုလ်စိုးမိုးခိုင်။ ဒါဆိုလည်း ကျွန်တော်က ရဲစခန်းကပဲ စောင့်နေမယ်"

ကိုမျိုးညွန့်က ထိုသို့ပြောပြီး သူ့စခန်းသို့ ပြန်ထွက်သွားပေသည်။

စိုးမိုးခိုင်နှင့် လေးလေးသည် ပထမဦးစွာ ကဝသချိုင်းသို့ သွားကြသည်။

ဖေဖေ၊ မေမေနှင့် ဦးလေးသာဆန်း၏ အုတ်ဂူကို ကန်တော့ကြသည်။

ထို့နောက် ရှင်အာဒိစ္စကျောင်းသို့ ပြန်လာခဲ့ကာ ရှင်အာဒိစ္စ ဆရာတော်အား ရှိသေရှိခိုး ကန်တော့ပူဇော်ခဲ့ကာ ကျောင်းနောက်ဘက်ရှိ ဖုန်းဆိုးတောထဲသို့ ဝင်ခဲ့တော့သည်။

"ကဲ ... ငယ်ငယ်တုန်းကလို တူတူပုန်းမယ် လေးလေး၊ ဘယ်သူပုန်းပြီး၊ ဘယ်သူရှာမလဲ"

"ဒါဆိုရင် ငယ်ငယ်တုန်းကလို ဗျောင်နှောင်၊ ဗျောင်နှောင် ပဗေဗေးဂျိ ဆိုတဲ့ လက်ခုပ်လက်ဝါးဖြန့်တဲ့ မှောက်တဲ့အပေါ်မှာပဲ ပုန်းရမှာပေါ့၊ လိုက်ရှာရမှာပေါ့ အပါ"

"ဒါဆိုလည်း လာလေ"

နှစ်ဦးတည်းသော စိုးမိုးခိုင်နှင့် လေးလေးမြင့်သည် လက်ချင်းဆက်သွယ်ကာ ဗျောင်နှောင်၊ ဗျောင်နှောင် ပဗေဗေးဂျိလုပ်လိုက်ကြသည်။



ဘယ်သူကရှုံးရှုံး၊ ဘယ်သူကနိုင်နိုင်၊ သူတို့နှစ်ယောက်တည်း အဆုံးအဖြတ်ပြုကာ စိုးမိုးခိုင်က အနိုင်ရပြီး ဖုန်းဆိုးတောထဲသို့ ဝင်ရောက်ပုန်းကွယ်လိုက်ပါလေတော့သည်။

စိုးမိုးခိုင်သည် ဤဖုန်းဆိုးတောကို ငယ်ငယ်လေးတည်းက ကျွမ်းကျင်သည်။

ယခုဆိုလျှင် သူ့တွင် အမြဲပါရှိသော Com Pass အရ ပိုမိုကျွမ်းကျင်သည်။

စိုးမိုးခိုင်သည် ဖုန်းဆိုးတောထဲသို့ ပြေးဝင်လိုက်ပါ၏။ တောနက်ရာသို့ ဗိုလ်စိုးမိုးခိုင် တိုးဝင်သည်။

ငါးမိနစ် ...

ဆယ်မိနစ် ...

ဆယ့်ငါးမိနစ် ...။

လေးလေးမြင့်သည် အပါအား ရှာပါလေတော့။ သို့သော် ရှာရင်း ရှာရင်း တောနက်လာပြီး အပါအား ရှာမတွေ့ပါလေတော့။

ထိုရောအခါဝယ် ...

လေးလေးမြင့်သည် နီမာဘာဝကေ သီချင်းကို အော်ဆိုလိုက်တော့သည်။

"ဟေး ... အပါ၊ နင် ဘယ်မှာလဲဟာ"

"အသံပြန်ပေးပါ အပါ၊ နီမာ မရှာတတ်တော့လို့ပါ"

"နီမာ ခေါင်းမူးလာပြီကွာ"

"အေးနော်၊ ဒါပဲ အပါ"

"ငြိမ်နေတာကြာရင်တော့ နီမာ အိမ်ပြန်ပြေးတော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



ထိုသီချင်းအဆုံးတွင် စိုးမိုးခိုင်သည် နီမာရှိလေမည့်အရပ်သို့ ခန့်မှန်းပြေးလွှားပြီး နီမာခေါ် လေးလေးမြင့်အား အားပါးတရဖင် ပွေ့ဖက်ထားပါလေတော့သတည်း။

ပွေ့ပိုက်ထားလိုက်ပါလေတော့သတည်း။

နားကြပါဦးစို့

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC

www.burmeseclassic.com